www.burmeseclassic.com



စိတ်ကူးချိုချိုအနုပညာ

BURMESE CLASSIC .com

# ပီ-မိုးနင်း

## ဝတ္ထုပဒေသာအမှတ်-၇

www.burmeseclassic.com

www.burmeseclassic.com

# အာဟာရ ဟိုတယ်

မောင်ဆင့်သည် ရုပ်ရှင်ဇာတ်ရုံမှ ထွက်၍လာပြီးနောက် အတော်ကလေး ဆာသဖြင့် ကွမ်းခြံဘူတာ၏အရှေ့ဘက် ထမင်းဆိုင်၊ ခေါက်ဆွဲဆိုင်များကို လျှောက်၍ ကြည့်နေလေ၏။

သို့ကြည့်နေခိုက်တွင် ညိုးငယ်စွာဝတ်ဆင်ထားသော မိန်းမပျိုတစ်ယောက်၏ ကြော့ရှင်းသောသဏ္ဍာန်တစ်ခုကို မှောင်ရိပ်တစ်ခု၌ မြင်ရသဖြင့် မယောင်မလည် အပါးသို့ အဲဘယ်ကိစ္စအတွက်မှန်းမျှ မိမိကိုယ်ကို မသိဘဲ ကပ်ရောက်၍သွားလေရာ ကိုယ်ခန္ဓာကြော့ရှင်းသည်ထက် ပိုမို၍ လှပသော မျက်နှာကလေးကို အနီးကပ်မျက်စောင်းထိုး မြင်ရလေ၏။ မျက်စောင်းထိုးမြင်ခြင်းမှာ တည့်တည့်ကြီး မကြည့်ရဲသောကြောင့်ပေတည်း။

ထိုအခါ ဆောင်းလရာသီဖြစ်လေရာ အတော်ကလေး အေးချမ်းသဖြင့် လက်နှစ်ဖက်ကို မိမိ၏ သကလပ်အင်္ကျီအိတ်အတွင်းသို့ ထိုးသွင်း၍ ထားလေ၏။ မိန်းမပျို၏ မျက်နှာမှာ မွတ်သိပ်ဆာလောင်သောအသွင် ရှိလေ၏။ ၎င်းမိန်းမပျိုသည် မိမိကို ဂရုစိုက်၍ ကြည့်ဟန်တူလေ၏။

"ချမ်းလိုက်တာဟင်" ဟု သူ့ကိုလိုလို၊ ငါ့ကိုလိုလိုပြောရာ မိန်းမပျိုက "သိပ်ချမ်းတာပဲ" ဟု ပြောပြီး တစ်ဖက်သို့လှည့်လိုက်ရာ မှောင်ထဲမှ မည်းခနဲကြွ၍လာသော သဏ္ဍာန်တစ်ခုက "ချမ်းဆို မောင်ရင်၊ အကွယ်

www.burmeseclassic.com



အကာမှ မရှိဘဲ၊ မြို့ထဲမှာတော့ တိုက်ငွေ့တွေကြောင့် ဒီလောက် မချမ်းလှဘူး”ဟု ပြောလေ၏။ ပြောသူကား အမယ်အိုတစ်ယောက် ဖြစ်လေ၏။

“ကျွန်တော်တို့ တောအရပ်မှာလောက်တော့ မချမ်းသေးပါဘူး”ဟု မောင်ဆင့်က အဆီအငေါ်မတည့်သော စကားကို ပြန်၍ပြောလေ၏။ မိန်းမပျိုက မသိမသာ ရယ်လိုက်လေ၏။ ထို့နောက် “အစ်ကိုကြီးက ဘယ်အရပ်ကလဲ” ဟု မေးလေ၏။

“ပုသိမ်က ဒီကနေ့ပဲ ရောက်တယ်။ တောအရပ်မှာ အလုပ်အကိုင် အပေါက်အလမ်း တယ်ပြီးမတည့်လို့ ရန်ကုန်မှာ အကြံအစည်ကလေး တည့်မလားလို့ လာတာပါပဲ”ဟု မိမိကိုယ်ကို လယ်ပိုင်ရှင်သူဌေးတစ်ယောက်ဖြစ်ကြောင်း ဖုံးဝှက်ကာ ပြောလေ၏။

နောက် ငါးမိနစ်လောက်ကြာသောအခါ အကျွမ်းတဝင်ဖြစ်၍သွားပြီး “ထမင်းစားကြပါဦးလား”ဟု ပြောကြရာ ဆိုင်အတွင်းသို့ ရောက်သွားကြလေ၏။

မောင်ဆင့်သည် မိန်းမပျိုကလေးကို မသိမသာ များစွာအကဲခတ်လေရာ မိမိများစွာကြားရဖူးသော မကောင်းသည့်အမျိုးအစားထဲက မဟုတ်ကြောင်းကို အပြောအဆို အမူအရာ အသွင်အပြင်မှစ၍ အကုန်အစင်ထောက်ရှုခြင်းဖြင့် သိရလေ၏။ ဆင်းရဲ၍ မွတ်သိပ်ဆာလောင်လျက်နေကြောင်းကိုလည်း သိလေ၏။ အကြောင်းမူကား ထမင်းစားဖို့ခေါ်ရာ မငြင်းတငြင်းကလေးမျှသာ ငြင်းပြီး အသိမိတ်ဆွေဖြစ်ကာ ဝင်စားလေ၏။

ထမင်းကြော်၊ ဝက်အူချောင်း စသည်များကို စားကြပြီးနောက် လက်ဖက်ရည်ကိုသောက်ရင်း ဆိုင်အတွင်းမှာနွေးသဖြင့် ဆက်လက်စကားပြောကြရာ မောင်ဆင့်မှာ ရေးကရေစက် ပနွက်ဖူးသော သစ္စာမို့ပေလား မသိရ။ အဘယ်အခါကမျှ သိသိသာသာမပေါ်ဖူးသော စိတ်တစ်ခုသည် အထူး သိသိသာသာပေါ်လာလေ၏။ ထိုစိတ်သည်ကား မိန်းမပျိုကလေးကို တစ်သက်လုံးချမ်းသာအောင် ကြည့်ရှုလိုသောစိတ် ဖြစ်လေ၏။ အသွင်အမူကိုထောက်သော် မိမိကဲ့သို့ သားနားသော၊ မိမိကိုယ်ကို အခွင့်ပိုင်သူ



လူရည်ချွန်တစ်ယောက်အား ငြင်းပယ်နိုင်မည့် နည်းလမ်းမရှိဟု စိတ်ချယုံကြည်လေ၏။ အဖော်မိန်းမကြီးမှာ ဘာသာလဝါဆိုသလို ငေးမောတွေးတောပုံ၊ တစ်စုံတစ်ယောက်ကို မျှော်ပုံနှင့် လမ်းဘက်ကိုသာ အာရုံစိုက်၍နေလေ၏။

“ဘာတော်သလဲ”ဟု မောင်ဆင့်က မိန်းမကြီးဘက်သို့ မျက်စပစ်ကာ မေးလေ၏။

“ဘာမှမတော်ပါဘူး၊ အသိမိတ်ဆွေပါပဲ”ဟု ပြန်၍ ပြောလေရာ မောင်ဆင့်မှာ အားတက်၍သွားလေ၏။

အတန်ငယ်ကြာစွာ ဆိတ်ငြိမ်၍နေပြီးမှ မောင်ဆင့်က ...

“အခုမှ တွေ့ရပေမဲ့ အသိမိတ်ဆွေ အရင်းအချာလို သဘောထားပါ။ အပွေးမြင် အပင်သိဆိုသလို မင်းပုံပန်းအရ အပြစ်ကင်းသူကလေး တစ်ယောက်လို့ ယုံကြည်သဖြင့် ပြောခြင်းပါ။ တစ်မျိုးတစ်မည်များ ထင်မလား”

“ကျွန်မလည်း အကဲခတ်ပြီးသားပါ၊ ထင်စရာမရှိပါဘူး။ အများအားဖြင့်တော့ အခုလိုတွေ့ကြရင် ယောကျ်ားများဟာတစ်မျိုးထင်ကြတာပဲ”

“မထင်ပါဘူး၊ ဒီမှာလည်း အသိမိတ်ဆွေ မရှိ၊ တစ်ယောက်တည်းဆိုတာလိုပဲ၊ အစစ အရာရာမှာ အားထားပါရစေ၊ ဒီကိုလည်း အားထားတာပေါ့။ ဘာမဆိုပါပဲ။ ငွေဆိုငွေ၊ အလုပ်အကိုင်ဆို အလုပ်အကိုင်၊ တတ်နိုင်သလောက်တော့ ကူညီနိုင်ပါတယ်”

“ကျေးဇူးတင်ပါတယ်။ သို့သော်လည်း ရှင် ကျွန်မကို ဒီတစ်ခုတော့ အထင်မှားတာနဲ့တူတယ်” ဟု ချစ်ဖွယ်ရာ ပြုံးလျက်ပြလေ၏။

“ဘယ်အချက်လဲ ပြောစမ်းပါ သိပါရစေ”

“ကျွန်မကို အင်မတန် ဆင်းရဲတယ်လို့ ထင်တယ်မဟုတ်လား”

“မှန်ပါတယ်၊ ထင်မိပါတယ်။ မှားရင် စိတ်မဆိုးပါနဲ့”

“စိတ်မဆိုးပါဘူး၊ ရှင် သဘောကောင်းတဲ့ လူတစ်ယောက်ဆိုတာ ကျွန်မ သိပါတယ်။ ကျွန်မ ဒီဆိုင်တွေကိုကြည့်နေတာ နည်းနည်းပါးပါး ဆာတာလည်းမှန်ပါတယ်။ မောလာတာကိုး။ ကျွန်မတို့ မိန်းမတော်

www.burmeseclassic.com

www.burmeseclassic.com



ဘက်က ခြေလျင်လျှောက်လာလို့ပါ။ ပြီးတော့ ပိုက်ဆံလည်း အိမ်မှာ မေ့ထားခဲ့တယ်။ သားရေအိတ်ဟာ အဒေါ်ဆီမှာ ပါတယ်ထင်လို့ သူက လည်း မေ့တာပဲ"

"အေးလေ၊ ရိုးရိုးပြောရမှာဖြင့် ချွေးချွေးတာတာ ကြည့်ရှုတွက်ချက်ပြီးမှ ဝယ်ခြမ်းစားမယ်လို့ အကြံနဲ့ကြည့်နေသလားလို့ အောက်မေ့မိတာပဲ"

"ဒါနဲ့ ထမင်းစားဖို့ ရှင်ခေါ်တာပဲ။ ကျွန်မ သိပါတယ်၊ ဆာလည်း ဆာနေတာကိုး"

"အနို့ဗျာ ဘာများလုပ်ကိုင်သလဲ"

"အခု ဝံသာနုဈေးဆိုင်တွေ ထွက်ကြတာ၊ ရှင်မြင်တယ်မဟုတ်လား"

"ဟုတ်ကဲ့၊ မြင်ပါတယ်ဗျာ"

"ဒါပါပဲ၊ ကျွန်မတို့ ညီအစ်မနှစ်ယောက် မြန်မာထမင်းဆိုင် အကောင်းဆုံးတစ်ခု တည်မလို့ စိတ်ကူးပြီး အစ်မက အိမ်မှာနေမကောင်း လို့ ဒီအဒေါ်နဲ့ထွက်ပြီး ဆိုင်အမျိုးမျိုးတွေကို ကြည့်တာပါ။ နည်းယူတန် ရင်လည်း ယူဖို့ပါပဲ။ ဒါကြောင့် ခြေလျင် တဖြည်းဖြည်းလျှောက်လာကြ ရင်း ဒီနေရာရောက်လို့ ဆာတော့မှ အိတ်ထဲ ပိုက်ဆံမပါတာ သိရတာပဲ"

ထို့နောက် ကြည့်မြင်တိုင် မီးရထားဘူတာရုံအနီးမှာ ထမင်းဆိုင် ဖွင့်ကြောင်း၊ ဆိုင်နာမည် အာဟာရထမင်းဆိုင်ခေါ်ကြောင်းနှင့် ပြောပြီး တအောင့်တနား စကားပြောကြပြီးနောက် ခွဲ၍သွားကြလေ၏။ မောင်ဆင့် မှာ ထိုညသည် မအိပ်သောည ဖြစ်လေ၏။

နောက်တစ်နေ့ အာဟာရထမင်းဆိုင်ကို သွား၍ရှာရာ မတွေ့ရ။ မည်သူကိုမျှလည်း မေး၍မရသဖြင့် ဘယ်လိုသဘောနှင့် ငါ့ကို တစ်ပတ် ရိုက်တာလဲဟု တွေးကြံ၍မရဘဲ စိတ်ပျက်လျက် ပြန်၍လာခဲ့လေ၏။ ထိုကဲ့ သို့သော တစ်ပတ်ရိုက်နည်းသည် ငွေကို ခြုံရန်လည်းမဟုတ်၊ တမင်သက် သက် ကြွားတယ်ဆိုရမှာလည်း အခက်၊ ရန်ကုန်မှာ လိမ်နည်း အဆန်း တစ်မျိုးပေါ်လာလေသလားဟု တွေးမိလေ၏။

နောက်တစ်လလောက်ကြာသောအခါ မိတ်ဆွေတစ်ယောက်၏



အိမ်က ဓာင်းအငြိမ့်နှင့် အဆိုကောင်းများကို နားထောင်ရန် ဖိတ်သဖြင့် သွားရာ အိမ်ပေါ်သို့တက်လျှင်တက်ချင်း နား၌ချိုမြိန်သာယာ ချစ်ဖွယ်ရာ ကောင်းလှသော အသံကိုကြားရလေ၏။ ပရိသတ်များအထဲတွင် ထိုင် လျက် အသံ၏အရသာကိုသာခံစားရင်း အသိမိတ်ဆွေအိမ်ရှင်နှင့် တစ်ခါ တစ်ခါ အချေအတင် စကားတစ်လုံးနှစ်လုံးမျှ ပြောလေ၏။ အတန်ကြာ မှ ကြည့်လိုက်သောအခါ ထိုသူ၏မျက်နှာမှာ တိုင်ရိပ်ကွယ်သဖြင့် မမြင် ဘဲနေလေ၏။ ယမုံနာ တေးတစ်ပုဒ်ဆုံးသောအခါမှ ဓာင်းဆိုသူသည် လက်ဖက်ရည်သောက်ရန် ခါတ်မီးရောင်အတွင်းသို့ တိုးလိုက်ရာ မမေ့ သောမျက်နှာ အဆပေါင်းမရေမတွက်နိုင်အောင် ပိုမိုလှပသောအဆင်းနှင့် ပေါ်လာလေရာ အံ့အားကြီးသင့်၍ နေလေ၏။ ဒေါသလည်း ထွက်လေ၏။ နှလုံးမှာလည်း ဒိုးပတ်တီးနေလေ၏။ ရှက်ကိုးရှက်ကန်း အမူအရာနှင့် မိမိမျက်နှာကို မရဲတရဲကြည့်ပြီး ခေါင်းငုံ့၍သွားသည်ကို မြင်ရသောအခါ မောင်ဆင့်မှာ အသက်ရှူမမှန်တော့ပေ။

သို့သော်လည်း စိတ်ကိုချုပ်ကာ ထပ်မံ၍ တစ်ပတ်ရိုက်ခံရမှာစိုး သဖြင့် အိမ်ရှင်ဖြစ်သူအား မိမိ နေမကောင်းကြောင်းနှင့် ပြောပြီး ပြန်တော့ မည်အပြုမှာ မိန်းမကြီးတစ် ယောက်က "မလှခင်ရယ် အာဟာရထမင်းဆိုင် ကိုတော့ မလုပ်ချင်ပါနဲ့တော့။ 'အဆိုတော်'တစ်ယောက်ပဲ လုပ်နေပါတော့၊ ထမင်းဆိုင်ထက် အကျိုးများနိုင်ပါတယ်"ဟု ပြောသည့်ကို ကြားရမှ တစ်ဖန် ပြန်၍ထိုင်ပြီး စဉ်းစားလျက် နေလေ၏။

လှခင်။ ။ "မဖွင့်ဖြစ်ဘူး အဒေါ်ရဲ့၊ ကျွန်မသူငယ်ချင်း မခင်လေး က ငွေတစ်ထောင်ကျော် သူ့မှာပိုလို့ အရင်းထုတ်ပြီးလုပ်မယ်ပြောတာနဲ့ ကျွန်မတို့ညီအစ်မနှစ်ယောက် ကြိုးစားလိုက်တာ အားလုံး အသေအချာ ဖြစ်လို့ အခန်းတောင် စပေါ်ပေးပြီးမှ မမချော့မှာ သူ့ယောကျ်ားက ပြန် ဝန်ချလို့ ပါသွားပါပြီ"

"ဟင် ... ဒီလိုဖြင့် ငွေတစ်ထောင်ကျော်ဟာ ကလပ်ထဲ ရောက်ဦး မှာပေါ့"ဟု မိန်းမကြီးက ပြန်၍ ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူ မောင်ဆင့်သည် လုခင်နှင့် တွေ့အောင် အိမ်ရှင်နှင့် မနီးမဝေးမှ စောင့်၍နေရာ ကြာမြင့်စွာ မစောင့်ရမီ လုခင်နှင့် အဖော်များဆင်း၍ လာကြသည်ကို တွေ့သဖြင့် အသင့်ခေါ်၍ထားနှင့်သော ကားနှင့်အိမ်အရောက်ပို့ပေးပါမည့်အကြောင်း၊ မောင်ဆင့်က အခွင့်တောင်းရာ အခွင့်ကို လုခင်က ပေးသနားလေ၏။ ထို့နောက် မိမိ၏အဖော်များအား မိတ်ဆွေဖြစ်ကြောင်း ပြောပြနှုတ်ဆက်ပြီး လက်ဆွဲတော် အဒေါ်ကြီးနှင့်အတူ မောင်ဆင့်၏ ကားပေါ်၌ပါသွားပြီးနောက် များမကြာမီ အာဟာရဟိုတယ်ပိုင်ရှင် သူဌေးကတော်လေး ဖြစ်၍သွားလေသတည်း။

၁၉၃၄ ခုနှစ်၊ ဇန်နဝါရီ၊ ရုပ်ရှင်လမ်းညွှန်၊ ၁/၁၇

❑

# ခတ်ပုံရှင်

"သိန်းမောင်ရယ်၊ ငါ မင်းနဲ့ခွဲပြီး သွားရမှာ သိပ်ဝမ်းနည်းတာပဲ"ဟု မောင်တင်သည် မိမိ၏သူငယ်ချင်းလက်ကို ကိုင်ဆွဲကာပြောလေ၏။

သိန်းမောင်သည်ကား ဝမ်းနည်းသဖြင့် လည်ပင်းမှာ အလုံးဆို့သောကြောင့် စကားပြန်၍မပြောနိုင်ဘဲ နေလေ၏။

၎င်းသူငယ်နှစ်ယောက်သည် အသက် ၁၄ နှစ်အရွယ်ခန့်စီ ရှိကြလေ၏။ ဘုန်းကြီးကျောင်း၌ အတူတူ နေကြလေ၏။ ချောင်း၍နေသော ညှိငှက်ပျောခြံကြီး၌ အမြဲအတူတကွ ငှက်ပျောသီးမှည့်များကို ရှာ၍ စားကြ၏။ ငှက်ပျောခိုင်ရင့်ရင့်များကို တွေ့လျှင် ခုတ်ပြီး အကြိုအကြားတွင် ဖုံးအုပ်ထားပြီး တိတ်တဆိတ်လာ၍ စားတတ်ကြ၏။ တစ်ယောက်မှာ လေးတစ်စင်းစီနှင့် အနီးအနားရှိ ရှဉ့်များ၊ ငှက်များကို ပစ်ခတ်ဆုတ်ဖြတ်၊ တိတ်တဆိတ်ကင်ပြီး၊ ထမင်းကြမ်းနှင့် စားတတ်ကြ၏။ အနီးအပါးရှိ မာလကာပင်၊ သရက်ပင်၊ မန်ကျည်းပင်တို့မှာ ၎င်းတို့၏ ခြေရာချည်းဖြစ်လေ၏။

ဘုန်းကြီး ဦးကောသလ္လသည် အလွန်တရားဟောကောင်းသဖြင့် တန်ခိုးကြီးသော ဘုန်းကြီးဖြစ်လေရာ ကွယ်လွန်သူကျောင်းအကာကြီး ဦးပေါ်က ကျယ်သောခြံကြီးကို ဘုန်းကြီးအား လှူ၍ထားခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သိန်းမောင်သည် ဆင်းရဲသောကျောင်းသားကလေး တစ်ယောက်ဖြစ်လေ၏။ မောင်တင်မှာ အတော်ကြွယ်ဝသော စပါးကုန်သည်ကြီးတစ်ဦး၏သားဖြစ်လေ၏။

၎င်းတို့နှစ်ယောက်ကိုလည်း တိုက်အုပ်ဘုန်းကြီးက များစွာချစ်ခင်၍ အလိုလိုက်ထားလေရာ နှစ်ယောက်စလုံး ထိုခြံကြီးကို အစိုးရ၍ နေကြလေ၏။

သိန်းမောင် "သူငယ်ချင်း စာ ခဏခဏပေးနော်၊ ကျောင်းပိတ်ရင်လည်း ပြန်လာခဲ့တာပေါ့၊ နို့မဟုတ်ရင်လည်း ဘာလုပ်သွားမလဲ သူငယ်ချင်းရယ်၊ ငါတို့ ဒီခြံကြီးထဲမှာ တစ်သက်လုံး ပျော်ရမှာပဲ"

"နေချင်တာပေါ့ သူငယ်ချင်းရယ်၊ သို့သော်လည်း ဖေဖေနဲ့မေမေက မနေရဘူး၊ မြို့ကိုသွားပြီး အင်္ဂလိပ်ကျောင်းမှာ နေရမယ်လို့ပြောတယ်"

"မင်း အင်္ဂလိပ်စာတတ်လို့ မြို့အုပ်ဖြစ်လာတော့ ငါ့ကိုအခုလို မင်းချစ်မှာ မဟုတ်တော့ဘူးနော်"

"သူငယ်ချင်းရယ်၊ ဘာပြုလို့ မချစ်ဘဲနေရမလဲ။ အရင်တစ်လလောက်က ငါ မင်းနဲ့ ကံချာရိုက်ရင်း ရန်ဖြစ်ပြီး တစ်ယောက်ကိုတစ်ယောက် လက်သီးနဲ့ထိုးပြီးတော့ ငါ ဝမ်းနည်းလိုက်တာ သူငယ်ချင်းရယ်၊ ဟိုဘက်ကရိုးစပ်မှာထိုင်ပြီး ငါ့သူငယ်ချင်းကို ငါဘာပြုလို့ ပြန်ပြီးလက်သီးနဲ့ ထိုးရလေချင်းဆိုတာကိုချည်း တွေးပြီး စိတ်မကောင်းဖြစ်နေတာပဲ"

"ငါကကော ကြာကြာကြီး စကားမပြောဘဲနေသလား၊ မနက်ကိုရန်ဖြစ်ပြီး ညနေကျတော့ ငါကစပြီး ခေါ်ရတယ်မဟုတ်လား"

"အေးကွယ်၊ မင်းက လာခေါ်တော့လေ ငါ အားရလိုက်တာကွယ်၊ ဘာပြောစရာရှိမလဲ။ ခုကော့ ငါသွားရတော့မယ်ကွယ်၊ ကျောင်းပိတ်တိုင်းမင်းဆီကို ငါပြန်လာခဲ့မယ်နော်"

"အေး ပြီးတော့ ခဏခဏလည်း စာရေးကွယ်၊ စာမရေးရင် ငါစိတ်ဆိုးလိမ့်မယ်" ဟု ပြောပြီး ထွက်ခွာ၍သွားသော သူငယ်ချင်းကို သစ္စာရှိသော အမြော်မျိုးဖြင့် မျှော်ရစ်ရှာလေသတည်း။



မောင်တင်သည် ရန်ကုန်ကျောင်း၌ ခြောက်လလောက်ကြာ၍ သွားသောအခါ ၎င်း၏ဖခင်သည် ကိစ္စနှင့် ရန်ကုန်သို့ရောက်၍လာပြီးလျှင် သားကိုကြည့်ရန် ကျောင်းသို့လာလေ၏။

ဖခင်နှင့်မောင်တင် အားရဝမ်းသာတွေ့ကြပြီး စကားပြောကြ၍ ကျောင်းသားတို့ဘာဝ ငွေကြေးကို ထပ်မံ၍တောင်းပြီး၊ ရန်ကုန်မြို့ထဲသို့ လှည့်လည်ကာ တိုက်အမျိုးမျိုးတို့ကို ဝင်ထွက်၍ပြ၏။ လန်ချာကုလားအား ဒိုင်းနားဘားယားစကားများကို ဖခင်ကြားအောင် စတိုင်ကျကျ သားနားစွာပြော၍ ပြလေ၏။ တိရစ္ဆာန်ရုံ၊ ရွှေတိဂုံ၊ ကန်တော်ကြီး၊ လိပ်ကန်တို့ကို လည်၍ပြ၏။ ဓာတ်ရထားကို ဘုရားမှစီးပြီး အရှေ့သို့သွားသောဓာတ်ရထားကိုပြောင်းကာ အော်လန်ပီယာဓာတ်ရုံအထိ ခေါ်၍သွားလေ၏။ ည၌ကိုးနာရီ၌ ချာလီချက်ပလိန်ကို ကြည့်ပြီးနောက် အပြင်လည်းရောက်ကရော အဘိုးကြီးလည်း မျက်စိလည်ကရော၊ သည်တော့မှ တက္ကစီကိုခေါ်ပြီး ကမ်းနားမှ အလုံကိုဆန်ပြီးလျှင် ကန်တော်မင်ကိုဝင်၍ လမ်းမတော်မှ မြို့ကိုလှည့်ပြီး ကျောင်းသို့အရောက် နှင်လိုက်ရာ ဒိုင်းခနဲရောက်၍လာလေ၏။

မော်တော်ကားပေါ်က ဆင်းကြသောအခါ အဘိုးကြီးက "အောင်မယ်အဖေ ဘယ်များရောက်နေသလဲလို့ မျက်စိလည်လိုက်တာ ကျောင်းရောက်မှန်းတောင်မသိဘူး" ဟု ပြောသောအခါ မောင်တင်မှာအားရအားကြီးသဖြင့် လူလည်စပြုသူတို့၏ တက်ကြွသောသွေးသည် နားထင်သို့ရောက်သွားပြီး မှတ်ကရော့အဘိုးကြီး ငါ့အစွမ်းကိုသိပြီလားဟု စိတ်ထဲ၌ကျိတ်ကာ တွေးပြီး ပီတိသောမနဿဖြစ်၍ နေလေသတည်း။

သားလူလည်ကို အဘိုးကြီးသည် အရိပ်တကြည့်ကြည့်နှင့် နေပြီးနောက် တောသို့ပြန်ခါနီးသောအခါ မောင်တင်သည် ငါးကျပ်တန်သေနတ်ကလေးတစ်ခုကို ဖခင်အားပေးလေ၏။

အဘိုးကြီးက "သည်သေနတ်ကို ဖေဖေဘာလုပ်ရမလဲ" ဟု မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မောင်တင်သည် ရယ်လျက် ဖေဖေဖို့မဟုတ်ပါဘူး၊ သိန်းမောင်ကို ပေးလိုက်ပါ။ သူ့ အပစ်အခတ် ဝါသနာပါလို့ ကျွန်တော်က လက်ဆောင် ပေးလိုက်ပါတယ်။ ဟောသည်က ကျည်စေ့တစ်ရာကုန်ရင် ကျွန်တော့်ထံ စာရေးလိုက်လို့ ပြောပါ"

"ဘယ်က သိန်းမောင်လဲ"

"ကျွန်တော့်သူငယ်ချင်း သိန်းမောင်လေ၊ ကျွန်တော်နဲ့အတူတူ အိမ်မှာ လိုက်လိုက်အိပ်တာ ဖေဖေ မမှတ်မိဘူးလား"

"ဩော် ... ဩော် ... သတိရပြီ၊ သတိရပြီ။ သိန်းမောင်မရှိဘူး။ သေရှာပြီ။ လွန်ခဲ့တဲ့လကတည်းကပဲ" ဟု ဝမ်းနည်းစွာ ပြန်ပြောလေ၏။

မောင်တင်မှာ အံ့အားသင့်၍ သွားလေ၏။ သိန်းမောင်သေပြီ၊ သိန်းမောင်မရှိဘူး။ ငါ့သူငယ်ချင်းကို ငါ မတွေ့ရတော့ဘူးဟူသော စကားများကို တစ်ကိုယ်တည်းတွေးတောကာ စဉ်းစားပြီး မျက်ရည်လည်လျက် ရင်ထဲမှာဆို့၍ လာလေ၏။

ဖခင်က "ဟုတ်တယ်၊ ငါ့သားသူငယ်ချင်း မရှိတော့ဘူး။ သေတာ ဘာတတ်နိုင်မလဲ သားရယ်။ သား စာကိုသာ ကြိုးစားပြီးသင် တဖြည်း ဖြည်း မေ့သွားလိမ့်မယ်" ဟု ပြောပြီး သား၏ကျောကိုပုတ်ကာ အားပေး ပြီးနောက် လန်ချားနှင့်ထွက်၍ သွားလေသတည်း။

အိမ်သို့ရောက်သောအခါ အဘိုးကြီးက မိမိ၏မိန်းမအား "မိန်းမ ရာ မင့်သားတော့ အာဂသားပဲကွယ့် လည်လိုက်တာ မှတ်ထွက်နေတာပဲ၊ ငါ့ကို မော်တော်ကားနှင့် တင်ခေါ်လိုက်တာ မျက်စိကိုလည်သွားတာ ပဲ။ သတ္တိကတော့ မညံ့ဘူးကွယ့်။ တော်တော်လာမယ့်အကောင်၊ ရန်ကုန် မှာ နေရတာ ခြောက်လရှိသေးတယ်"

မိန်းမကြီးက သဘောကျသောမျက်နှာနှင့် "ရှင့်သားဆိုတော့ လည် မှာပေါ့"ဟု ပြောလေ၏။

မောင်တင်သည် တဖြည်းဖြည်း တိုး၍လည်လေ၏။ တစ်နှစ်ပြီး တစ်နှစ် ကြိုးစား၍လည်လေရာ ၆ နှစ်လောက်ကြာသောအခါ ၅တန်းသို့



အရောက်တွင် အလည်မရပ်ဘဲ အတန်းရပ်ကာ အတန်းသို့မကပ်ရုံ တစ်မည် ရှိလေ၏။

မိဘနှစ်ပါးမှာလည်း သားကို နှစ်စဉ်ဖို့ရသဖြင့် အကုန်အကျများ သောကြောင့်တစ်ကြောင်း၊ စပါးအလုပ်များကလည်း ဆုံးပါးပျက်စီးခြင်း များသောကြောင့်တစ်ကြောင်း၊ မကောင်းမှုဘေးဒုက္ခတို့သည် တစ်ပြုံတစ် ခေါင်းကြီး စု၍လာတတ်သည်ဟူသော စကားအရ လူလိမ်လူကောက်ခံရ ပြီး နောက်ဆုံး၌ ဓားပြလုဆိုးများ၏ အထင်ကြီးခြင်းကို ခံရသဖြင့် အသက် သေဆုံးကြရှာလေသတည်း။

မောင်တင်မှာ ရန်ကုန်တွင် သောင်တင်၍နေလေ၏။ ဟိုသူငယ် ချင်း အိမ်မှာကပ်၊ သည်သူငယ်ချင်းအိမ်မှာ ခို၊ မချိုလည်းစား၊ ချိုလည်း စား လူကပ်ပါး ဖြစ်၍နေလေ၏။

မိမိ၌ ငွေကြေးပေါများတုန်းကအခါက သုံးကြစားကြ ကူညီ၍ ဖြုန်း ကြသော သုံးဖော်၊ ဖြုန်းဖော်၊ ခေါင်းတုံးပေါ်ထိပ်ကွက်သမားတို့သည် ယခု ကပ်စား ရပ်စားလုပ်ရသူ မောင်တင်ကို ရှုံရှာမုန်းထား အလကားကောင် လူမိုက်၊ ရှိတုန်းက သုံးဖြုန်းပြီး အခု ဘာဖြစ်နေသလဲ စသည်ဖြင့် ကဲ့ရဲ့ကာ ရှောင်ကြရှားကြလေ၏။

ပညာမတတ်၊ အလုပ်အကိုင်မရှိ၊ အားကိုးရာမဲ့ဖြစ်ကာ ရပ်ရွာသို့ ပြန်ရမှာလည်း လွန်စွာရှက်သဖြင့် ရန်ကုန်၌ပင် ဖွတ်နှစ်၍နေလေ၏။

တစ်နေ့သ၌ ညနေချမ်းအချိန် ဆူးလေဘုရားခြေရင်း၌ သံတိုင်များ ကို မှီကာရပ်လျက်ကြည့်၍နေလေ၏။ သို့ကြည့်၍နေသောအခါ အချိန် မှာ လေးနာရီခွဲ၊ ငါးနာရီခန့်ရှိသဖြင့် မော်တော်ကားများသည် ပုရွက်ဆိတ် တိုင်ကိုတက်သလို တစ်ကြောင်းကြောင်း တဝီဝီတဟီးဟီး တအူအူတအဲ့အဲ့ နေကြလေ၏။ အသက်ရှိသော သတ္တဝါများကို အော်ဟစ်ကာ ဝိုဟ်ဆိုး သော မျက်လုံးကြီးများနှင့်တွေ့ရာကို အသေတိုက်မည်ဟု မနိမ့်ဖိလျက် ပြေးလွှားကာ သေရွာကိုသွားချင်သူ ဘယ်သူများရှိပါလိမ့် ဟူသောစိတ်နှင့် စိတ်အားထက်သန်စွာ လိုက်လံရှာဖွေ၍ နေကြဟန် ရှိလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



၎င်းသေရွာသွားချင်သူတို့ကို အသေအချာ စေတနာဝေဖြာ ထက်သန်စွာပို့ဖို့ရန် ပြေးလွှားရှာကြံ၍နေသော ကားတွေကိုမြင်ရသောအခါ ငါဖြန့်းတဲ့ငွေတွေ၏ သုံးပုံတစ်ပုံကိုပြန်ရလျှင် အကောင်းဆုံးသော ရိုးရှိုက်ကားနှင့် အသားနားဆုံးသောတိုက်မှာ အခန့်ဆုံးသောစတိုင်နှင့် နေနိုင်မှာပဲဟု စဉ်းစားပြီးလျှင် ယူကြုံးမရဖြစ်လေ၏။ သို့ယူကြုံးမရမဖြစ်ရာတွင် ကျေးဇူးမဲ့သောမိတ်ဆွေတို့ကို တွေးမိသောအခါ အသည်းထဲမှာကွဲလုမတတ်နာပြီး ငါ့ဖခင်၏ပစ္စည်းများကို ငါပြန်၍ရအောင် လုပ်မည်၊ ပျက်ရင်အစဉ် ပြင်ရင်ခဏ၊ ငါကျောင်းသားအရွယ်မျှ ရှိသေးတာပဲ။ ငါရှေ့ကိုလူလုပ်ဖို့ ရှိသေးသည်။ ဘာကြောက်ရမလဲ။ သာမန်ကုသိုလ်နဲ့ ငါသည်လူမဖြစ်၊ လူ့ပြည်ဆိုတာ ဘုရားတောင်ဖြစ်နိုင်တဲ့နေရာ။ မြေပေါ်မှာရှိတဲ့ သက်ရှိသက်မဲ့ လောကဓာတ်ကြီးကို အစိုးရပြီး ဓာတ်တွေကို ခိုင်းစေနေတဲ့ လူသတ္တဝါဘဝကို ငါရ၍လာ၏။ သမုဒ္ဒရာလောက်ကြီးကျယ်သော အပါယ်တိရစ္ဆာန်တို့၏နယ်ထဲသို့ငါမရောက်ဘဲရေတစ်စက်၊ရေတစ်ပေါက် ခန့်မျှရှိသော လူ့နယ်သို့ရောက်ခဲ့သည်မှာ သာမန်မျှသော ပါရမီမဟုတ်ချေ။ များရာ၌မပါ၊ နည်းရာ၌ပါသည်မှာ ကြီးသော ဘုန်းတန်ခိုးဖြစ်၏။ ကုဋေများစွာသော လူသတ္တဝါတို့၏အပေါ်၌ ရှင်ဘုရင်ဖြစ်ရခြင်းသည် လွယ်၏။ မရေမတွက်နိုင်သော တိရစ္ဆာန်များထက် လူဖြစ်ရခြင်းသည် အဆပေါင်းမရေမတွက်နိုင်အောင် ပို၍ခက်၏။ ဤမျှလောက် အဖိုးတန်သောငါသည် အဘယ်ကြောင့် ကြံရင်မဖြစ်ရသနည်း။ မကြံစည် မကြိုးစားသည့်အတွက် ပျက်စီးခြင်းသည် ဓမ္မတာသဘောတရားဖြစ်လျှင် ကြံစည်ကြိုးစားခြင်းဖြင့် ဖြစ်ထွန်းအောင်မြင်ခြင်းသည်လည်း ဓမ္မတာသဘောတရားဖြစ်ရာ၏။ စသည်ဖြင့် တစ်ကိုယ်တည်း စဉ်းစား၍နေပြီးနောက် နိုးကြားတက်ကြွသောစိတ်နှင့် ထိုင်ရာမှထပြီး အခုလိုအနေ၌ ငါဘာကိုမှ ရက်ဖို့မရှိ၊ တွေ့ရာအလုပ်ကိုစ၍လုပ်တော့မည်ဟု စိတ်ကိုတင်းကာ မိမိမှီတင်းနေထိုင်သော ခြံကြီးတစ်ခု၌ရှိသော အိမ်သို့ ပြန်၍သွားလေ၏။

ငါ ဘာကိုလုပ်ရပါ့မလဲဟု ခြံထဲရှိ အိမ်လှေကား၌ထိုင်ကာ စဉ်းစား



ရ၍နေလေ၏။ ထိုခြံသည်ကား ကျောက်ကုန်းမြေဖြစ်သဖြင့် သရက်ပင်၊ ပိန္နဲပင်၊ ဒညင်းပင် အနည်းငယ်မျှသာရှိလေ၏။ ထိုအနည်းငယ်မျှသော အပင်တို့မှာလည်း များစွာအသီးမသီးချေ။ ထိုအခါသည် ဝါဆိုလရာသီ ဖြစ်လေ၏။

၎င်း၏ခြံပတ်လည်မှာ အခြားခြံများနှင့် လယ်ကွင်းများရှိလေ၏။ မိမိကို ထမင်းကျွေး၍ထားသော ခြံစောင့်လင်မယားနှစ်ယောက်မှာ မိုးတစိမ့်စိမ့်ရွာသည့်အခါ တစ်ယောက်လည်းကို တစ်ယောက်ဖက်ကာ တစ်ခုသော အခန်းကလေးတွင် ငြိမ်သက်စွာအိပ်ကြလေ၏။ ၎င်းတို့မှာ ခြံရှင်က တစ်ခါတစ်ခါ ငါးကျပ် တစ်ဆယ် စသည်ဖြင့် ပေးသောငွေကို အရင်းအနှီးပြုကာ စနေနေ့များ၌ မြင်းပွဲသို့သွားပြီး နှစ်ကျပ်ခွဲငါးကျပ်၊ အမှားခတ်၍ ရတတ်သလောက်နှင့် တင်းတိမ်လျက်၊ ချဉ်ပေါင်ခင်းကလေးတစ်ခင်း၊ ပဲခင်းကလေးတစ်ခင်း၊ ကြက်ဟင်းခါးခင်းလေးတစ်ခင်းကိုလုပ်ပြီး လယ်ထဲက ငါးကိုဖမ်း၍ ငုတ်တုတ်ထိုင်ကာ ရတတ်သလောက်နှင့်စားပြီး လက်ဖက်ရည်ကြမ်းကို သောက်နေကြလေသတည်း။

၎င်းတို့သည် မောင်တင်ကို မိမိတို့စားရသလို ကျွေးမွေး၍နေကြလေ၏။ မောင်တင်သည်ကား ၎င်းတို့၏အလုပ်များကို ကူညီ၍လုပ်လေ့ရှိသဖြင့် ၎င်းကို သဒ္ဓါကြည်ဖြူစွာ ကျွေးမွေးကြလေ၏။

တစ်ကိုယ်တည်း လှေကားပေါ်၌ အဆိုပါနည်းအတိုင်းထိုင်၍ နေခိုက်မှာ လယ်ပြင်ထဲမှာအော်သော ဖားသံနှင့် ရေပိုးရေမွှား၊ မြက်ပိုးမြက်မွှား၊ ဖားခုံညင်း၊ ကျော့စိကေးသံများကို ကြားရလေ၏။

လေတိုက်သဖြင့် တညီးညီးတဟီးဟီး မြည်အော် ယိမ်းယိုင်လှုပ်ရှားသောအသံများသည် ငယ်ငယ်က ငှက်ပျောခြံကြီးထဲ၌ လည်ပတ်ကာ သိမ်းမောင်နှင့် ကစားရသောအချိန်များကို ပြန်လှန်သတိရစေ၏။ ထိုကဲ့သို့ သတိရသည့်အခါ အဘယ်မျှလောက် ပျော်ရွှင်ဖွယ်ရာ ဖြစ်သည်ကို ပြန်၍ စဉ်းစားမိလေ၏။ မောင်တင်သည် ပျော်ပါသော်လည်း မိမိမအပျော်တို့ကို လိုက်စားလေ့မရှိ။ အရက်ကိုသောက်ပြီး ဟိုတယ်များမှာ အဖော်များ

www.burmeseclassic.com

www.burmeseclassic.com



နှင့် စားသောက်ပျော်ပါးခြင်းများကိုသာ လိုက်စားခဲ့လေ၏။ ၎င်း၏ စိတ်သည် မိန်းမကိုလွန်စွာကြောက်သော စိတ်ဖြစ်လေရာ မကောင်းသော မိန်းမများကိုမူ သရဲတစ္ဆေပမာ မှတ်ထင်သူ ဖြစ်လေ၏။

အဝတ်အစားကို အမျိုးမျိုးဝတ်ကာ မော်တော်ကားကိုများများ ကြီးစီးပြီးအပေါင်းအသင်းတို့နှင့် ပျော်ပျော်ပါးပါးသောက်စား ပေးကမ်း၍ နေတတ်သူဖြစ်လေ၏။ အပေါင်းအသင်း သူငယ်ချင်းကို လွန်စွာချစ်တတ်၏။

ထိုကဲ့သို့ ချစ်တတ်သူမှာ ယခုအခါ တစ်ကိုယ်တည်း ခိုကိုးရာမဲ့ဖြစ်၍ နေလေရာ အတိုင်းမသိသော စိတ်အားငယ်ခြင်း၊ ညှိုးနွမ်းခြင်းဖြင့် ဖိစီး လွှမ်းမိုးခြင်းကိုခံ၍ နေရလေ၏။

သို့ခံ၍နေရသော ဤတစ်ကိုယ်ရေဘဝ၌ ငယ်ငယ်က ချစ်ကျွမ်းဝင်ခဲ့သော သူငယ်ချင်းကလေးကို ပူပြင်းစွာသတိရ၏။ ငါ့သူငယ်ချင်းလို သန္တာရှိတဲ့လူ လောကမှာ ရှိမှာမဟုတ်ပါဘူးဟု အောက်မေ့လေ၏။ သို့သော်လည်း ငါ့သူငယ်ချင်းမရှိတော့ပါကလား၊ ငါ့မိဘလည်း မရှိတော့ပါကလား၊ ငါဘယ်သူ့ကိုအားကိုးရမလဲ၊ ငါ့ကိုယ်ကိုအားကိုးဖို့သာ ရှိပေတော့သည်ဟူသော အသိဉာဏ်သည် ထက်သန်စွာ ပေါ်လာလေ၏။ သို့ဖြစ်သောကြောင့် ငါ ဘာကို လုပ်ရပါ့မလဲဟူ၍သာ အကြံထုတ်၍ နေလေ၏။

ထိုကဲ့သို့ကြံစည်၍နေခိုက်တွင် လက်မောင်းလုံးသာသာခန့်ရှိ လင်းမြွေကြီးတစ်ကောင် ရေ့၌ဖြတ်၍ပြေးပြီးနောက် မြက်တောထဲကို ဝင်၍ သွားလေ၏။ မောင်တင်သည် တောသားကလေးဖြစ်လေရာ လင်းမြွေကို မြင်လျှင် တော်မွတ်သူတို့၏အလေ့အတိုင်း သရေကျ၍လာအောင် စားချင်၏။ လင်းမြွေကြီးကို အခွေလိုက်အိုးထဲမှာ ရေခန်းအောင်ပြုတ်ပြီး အကြေးကိုခွာ၊ အသားကိုခါ၍ချပြီး ဆီနိုင်နိုင်နှင့် ကြက်သွန်သတ်၍မွှေကာ၊ ငရုတ်ကောင်းကလေးနှင့် စားရလျှင် ဝမ်းဘဲသားထက်ကောင်းမှာပဲဟု အကြံပြုကာ ထိုင်ရာမှ ထ၍လိုက်ပြီး ဝါးလုံးနှင့်ရိုက်လေ၏။ လင်းမြွေကြီး မှာလက ဆိုက်ရှာလေသတည်း။ ထိုအခိုက်တွင် ကရင်လိုလို၊ ဂျပန်လိုလို တရုတ်လို



လို ဗိုလ်တစ်ယောက်သည် ကာကီဘောင်းဘီအတိုနှင့် သေနတ်ကိုထမ်းလျက် ရောက်လာလေသတည်း။

"ဟောကောင် မင်းလင်းမြွေ ငါ့ရောင်းမလား" ဟု မေးလေ၏။

"ကြက်ဖကြီးနှစ်ကောင်နဲ့ မလဲဘူးခင်ဗျာ" ဟု မောင်တင်က ပြန်၍ပြောလေ၏။

"ငါတို့မှာကြက်တော့မပါဘူး။ ရှဉ့်တစ်ကောင်ပါတယ်။ ငွေသုံးကျပ်နဲ့ ရှဉ့်တစ်ကောင်ကိုလိုချင်ရင် သည်လင်းမြွေကိုပေးလိုက်" ဟုပြောလေ၏။

မောင်တင်သည် မော်၍ကြည့်နေပြီးမှ ပြုံးပြီး လာခဲ့ဆရာဟု လက်ကို ဖြန့်လေရာ ကရင်ဗိုလ်က အိတ်ထဲမှငွေသုံးကျပ်ကို ထုတ်ပေးပြီး သွားတော့မည်ပြုလေရာ၊

"ရှဉ့်ကော သခင်၊ ကျွန်တော် ညစာအတွက် ဘာမှမရှိဘူး"

"လိုချင်သေးသလားကွယ့်၊ မင်းက ငွေသုံးကျပ်တောင်"

မောင်တင်သည် မြွေကိုလိုက်၍ လုလေ၏။ ထိုအခါ ဗိုလ်က နောက်လိုက်သို့လှည့်ပြီး "ပေးလိုက်ပါကွယ်ဟော့၊ ငါချေးခါးဟင်းချက်စားမလို့ကြံတာ နေပါစေတော့" ဟု ပြောလေရာ နောက်လိုက်သည် လွယ်အိတ်ထဲမှ ရှဉ့်ကို လျှင်မြန်စွာထုတ်၍ပေးလေ၏။

မောင်တင်သည် "သိုင်းကျူးဆာ" ဟု ပြောကာ အားရဝမ်းသာနှင့် ရှဉ့်ကိုယူ၍ အိမ်သို့လေချွန်လျက်သွားလေ၏။ ဗိုလ်ဆရာတပည့်လည်း မှိုရသောမျက်နှာနှင့် သွားကြလေ၏။

ခြံစောင့်လင်မယားသည် အိပ်ပျော်၍ နေကြလေ၏။

ရှဉ့်ကို မောင်တင်သည် မီးမြိုက်ပြီး ချဉ်ပေါင်ရွက်များ၊ ပင်စိမ်းရွက်များ၊ ငရုတ်သီးစိမ်းများနှင့် ချက်ပြီး နောက်တစ်ဖန် လေ့ကား၌ထိုင်ကာ ငွေသုံးကျပ်ကို ခါးပိုက်၌ထည့်ပြီး သည်ငွေသုံးကျပ်ဟာ ထူးထူးဆန်းဆန်း အကုသိုလ်မကောင်းမှုနဲ့ရတဲ့ ငွေသုံးကျပ်ပဲ၊ ငါဘာများ လုပ်ရပါမတုံးဟု စဉ်းစားနေလေ၏။ သို့ စဉ်စား၍နေခိုက်တွင် ကြွက်သေတစ်ခုအရင်းပြုဟူသောစကားကို သတိရလေ၏။ အကြောင်းမူကား မြွေသေတစ်ကောင်မှ

www.burmeseclassic.com

www.burmeseclassic.com



ရရှိသော ငွေသုံးကျပ်ဖြစ်လေ၏။ ထို့နောက် ဆက်လက်၍ တွေးပြန်ရာဩ ရှဥ့်ဆိုတာ သစ်ပင်ကိုတက်တဲ့အကောင်ပဲ။ ပြီး ငါ အခုချက်ထားတော့ စားလည်း စားရတော့မယ်။ သည်မြွေတစ်ခု အရင်းပြုတဲ့ ငွေသုံးကျပ်ဟာ တိုးတက်မယ့်ငွေသုံးကျပ်၊ စားရသောက်ရ ဝပြောသာယာရှိမယ့် ငွေသုံးကျပ်များ ဖြစ်လေမလား မသိဘူးဟူသော နိမိတ်ကို ကောက်ယူလေ၏။

ထိုကဲ့သို့ နိမိတ်ကောက်ယူသည်နှင့် တစ်ပြိုင်တည်း ငွေသုံးကျပ်ကို နှမြောစုံမက်၍ လာလေ၏။

ငင်းငွေသုံးကျပ်ကို ရစဥ်က ငါ့ကို ကျွေးမွေးထားသော ခြံရှင်လင်မယားအား ၂ ကျပ်လောက်တော့ ပေးမှတော်မယ်ဟု စိတ်အကြံရလေ၏။ ထို့နောက် ထပ်၍စဥ်းစားသောအခါ ငင်း ငွေ ၃ကျပ်ကို နိမိတ်အရအရင်းပြုလိုသောစိတ်က ထက်သန်၍ ထက်သန်၍လာလေ၏။ ထိုအခါ ဟာယ် အရင်ကလည်း ငါ သူတို့ကို ပေးဖူး ကမ်းဖူးလို့ ငါ့ကိုလက်ခံထားကြတာပဲ။ သူတို့အလုပ်တွေကိုလည်း ငါကူပြီးလုပ်ပေးတာ။ ငါ့ကို ကျွေးတာထက် ပိုပြီး တန်တယ်။ ငါသုံးဖို့ ဖြုန်းဖို့ လောဘတက်ပြီး နှမြောတာ မဟုတ်။ ငါအကြံရှိလို့ နှမြောတာပဲ ကိစ္စမရှိပါဘူး နောင်သည်ငွေသုံးကျပ်နဲ့ ချမ်းသာလာရင် သူတို့ကို သုံးရာလည်းပေးနိုင်မှာပဲ။ သုံးထောင်လည်း ပေးနိုင်မှာပဲဟု စဥ်းစားမိပြီး ငွေသုံးကျပ်ကို ခါးထဲမှာလိမ်၍ထားပြီး အကြံထုတ်လေ၏။

ထိုနေ့ညနေ ခြံရှင်လင်မယား အိပ်ရာကနိုးသောအခါ ထမင်းရူးပြီး ဖြစ်၍နေလေ၏။

မွေးကြိုင်သောဟင်းနံ့သည် ဥယျာဥ်မှူး မောင်မယ်စုံနှစ်ပါး နှာဝကို လာ၍ခလေရာ ဥယျာဥ်မှူး ကိုဘိုးထင်က မိမိ၏မိန်းမအား "ဟော့ မအုန်းညွန့်၊ မောင်တင် ဘာဟင်းများချက်သလဲ မသိဘူး၊ ငါတော့အိပ်ရာ ကနိုး အတော်ဆာတာပဲ" ဟု ပြောလေ၏။

မောင်တင်က "ထကြပလားဗျာ၊ ကိုင်းလာကြအသင့်ပဲ၊ ရှဥ့်တစ်ကောင် ဟိုသရက်ပင်ပေါ်တက်နေတာ၊ ကျုပ် ခဲနဲ့ပေါက်ချလို့ရတယ်။



တယ်ကြီးတဲ့ရှဥ့်၊ အမြီးဖွားဖွားကြီးနဲ့ စားကောင်းအောင်ချက်ထားတာပဲ" ဟု ပြောလေ၏။

မကြာမီသုံးယောက်သား ထမင်းကို မြိန်ရှက်စွာ စားကြပြီးနောက် မောင်တင်က "ကိုင်း ကိုဘိုးထင် အခု ကျွန်တော်စားတဲ့ ညစာဟာခင်ဗျားတို့နဲ့ နောက်ဆုံးစားတဲ့ ညစာပဲ။ ကျွန်တော်သွားတော့မယ်"

အုန်းညွန့်။ ။ "အလို ကိုမောင်တင် ဘာများဖြစ်သွားပါလိမ့် ထွက်ရပ်ပေါက်သလား"

"ထွက်ရပ်မဟုတ်ဘူး မအုန်းညွန့်ရဲ့၊ ဝင်ရပ်ပေါက်တာ၊ ကျွန်တော် သည်တောထဲထွက်နေရာက အခု မြို့ကိုနေရာတကျ ပြန်ပြီးဝင်တော့မယ်" ဟု ပြောလေ၏။

နောက်တစ်နေ့နံနက် မောင်တင်သည် မြို့ထဲမှာလျှောက်၍ ကြည့်လေရာ ဒူ ဒူ ဒူ နှင့်ထု၍နေသော၊ မောင်းသံကို ကြားသဖြင့်သွားလေရာ လေလံဆိုင်တစ်ဆိုင်သို့ ရောက်၍သွားလေ၏။

လေလံတင်နေသော ပစ္စည်းများမှာ ပီယာနိုတွေ၊ ဗီရိုတွေ၊ စာပုံနှိပ်စက်တွေ၊ ခုတင်တွေကို တွေ့ရလေရာ မိမိ၏ငွေသုံးကျပ်ကို ကိုင်လျက် ရှင်ဘုရင့်သမီးကို ဖားလူပျိုလှည့်သလို ကျနေပြီ။ ငါသည်မှာ ကြာကြာ ရပ်လို့ဟန်မကပ်ဘူးဟု တွေးတောကာ ပြန်တော့မည်အပြုတွင် ပွင့်လျက်ရှိသော သံသေတ္တာနီနီတစ်လုံးထဲ၌ တစ်ပြုံတခေါင်းထည့်၍ထားသော စွပ်ကျယ်တွေ ခြေအိတ်တွေကို မြင်ရလေ၏။

ထိုအခါ ငင်းသေတ္တာရှိ စွပ်ကျယ်ခြေအိတ်များ တိုက်ဆွေးတွေလားဟု ကိုင်တွယ်ကြည့်ရှုရာ အခိုင်အကောင်း လွန်စွာမဟောင်းသည်ကို တွေ့ရလေလျှင် ရပ်ကာစောင့်၍ နေလေ၏။

တစ်နာရီကြာသော်လည်း ထိုသေတ္တာ၏ အလှည့်မကျ။ နှစ်နာရီကြာသော်လည်း ထိုသေတ္တာ၏အလှည့်မကျ၊ သုံးနာရီခန့်ကြာမှ ထိုသေတ္တာ၏ အလှည့်ရောက်၍လာလေရာ ဆွဲသူတစ်ယောက်မှ [illegible]သဖြင့် တစ်ခါတည်း ငွေ ၂ ကျပ်နှင့် ရ၍လာလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



၎င်းရှိပစ္စည်းတို့ကို ကြည့်လိုက်ရာ ခြေအိတ် စွပ်ကျယ်များသာ ပါရှိလေ၏။ ခြေအိတ်များမှာ ရောင်စုံဖြစ်လေ၏။ ရေတွက်၍ကြည့်သောအခါ ခြေအိတ်ခြောက်ဒါဇင် စွပ်ကြယ်ငါးထည်ကိုတွေ့ရလေ၏။

ထို့နောက် သေတ္တာ၌ နှိက်ချွတ်ဖွေရှာပြန်သောအခါ သေတ္တာထောင့်တွင် စက္ကူပတ်လျက် ရှုလတီကုလားများဆောင်းသော သက္ကလပ်ဦးထုပ် အနီတစ်ခုကို တွေ့လေရာ ရှိသမျှကို သိမ်းရုံး၍ ယူပြီးလျှင် လျင်မြန်စွာ ထွက်၍သွားလေ၏။ သက္ကလပ်ဦးထုပ်ကို ရောင်းရလျှင် အဘယ်မျှရမည် မသိရသဖြင့် ဘယ်လိုလုပ်ရမည်ကို ကြံစည်၍နေလေ၏။

ထိုအခိုက်တွင် မိမိ၏မိတ်ဆွေဟောင်းတစ်ယောက် အပါးသို့ ရောက်လာသည်ကို မြင်လေလျှင် အောက်ကျသေးသိမ် စုတ်နုတ်သော အလုပ်ကို လုပ်၍နေရသဖြင့် သိမ္မာစိုးသောကြောင့် ကုလားဦးထုပ်ကို ခေါင်းပေါ်၌ ကပျာကယာစွပ်လိုက်လေ၏။

ထို့နောက် နေရာကျမှန်းသိသဖြင့် ဦးထုပ်ကိုမချွတ်ဘဲ စွပ်ကြယ်များကို ပခုံးပေါ်သို့တင် ခြေအိတ်များကို လက်မှာကိုင်ပြီး တစ်ခါတည်း တစ်အိမ်တက်ဆင်း လှည့်လည်၍ရောင်းလေရာ နေမဝင်မီ တစ်ရုံတစ်မတ် ငါးပဲသုံးမူးနှင့်ရောင်း၍ ခြေအိတ်နှစ်ဒါဇင် ကုန်သွားလေ၏။ လက်ထဲသို့ ငွေလေးငါးကျပ် ရောက်၍လာလေ၏။

ထိုနေ့ညဉ့်၌ ကာလကတ္တားဈေးတွင် ချ၍ရောင်းရာ ခြေအိတ်သုံးဒါဇင်နှင့် ရှပ်အင်္ကျီများ တစ်ဝက်ကျ၍ သွားလေ၏။ ထိုအခါ "အလယ်ငါ သူဌေးဖြစ်တော့မှာပဲ" ဟု အားတက်၍ လာလေ၏။

ထိုညဉ့်၌ပင် အဟောင်းဆိုင်တစ်ဆိုင်မှ ကုတ်အင်္ကျီတစ်ထည်နှင့် ကာကီရှပ်အင်္ကျီသုံးထည်ကိုဝယ်၍ မိမိ၏မူလရှပ်ပပျောက်ရန်ပါ မျက်မှန်အညိုတစ်ခုကိုဝယ်၍ တပ်လေ၏။

ဆယ်နာရီထိုးခါနီးသောအခါ ထမင်းဆာဆာရှိသဖြင့် အရက်ဆိုင်သို့ဝင်ကာ ဆန်မရှုးခေါ်အရက်ကို သုံးမူးဖိုးသောက်ပြီး ပန်းသေးခေါက်ဝမ်းဘဲသားနှင့် ခေါက်ဆွဲကြော်နှစ်ခွက်ကို စားလိုက်ရာ မောင်တင်၏စိတ်၌



ငွေကြေးပေါများစဉ်ကဟိုတယ်ဆိုင်မှာ ကျော်နီဝါးကားဝီစကီနှင့်စားသောက်ရသည်ထက် အဆပေါင်းများစွာ ပိုမိုထူးကဲ ကောင်းမွန်မြိန်ရှက်သည်ဟု ထင်မှတ်လေ၏။

ထို့နောက် ကုလားလက်ဖြစ် ဖက်လိပ်စီးကရက်ကို ဖွာကာ ကျန်သောခြေအိတ်များကို စက္ကူနှင့်လိပ်ပြီး အသိတစ်ယောက် အိမ်သို့သွား၍ အိပ်လေ၏။ နက်ဖြန်ကျသောအခါ ကြွင်းသောအထည်ကိုလည်း ရောင်းရင်း၊ နေထိုင်စရာနေရာကိုလည်း ရှာရင်း ထပ်မံရောင်းရန်လည်း ဝယ်ရင်း ဆိုသလို ခြေလျင်ထီးတစ်စင်းနှင့် လျှောက်လေ၏။

ထိုကဲ့သို့နေစဉ် မနေမနား ရှာကြံလေရာ အလုပ်နှင့်ဆိုင်ရာတို့ကို အကုန်အစင်သိရုံမက ခြောက်လလောက်ကြာသောအခါ ငါးရာလောက် လက်ထဲမှာ စုမိလေ၏။

ထိုအခါ တစ်နေ့သက်သက် အားလပ်ခွင့်ယူပြီးလျှင် မိမိ၏ကျေးဇူးရှင် ဥယျာဉ်လင်မယားထံ ခေတ္တပျော်ပျော်ပါးပါး ချက်ပြုတ်စားသောက်ရန်ဆိုသလို သွားလေ၏။

ဥယျာဉ်မှူးလင်မယားသည် ၎င်းကိုမြင်သောအခါ၌ အားရဝမ်းသာ အိမ်ပေါ်မှဆင်း၍ ပြေးလာကြပြီး ၎င်း၏လက်ကိုဆွဲကာ ကြိုလေ၏။

"ကိုင်း ... မအုန်းညွန့်၊ ဝမ်းဘဲသားချက်ဗျာ" ဟု ပြောပြီး ငွေ ၅ ကျပ်ကို ထုတ်၍ပေးလေ၏။ ကိုဘိုးထင်သည် ငွေစက္ကူကိုင်ကာ ထွက်သွားပြီးနောက် တစ်နာရီလောက်ကြာသောအခါ ဝမ်းဘဲတစ်ကောင်နှင့် အာလူးများဝယ်လာလေ၏။

လင်မယားနှစ်ယောက် ပျော်ရွှင်စွာ လုပ်ကိုင်ချက်ပြုတ်ကြလေ၏။ အလွန်တစ်ရာ စိတ်ကူးကောင်းသော ကိုဘိုးထင်သည်ကား ဝမ်းဘဲပေါင်နှစ်ပေါင်ကို ရှေးဦးစွာကြော်ပြီး ပုလင်းတစ်လုံး ဖန်ခွက်တစ်ခွက် မောင်တင့်အပါးသို့လာ၍ချလေ၏။

မောင်တင်သည် ပုလင်းကိုကြည့်ကာ "ဒါဘာလဲ ကိုဘိုးထင်" ဟု မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုဘိုးထင်က " ချလေ၊ ကျွန်တော် လက်ကိုင်ပြတ်ပြတ်ရှိတာနဲ့ ချက်ထားတာ၊ သတိထားသောက်နော်၊ မီးတောက်တယ်။ ရေရောချင်သေးသလား"

မောင်တင်သည် ပြုံးလျက် အရက်ကိုဖန်ခွက်ထဲသို့ငှဲ့ကာ ဝမ်းဘဲပေါင်ကိုကိုက်လေရာ မောမောနှင့် လွန်စွာအရသာရှိသည်ကိုတွေ့ရလေ၏။

အတန်ငယ်ကြာသောအခါ အတော်ကလေး ရီ၍လာပြီး အိမ်ပေါ်၌လမ်းလျှောက်ကာ မိမိနေခဲ့ဖူးသော အခန်းကို ဝင်ထွက်ကြည့်ရှုလေ၏။

သို့ကြည့်ရှုရာ တစ်ခုသောထောင့်ရှိ စင်ကလေးများပေါ်တွင် ပုံ၍ထားသော အင်္ဂလိပ်သတင်းစာ မဂ္ဂဇင်းစာအုပ်အဟောင်းများကို တွေ့ရသဖြင့် ၎င်းစာအုပ်များကို ဖွင့်လှန်ကြည့်ရှုရာ မောင်တင်သည် ငေးစိုက်၍နေလေ၏။ အကြောင်းမူကား အလွန်လှပသော' မိန်းမပျိုကလေးတစ်ယောက်၏ ဓာတ်ပုံကို တွေ့ရလေသတည်း။

ထိုဓာတ်ပုံမှာ လှရုံမျှမက ထူးခြားသောအချက်တစ်ခု ပါရှိလေ၏။ ၎င်းအချက်သည် တခြားမဟုတ်၊ မိမိ၏ချစ်သူငယ်ချင်း သိန်းမောင်၏မျက်နှာနှင့် တထေရာတည်း တူ၍နေသည်ကို တွေ့ရှိရလေ၏။

မောင်တင်သည် ထိုရုပ်ပုံကို အကြာကြီးစိုက်ကာကြည့်၍ နေလေ၏။ မိမိ၏သူငယ်ချင်းနှင့်တူသောကြောင့် သူငယ်ချင်းကိုချစ်သောစိတ်အာရုံသည် ထိုဓာတ်ပုံအထဲသို့အကုန်အစင်ဝင်ရောက်ကာ ဓာတ်ပုံကိုကြိုက်၍လာလေ၏။

၎င်းဓာတ်ပုံ၌ ဖြောင့်စင်းပြည့်ဝသော ငါးရံ့ကိုယ်ကလေးသည် လက်ကိုင်ပဝါကလေးကို ကိုင်ကာ လက်တစ်ဖက်ကို ပေါင်ပေါ်မှာတင်လျက်၊ လက်တစ်ဖက်မှာ စားပွဲကိုမှီ၍ ခပ်စောင်းစောင်းကလေး မတ်တတ်ရပ်ပြီး ပြုံး၍နေလေ၏။ မျက်နှာမှာ မျက်နှာလုံးပေါ်ပေါ်ကလေးဖြစ်လေ၏။ မျက်ခုံးမျက်လုံး နှာတံတို့မှာ တင်၍ထားသလိုနေလေ၏။ ဆံပင်မှာ မှ နောက်လှန်၍ ဖဲစီးကြိုးနှင့် ချည်ထားလေ၏။ ထဘီမှာ ကော်ဖော့ထက်တွင် ပြန့်လျက် သေးငယ်သောခြေကလေးများမှာ တစ်ဝက်ခန့်မျှ ထဘီ



အောက်က ပြူ၍နေလေ၏။ ၎င်း၏ကိုယ်မှာ ပြည့်ဝ၍ ခါးတင်ရင်တို့မှာ အပိုက်အကြွ အကျအန လွန်စွာကောင်းလျက် ပန်းပုဆရာ၏လက်ဖြင့် အလှတွင် နမူနာတင်လောက်အောင် ထုလုပ်ထားသည်နှင့် တူလေ၏။ အလွန်တရာ ညွတ်ပြောင်းသော အသွင်သည်လည်း တစ်ကိုယ်လုံး ပြေပြစ်ခြင်းကို ထင်ရှားစေလျက် ကြွဖောင်းသောရင်မှာ ယောကျ်ားတို့၏လက်ဖြင့် ပြုပြင်ခြင်းကင်းသဖြင့် လွန်မင်းပြည့်ဝခြင်းမရှိ ပိပိရိရိကလေး နေလေ၏။

မောင်တင်သည် ထိုရုပ်ပုံကလေးကို မျက်နှာနှင့်မခွာနိုင်ဘဲ ကြည့်၍နေပြီးမှ ဥယျာဉ်မှူး လင်မယားမြင်မှာကို စိုးရိမ်သဖြင့် ကပျာကရာ ကုတ်အင်္ကျီအိတ်ထဲသို့ ထည့်လိုက်လေ၏။

ထိုနောက် ထမင်းစားကြရာတွင် ဤအိမ်၌ မိမိမရှိသည့်နောက် မည်သူများလာ၍ နေသည့်အကြောင်းကို မေး၍ကြည့်မိရာ သားအမိ သားအဖသုံးယောက် တစ်လလောက်လာ၍နေကြပြီး ရုတ်တရက် ထွက်၍သွားကြကြောင်း၊ ၎င်းတို့သည် အိမ်ရှင်အား စရံငွေပေးပြီး ညဉ့်အချိန်ရောက်လာကြောင်း၊ နောက်တစ်လလောက်ကြာသောအခါ လူတစ်ယောက်လာပြီး ၎င်းတို့နှင့် စကားတီးတိုးပြောပြီး ညဉ့်အခါတွင် ထွက်ခွာသွားကြကြောင်း ဘိုးထင်က ပြောပြလေရာ မောင်တင်မှာ ဝေခွဲကြံစည်၍မရဘဲ အဘယ်ကများ ဖြစ်ပါလိမ့်မတုန်းဟု စဉ်းစားအံ့သြကာ နေလေ၏။

ထိုနေ့ညနေ၌ မောင်တင်သည် ဥယျာဉ်မှူးလင်မယားအား ငွေတစ်ဆယ်ပေးပြီး ထွက်သွားရာတွင် ဓာတ်ပုံကို တစ်လဲလုံးလုံး ထပ်ကာထပ်ကာ ကြည့်၍ နေလေ၏။ သို့ကြည့်လေလေ ကြိုက်လေလေ ဖြစ်ပြီးလျှင် ငါသူ့ကိုတွေ့အောင်ရှာမယ်၊ မတွေ့ရရင် မနေဘူးဟု မြဲမြံသော စိတ်အကြံကို ပြုလိုက်လေသတည်း။

သို့သော်လည်း မိမိ၏စိတ်အာရုံစွဲလမ်းရာ ရုပါရုံကို မတွေ့ရဘဲ လပေါင်းအတော်များစွာလွန်၍ သွားလေ၏။ အလုပ်အကိုင်မှာလည်း သာ၍ကျင်လည်လျက် ပိုက်ဆံကြေးငွေကို မဂိုတန်း၌ ခိုများ ဆန်ပေါ်းကို ကောက်၍ စားရသလို လွယ်ကူစွာရလေ၏။ ထိုကဲ့သို့ရသောအခါ ငါ

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စာတတ်လို့ စာရေးစာချီလုပ်ရရင် အခုလို ရမှာလည်းမဟုတ်ဘူး၊ စာရေးကြီးနှင့်တူအောင်နေသောကြောင့် အခုလိုလည်း ငွေကြေးပိုမှာ မဟုတ်။ အခုမှာ စားစားသောက်သောက်နှင့် တစ်လလျှင် တစ်ရာ့လေးငါးဆယ်ပိုလေရာ ငွေများကို ရှေးဦးပထမ စာတိုက်၌ စုလေ၏။ ထိုနောက် ငါးရာကျော် ခြောက်ရာကျော် ရသောအခါ ဘဏ်တိုက်သို့ ပို့လေ၏။ ထို ငွေများမှာ အလျော့မရှိ တိုး၍သာနေလေသတည်း။

ထိုစာတ်ပုံကလေးကိုမူကား အမြဲလက်ကမချဘဲ ခဏခဏကြည့်ရလေ၏။ သူ့ကိုတွေ့လျှင် ငါရအောင်ယူမည်။ ရလျှင် ခေါင်းရင်းမှာ ချမ်းသာစွာထား၍ ငါကိုးကွယ်မည်ဟူသောစိတ်နှင့် ငွေကိုရအောင်ရှာလေ၏။

ထိုကဲ့သို့နေခိုက်တွင် ရန်ကုန်မြို့အရှေ့ပိုင်းကွက်သစ်တစ်ခုမှာ အိမ်နေရာတစ်ခုကို တွေ့ရှိသဖြင့် အစိုးရကိုလျှောက်တောင်းလေရာ ငွေ အနည်းငယ်မျှနှင့် ထိုနေရာကို ရလေ၏။

ထိုနောက် ဆက်လက်၍ ညဈေးတွင်ရောင်းဝယ်ကာ အတော်ကြီးသော မြေပုံအထည်ဆိုင်ဖြစ်၍လာလေ၏။ နောက်သုံးလလောက်ကြာသောအခါ အစိုးရက အဆိုပါအိမ်နေရာ၌ အဆောက်အဉီကို မဆောက်မနေရ! မဆောက်လျှင် ပြန်၍သိမ်းမည်ဟူသော အမိန့်စာကိုပေးသဖြင့် စုဆောင်းရရှိထားသမျှသော ငွေကလေးနှင့် သစ်ဝါးကို လက်ငင်းပေးတန်ပေး၊ အကြွေးယူတန်ယူပြီး မျက်နှာပန်းလှလှ အတွင်း၌ကား မီးဖိုချောင်သာသာမျှသော အဆောက်အဉီကို ဆောက်လုပ်ပြီးစီးလေ၏။

ထိုအိမ်၌ မောင်တင်သည် အတည်တကျနေထိုင်ပြီးလျှင် အလုပ်ကို လုပ်၍နေလေ၏။ တစ်စ တစ်စ အသိမိတ်ဆွေ လူကြီးလူကောင်းများနှင့် အသိဖြစ်လေရာ အသစ်တည်ထောင်သော အင်္ဂလိပ်အလုပ်တိုက် တစ်ခုက စာရေးကြီးတစ်ယောက်နှင့် အကြောင်းအပေါင်းသင့်ပြီး ခရီးစရိတ် တစ်လလျှင် လခအစိတ်နှင့် မီးအိမ်တစ်မျိုးကို ဒိစတြိတ်နယ်အရပ်ရပ်သို့ ကော်မရှင်ကိုယ်စားလှယ်အဖြစ်နှင့် လှည့်လည်၍ ရောင်းချရန် အလုပ်ကို ရလေ၏။



မောင်တင်သည် ခရီးသွားကိုယ်စားလှယ်အဖြစ်နှင့် အရပ်ရပ်သို့ လှည့်လည်လေရာ မီးအိမ်များမှာလည်း များစွာတွင်ကျယ်သဖြင့် တစ်ကြောင်း၊ အခြားတိုက်ဆိုင်များမှာ ကုန်ပစ္စည်းနမူနာများကို ခရီးသွားဟန် လွဲယူ၍ သွားခြင်းဖြင့်တစ်ကြောင်း ငါးလ ခြောက်လအတွင်း ငွေတစ် ထောင်ကျော်ကျော်ရလျှင် ထိုငွေနှင့် အဘယ်ကဲ့သို့သော အလုပ်ကို အတည် တကျလုပ်ရမည်ဟု ကြံစည်၍နေလေသတည်း။

ထိုကဲ့သို့နေခိုက်တွင် ဖန်လက်ကောက်ခေတ်ထ၍ လာလေရာ မောင်တင်သည် ရှိသမျှသောငွေများနှင့် ဖန်လက်ကောက်များကိုရင်းလေ၏။

ဖရေဇာလမ်း ယခု – အနော်ရထာလမ်းတွင် အခန်းငယ်တစ်ခု ကိုယူပြီး ဖန်လက်ကောက် အမျိုးမျိုး အစားစားတို့ကို လက်လီလက်ကား ပေး၍နေလေ၏။ တစ်နေ့သ၌ အရောင်းအဝယ်မကောင်းသဖြင့် ညနေ အချိန် ဆိုင်ကိုပိတ်ပြီး ဘုရားကြီးသို့ သွားလေ၏။

ဘုရားကုန်းတော်ပေါ်သို့ ရောက်သောအခါ ဘုရားကိုကြည်ညိုပြီး လှည့်လည်ကြည့်ရှု၍နေပြီးနောက် အရှေ့ဘက်စောင်းတန်းမှ ဗဟန်းဘက် သို့အဆင်းတွင် မိမိ၏ရှေ့၌ ယောကျ်ားတစ်ယောက်နှင့် မိန်းမပျိုတစ် ယောက်ကို မြင်ရလေ၏။ ၎င်းတို့ကို မောင်တင်သည် လွန်အောင်သွားပြီး တစ်ခုသောဆိုင်၌ ရပ်ကာ ကြိမ်ပုတီးကလေးတစ်ကုံးကို ဝယ်ရင်း အမှတ် တမဲ့ ကြည့်လိုက်သောအခါ မောင်တင်၏ရင်၌ ဖိုလှိုက်၍ သွားလေ၏။ အကြောင်းမူကား ထိုလှပသောမိန်းကလေးသည် ဓာတ်ပုံထဲက မိန်းကလေး ဖြစ်သည်ကို တွေ့ရှိလေ၏။

၎င်း၏မျက်နှာမှာ များစွာညှိုးငယ်သောအသွင်ရှိလေ၏။ မိမိ၏ အပါးသို့ ဖြတ်၍အသွားတွင် မွှေးကြိုင်သောရေမွှေးနံ့သည် မောင်တင်၏ နှာခေါင်းမှ ရင်ထဲသို့ ဝင်ရောက်ပြီး အသည်းနှလုံးတို့ကို လေနီကြမ်းမွှေ့ သလို မွှေ့သည်ဟု မှတ်ထင်ရလေ၏။

၎င်း၏နှုတ်မှ ကြားရသောစကားလုံးတစ်လုံးသည် မောင်တင်၏ နားထဲမှ မထွက်ဘဲနေလေ၏။ "ကျွန်မကို ဒီလိုစကားမျိုး တစ်ခါသာ

www.burmeseclassic.com

www.burmeseclassic.com



ပြောပါ၊ တခြားမိန်းကလေးများလို မှတ်သလား”ဟု ပြော၍သွားသည်ကို ကြားလိုက်ရလေ၏။

မောင်တင်၏စိတ်၌ ထိုစကားများသည် ကြီးစွာသော မငြိမ်သက်ခြင်းကို ဖြစ်စေ၏။ ဤသူငယ်မကလေးသည် ထိုယောကျ်ားကြီးနှင့် အဘယ်လိုတော်ပါသနည်း။ အဘယ်အတွက် စိတ်ညစ်၍ နေပါသနည်း စသည်ဖြင့် တွေးတောပူပင်မိလေ၏။

ထိုအခါ ဆိုင်မှထွက်ပြီး ၎င်းတို့နောက်သို့ မယောင်မလည်လိုက်၍ သွားလေ၏။

ထိုကဲ့သို့ လိုက်၍သွားရာ မောင်တင်မှာ ကုလားဦးထုပ်နှင့် ကုလားစတိုင် လွန်စွာကျသောကြောင့် မိမိ၏ရှေ့၌သွားသော မိန်းမပျိုနှင့် ယောကျ်ားကြီးသည် ၎င်းကို ကုလားပင်မှတ်ထင်ကာ စကားကို ရဲရဲတင်းတင်းပြော၍ သွားကြလေ၏။

မိန်းကလေး။ ။ “ကျွန်မတို့မှာ အခုအခါ ဒုက္ခဖြစ်နေခိုက်မို့ ရှင် ဒီစကားမျိုးကို လာပြောသလား”

“မဟုတ်ပါဘူး မလှိုင်ရယ်၊ မင်းဖေဖေ ကြွေးတစ်သိန်းကျော် တင်လို့ အကျပ်အတည်းတွေ့နေတော့ ဟိုကခြံကြီးတစ်ခြံလုံးကိုငှားပြီး မင်းတို့ကို လုံခြုံအောင်ထားပေးခဲ့တယ် မဟုတ်လား။ နောက်မှ တစ်ဖန်ပေါ်ပေါက်လို့ ထွက်ပြီးပြေးရတယ်မဟုတ်လား။ အခုလည်း မင်းဖေဖေ ဘယ်မှာ ပုန်းနေတယ်ဆိုတာ မင်းတို့သားအမိနဲ့ ငါပဲသိတာပဲ။ သို့သော်လည်း ငါဖော်မပြောပါဘူး။ အကယ်၍ မင်း ငါပြောတာကို သဘောတူရင် ဒီငွေတစ်သိန်းဟာ မဖြစ်လောက်ပါဘူး မလှိုင်ရဲ့။ မင်းအဖေကို မင်း မသနားဘူးလား”

“ကျွန်မဟာ ရှင့်သမီးကလေးအရွယ်လောက် ရှိပါသေးတယ်။ အရင်က ဦးကြီးတို့လို သဘောထားတယ်ထင်လို့ အရောဝင်မိတာကို ဦးကြီးက အထင်လွဲတယ် ထင်ပါရဲ့”

“ဦးကြီးက မင်းတို့ကို ဘယ်လောက်သနားတယ်၊ ဘယ်လောက်



ကူညီချင်တယ်ဆိုတာ မလှိုင်မသိလို့ ဒီစကားကို ပြောတာပဲ”ဟု ပြောလေ၏။ မောင်တင်မှာ မရဲတရဲလိုက်ရသဖြင့် မကြားတစ်ချက် ကြားတစ်ချက်နှင့်လိုက်၍ သွားလေရာ ကျောင်းတိုက်တစ်တိုက်အနီး လမ်းကြီးတစ်ခုသို့ ရောက်သောအခါ ဆင်း၍သွားကြသည်ကို တွေ့မြင်လိုက်ရလေ၏။

မောင်တင်သည် တစ်အောင့်ကလေး ရပ်ကာကြည့်လေ၏။ လမ်းအချိုးတွင် ပန်းပင်တွေကွယ်သဖြင့် ပျောက်ကွယ်၍သွားကြလေ၏။

မောင်တင်၏စိတ်၌ စွဲလျက်ရှိသော ရုပါရုံမီးသည် တိုး၍တောက်လောင်လေ၏။ ၎င်းသူငယ်မကလေး၏ မိဘများမှာ ငွေတစ်သိန်းကြွေးတင်၍နေသည်ကို သိရလေ၏။ သည်သူငယ်မကလေးကို ငွေတစ်သိန်းရှိရင် ငါ ကယ်နိုင်မလားမသိဘူး။ ငါမကယ်နိုင်မိ ဟိုယောကျ်ားကြီးနဲ့များ ညား၍သွားလေမလား။ ညားသွားရင် ကိုယ်ကျိုးနည်းတာပဲ စသည်ဖြင့် တွေးကာ မောင်တင်မှာ သူမသိ ငါပိုးဖြစ်၍ နေလေ၏။

အိမ်သို့ရောက်သောအခါ အဘယ်ပုံကြံရမည်ကို နဖူးလက်တင် အိပ်ရာဝင်၍ ဆင်ခြင်လေ၏။ ဖန်လက်ကောက်အလုပ်နှင့် ငွေတစ်သောင်းခန့် ကြွယ်ဝ၍လာသူ ဖြစ်လေ၏။ သို့သော် လတ်တလောခြင်း တစ်သိန်းဖြစ်ဖို့အလုပ်မှာ မလွယ်ပါတကား။ ငွေတစ်သိန်းရတောင် သည်မလှိုင်ဆိုသူကလေးက ငါ့ကိုကြိုက်ပါ့မလား၊ သူနဲ့တွေ့ရဖို့တောင် အတော်ကြီးကျပ်တည်းခက်ခဲ၍ နေပေသည်တကား စသည်ဖြင့် စဉ်းစား၍နေလေ၏။

သို့စဉ်းစားရာ ရုတ်တရက် အကြံတစ်ခုကိုရသဖြင့် မျက်နှာဝင်းထိန်၍လာလေ၏။

နောက်တစ်နေ့ မလှိုင်၏ဓာတ်ပုံကို တစ်ခုသောဓာတ်ပုံတိုက်သို့ ယူသွားပြီး ချဲ့ဖို့ရန်အပ်လေ၏။ နောက်ရက်အနည်းငယ်မျှကြာသောအခါ ချဲ့ပြီးသောဓာတ်ပုံကြီးကို မိမိ၏အိပ်ရာခေါင်းရင်း၌ ရွှေပေါင်နှင့် ချိတ်ဆွဲထားပြီး မှန်ရင်းဓာတ်ပုံ၏ကျော၌ အောက်ပါစာကို ရေးလေ၏။

ဘာကိုမှစိတ်မပူပါနဲ့။ စိတ်ကိုသာ ခိုင်ခိုင်ထားပါ။ ငွေနှင့်မြူ၍ သွေးဆောင်တာကို မပါရအောင် သတိထားပါ။ ကယ်မည့်သူကိုလိုက်၍

www.burmeseclassic.com

www.burmeseclassic.com



ရှာခဲ့ရာ မလှိုင်ကို အခု တွေ့ရပါပြီ။ ဤနေရာ အနီးအနားမှာ နောက်ထပ်တွေ့ပါရစေ။

၎င်းစာကို ဓာတ်ပုံ၏ကျောဘက်၌ရေးပြီးနောက် မလှိုင်နှင့် ၎င်း၏အဖော်ယောကျ်ားကြီးပျောက်ကွယ်၍ သွားသောနေရာသို့ ညနေဆိုင်ပိတ်သည့်အခါ အရောက်သွားလေ၏။ ထိုနေရာသို့ ငါးနာရီခန့်အချိန်လောက်တွင် ရောက်သွားလေရာ အရိပ်အယောင်ကို မြင်ရမလားဟု စောင့်ဆိုင်းကြည့်ရှု၍နေလေ၏။ သို့သော်လည်း မလှိုင်ကို မမြင်ရ။ နေဝင်ရီတရောအချိန်သို့ရောက်၍ သွားလေ၏။ ထိုအခါ လမ်းကြားကိုလျှောက်၍ လိုက်လေ၏။ သို့လျှောက်၍ လိုက်သော်လည်း ကျောင်းတိုက်များနှင့် ဇရပ်များကိုသာ တွေ့ရလေ၏။ မလှိုင်ဆိုသူကလေးကိုမူကား အရိပ်အရောင်မျှ မမြင်ရဘဲ မှိုးချုပ်၍သွားသဖြင့် စိတ်အားငယ်ငယ်နှင့် ပြန်လာရလေသတည်း။

သို့သော်လည်း စိတ်မပျက်ဘဲ ယနေ့မတွေ့ရလျှင် နောက်တစ်နေ့တွေ့ရမည်ဟု ယုံကြည်စိတ်ချကာ ညနေတိုင်းသွားလေ၏။ သို့သွားသော်လည်း မတွေ့ရသဖြင့် အိမ်သို့ရောက်သည့်အခါ ခေါင်းရင်းက ဓာတ်ပုံကိုသာကြည့်ပြီး မလှိုင်မင်းငါ့မယား။ ငါမင်းကိုရမယ်။ မင်းငါ့ဆီကို ရောက်လာရမယ်။ မင်း၏ရန်သူကို ငါနိုင်လိမ့်ပြီး မင်းကိုငါရမယ်။ ငါ့မယားဟူသောစကားများကို ညတိုင်း ညတိုင်း ပြောကာ ပြုစား၍နေလေ၏။

ထိုကဲ့သို့ အားလပ်တိုင်း ၎င်းဓာတ်ပုံကိုကြည့်လေရာ မလှိုင်၏ရုပ်ပုံသည် မောင်တင်၏ မျက်လုံးများ၌ စွဲကပ်၍နေလေ၏။ အဘယ်နေရာမှာမဆို သတိရလျှင် ပေါ်၍လာလေ၏။ အလုပ်အကိုင် အခက်အခဲတွေ့တိုင်း မလှိုင်၏ရုပ်ပုံပေါ်၍ လာသည့်အခါ အားတက်၏။

ထိုကဲ့သို့ ငါးလခြောက်လ မလှိုင်ကိုမတွေ့ရဘဲ ညနေတိုင်းသွား၍ ဆောင့်ရင်းအလုပ်ကိုလည်း မပေါ့မလျော့ လုပ်ကိုင်လေရာ ဂျာမနီပြည်က ရှုံးဆေးတစ်မျိုးကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်နှင့် ရသဖြင့် အကြီးအကျယ်ကြော်ငြာ၍ ရောင်းချလေရာ တင်တင်ကုမ္ပဏီဟူ၍ နိုင်ငံတွင် ကျော်ကြားပြီး တဖြည်းဖြည်းတိုးတက်ကာ အကြီးဆုံးသောဂျာမနီသွင်းကုန်



အလုပ်တိုက်ကြီး ဖြစ်နေလေ၏။

မောင်တင် အလုပ်ကြီး၍လာသောအခါ ငါ မလှိုင်ဆိုသူကလေးကို ကယ်နိုင်တဲ့အခြေအနေရှိပြီ။ ဒင်းကလေး ဘယ်မှာများ ရှိပါလိမ့်မလဲ ဟု ကြံစည်ကာ အမြဲလိုက်လံရှာဖွေလေ၏။ မိမိရှာနေကျနေရာ ဗဟန်းကိုလည်း နေ့တိုင်းသွားလေ၏။

တစ်နေ့သ၌ နံနက်စောစော ထိုနေရာသို့ရောက်သွားလေရာ ပန်းများကို ကိုင်လျက် ဘုရားကိုသွားသော မိန်းမပျိုကလေးကို မြင်လေ၏။

၎င်းမိန်းမပျိုကလေးမှာ အဖော်မပါ တစ်ယောက်တည်းဖြစ်လေ၏။ မောင်တင်သည် အပါးသို့ ကပ်သွားလေလျှင် ဓာတ်ပုံရှင်မကလေး ဖြစ်သည်ကို တွေ့မြင်ရသဖြင့်အတိုင်းမသိ ကြီးစွာဝမ်းမြောက်ဝမ်းသာဖြစ်လျက် မိမိအမြဲဆောင်ထားသော ဓာတ်ပုံကလေးကို ပေးလေ၏။

မိန်းမပျိုကလေးသည် အံ့အားသင့်လျက် "ရှင် ဘယ်သူလဲ ဘယ်ကလဲ၊ ဒါ ကျွန်မ ဓာတ်ပုံပါကလား၊ ဘယ်ကရတာလဲ" ဟု ခက်ထန်သော အမူအရာနှင့် မေးလေ၏။

တင်။ ။ "ဒီဓာတ်ပုံကလေးကို ရကတည်းက မင်းကိုလိုက်ပြီး ရှာနေတာ မနည်းပဲကြာပါပြီ။ အခုတွေ့ရတာနဲ့ ခွန့်စားပြီးပေးလာပါတယ်။ ကျုပ်ကို စိတ်ဆိုးသလား" ဟု မေးလေ၏။

မလှိုင်သည် ကျောဘက်ကစာကိုဖတ်ကြည့်ပြီး "ကျွန်မကို ဘာပြုလို့ ကယ်ရမှာတုံး။ ကျွန်မကို ကယ်ဖို့ ဘယ်သူ့ကိုမှ မပြောဖူးဘူး။ ရှင် ကျွန်မအကြောင်းကို ဘာသိသလဲ"

"မင်းအဖေ မင်းနဲ့ အတူမနေရတာကို သိတယ်"

"ဟုတ်ကဲ့ မှန်ပါတယ်။ ပြီးတော့ ရှင် ဘာသိသေးသလဲ"

"မင်းတို့မှာ ကြွေးတင်တဲ့ငွေတစ်သိန်းနဲ့ပတ်သက်ပြီး မင်းကို ဖိနှိပ်မြှုနေတဲ့လူတစ်ယောက်ရှိတယ် မဟုတ်လား"

မလှိုင်သည် မောင်တင်ကို အံ့အားသင့်သော မျက်နှာဖြင့်ကြည့်၍နေပြီးမှ "မှန်ပါတယ်၊ အခု ဒီလူ ကျွန်မကိုမြှုလို့မရလို့ ထွက်သွားပြီ။ ရှင်က

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲလာပြီး မြူချင်သေးလို့လား။ ကျွန်မ အခုဘယ်လိုပဲ ဆင်းရဲ စေကာမူ ကျွန်မ အလုပ်လုပ်စားနိုင်တဲ့ ပညာရှိပါတယ်။ ကျွန်မကို အပျော် အပါးကစားစရာ မိန်းကလေးများလို မှတ်လို့လား။ ရှင့်ကို ကျွန်မ ဒီနေရာ များမှာ ဘာပြုလို့တွေ့ရမှာလဲ။ ရှင်နဲ့ ကျွန်မနဲ့ ဘယ်မှာသိဖူးလို့လဲ" စသည် ဖြင့် မေးလေ၏။

တင်။ ။ "မင်းပြောတာတွေ မှန်ပါတယ်။ ကျုပ် မင်းကို ငွေအားကိုး ပြီး မြူဖို့လာတာမဟုတ်ပါဘူး။ ကံအားလျော်စွာ ခြံတစ်ခုထဲမှာ သည် ဓာတ်ပုံကို တွေ့ရကတည်းက မင်းရုပ်ပုံကလေးဟာ မျက်စိထဲက မထွက်ဘဲ နေတဲ့အတွက် မရမကလိုက်ပြီး ရှာနေရတာပါ။ အခုတွေ့ရရင် တော်ပါပြီ။ ပင်ပန်းကျိုးနပ်ပါပြီ။ မရတာကိုတော့အကြောင်းလို့ မှတ်ရမှာပါပဲ။ ကျုပ်ဟာ ဒီဓာတ်ပုံကလေးကို ရကတည်းက အရှုးကြီးရူးပြီး မင်းမှာ ဒုက္ခ တွေ့နေတယ်ကြားတော့ ငါတစ်နေ့သဉ္ဇ ကယ်ခွင့်ရှိရင်ကယ်နိုင်အောင် ဟဲ့လို့ သဘောထားပြီး စီးပွားကိုကြိုးစားပြီး ရှာခဲ့ပါတယ်။ မဖြစ်နိုင်ရင် လည်း စိတ်တော့ ဆိုးစရာမရှိပါဘူး။ ချောတဲ့လှတဲ့သူကို မြင်ရင် ချစ်ကြ ကြိုက်ကြတဲ့သဘောဟာ သဘာဝတရားကြီးပါ။ ကျုပ်စိတ်က ချစ်တာကို ငြင်းဆန်၍မရ။ မင်းစိတ်ဆိုးရင်သာ ခံရမှာပဲ" ဟု ပြောလေ၏။

မလှိုင်သည် မောင်တင်၏မျက်နှာကို စဉ်းစားသောကြည့်ခြင်းနှင့် သေသေချာချာ စိုက်ကာကြည့်ပြီး ချာခနဲလှည့်ကာ ဘုရားသို့သွား၏။ မောင်တင်သည် အနည်းငယ်ဆက်၍လိုက်ပြီး နောက်ချန်၍ နေရစ်လေ၏။

နောက် နေ့စဉ်နေ့တိုင်း လာသော်လည်း မတွေ့ရချေ။ တစ်လ လောက်ဆက်၍လာသော်လည်း မမြင်ရ။ တမင်သက်သက် မတွေ့ချင် သောကြောင့် ရှောင်၍နေသည်ကို သိရသဖြင့် မောင်တင်သည် အသည်းမှာ စွဲအောင်နာပြီး ဆက်၍မလာဘဲနေလေ၏။ အလုပ်တိုက်မှာ ကိစ္စမရှိဘဲ အဘယ်ကိုမှ မသွားချေ။ အားလပ်သည့်အခါ ခေါင်းရင်း၌ချိတ်၍ထား သော ဓာတ်ပုံကိုသာ ကြည့်၍နေလေသတည်း။

အလုပ်သည်ကား တိုးတက်ကြီးကျယ်၍လာလေ၏။ စာရေးများ



ထပ်မံ၍လိုလေ၏။ အထူးသဖြင့် စာပေးစာယူအလုပ်တွေများသောကြောင့် စာလုံးစက်နှိပ်သော စာရေးတစ်ယောက် အရေးတကြီးလိုလေ၏။ သို့ဖြစ် သောကြောင့် စာလုံးစက်နှိပ်သော စာရေးတစ်ယောက်အလိုရှိကြောင်း သတင်းစာ၌ ကြော်ငြာလိုက်လေ၏။

နောက်သုံးရက်လောက်ကြာသောအခါ အလွန်လှပသော မိန်းမပျို ကလေးတစ်ယောက်သည် သားရေအိတ်ကလေးကို လက်ဝယ်ကိုင်ကာ တင်တင်ကုမ္ပဏီသို့ဝင်၍ သွားလေ၏။

စာရေးကြီးက "ဘာအလိုရှိသလဲ" ဟုမေးရာ မိန်းမပျိုက "ဒီမှာ စာလုံးစက်ရိုက်တဲ့အလုပ်မှာ နေရာလစ်လပ်တယ်သတင်းကြားလို့ လာပါ တယ်" ဟုပြောရာ စာရေးကြီးက သူဌေးကိုဝင်၍ ပြောလေ၏။

သူဌေးက သွင်းလိုက်ဟုပြောရာ မကြာမီ မလှိုင်သည် မောင်တင်၏ ရှေ့သို့ ရောက်လာလေ၏။

မောင်တင်သည်ကား သားနားစွာ၊ မြန်မာခေါင်းပေါင်းနှင့်နေသဖြင့် မလှိုင်သည် မမှတ်မိဘဲနေလေ၏။

မောင်တင်သည် ၎င်း၏မျက်နှာကို မော်၍မကြည့်သေးဘဲ အလုပ် ကိုလုပ်၍နေလေ၏။ သို့အတန်ငယ် ကြာစွာလုပ်၍နေရာမှ မော်၍ကြည့် လိုက်သောအခါ ရင်ထဲမှာ ဒိန်းခနဲဖြစ်၍သွားလေ၏။ သို့သော်လည်း ဤကုမ္ပဏီလုပ်ကာ ဘာအလိုရှိပါသလဲပြောပြီး ကုလားထိုင်တစ်လုံးကို ထိုင်ရန် လက်နှင့်ပြလေ၏။ မလှိုင်သည် ထိုင်လေ၏။

မောင်တင်သည် အလုပ်အကြောင်းကို စစ်ဆေးမေးမြန်းကြည့်ပြီး လျှင် လခငါးဆယ်နှင့် အလုပ်ခန့်လိုက်ပြီး ၎င်းအတွက် မိမိနှင့် ခပ်နီးနီး အခန်းတစ်ခုမှာ နေရာစားပွဲပြင်ဆင်ခင်းကျင်း၍ ပေးလေသတည်း။

မလှိုင်သည် ထိုအလုပ်တိုက်၌ လွန်စွာပျော်ပိုက်လေ၏။ မိုးလင်း လျှင် အလုပ်တိုက်သို့လာဖို့သာ အားထုတ်ပြင်ဆင်လေ၏။ မကျန်းမာ သော မိခင်ကိုလည်း ပြုစုလေရာ များစွာဆင်းရဲပင်ပန်းသော်လည်း အလုပ် တိုက်သို့ရောက်သည့်အခါ စိတ်ပျော်၍ နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူဌေး၏အခန်းကို ဒရဝမ်ကုလားများ နေ့စဉ်လှည်းသို သုတ်သင်သော်လည်း မိမိရောက်သည့်အခါ ကိုယ်တိုင်ထပ်မံလှည်းသို တိုက်ချွတ်သုတ်သင်လေ့ရှိ၏။ သူဌေးထိုင်သော ကုလားထိုင်၌ရှိသောဖုန်ကို မိမိကိုယ်တိုင်ခါလေ့ရှိ၏။

သို့သော်လည်း သူဌေးရောက်လာသည့်အခါ အကြောင်းကိစ္စအရေးမကြီးဘဲ သူဌေး၏အခန်းထဲသို့ ဝင်လေ့မရှိချေ။ သူဌေးသည်လည်း ၎င်း၏သေသပ်သောအလုပ်များကို တွေ့ရှိရလေသဖြင့် မလှိုင်ကို အခန်းထဲသို့ခေါ်ပြီး "မင်းအလုပ်များ အင်မတန် သေသပ်တယ်၊ မင်း လခ ငါးဆယ် လောက်ရဲ့လား" ဟု မေးလေ၏။ ထိုအခါ အလုပ်လုပ်၍ သုံးလခန့် ကြာသွားလေ၏။

"လောက်တယ်လို့တော့ ဘယ်ရှိမလဲရှင်။ ကျွန်မအမေက မကျန်းမာလို့ ဆေးဖိုးဝါးခနဲ့ လန်ချားခ၊ မြင်းရထားခနဲ့ဆိုတော့ သည်လိုချွေတာသုံးရတာပေါ့" ဟု ပြောလေ၏။

"မင်းတို့ ဘယ်မှာနေသလဲ"

"ဗဟန်းက ကျွန်မတို့အရင်က ဆောက်ထားတဲ့ဇရပ်တစ်ခုမှာ နေတယ်"

"အလုပ်နဲ့ နီးနီးနားနားမှာ နေပါလား"

"နေတော့နေချင်တာပေါ့ အိမ်လခကြီးတော့ အခက်သားပဲ" ဟု ပြန်ပြောလေ၏။

သူဌေးသည် စဉ်းစားလျက် စကားမပြောဘဲ မိမိ၏ရှေ့၌ရှိသော ရွှေဒင်္ဂါးတစ်ပြားကို မောင်းချအားနှင့် လှီးကာခြစ်ကာ မငြိမ်မသက်နေလေ၏။

အတန်ကြာသောအခါ မော်ကြည့်ပြီး "ကောင်းပြီ၊ မင်းကိုလခတစ်ရာပေးမယ်။ ဒီမြို့ထဲကိုပြောင်းပြီးနေ။ ဒီတစ်ရာဟာ မင်းအမေ မကျန်းမာလို့ပေးတာနော်။ တခြားကြောင့်မဟုတ်ဘူး။ မင်း အလုပ်လည်း ကောင်းတယ်" ဟု ပြောလေ၏။



မလှိုင်သည် ရွှင်လန်းတောက်ပသော မျက်လုံးများနှင့် သူဌေးကိုကြည့်ကာ ကျေးဇူးတင်ကြောင်း ပြောလေလျှင် သူဌေးက "ကျေးဇူးတင်စရာမလိုဘူး၊ မလှိုင် ကိုယ့်ဆီမှာ အလုပ်လုပ်တယ်ဆိုတော့ ကြည့်ရှုရမယ့်ဝတ္တရားရှိပေတယ်။ ကောင်းပြီ၊ ဒါပဲပြောစရာရှိတယ် သွားတော့" ဟု ပြောလေ၏။

ထိုနေ့ည၌ မလှိုင်သည် အိမ်သို့အားရဝမ်းသာ ပြန်သွားပြီး မိခင်အ[illegible] အကြော[illegible]းကိုပြောလေလျှင် မိခင်က "သမီးရယ် ... လခတိုးတာလ[illegible] မြန်[illegible]ချည်လား၊ ပြီးတော့ ငါးဆယ်တောင်တိုးသလား၊ သမီး [illegible]နယ်လု[illegible]သလဲ။ မိန်းမကလေးများ အလုပ်တိုက်မှာ လခအတိုးမြန်ရင် အများကြီး စိတ်မချစရာကောင်းတယ်လို့ ပြောကြတယ်။ ညည်းလည်း အိမ်ကို အပြန်နောက်ကျတယ်။ အလုပ်ကိုသွားတာလည်းစောတယ်။ ဘယ်လိုနည်း နဲ့တိုးတာလဲ" ဟု ကြောင့်ကြသောမျက်နှာနှင့် မေးလေ၏။

"ဘယ်လိုမှမလုပ်ပါဘူးမေမေ၊ ကျွန်မ အလုပ်လုပ်တာ သဘောကျလို့တဲ့၊ ပြီးတော့လည်း မေမေ မမာတဲ့အကြောင်းကိုလည်း ကျွန်မ ပြောပြတယ်။ ဒီတော့သူဌေးက မြို့ထဲကိုပြောင်းတဲ့ မင်းအမေအတွက် ငါ လခတိုးပေးမယ်တဲ့ မေမေရဲ့။ ကျွန်မတို့ နက်ဖြန်ကိုပြောင်းမယ်။ နက်ဖြန်ကာ ကျွန်မအလုပ်မဆင်းဘူး၊ ခွင့်ရခဲ့တယ်" ဟု ပြောလေ၏။

မိခင်သည် မယုံတစ်ဝက်ယုံတစ်ဝက်၊ ဝမ်းသာရမှာအခက်၊ စိတ်ဆိုးရမှာလည်းအခက်ဖြစ်ကာ သဘောတူရလေ၏။ နောက်တစ်နေ့ ရန်ကုန်မြို့အလယ်ပိုင်း လမ်းတစ်လမ်းတွင် အခန်းတစ်ခန်းကို တွေ့ရလေ၏။

မလှိုင်သည် လခတိုးသောအခါ မိမိကိုယ်ကို သာလွန်လှပစွာဝတ်ဆင်၏။ သူဌေးသည် မလှိုင်ကိုမြင်သည့်အခါတိုင်း နှလုံးသွေးရှိမ်းကာလှုပ်ရှားလေ၏။ သို့သော်လည်း မလှိုင်မှာ လွန်စွာဣန္ဒြေကြီးသဖြင့် တစ်ကြောင်း၊ အခြားစာရေးစာချီများအနက် မည်သူမျှပြက်ရယ်စကားမဆိုမစ ဝံ့ကြသောကြောင့်တစ်ကြောင်း သူဌေးသည် သည်းထား၍ နေရလေ၏။ မတော်တဆ အပြောအဆိုမခံဘဲ အလုပ်မှထွက်၍သွားလျှင်

www.burmeseclassic.com

www.burmeseclassic.com



ရင်ကွဲ၍ ကျန့်ရစ်မှာကို စိုး၍နေလေသတည်း။

မလှိုင်သည် တစ်ခါတစ်ခါ မိမိကိုလာ၍ ဓာတ်ပုံကလေးနှင့် စသော ကုလားသူဌေးတစ်ယောက်ကို သတိရလေ၏။ ထိုကုလားကို ရက်စက် စိမ်းကားစွာ ပြောဆိုပြစ်တင်လိုက်သည့်အတွက် အနည်းငယ် သနားသလို လို ဖြစ်၍နေလေ၏။ သို့သော်လည်း လူမျိုးကွဲကုလားကို သနားလို့ အကျိုး မများပါဘူးလေဟု စိတ်၌အောက်မေ့ကာ ၎င်းကုလားကို သတိရတိုင်း ထူးဆန်းတဲ့ကုလားပဲဟု စိတ်၌တွေးကာ ဖျောက်ဖျက်ပစ်လေ၏။ ထို့ပြင် မှတစ်ပါးလည်း ဣန္ဒြေကြီးလျက် မိမိအပေါ်၌ ကြင်နာသောသူဌေးထံ၌ အလုပ်လုပ်ရခြင်းမှာ များစွာပျော်ရွှင်၍နေသည့်ပြင် သူဌေးမှာ လူပျိုဖြစ် သဖြင့် ကြည့်မယ့် ရှုမယ့် ပြုစုမယ့်သူရှိမှာမဟုတ်ဟု တွေးတောကာ သနား လေ၏။ တစ်ခါတလေ မိမိကိုယ်တိုင် အိမ်ကိုသွားရောက်ကာ မကောင်း ကောင်းကြောင်း ချက်ပြုတ်ကျွေးမွေးပြုစုချင်၏။

သို့ဖြစ်သောကြောင့် တနင်္ဂနွေနေ့တစ်နေ့၌ ချက်ပြုတ်ပြီး ပို့မည်ဟု ကြံ၍နေလေ၏။ သို့သော်လည်း သူဌေးကို မပြောဝံ့သဖြင့် များစွာခက်၍ နေလေ၏။

စနေနေ့တစ်နေ့၌မူကား အလုပ်မှဆင်းသောအခါ အရဲစွန့်ပြီး သူဌေး၏အခန်းထဲကို ဝင်သွားလေ၏။

သူဌေးက ၎င်းကိုဝမ်းနည်းသော ကြည့်ခြင်းမျိုးနှင့်ကြည့်ကာ ဘာအလိုရှိသလဲ မလှိုင်ဟု မေးလေ၏။ မလှိုင်က ရှက်ကိုးရှက်ကန်း အမူအရာနှင့် သူဌေးကိုကြည့်ပြီး "ကျွန်မ ... ကျွန်မ နက်ဖြန်ခါကျတော့ သူဌေးကို ဟင်းထမင်းချက်ပြီး ပို့ချင်တယ်"

သူဌေး။ ။ "ဘာပို့ချင်တယ်" ဟု မျက်လုံးပြူးကာ မေးလေ၏။

မလှိုင်သည် ကြောက်ရွံ့၍သွားပြီး ခဏကလေးဆိုင်းပြီးမှ "နံနက်စာ ကျွန်မချက်ပြီး ပို့ချင်တယ်"

"ဘာပြုလို့ ပို့ချင်သလဲ၊ မင်းအမေကို ချက်ပြုတ်ပြုစုရတာ အလုပ် မများဘူးလား"



"မများပါဘူး၊ သူဌေးမှာ တစ်ယောက်တည်းမို့ ကောင်းကောင်းမွန် မွန် ချက်ပြုတ်ပေးတဲ့လူရှိမှာ မဟုတ်ဘူးထင်လို့ပါ"

"အိမ်မှာ ထမင်းချက်သမားရှိတယ်"

"ထမင်းချက်သမား ချက်တာကို စားရတဲ့လူပျိုများဟာ သားမယား ရှိတဲ့လူများလောက် ကောင်းကောင်း မစားရဘူး၊ ဘယ်လိုပဲ ပိုက်ဆံရှိရှိ၊ ဟိုတယ်က အစာဆိုလည်း ကြာကြာစားတော့ ညည်းတာပဲ၊ သည်အတွက် တစ်ခါတလေ ကျွန်မ ချက်ပေးချင်လို့ပါ"

"ဩော် ... ဒီလိုလား။ နို့ မတော်တဆ လျှာလည်သွားရင် နောက် ဘယ့်နှယ်လုပ်ပါ့မလဲ"

မလှိုင်သည် စကားပြန်၍မပြောဘဲ နေလေ၏။

ထိုအခါ သူဌေးက "ကောင်းပြီ၊ မလှိုင်ဘာများချက်ပို့မလဲ။ မင်းကို စာနှိပ်ဖို့ လခတစ်ရာပေးထားတာနော်။ ထမင်းချက်ခိုင်းဖို့ မဟုတ်ဘူး။ သို့သော်လည်း နက်ဖြန်ကာ နံနက်စာကောင်းကောင်းစားရရင်ကျေးဇူးတင် မှာပဲ။ ဘာချက်ပို့မလဲ"

"သူဌေး ဘာများစားချင်သလဲ" ဟု ခပ်ရဲရဲကလေးပြုံးကာ မေးလေ ၏။

သူဌေးက လက်ချိုးကာ "ချဉ်ပေါင်ရေတာယ်တစ်ခွက်၊ ဘူးသီး ဟင်းချို"

မလှိုင်သည် သူဌေးကို ပြုံးရယ်ကာကြည့်ပြီး "ဟင့်အင်း ဟင့်အင်း ကျွန်မ ဒါတွေကို မချက်ဘူး"

"ဒါတွေပါမှပဲ စားချင်တာပဲ၊ နားထောင်ဦး ပုစွန်ငါးပိထောင်း၊ တို့ စရာက နံနံပင်၊ သိပ်ကောင်းမှာပဲ"

ထိုအခါ မလှိုင်သည် ခေါင်းခါလျက် ခြေကိုဆောင့်ပြီး "ဟင့်အင်း ဟင့်အင်း ဒီလိုဖြင့် ကျွန်မ မချက်တော့ဘူး" ဟု ပြောပြီး သွားတော့မလို လုပ်လေရာ သူဌေးက လက်ပြပြီး "ကိုင်း ကိုင်း မင်းသဘောရှိတာချက်ခဲ့၊ အဲဒါတွေလည်း ပါပေစေနော်" ဟု ပြောလေရာ မလှိုင်သည် အားရဝမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



သွားတော့မည်ပြုလေ၏။

သူဌေးက "နေပါဦးလေ၊ ချက်ဖို့ပိုက်ဆံ ရှိရဲ့လား" ဟု ပြောကာ စားပွဲအံဆွဲကို ကိုင်လေ၏။

"ရှိပါတယ်။ ရှိပါတယ်။ ဟင့်အင်း မလိုချင်ဘူး" ဟု ပြောပြီး ထွက်သွားလေ၏။

မလှိုင်သည် ထိုနေ့ညဥ့်၌ အားရဝမ်းသာဖြစ်လျက် အလုပ်တိုက်မှ အိမ်ကိုမပြန်ဘဲ သိမ်ကြီးဈေးသွားပြီး အမျိုးမျိုး ဝယ်ခြမ်းပြီးမှ အိမ်သို့ ပြန်ပြီး နံနက်အတွက် ဥပုသ်စောင့်သွားမည့်ပွဲ ပွဲရုံကဲ့သို့ ဆန်းဆန်းပြားပြား အမျိုးမျိုးချက်ပြုတ်ပြင်ဆင်လေ၏။

နက်ဖြန်နံနက် မလှိုင်သည် နံနက်စာကို ကုလီကုလားတစ်ယောက်နှင့် ယူ၍လာလေ၏။ အိမ်ပေါ်သို့ရောက်သောအခါ ပွဲရုံကို အပြင်စားပွဲပေါ်၌ထားပြီး ခေတ္တရပ်၍စောင့်နေရာ မည်သည့်အသံကိုမျှ မကြားရသဖြင့် ကုလားကို ပိုက်ဆံပေး၍ ပြန်လွှတ်ပြီး အခန်းလိုက်ကာကို လှပ်၍ အတွင်းသို့ကြည့်လိုက်ရာ သူဌေးသည် ကုလားထိုင်တစ်ခုမှာ ထိုင်လျက် စားပွဲပေါ်တွင် မေးထောက်ကာ ရွှေပေါင်နှင့်ချိတ်၍ထားသော ကြီးသောဓာတ်ပုံကြီးတစ်ခုကို ကြည့်လျက် ငေးမောနေသည်ကို မြင်ရလေ၏။

မလှိုင်သည် ထိုဓာတ်ပုံကို ကြည့်လိုက်သောအခါ မျက်လုံးများပြူး၍နေလေ၏။ သူဌေးကို ကြင်နာသနားသောမျက်နှာနှင့် ခေတ္တကြည့်ပြီး အခန်းတံခါးဝမှာ ဘေးတိုက်မှီလျက် ခေါင်းငိုက်စိုက်ကျကာ မိမိ၏လှပပျော့ပျောင်းသော လက်ချောင်းကလေးတွေကို ချိုးဖွဲ့ရင်း ပင့်သက်ရှု၍ နေလေ၏။

ထိုအခိုက်တွင် ကုလီကုလားက လှေကားမှ ဒုန်းဒုန်းမြည်အောင် ဆင်း၍ သွားသဖြင့် သူဌေးငေးမောနေရာမှ သတိရပြီးနောက်ကို လှည့်၍ ကြည့်လိုက်ရာ အခန်းဝ၌ အတွင်းကျကျ ရပ်မှီကာ ခေါင်းငိုက်စိုက်ချလျက် ပင့်သက်ရှု၍ နေသူကလေးကိုမြင်လေလျှင် ထိုင်ရာမှထပြီး ခြေသံမှ မမြည်စေရအောင် ညင်သာစွာလှမ်းလျက် အပါးသို့ရောက်လာပြီး "မလှိုင်ရောက်



လာပလား" ဟု မေးလေ၏။

မလှိုင်သည် ဦးခေါင်းကိုမော့ပြီး ချိတ်ထားသောကားကို ကြည့်၍ သူဌေးမျက်နှာကို စဉ်းစားသောကြည့်ခြင်းဖြင့်ကြည့်ပြီး တစ်ဖန် ခေါင်းငုံ့၍ နေပြန်လေ၏။

ထိုအခါ သူဌေးသည် အပါးကိုတိုး၍ကပ်လာပြီး "မလှိုင် မင်းသိပလား" ဟု မေးကာ လက်ကလေးကို ဆွဲကိုင်လေ၏။ မငြင်းမဆန်သော လက်သည် ပျော့၍ပါလာလေ၏။

မလှိုင်အဲရင်တစ်ခါ ဗဟန်းမှာတွေ့ခဲ့တဲ့ကုလားကို မမှတ်မိဘူးလား" ဟု မေးလေ၏။ မလှိုင်သည် ဖြည်းညင်းစွာမော်ကြည့်ပြီး မျက်တောင်ကလေးစင်းစင်း၊ ပြည့်ဝသောနှုတ်ခမ်းကလေးများမှာ မစေ့တစေ့နှင့် သူဌေး၏မျက်နှာကို ကြည့်၍နေလေ၏။

ထိုကြည့်ခြင်းသည်ကား ကျွန်မ မငြင်းနိုင်တော့ဘူး။ ကျွန်မ ရှင့်လက်ထဲကို ရောက်ပါပြီဟူသော အနက်အဓိပ္ပာယ်ကို ဆောင်လေ၏။

သူဌေးသည် ပခုံးကိုပွေ့ဖက်ကာ မလှိုင်ကို ရင်ခွင်သို့ယူလေ၏။ မလှိုင်၏နဖူးဆံစကို လက်နှင့်သပ်ကာ မျက်နှာကလေးကိုကပ်၍ ကြည့်လေ၏။ မလှိုင်သည် မငြင်းတော့ချေ။

"ကျွန်မကို ရှာနေတာ ဘယ်လောက်ကြာပြီလဲ"

"တစ်နှစ်ကျော်ကျော်ရှိပြီ"

လှိုင်။ ။ "ဘယ်တုန်းက ကျွန်မကို စပြီး ချစ်သလဲ"

တင်။ ။ "ကြာလှပြီ၊ ရှေးရှေးတုန်းက ဟိုမမွေးမီတုန်းကလို့ ထင်တာပဲ၊ မင်း ငါ့ကို မချစ်ဘူးလား"

"ကျွန်မ ဒီတိုက်ကို ရောက်တဲ့နေ့ကစပြီး ချစ်တာပဲ" ဟု မောင်တင်၏ ရင်ဘတ်ပေါ်သို့ ဦးခေါင်းကလေးကို တင်ကာ လေးသံကလေးနှင့် ပြောလေ၏။

ထိုနောက် အတန်ငယ်ကြာသောအခါ "ကိုင်း မလှိုင်၊ သည့်ပွဲရုံဟာ ကျုပ်တို့မင်္ဂလာပွဲပါပဲ။ အတူတူစားကြရအောင်၊ မင်းကော မစားသေးဘူး

www.burmeseclassic.com

www.burmeseclassic.com

လား" ဟု ပြောလေ၏။

မလှိုင်သည် ပေါ့ပါးလျင်မြန်သော ကိုယ်ဟန်နှင့် ပွဲရုံကိုပြင်ဆင်ကာ နှစ်ယောက်သား အခန်းတကျ်၌ ထူသောကော်ဇောထက်တွင် ပျော်ရွှင်စွာ စားလေ၏။

နောက်ရက်များမကြာမီ တိုက်က စာရေးကြီးသည် သူဌေးမင်္ဂလာ ပွဲအတွက် ငွေခွက်လုပ်၍ လက်ဆောင်ပေးပို့ရန် စာရေးများထံမှ ငွေ ကောက်ခံလေသတည်း။

၁၉၂၇ ခုနှစ်၊ ဧက်တင်ဘာလ၊
ဗြိတိသျှဘားမားမဂ္ဂဇင်း၊ ၁/၉

❑

# နောင်ကြီး

## အခန်း(၁)

စိန်စိန်သည် လှေကားပေါ်၌ ခြေသံကို ကြားရလေ၏။ ထိုခြေသံသည် စိန်စိန်၏ စိတ်၌ ဖြစ်ပျက်ဆိုက်ရောက်တော့မည့်ဆဲဆဲ ဖြစ်သော ပူဆွေးဒုက္ခကြီးတစ်ခုခု၏ အတိတ်နိမိတ်ကို ဆောင်ကာလာသည်ဟု မှတ်ထင်ရလေ၏။ ကျော်မောင်နှင့် စိန်စိန်သည် အကြင်လင်နှင့်မယားအဖြစ်၌ ပေါင်းသင်းပျော်ရွှင်ချစ်ခင်ကြည်ဖြူစွာ နေခဲ့ကြသည်မှာ တစ်ခါလည်းမျှ မပြည့်သေးသဖြင့် ၎င်းတို့၏ ချစ်ခင်ပေါင်းသင်းခြင်း စခန်းလမ်းမှာ ရွှေဖြင့် ခင်းကျင်း၍ထားသလို လင်းထိန်တောက်ပခဲ့လေသတည်း။ ထိုကြားရသောခြေသံသည် ဝင်းထိန်သောအချစ်လမ်းကို မည်းမှောင်သော အရိပ်ဖြင့် သန်းညိုအောင်ပြုသကဲ့သို့ ပျောက်သွားလေ၏။ တက်ရန်လာသော ခြေသံသည် အပေါ်သို့ရောက်အသောအခါ ပျောက်သွားလေ၏။

စိန်စိန်သည် အခန်းနောက်ပိုင်း မီးဖိုတွင် သားနားသပ်ရပ်သော ပွဲရုံဖြင့် ခင်းကျင်းပြင်ဆင်ရန်ထားသော စားပွဲကလေး၌မိုက်ကာထိုင်လျက် စောင်းမြှောင်း၍နေသည်မှာ အတော်ကြာခဲ့လေ၏။ သို့မအေးအောင် နွေးနွေးကလေး လုံခြုံစွာ လွှမ်းအုပ်ရန်ထားသော ပွဲရုံကိုကြည့်ရင်း မွှေးကြိုင်သောဟင်းလျာအကြော်အချက်တို့၏ ရနံ့ကိုခံကာ သွားရည်ကျလုံခမန်း

www.burmeseclassic.com

www.burmeseclassic.com

ဆာသော်လည်း မစားသေးဘဲ ကျော်မောင်လာမှ လင်မယားနှစ်ယောက် တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်ကာ စားဖို့ရန်စောင့်၍နေခြင်း ဖြစ်လေ၏။

ယင်းကဲ့သို့စောင့်ရင်း ယနေ့ညဥ့်နက်လို့မှ လာပါတော့မလား။ တစ်နေ့ထက်တစ်နေ့ အိမ်အပြန် မိုးချုပ်ညဥ့်နက်ခံ၍နေတာဟာ၊ ဘယ်လိုဖြစ်ရဲ့တာပါလိမ့်မလဲ။ ဆယ်နာရီလည်းခွဲပြီးပြီ။ ဘယ်အချိန်ကျမှ လာပါ့မလဲ။ ဒီလိုမိုးချုပ်တဲ့ညတွေ နောက်အဘယ်မျှလောက် ဆက်၍နေဦးမလဲ။ အရင်ကလို ပြန်၍များဖြစ်လေဦးမလား စသည်ဖြင့် ပူပင်ကာ လည်ပင်းကလေးကို တစ်ခါတစ်ခါ ဆန့်လျက်ပြတင်းပေါက်မှ အပြင်ဘက်သို့ မျှော်ရှာလေသတည်း။ နောင် ကျော်မောင်၏ အမူအရာများသည် တစ်နေ့တခြား ထူးခြားပြောင်းလဲ၍ လာသည်ကို စိန်စိန် စဉ်းစားတိုင်း စိတ်ထဲ၌ မချမ်းမသာဖြစ်ရှာလေ၏။ ကျော်မောင်၏မျက်နှာ၌ လပေါင်းများစွာ မအိပ်ဘဲနေသည့်အလား ပါးများပိန်စပြုလျက် ၎င်းမျက်လုံးများ၏ ကြည့်ပုံမှာလည်း အရင်ကနှင့်မတူ။ တစ်ခါတစ်ခါ မျက်လုံးကြောင်တောင်တောင်နှင့်ငေးလျက် နေသည်များကို စိန်စိန်သည် အမှတ်တမဲ့ သတိထားမိသည့်အခါတိုင်း သက်မကြီး ချမိလေ၏။

စိန်စိန်သည် အကြိမ်ကြိမ်မေး၏။ ထိုကဲ့သို့သော အခြေအနေ ပြောင်းလဲခြင်းမျိုး၌ ချစ်သောမယားသည် အဘယ်မှာလျှင် အထပ်ထပ် မမေးဘဲ နေနိုင်ပါမည်နည်း။ သို့ပင်မေးသော်လည်း တစ်ခုတည်းသော အဖြေကိုသာရ၏။ ထိုအဖြေမှာကား "အလုပ်တာဝန်ကိစ္စတွေများလို့ပါကွယ်" ဟူသော စကားတစ်ခွန်းသာ ဖြစ်လေသတည်း၊ ယခုများမကြာမီ အတွင်းမှာမူကား အမေးကိုမျှ များစွာသည်းညည်းမခံနိုင်သလိုဖြစ်၍ လာရုံမက စိန်စိန်၏စိတ်၌ ကြောင့်ကြပူပင်ခြင်းကြီးသလောက် ထပ်ကာထပ်ကာ သဲသဲမဲမဲ မေးသည့်အခါ အနည်းငယ်ဒေါသကလေးများနှင့်ပင် ပြန်၍ငြင်းဆန်သည်ကို တွေ့ရှိရလေသတည်း။

တံခါးကို ခေါက်သောအခါ ၁၁ နာရီထိုးသောနာရီသံသည် တံခါး



ခေါက်သံနှင့် ရော၍သွားလေ၏။

စိန်စိန်သည် မီးမီးအခန်းမှ ထွက်လာပြီးလျှင် တံခါးကိုဖွင့်၍ ပေးလေ၏။ ကျော်မောင်သည် စိန်စိန်ကို အခါတိုင်းလိုမှ နှုတ်ဆက်ခြင်း မပြုဘဲ ကြည့်ရုံမျှကြည့်ပြီး အိမ်ခန်းဘက်သို့ လှည့်၍သွားလေ၏။ စိန်စိန်သည် တံခါးကိုကိုင်ရင်း နောက်မှကြည့်လိုက်လေ၏။ ဧည့်ခန်းကို ဖြတ်ပြီး အိပ်ခန်းထဲသို့ဝင်၍သွားလေ၏။ မကြာမီခြေသံရပ်၍သွားလေ၏။

စိန်စိန်သည် ၎င်းကို ကြည့်၍နေရာမှ တစ်ဖန်မီးဖိုဘက်ကို လှမ်း၍ ကြည့်လေ၏။ ၎င်း၏နှလုံးသားမှာ အေးစက်သော တစ္ဆေ၏လက်ဖြင့် ဆုပ်ကိုင်ဖျစ်ညှစ်ခြင်းကို ခံရပြီးသကဲ့သို့ ကြောင့်ကြပူပင်သောစိတ်ဖြင့် စိမ့်ခနဲဖြစ်၍ သွားလေသတည်း။ သို့သော်လည်း စိတ်ကိုတင်းလျက် ဘာစိုးရိမ်စရာရှိသလဲ။ ဒီလိုလာသွားနေတာ။ အခုမှမဟုတ် အတော်ကြာပြီ။ ဘာမှဖြစ်ခဲ့သည်ဟု မကြားရဘူး စသည်ဖြင့် တွေးကာဖြေလေ၏။ သို့ပင်ဖြေသော်လည်း မပြေဘဲနေလေသတည်း။

စိန်စိန်သည် တံခါးကိုလွှတ်ကာ ၎င်း၏နောက်သို့လိုက်၍ သွားလေ၏။ သို့သွားရာ ခုတင်ခြေရင်းလိုက်ကာအကွယ်၌ ထူးခြားသောအသံများကို ကြားရလေ၏။ စိန်စိန်သည် လိုက်ကာအတွင်းဘက်သို့ ဝင်လိုက်သောအခါ မှန်ဗီရိုကိုဖွင့်လျက် အဝတ်အစားအမျိုးမျိုးတွေကို ဆွဲ၍ထုတ်ပြီး အနီးရှိကုလားထိုင်တစ်ခုပေါ်၌ ဖွင့်၍နေသော သားရေသေတ္တာတစ်ခုထဲသို့ ထိုအဝတ်အစားများကိုထည့်၍နေသော ကျော်မောင်ကိုမြင်ရလေ၏။ ၎င်း၏ ပတ်လည်ကြမ်းပေါ်လည်း အဝတ်အစား ရှပ်အင်္ကျီလက်ကြယ်သီးများနှင့် တိုလီမိုလီယောကျ်ားတို့ အသုံးအဆောင်စသည်များကို တွေ့ရှိရလေ၏။ သားရေသေတ္တာ၌ရှိသော အဝတ်များမှာမူကား ကျော်မောင်၏ ဦးခေါင်း၌ရှိသော ဆံပင်များနှင့် မခြားမနား ရှုပ်ပွ၍နေလေသတည်း။

"ကိုကျော်မောင် ဘာဖြစ်တာလဲ၊ ဘာလုပ်တာလဲ" ဟု စိန်စိန်က မေးလေ၏။

ကျော်မောင်သည် မိမိ၏အလုပ်၌ စူးစိုက်၍နေသဖြင့် စိန်စိန်ဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို သတိမထားမိချေ။ အသံကိုကြားခါမှ ဗီရိုအံဆွဲတစ်ခုကို လက်တစ်ဖက်နှင့်ကိုင်ရင်း နောက်သို့လှည့်ကြည့်လေ၏။

စိန်စိန်သည် ၎င်း၏မျက်နှာကိုမြင်သောအခါ အသက်ကိုမျှမရှူမိဘဲနေလေ၏။ အကြောင်းမူကား ၎င်း၏မျက်နှာမှာ ဖြူရော်ရော်ဖြစ်လျက်သွေးခြောက်ကာ မျက်တွင်းများကျပြီး ၎င်း၏ကြည့်ပုံမှာ တစ်စုံတစ်ရာကိုကြောက်ရွံ့၍နေသလိုဖြစ်သည်ကို တွေ့ရှိရလေ၏။

"စိန် ဒါတွေ မြန်မြန်ကူထည့်ပေးစမ်းပါ"ဟု ပြောရင်း အံဆွဲကိုတအားဆွဲလိုက်ရာ အံဆွဲစောင်း၍ကျပြီး အံဆွဲထဲရှိ ပစ္စည်းများသည်ကြမ်းပေါ်သို့ တပြုံတခေါင်းကြီး ကျ၍လာကြလေ၏။

"နေပါဦး၊ ဘာဖြစ်လို့လဲ။ ဘယ့်နှယ်ဖြစ်လာသလဲ" ဟု စိန်စိန်ကထပ်ကာ မေးလေ၏။

"မေးမနေစမ်းပါနဲ့ စိန်ရယ်၊ သွားစရာရှိလို့ပါ။ မသွားရင်မဖြစ်ဘူး။ အခုချက်ချင်း သွားရမှာပါ"

ထိုအခါ စိန်စိန်သည် ရုတ်တရက် သိလေ၏။ မိမိ၏ကြောင့်ကြပူပင်ခြင်းများသည် မှန်၍နေသည်ကို သိရလေ၏။ ကျော်မောင်သည် မိမိ၏အကျင့်ဟောင်းဘက်သို့ ပြန်၍လည်လေပြီတကား။ အများမိတ်ဆွေတို့က ၎င်းကို မယူရအောင် အတန်တန်ဖျက်ခဲ့သော်လည်း မိမိသည် စိတ်မပျက်ဘဲ ဘယ်လိုပင်ဆိုးစေကာမူ သူ့ကို မကောင်းသောလမ်းမှ ကယ်နိုင်လောက်သော အချစ်သည် ငါ့မှာရှိ၏။ ငါ့လက်ထဲကျရင် ကောင်းမှာပဲ။ လူကလည်း သူ့ကိုယူရင် မကောင်းတဲ့အပေါင်းအဖော်တွေကို ဖြတ်ပြီး လူကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားတော့မည်ဟု အာမခံသည်။ အဘယ်မျှပင် ပျက်စီးစေကာမူ ငါပြုပြင်ရလျှင် ကောင်းမှာပဲဟူ၍ အားကိုးပြုကာ ကျော်မောင်ကိုယူခြင်း ဖြစ်လေ၏။

ကျော်မောင်မှာ ငယ်စဉ်ကပင် ကျောင်းနေဖက် ကစားဖက် အိမ်နီးချင်းဖြစ်ခဲ့၍ ငယ်ရည်းစားဖြစ်ခဲ့လေရာ ဆယ်တန်းအောင်၍ ကျောင်းမှထွက်ပြီး ကုန်တိုက်ကြီးတစ်ခုမှာ ငွေကိုင်စာရေးဖြစ်ခဲ့၏။ သို့ဖြစ်ခဲ့ရာ



အပျော်အပါး အပေါင်းအသင်းများခြင်းကြောင့် အလောင်းအစားဘက်သို့ ရောက်ကာ တိုက်ကငွေခြောက်ရာကို မြင်းပွဲသို့ ပို့ခဲ့မိသဖြင့် ထောင်မကျသော်လည်း အလုပ်ပြုတ်၏။ ထိုအခါမှစ၍ အဘယ်မှာမျှ အလုပ် မလုပ်ဘဲ ဉာဏ်စွမ်းနှင့်သတ္တိစွမ်းကို အားကိုးပြုကြသောသူတို့၏ အသင်း၌ ပါဝင်ခဲ့သောကြောင့် ရန်ကုန်ပုလိပ်စုံထောက်များက မျက်စိအောက်မှ မပျောက်စေရအောင် လေးစားဂရုပြုခဲ့ရလေ၏။ ထိုနောက် ထိုအခါ စိန်စိန်နှင့်မတွေ့ဘဲ အတော်ကြာ၍သွားပြီးနောက် မီးရထားပေါ်၌ နှစ်ယောက်ပြန်တွေ့ကြသောအခါ ငယ်ကချစ်သောအချစ်သည် တစ်ဖန်နိုးကြား၍ လာပြီးလျှင် အချစ်၏ပန်းကုံးကို အတူတကွပြန်၍ သီကုံးကြရာ၌ ကျော်မောင်သည် မိမိ၏အမှားလမ်းအတွက် အဟုတ်တကယ် နောင်တ သံဝေဂရပြီး စိန်စိန်အတွက်ဖြစ်လျှင် ဤမျှဆိုးသွမ်းသောလမ်းကို စွန့်ပါတော့မည်။ ဝန်ခံကတိထားရှိလိုက်လေ၏။ ထိုထားရှိသော ကတိအတိုင်း စိန်စိန်နှင့် ညားကတည်းက လူကောင်းတစ်ယောက်ဖြစ်၍ နေလေ၏။ ယခုမှ တစ်ဖန်ဒုံရင်းသို့ပြန်ရလေခြင်းဟူသော အကြောင်းကိုသိရသော စိန်စိန်မှာ ယူကျုံးမရ ဖြစ်ရရှာလေသတည်း။

"ကိုကျော်မောင် ကိုပန်းသင်းကြီးနဲ့ ပြန်တွေ့ပြန်ပလား။ သူ ထောင်က လွတ်တာ သုံးလရှိသေးတယ်။ ဩော် ... ဒုက္ခ ဒုက္ခ ကောင်းကောင်းနေပါတော့မယ်လို့ စိန်စိန့်ကို အတန်တန် ကတိထားပြီး အခု အရင်လိုပြန်ဖြစ်ရတာများ အသည်းနာစရာကောင်းလိုက်တာ ကိုကျော်မောင်ရယ်"

ကျော်မောင်သည် အရှက်နှင့်ဒေါသ ရောပြွမ်းလျက် စိန်စိန်ဘက်သို့ဇော့ကာလှည့်ပြီး "မင်းနားမလည်ပါဘူး၊ အသာနေစမ်းပါ၊ တခြားအကြောင်းတစ်ခုနဲ့ပတ်သက်လို့ သူ ငါ့ကိုနိုင်ထားတဲ့အချက်တစ်ချက်ရှိတယ် သိပါရဲ့လား။ ငါသူ့ကိုရှောင်လို့မရဘူး။ သူ့အကြံကို ငါမပါရင်ငါ့ကို သူတစ်ခုခုလုပ်နိုင်တယ်။ သူ့ကို ကိုယ်တိုင် သတ်ပစ်နိုင်လည်း သတ်ပစ်မှ မသတ်ပစ်နိုင်ရင် သူ့အလိုကို ငါလိုက်ရမှာပဲ။ ဒီအကောင် မသေသမျှ ငါမအေးဘူး။ အခု သူမဟုတ်တာတွေကိုလုပ်လို့ အဖမ်းခံရပြန်ပြီ။ ပုလိပ်ထံမှာ ငါနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်တဲ့အကြောင်းတွေကို ပြောထားတယ်။ ငါ အခုမပြေးရင်မဖြစ်ဘူး။ ပြေးရမှာပဲ"

"အမယ်လေး ပုလိပ်တွေ ဘာတွေနဲ့လား" ဟု ပြောကာ စိန်စိန်၏ မျက်နှာမှာ သွေးခန်း၍သွားလေ၏။ ကျော်မောင်သည် မရယ်ချင်ရယ်ချင် မစိုမပြည် သွေ့ခြောက်စွာ ဝါးလုံးခေါင်းမှ လေထွက်သလိုရယ်ပြီး ကျန်ရှိသော ပစ္စည်းအနည်းငယ်ကို သားရေသေတ္တာထဲသို့ ပစ်ထည့်ကာ အဖုံးကို အားအရှိန်နှင့် တွန်းပစ်ကာ ဖုံးလိုက်လေ၏။

"စိန် မင်းဟာ ငါနဲ့နေရင် ဘယ်တော့မှ စိတ်ချမ်းသာတော့မှာ မဟုတ်ဘူး။ ငါနဲ့ကွဲနေမှပဲ ကောင်းမယ်။ ငါနဲ့နေရင် စိန့်မှာ တဖြည်းဖြည်း ယုတ်နိမ့်ပြီး သွားဖို့သာရှိတာပဲ။ ငါ့ကိုယ်ကိုတော့ ပြုပြင်လို့မရတော့ဘူး။ မွေးကတည်းက မကောင်းတဲ့သွေးပါလာတယ်။ ငါ့ကို ဘယ်လူမှမဆယ်နိုင်တော့ဘူး။ နို့ပေမဲ့ ကိစ္စမရှိပါဘူး။ ပုလိပ်တော့ ငါ့ကို မမိနိုင်ပါဘူး"

စိန်စိန်သည် ကုလားထိုင်တစ်ခုပေါ်မှ အားပျော့ကာထိုင်လျက် လက်နှစ်ဖက်ကိုယှက်ကာ မိမိ၏ရှေ့ကိုသာ စိုက်လျက်ကြည့်နေရှာလေသတည်း။

ယခုကဲ့သို့ ဖြစ်မှာကို ရက်လအတန်ကြာ အခါကပင် စိန်စိန်သည် တင်ကြိုတွေးခေါ်ကြောက်ရွံ့ပူပင်၍ လာခဲ့လေ၏။ ထိုကြောက်ရွံ့ခြင်းသည် စိန်စိန်၏စိတ်ကို အမြဲလေးလံစွာ ဖိစီး၍လာခဲ့လေ၏။ သို့သော်လည်း ဤအဖြစ်မျိုးနဲ့တော့ မတွေ့နိုင်ပါဘူးလေဟူ၍ စိတ်ကိုဖြေခဲ့ရလေ၏။ ယခုသည်ကား မတွေ့နိုင်ဟု ဖျောက်ဖျက်ခဲ့သောအရာသည် အဟုတ် တကယ်ကြုံတွေ့၍နေရလေတော့သတည်း။ စင်စစ်မှာကား စိန်စိန်သည် ကျော်မောင်ကို အပြစ်ဆိုဖို့မရှိ။ မိမိကိုယ်ကိုသာ အပြစ်တင်ဖို့ရှိ၏။ ကျော်မောင်၏အကြောင်းကို မိမိကိုယ်တိုင် မျက်မြင်အသိဖြစ်ပါလျက် ရဲတင်းခဲ့၏။ ကျော်မောင်ကိုယ်တိုင်ကလည်း မိမိမကောင်းကြောင်းကို ဖွင့်၍ ပြောခဲ့၏။ စိန်စိန် ယုံကြည်၍ချစ်လျှင် မိမိလူကောင်းဖြစ်နိုင်ဖို့ရှိသည် ဟူသော ကျော်မောင်၏ ဝန်ခံကတိမှာကား မျှော်လင့်ခြင်းမျှ ဖြစ်လေ၏။



ကျော်မောင်နှင့် မီးရထားပေါ်၌တွေ့သောအခါ ကျော်မောင်မှာ ပုလိပ်များမသင်္ကာဖြစ်၍နေသော သူတို့အထဲတွင် အပါအဝင်ဖြစ်လျက် အောက်နိမ့်ရာသို့ တစ်နေ့ထက်တစ်နေ့ တရွေ့ရွေ့စုန်ဆင်းလျက်နေသော အခြေအနေ၌ ရှိလေ၏။ သို့သော်လည်း မင်္ဂလာဆောင်ပြီးကတည်းက အများချီးမွမ်းလောက်သော ယောကျ်ားကောင်းတစ်ယောက်ဖြစ်လျက် ဆိုးသွမ်းမှု တစ်စုံတစ်ရာကိုမျှ မပြုခဲ့သေးချေ။

စိန်စိန်သည် ထိုင်ရာမှ အားယူကာထပြီး အခုလို မပြေးရအောင် ပြေးရလျှင်လည်း မိမိပါခေါ်၍သွားရအောင် ပြောရလျှင် ကောင်းမလား ဟု အကြံပြု၏။ သို့သော်လည်း ကျော်မောင်၏မျက်နှာမှာ ရှေးကလို ငယ်ရွယ်ပျိုမြစ်ခြင်း အမူအရာမရှိ။ လူငယ်တို့၏ မျက်နှာထားသည် လုံးလုံးပျောက်ကာ အကြောက်က လွှမ်းမိုးသဖြင့် တစ်စုံတစ်ရာကို အဟုတ်တကယ်ပြုတော့မည်ဟု ခိုင်မာစွာ စိတ်ပြဋ္ဌာန်း၍ထားသော ရင့်ရော် တင်းမာသောအသွင်သည် ထင်ရှားစွာပေါ်၍နေသဖြင့် စိန်စိန်မှာ စကားမပြောဝံ့ဘဲနေရှာလေ၏။ အထက်ထက်က စိန်စိန်သည် ပြောတိုင်းဖြစ်သော်လည်း ယခုမှာကား ထိုကဲ့သို့မဟုတ် ကျော်မောင်ဟောင်း ကွယ်ပျောက်၍ ကျော်မောင်အသစ် ပေါ်ပေါက်နေသည်ကို သိရလေသတည်း။

ထိုအခိုက်တွင် အားလုံးပြင်ဆင်၍ပြီးသဖြင့် ကျော်မောင်သည် စိန်စိန်၏ဘက်သို့လှည့်ကာ စာအိတ်ကြီးတစ်ခုကို ပေးလေ၏။ ထိုစာအိတ်မှာ ဖောင်းလျက် နေလေ၏။

"အခုလိုဖြစ်မှာကိုသိတာ အတော်ကြာပြီ စိန်စိန်။ ဒီအတွက် မင်းမသိဘဲ စုဆောင်းထားတယ်။ ဒီစာအုပ်ထဲမှာ ငွေတစ်ထောင်ဖိုးရှိတယ်။ စိတ်ချပြီး သုံးရစ်တော့စိန်စိန်၊ ငွေကောင်းငွေသန့်ပါပဲ။ မတရားရှာရတဲ့ ငွေမဟုတ်ပါဘူး။ ချွေတာရင် တော်တော်ကလေးကြာကြာတော့ သုံးရမှာပဲ။ စိန်စိန်ဆွေမျိုးများထံ ရတ်တရက်သွားပြီး မျက်နှာချဖို့ မလိုပါဘူး" ဟု ပြောလေ၏။ စိန်စိန်သည် စာအိတ်ကို မိမိယူမှန်းမှ မသိသလို ယူလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"နို့ ကိုကျော်မောင် အခု ဘယ်ကို သွားမလို့လဲ။ ဘာလုပ်မလို့လဲ"

"ဒါတော့ ငါလည်းမသိသေးဘူး၊ ဒီမြို့ကထွက်ရမှာပေါ့။ ဒီအတွင်းမှာ စိန်စိန်ငြိမ်ငြိမ်သက်သက်နေပါ။ ဘာစကားကိုမှ မပြောနဲ့နော်။ နောင်တဖြည်းဖြည်း ငါ့ကို သူတို့မမိရင် စိန်စိန်ထံ အကြောင်းကြားမယ်။ ငါ့မှာ ဘယ်လိုပဲဖြစ်ဖြစ် စိန်မှာမညှိုးငယ်စေရပါဘူး။ အခုအနေတော့ ငါ ဒီလောက်ပဲ ကတိထားနိုင်ဖို့ရှိတာပဲ"

သို့ပြောရင်း စိန်စိန်၏ ဝမ်းနည်းကြေကွဲသောမျက်နှာနှင့် မျက်လုံးကို မြင်ကာ ကျော်မောင်၏စိတ်၌ ညွတ်နူးခြင်းဖြစ်၍လာသဖြင့် စိန်စိန်ကို ချက်ချင်းပွေ့ယူပိုက်ထွေးကာ "စိန့် ငါ မင်းကို ငါ အဟုတ်တကယ် ချစ်တာနော် သိရဲ့မဟုတ်လား။ စိန်ကလွဲ၍ ဘယ်မိန်းမကိုမှ မချစ်ခဲ့ဖူးဘူး။ ဘယ်မိန်းမကိုမှ နောင်ကိုလည်း ချစ်မှာမဟုတ်တော့ဘူး။ စိန့်အတွက် ငါကိုယ်ငါ ပြုပြင်ပြီး လူကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားတာဟာ အမှန်ပါပဲ။ ဟိုအကောင်က ငါ့အပေါ်မှာနိုင်လုံးတစ်ခုရှိနေလို့ အခုလိုဖြစ်ရတာပါ စိန်ရယ်။ ပြီးတော့လည်း အေးကွယ် ပြောလို့ အကျိုးမရှိတော့ပါဘူး" ဟု တုန်လှုပ်ချောက်ချားလျက် ပြာလဲ့လဲ့အသံနှင့် ပြောပြီးနောက် တစ်မိနစ်မျှကြာလျှင် ကျော်မောင်သည် အပြင်သို့ရောက်သွားလေ၏။ ကျော်မောင်အပြင်သို့ရောက်၍ တံခါးကို ဒိုင်းခနဲ ပိတ်၍သွားပြီး နောက် စိန်စိန်၏နှလုံးသည် ကျောက်တုံးကျောက်ခဲလိုဖြစ်၍နေရာမှ တစ်ဖန် အသက်ဝင်သလိုဖြစ်ပြီးလျှင် တံခါးကိုပြေး၍ တွန်းဖွင့်ကာ လှေကားကို ပြေးဆင်း၍ လိုက်သွားလေ၏။

သို့သော်လည်း လမ်းထိပ်ဘက်သို့ချိုး၍သွားသော မြင်းရထားတစ်စီးကိုသာ မြင်လိုက်ရသဖြင့် ရထားရော၊ အသံရော ပျောက်ကွယ်၍သွားကာမှ အားနဲ့နဲ့နှင့် အိမ်ပေါ်သို့ ပြန်၍တက်လာပြီးလျှင် ဘာကို လုပ်ရမှန်း မသိဘဲ ရပ်ကာ တောင်မြောက်လေးပါးကိုကြည့်ပြီး ဘုရားစင်နှင့် ညောင်ရေအိုးကို မြင်ရသောကြောင့် ဘုရားစင်ရှိရာသို့ပြေးပြီး ဒူးတုပ်လျက် မိမိကိုယ်ကို ဖျာပေါ်သို့လှဲပစ်၍ချကာ ဦးသုံးကြိမ်ချလျက် မျက်ရည်များ



ကြောင့် ဝေမှိုင်းသောမျက်လုံးများနှင့် "အရှင်ဘုရား၊ တပည့်တော်မ၏ ယောက်ျားကို ဘေးအပေါင်း ရန်အပေါင်းတို့မှ ကွယ်ကာ မစ သနားတော်မူပါဘုရား" ဟု ရှိုက်ငင်ကာ အသံထွက်အောင် ဆုတောင်းရှာလေသတည်း။

* * *

## အခန်း(၂)

ကျော်မောင်ထွက်၍သွားပြီး တစ်လလောက်ကြာသောအခါ စိန်စိန်သည်ကျော်မောင်၏ အစ်ကိုဖြစ်သူ ကျော်အောင်နှင့်တွေ့လေ၏။ ကျော်အောင်မှာ ကျော်မောင်နှင့်မတူချေ။ အကြံဉာဏ်နှင့်ပြည့်စုံ၏။ ဝီရိယနှင့် တည်ကြည်ခြင်းရှိ၏။ အလုပ်အကိုင်စွဲမြဲ၏။ ကျော်မောင်မှာမူ တည်တံ့စွဲမြဲခြင်းမရှိ။ ထင်ရာကို လုပ်တတ်သူဖြစ်လေ၏။ ကျော်မောင်နှင့် ငယ်စဉ်က ချစ်ကြိုက်ပြီးနောက် ကျော်မောင်မှာ အလုပ်ပြုတ်၍ ပျက်စီးလေလွင့်နေသောအခါ၌ ကျော်အောင်နှင့်တွေ့ခဲ့၏။ ကျော်အောင်သည် ထိုအခါကပင် ကိုယ်ပိုင်ကူးသန်းရောင်းဝယ်ရေးအလုပ်ဖြင့် အတော်ကြီးပွား၍ နေခဲ့လေ၏။ ထိုအခါက "ကျော်မောင်ကို အားမကိုးနဲ့စိန်စိန်။ နင့်ကို ငါ အင်မတန်သနားလို့ပြောတာ။ ဒီအကောင်ဟာ လူဖြစ်မယ့်အကောင်မဟုတ်ဘူး။ "အာအီးတီ"ကို ငါကိုယ်တိုင်သွင်းတယ်။ အခု ငါ့မျက်နှာကိုဖျက်သွားတယ်။ ငါ အလကားသက်သက် ခွေးဖြစ်တာပဲ။ အခုတော့ ငါ သူ့ကို မကြည့်တော့ဘူး။ နင် ချမ်းချမ်းသာသာနေချင်ရင် ငါတော့ နင့်ကို ချမ်းသာအောင်ထားနိုင်မှာပဲ" စသည့်စကားမျိုးကို အသုံးပြုလေရာ စိန်စိန်မှာ စဉ်းစားနေခိုက်အတွင်း ကျော်မောင်နှင့် ပြန်၍တွေ့သဖြင့် ကျော်အောင်မှာ အများကြီး စိတ်မကောင်းဖြစ်ခဲ့ဖူးလေ၏။

ကျော်အောင်သည် ယခု စိန်စိန်ဖြစ်ပျက်သည့် အကြောင်းအရာကို ကြားသိသဖြင့် စိန်စိန့်ကို သနားလေ၏။ သို့သော်လည်း မိမိမှာမူကား အများကြီး အားမရှိလှချေ။ အကြောင်းမူကား စိန်စိန် အဘယ်သို့ မိန်းမကလေးဖြစ်သည်ကို ကောင်းစွာသိလေ၏။ စိန်စိန်မှာ မိမိ၏လင်ယောက်ျား

www.burmeseclassic.com

www.burmeseclassic.com



အတွက် အရှက်ရ၍နေသော်လည်း မျက်နှာမပျက်၊ မိမိ၏လှပသော ဦးခေါင်းနှင့် ဆံထုံးမှာ ရေးကထက်ပင် ပိုမို၍ မတ်လျက်မောက်လျက်ရှိလေရာ ဆံထုံးကို လွယ်ကူစွာမောက်၍ရသလို လွယ်ကူစွာဖျောက်ဖျက်၍ မရသော ပုပင်သောကဏ်၏ ပုံသည်ကား မျက်နှာ၌ ထင်ရှား၍နေလေ၏။ ကျော်မောင်သည် စိန်စိန်၏စိတ်ထဲ၌ အဘယ်ပုံရှိသည်။ အဘယ်မျှလောက် ဟန်ဆောင်နေသည်။ ၎င်း၏မာနသည် ၎င်း၏ဆံထုံးထက် အဘယ်မျှ ပိုမို၍ မောက်သည်ကို သိမြင်လေ၏။

ကျော်အောင်သည် ရန်ကုန်မြို့၌ နာမည်ထင်ရှားသော ပွဲစားကြီး တစ်ယောက်ဖြစ်လေရာ ဥရောပတိုက်သား ကုန်သည်ကြီးများ၏ ကိုးစားယုံကြည်ခြင်းကို ခံရသဖြင့် ကျော်အောင်ဟူသော နာမည်မှာ အောင်ပြုတ်လျက် ပွဲစားကြီးဦးကျော်ဟူ၍ ထင်ရှားနေသောကြောင့် ငွေကြေးကို ရေလိုသုံးနိုင်သဖြင့် ရန်ကုန်မြို့မှာမဆိုထားဘိ မည်သည့်အရပ်မှာမဆို ဂုဏ်အသရေရှိ အမျိုးသမီး ငါးကြင်း၊ ငါးသိုင်း၊ ငါးမြင်းရင်းကြီးများကို စိန်တုံး၊ စိန်ခဲ ငါးစာကြီးများနှင့် ဝင်းခနဲဝင်းခနဲဖြစ်အောင် ပစ်မျှားချိတ်ယူနိုင်သော ဂုဏ်နှင့်ပြည့်စုံသူဖြစ်လေ၏။ သို့ပင် ပြည့်စုံသော်ငြားလည်း မိန်းမယူရမှာ မိမိကိုယ်ကို မိမိနမြောသလိုဖြစ်လျက် ယခုထက်တိုင် လူပျိုကြီးဖြစ်လေရာ များစွာသောမိန်းမတို့သည် အကိုင်း၌ ချိတ်တွယ်ကာ မကြွေမကျသေးဘဲ လေထဲ၌ လွဲယမ်း၍နေသော ဉာဏ်ဗန္ဓရသ ရက်သီး ရွှမ်းပျဉ်းကြီးဟု တမော့မော့ ကြည့်လျက် အမှည့်ကြွေကြွေမှ စားရတော့မှာပဲဟု အောက်မေ့ကာ စိတ်လျှော့ပြီး ချဉ်ပါတယ်ထင်ပါရဲ့လေဟူ၍သာ မျက်နှာရှုံ့မဲ့ကာ ပြောဆို ရှောင်ရှားကြရလေသတည်း။ ထိုသရက်သီးကြီးသည်ကား စိန်စိန်ကို တွေ့သောအခါ ကြွေလုဘနန်းယမ်းလေ၏။ သို့ဖြစ်သောကြောင့် ရှေ့ရေး အတွက် ဘယ်နည်းဘယ်ပုံနေထိုင် အသက်မွေးမည့်အကြောင်းကို စကား ထောက်၍ ကြည့်လေ၏။ သို့စကားထောက်၍ ကြည့်ရာ၌ စိန်စိန်အတွက် စိတ်လက်မချမ်းမသာဖြစ်သည့် အမှုအရာကို မသိစေရအောင်များစွာ သတိပြုလေ၏။ သို့ပင်သတိပြုသော်ငြားလည်း စိန်စိန်၏တောက်ပ



ကျယ်ဝန်းကြည်လင်အရည်ရွှမ်းသော မျက်လုံးများသည် အမြင်သန်စွမ်းလျက် နက်နဲစွာ ထိုးထွင်းသိမြင်လာလိမ့် မည်ဟူ၍လည်း ယုံကြည်လေ၏။

ရှေ့ဘယ်ပုံဘယ်နည်း နေထိုင်ဖို့ဆိုတာတော့ မခက်လှပါဘူးဟု အားနည်းသောအမူအရာနှင့် ပြုံးကာပြန်၍ ပြောလေ၏။ ထိုနောက် တရားသဖြင့်ရ၍ မိမိကိုပေးထားခဲ့သော ကျော်မောင်၏ ငွေတစ်ထောင်အကြောင်းကိုလည်း ပြောပြလေ၏။

"ဒီငွေတစ်ထောင် ဘယ်လောက်ကြာမှာလဲ၊ နင့်အသုံးအစွဲမျိုးနဲ့ဆိုရင် သုံးလခံပါ့မလား။ ကုန်ရင် ဘယ့်နှယ်လုပ်မလဲ"

"ကုန်ရင် ဒီလိုကြံရတာပေါ့။ ကိုကျော်မောင် ကျွန်မကို အမြဲပစ်မသွားပါဘူး။ သူ လွတ်လွတ်လပ်လပ်ရှိနေရင် ကျွန်မကို သူအဝေးကနေပြီး ကြည့်ဦးမှာပဲ။ မကြာမီ သတင်းကြားရလိမ့်မယ်လို့ထင်တယ်။ သူ ကျွန်မကို မကြာ မကြာငွေပို့မယ်တဲ့။ တကယ်လို့ တစ်ခုခုဖြစ်လို့ သူမကြည့်နိုင်ရင်လည်း ကိစ္စမရှိပါဘူး။ အရင်က ကျွန်မ ကျောင်းဆရာမ လုပ်ခဲ့ဖူးတယ်။ အခုလည်း ကျောင်းတစ်ခုခုမှာ ဘယ်အခါမဆို ငါးတန်း ခြောက်တန်း ဆရာမတော့ ဖြစ်နိုင်ပါတယ်"

"ဒီလိုဖြင့်တော်ပါရဲ့ဗျာ"ဟု စိန်စိန်ကို မကြည့်ဘဲ ပြောလေ၏။ စိန်စိန်သည်ကား ပြုံး၍လာနေလေ၏။

ကျော်အောင်နှင့် ကျော်မောင်သည် ညီအစ်ကိုပင်ဖြစ်သော်လည်း စိတ်နေသဘောထား လွန်စွာကွဲပြားသောကြောင့် တစ်ယောက်နှင့်တစ်ယောက် များစွာဆက်ဆံပေါင်းသင်းခြင်းမရှိခဲ့ချေ။ ကျော်မောင်မှာလည်း နဂိုမာန်မာနကြီးသဖြင့် ငွေကြေးပေါများသော အစ်ကိုထံ ခိုမှီဆည်းကပ်ရမည်ကို ရှက်လေ၏။ ထိုပြင် မှတစ်ပါးလည်း စိန်စိန်ကို နှစ်ယောက်လုံး ကြိုက်ကြလေရာ ၎င်းတို့နှစ်ယောက် ကွဲကွာရေးသည် သာလွန်လွယ်ကူ၍ နေလေ၏။

ကျော်အောင်၏စိတ်၌ မိမိ၏ညီသည် အသုံးမကျသော ညီဖြစ်၍ စိန်စိန်ကို အမှန်သနားသဖြင့် ပိုင်နိုင်စွာ သိမ်းပိုက်ကြည့်ရှုချင်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ညီ၏မယားဖြစ်လေရာ အတော်ခက်၍ နေလေ၏။ သို့သော်လည်း ကျော်မောင် ယခုတစ်ကြိမ်ဖြစ်ခြင်းသည် အပြီးသတ်ပြန်၍မထူနိုင်အောင် ပျက်စီးခြင်းဖြစ်သည်။ တစ်သက်လုံး ဝရမ်းသော်လည်း ပြေး၍နေနေရာ ၏။ တစ်သက်လုံး ထောင်ဒဏ်တစ်ကျွန်းသော်လည်း ခံရဖို့ရှိ၏။ သို့တည်း မဟုတ် အသက်တိုရာ၏ဟူသော အယူဖြင့် အနည်းငယ်အားတက်ကာ စိန်စိန်ကိုရဖို့ရန် အချက်တော့ပေါ်မှာပဲဟု အစွဲပြုလျက် စိန်စိန့်အပေါ်၌ ရမ္မက်မပြေ ကြံစည်၍သာနေလေ၏။

နောက်တစ်လလောက်ကြာသောအခါ စိန်စိန်မျှော်လင့်သည့်အတိုင်း မှန်၍နေလေ၏။ စိန်စိန်သည် စိတ်အားတက်ကြွစွာနှင့်ကျော်အောင် ထံသွားသို့သွားပြီးလျှင် အကျိုးအကြောင်းကိုပြော၍ ပြလေ၏။

"ကျွန်မ ကိုကျော်မောင်ဆီက သတင်းရပြီ၊ ဘန်ကောက်မှာတဲ့ ငွေ ၁၅၀ ကျပ်လည်း ပို့လိုက်တယ်" ဟု စာတစ်စောင်ကို ကိုင်ကာပြောလေ၏။

"ဟုတ်လား၊ အေး ... ဒီလိုမှပေါ့၊ ဒီအကောင် အလုပ်အကိုင်နေ ရာကျနေပြီထင်တယ်။ ဘန်ကောက်ဆိုတာ သူတို့လိုလူတွေအတွက် နေရာကောင်းပဲ'

"နေရာကျနေတယ်လို့ ကျွန်မလည်း ထင်တာပဲ၊ စာတော့များများ မရေးလိုက်ဘူး။ နောက်မကြာမီ ရေးလိုက်ဦးမယ်လို့တော့ ပါတယ်။ သူ့ စာကို ရကြောင်း ကျွန်မစာပြန်ပြီး ရေးချင်လိုက်တာ။ သူ့စာက လိပ်စာမပါ လို့ခက်နေတယ်။ မေ့ပြီးလိပ်စာကို မရေးလိုက်မိဘူး ထင်ပါရဲ့"

သို့သော်လည်း စိန်စိန်မှာ များစွာစိတ်ပျော်ရွှင်၍ သွားလေ၏။ သို့ ဖြစ်သောကြောင့် ထိုနေ့ညဉ့်၌ ကျော်အောင်သည် မိတ်ဆွေဖြစ်သော ဒိ စတြိတ်နယ်က မိန်းမသုံးလေးယောက်ကို ကားနှင့်တင်၍ လည်ပြီး ရုပ်ရှင် ကိုပြရန် စီမံထားသည်နှင့် ကြုံကြိုက်သဖြင့် စိန်စိန်ကိုလည်း လိုက်ရန် ခေါ်သောကြောင့် စိတ်လက်ပျော်ရွှင်စွာ လိုက်ပါ၍သွားလေ၏။

နောက်တစ်လလောက်ကြာသောအခါ ကျော်မောင်ထံမှ စာတစ် စောင် ရပြန်လေ၏။ ငွေလည်း ၁၅၀ ကျပ် ရောက်လာလေ၏။ ထိုနောက်



လတိုင်းမပျက်မကွက် အချိန်မှန်စွာထိုအတူငွေနှင့်စာများကို ရ၍နေလေ၏။ တစ်ခါတစ်ရံ စာရောငွေရောရောက်၏။ တစ်ခါတစ်ရံ ငွေသာရောက်၏။ သို့သော်လည်း စာအိတ်ပေါ်ရှိ လက်ရေးဖြင့် ကျော်မောင်၏ထံမှ ရောက် ကြောင်းကို သိရလေ၏။

သို့ဖြစ်၍ စိန်စိန်က ကျော်အောင်အား "ကျွန်မ သူ့ဆီက ငွေကိုသာ ရနေတာပဲ။ ဘယ်လိုနေထိုင်တယ် ဘာလုပ်ကိုင်နေတယ်ဆိုတာတောင်မှ မသိရဘူး။ ကျေးဇူးတင်တဲ့ စာကလေးတစ်စောင်တလေမှလည်း ပြန်မရေး ရဘူး။ ဘယ်နှယ့်လုပ်ရမလဲမသိဘူး ကိုကျော်အောင်၊ ကျွန်မ သူ့ဆီကို စာရေးချင်တယ်" ဟု ပြောလေ၏။

ကျော်အောင်သည် စိန်စိန်ကို တစ်မျိုးသောနည်းဖြင့်ကြည့်ကာ "စိန်စိန် နင် သူ့ကိုသိပ်ပြီးချစ်တာပဲနော်" ဟု မဆီမဆိုင်ပြန်၍ ပြောလေ၏။

"ကိုယ့်ယောကျ်ားပဲ ကိုကျော်အောင်ရယ်၊ မချစ်ဘဲနေပါ့မလား။ အခုလို ကောင်းကောင်းမွန်မွန်နေတော့ သာပြီးတွေ့ချင်တာပေါ့။ အခုအနေ များ စိန်စိန်လိုက်ခဲ့ဖို့မှာလိုက်ရင် ကျွန်မတစ်ခါတည်း ချက်ချင်း သင်္ဘော မကြုံရင် ကော့ကရိတ်လမ်းက ကုန်းကြောင်းလိုက်ပါရဲ့။ လူမျိုးကွဲရပ်ရွာမှာ ဘယ်လိုနေလို့ ဘယ်လိုစားတယ်မသိရဘူး။ ညအိပ်ရာမှာ နင်းဖော်နှိပ်ဖော် မှ ရှိပါ့မလား။ အိပ်ရာမှာ ကြမ်းပိုးကိုက်လို့ ထရှာပေးသူမှ ရှိမှာမဟုတ်ဘူး ထင်ပါရဲ့"

"မပူပါနဲ့ဟယ်၊ နင့်လင်လား ဒီလိုအဆင်းရဲခံမှာ ယိုးဒယားမတွေ ပြည့်လို့ပါ"

"ယိုးဒယားမဟာ မြန်မာမလိုတော့ လင်သားကိုဘာပြုစုတတ်မှာလဲ"

ကျော်အောင်သည် စကားမပြောဘဲ နေလေ၏။

နောက်နှစ်လလောက် ကြာသောအခါ ဘန်ကောက်မြို့မှ ငွေအလာ ရပ်၍သွားလေ၏။ အဘည်နည်း အဘယ်ပုံ ရပ်၍သွားခြင်းဖြစ်သည်ကို ကား မသိရချေ။ ထိုနောက် မကြာမီ သူရိယသတင်းစာ၌ သတင်းတစ်ခု ကို စိန်စိန်ဖတ်ရလေ၏။ ထိုသတင်းမှာ သူရိယသတင်းစာသည်ကား

www.burmeseclassic.com

www.burmeseclassic.com



ယိုးဒယားပြည်သတင်းများကို မြန်မာပြည်နှင့် ပတ်သက်သည့်အခါ ပြန်ဆိုရေးသားလေ့ရှိလေ၏။ စိန်စိန်သည် မျက်နှာပျက်လျက် ထိုသတင်းစာကိုကိုင်ကာ ကျော်အောင်ထံသို့ အမြန်သွားလေ၏။

"ကိုကျော်အောင်ရဲ့ ကိုကျော်မောင်မရှိတော့ဘူး သေပြီတဲ့။ ကျွန်းတစ်ကျွန်းကို သင်္ဘောကလေးတစ်စင်းနဲ့ မြန်မာလူမျိုးတစ်စု ပျော်ပွဲစားသွားကြသတဲ့။ အဲဒီသင်္ဘောကလေးပျက်လို့ ပါသွားသတဲ့ ကိုကျော်အောင်ရဲ့၊ ကျွန်မတော့ မယုံဘူး သတင်းတစ်ခုခုမှားတယ်လို့ထင်တာပဲ" ဟု ငိုမဲ့မဲ့ပြောလေ၏။

သို့သော်လည်း ထိုသတင်းသည် မမှန်သောသတင်းဟု မဆိုနိုင်ချေ။ ကျော်အောင်သည် ထိုသတင်းကို အသေအချာဖတ်ရှုကြားသိပြီး ဖြစ်လေ၏။

ကျော်အောင်သည် စကားပြန်၍မပြောဘဲနေလေ၏။ ထိုကဲ့သို့သောအခါများ၌ စကားပြောခြင်းသည် အကျိုးမရှိကြောင်းကို သိလေ၏။ စိန်စိန်မှာ လင်ဖြစ်သူအတွက်ပူ၏။ မိမိမှာညီဖြစ်သူအတွက် စိတ်မကောင်းဖြစ်၏။ သို့ဖြစ်သောကြောင့် စို၍လာသော မျက်လုံးများကို လက်ကိုင်ပဝါနှင့်တို့ရင်း" ငါသိပြီးသား၊ အဲဒီအကောင်ဟာ အသက်တိုမယ့်အကောင်ဆိုတာငါစကတည်းက သိတယ်" ဟု ငိုသံပါပါနှင့် ပြောလေ၏။

စိန်စိန်လည်း ၎င်းထံမှ လျင်မြန်စွာထွက်ခွာ၍ လာခဲ့လေ၏။ လမ်းမလူစုများထဲသို့ လေတိုက်သောသစ်ရွက်ပမာ လွင့်၍သွားသည်နှင့်တူသော စိန်စိန်ကို ကျော်အောင်သည် မိမိ၏အလုပ်ခန်း ပြတင်းပေါက်မှ ကြည့်လိုက်လေ၏။

ထိုနောက် လေးလံစွာ အသက်ရှူလျက် မိမိ၏အလုပ်စားပွဲဘက်သို့ မျက်နှာကိုလှည့်၍ သွားသော်လည်း မျက်လုံး၌ရှိသောမြူတို့သည်ကားကင်းစင်ကာ ကြည်လင်ခြင်းဖြစ်ပေါ်သည်ကို သိမြင်နိုင်လေ၏။

နောက်တစ်လကျော်ကျော်လောက်ကြာသောအခါ ကျော်အောင်သည် စိန်စိန့်ထံသို့လာပြီး သတင်းတစ်ခုကို ပေးလေ၏။



ငါ့မိတ်ဆွေ စုံထောက်အရာရှိတစ်ယောက်နဲ့တွေ့လို့ စကားပြောခဲ့ရသေးတယ်။ ကျော်မောင် အလကားသက်သက် ပြေးခဲ့ရတာပဲ။ သူ့မှာဘာအပြစ်မှ မရှိဘူးတဲ့။ တခြားလူဆိုးတွေက သူ့အပေါ်မှာ အပြစ်ရောက်ဖို့ ထွက်ဆိုတဲ့အချက်တော့ ရှိသတဲ့။ နို့ပေမဲ့ သက်သေက နည်းနည်းမှမလုံလောက်ဘူးတဲ့ဟုပြောလေ၏။

ထိုစကားကို စိန်စိန် စိတ်ဖြေရာဖြေကြောင်း ရလိမ့်မလားဟု မျှော်လင့်ကာ ပြောခြင်းဖြစ်လေ၏။ စိန်စိန်မှ စိတ်ဖြေရာဖြေကြောင်းမရ။ မျက်နှာပျက်လျက် ကြောင်တောင်ငေး၍ကြည့်ပြီး

"ဒီလိုဖြင့် ကိုကျော်မောင် အလကားသက်သက် ပြေးရတာပေါ့။ မပြေးရင် အခုလိုဖြစ်ဖို့" ဟု ပြောလေ၏။

ထိုနောက် စကားကိုဆက်၍မပြောနိုင်ဘဲ မျက်ရည်တွေစီးကျ၍ လာလေ၏။ အကြောင်းမူကား စိန်စိန်သည် မိမိ၏ယောက်ျားအတွက် သောကအပူကို ယခုအထိ အစွမ်းကုန်ကြိုးစား၍ ချုပ်တည်းခဲ့သော်လည်း ဤနောက်ဆုံး အကြောင်းအရာကို ကြားရသောအခါ၌ကား မချုပ်တည်းနိုင်တော့ချေ။

ကျော်အောင်လည်း မျက်ရည်များကို မြင်သောအခါ စိတ်ကို မသိမ်းဆည်းနိုင်ဘဲ လက်ကိုဆွဲကိုင်ကာ "မငို့နဲ့စိန်စိန်၊ ဘာအားငယ်စရာရှိသလဲ၊ ဒီမှာ တစ်ယောက်လုံးရှိပါသေးတယ်၊ စိန်စိန် စိတ်ချမ်းသာအောင် ထားနိုင်ပါတယ်။ သူမရှိတော့ဘူး။ ပြန်လို့လည်း လာတော့မှာမဟုတ်ဘူး။ ပြန်မလာ သူကို ဘယ်အတွက် ဒီလောက်စွဲလမ်းပူပင်နေရမှာတုံး"ဟုစွန့်ကာ ပြောလိုက်လေ၏။

စိန်စိန်သည် ကျေးဇူးတင်သော မျက်လုံးများနှင့် မော်၍ကြည့်သော်လည်း လက်ကိုရုတ်သိမ်းကာ ဦးခေါင်းကို ခါလေ၏။

"မဟုတ်ဘူး ကိုကျော်အောင် မဖြစ်နိုင်ဘူး၊ ကိုကျော်အောင်ကို ကျွန်မ မောင်ကြီးတစ်ယောက်လို ချစ်ပါတယ်။ ကိုကျော်မောင် ကျွန်မ မမေ့နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျော်မောင်သေပြီ စိန်စိန်တွေးနေလို့ ဘာလုပ်မလဲ၊ လူနွမ်းရုံ ရှိတော့မပေါ့"

"သေပေမယ့် ကျွန်မလွယ်လွယ်ကူကူ မမေ့နိုင်ဘူး။ ကျွန်မကို အငေးကနေပြီးတောင် ကြည့်ရှုပါတယ်။ ကျွန်မကို သူသေသည့်တိုင်အောင် မေ့မှာ မဟုတ်ဘူး'

ကျော်အောင်သည် နံဘေးသို့လှည့်သွားလေ၏။ သက်မကြီးချလိုက်လေ၏။ မျက်နှာပျက်၍သွားလေသတည်း။ ထိုနောက် မျက်နှာကိုပြောင်းလဲကာ ပြုံးရွှင်သော လက္ခဏာဖြင့် စကားကိုပြောင်းလဲပြီး စိန်စိန် ဘယ်နေမည်၊ ထိုင်မည်လုပ်ကိုင်ကြံစည် အသက်မွေးမည်အကြောင်းများကို မေးလေ၏။

"ကျွန်မအတွက် မခက်ပါဘူး၊ ကိုကျော်မောင်ပို့တဲ့ငွေများလည်း ရှိပါသေးတယ်၊ ကျွန်မ အများကြီးချွေတာသုံးစွဲတာပဲ။ ဒီပြင်လည်း ကျွန်မ အလုပ်ရှာနေတယ်"

"တစ်သက်လုံး အလုပ်လုပ်နေလို့ ဖြစ်မလား။ ပင်ပန်းမှာပေါ့"

"အလုပ်မလုပ်ရင် ဘယ့်နှယ်လုပ်မလဲ၊ တစ်သက်လုံးဖြစ်ဖြစ် လုပ်ရမှာပဲ"

ကျော်အောင်သည် မပြန်မီ စိန်စိန်၏ငွေများကို မိမိအား အပ်ထားလျှင် တိုးပွားအောင်လုပ်ပေးမည်၊ ဆုံးပါးစရာလမ်းမရှိ။ မိမိကို ယုံကြည်နိုင်ကြောင်းနှင့် အကြံပေးလေ၏။

"ကျွန်မ ကိုကျော်အောင်ကို ဘာမဆို ယုံကြည်ပါတယ်။ တိုးပွားအောင်လုပ်ပေးနိုင်ရင် အပ်ထားချင်တာပေါ့"

"ငွေကိုတော့ အပ်မယ်၊ ချစ်တာကလေးကို မအပ်နိုင်ဘူး"

ထိုစကားများကိုပြောပြီး မိမိ၏စကားကို မိမိ၏နား၌ ကြားရင်းပင် ထွက်ခွာ၍ သွားလေ၏။ ထိုနောက် အတန်ကြာ တစ်ယောက်ကိုတစ်ယောက် မတွေ့ဘဲနေကြလေ၏။ ထိုနောက် တစ်နေ့သ၌ ကျော်အောင် ရောက်၍လာပြီးလျှင် စိန်စိန်၏လက်ထဲသို့ ငွေစက္ကူတစ်ချပ် ပေးလေရာ



စိန်စိန်သည် အံ့အားသင့်လျက် ကြည့်လိုက်သောအခါ ချက်လက်မှတ်တစ်စောင်ဖြစ်သည်ကို တွေ့ရှိရသဖြင့် မေးလေ၏။

"ဟိုဒင်းလေ စိန်စိန့်ငွေလေ မဂိုတန်းမှာ အသုံးပြုကြည့်လိုက်တယ်။ အဟုတ်ပါ။ မယုံဘူးလား။ အပ်တဲ့ငွေ အကုန်ကစားလိုက်တာ ဒီကချည်း အတော်များတယ်။ ကုသိုလ်ပေါ့လေ။ အလှည့်သင့်သွားသလား မသိဘူး"

စိန်စိန်သည် အံ့အားသင့်လျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။ သို့သော်လည်း ကျော်အောင်မျှော်လင့်သည့် စိန်စိန်မှာ စိတ်အားထကြွလှုပ်ရှားခြင်းမဖြစ်ချေ။ အကြောင်းမူကား ကျော်မောင်သေဆုံးသည်ကို ကြားသည့်အခါကစ၍ စိန်စိန်၏စိတ်ထဲ၌လည်း စိတ်အားသည် အသေလိုဖြစ်သွားသဖြင့် မိမိငွေမှာ အမြတ်အစွန်းအတော်များစွာ ရ၍လာသည်ကိုပင် အရေးကြီးသည်ဟု ထင်ခြင်းမရှိဘဲ နေလေ၏။

"စိန်စိန် အခုလိုနေလို့ချည်းမဖြစ်ဘူး၊ ပြန်မလာမယ့်လူကိုသာ တွေးပြီးနေရင် စိတ်ထောင်းကိုယ်ကြေဆိုတာကို တစ်နေ့နေ့မှာလဲသွားမှာ စိုးရတယ်။ အလည်အပတ် ဘုရားပုထိုးဖူးရအောင် သွားပါလား။ မန္တလေး တောင်ပြုံးပွဲကို သွားကြမလို့။ အခု မိတ်ဆွေများနဲ့ စီစဉ်နေကြတယ်။ ယောကျ်ားဆိုလို့ ဒီကတစ်ယောက်တည်းပဲ ပါတာပဲ။ တခြားမိန်းမတွေချည်းပဲ။ မိန်းမအဖော်တွေ များပါတယ်။ စိန်စိန်လိုက်ပါလား၊ အခုငွေလည်း လုံလုံလောက်လောက် ရှိပြီ။ ဘာပူစရာရှိသလဲ"

စိန်စိန်သည် ခေါင်းညိတ်လျက် "အကောင်းသားပဲ၊ သို့သော်လည်း"

"သို့သော် မလည်းနဲ့၊ လိုက်ပါ အဖော်တွေ အများကြီး တပျော်တပါးကြီးပဲ။ မန္တလေးကျရင်လည်း တခြားတည်းစရာ ဘာမှမပူရဘူး။ အကောင်းဆုံးနေရာကိုရမှာပဲ။ ဒီက မိတ်ဆွေတွေလည်း များပါတယ်။ စစ်ကိုင်းဘက်ကိုလည်း ရောက်မှာပဲ။ ယခု မဂိုတန်းက တစ်ချက်တည်းသွားလိုက်တာ။ ဒီမှာလည်း တော်တော်ကျေးဇူးများသွားလို့ မြတ်သင်းကို တိုက်လှူပြီး လှည့်ဦးမယ်လို့ အောက်မေ့တာပဲ။ ဆက်ဆက်လိုက်ပါ။ အကုန်အကျအလွှက်ဆိုတာလည်း အရေးမကြီးပါဘူး။ သို့သော်လည်း အင်မတန် ပနကြီးမှန်း

www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်။ စိန်စိန်အတွက် ဒီက အကုန်အကျခံမှာကို မပူပါနဲ့။ စိန်စိန့်ငွေနဲ့ စိန်စိန် သွားလာနိုင်ပါတယ်။ ဒီက အတင်းအကျပ် အကုန်မခံပါဘူး"

"စစ်ကိုင်းကို ရောက်မလား၊ စစ်ကိုင်းလို့ကြားရတာ။ ကျွန်မ စိတ်ထဲ ဘယ့်နှယ်ဖြစ်သွားသလဲမသိဘူး၊ ခုချက်ချင်းတောင် ရောက်သွားချင်တာပဲ"

"အောင်မယ် မလုပ်ပါနဲ့၊ ဒါတော့ မခံနိုင်ဘူး။ ဇန်းကုန်းခွက်နီသည်တွေကို မန္တလေးကျရင် အကုန်လုံး "ဟာတယ်" အလုပ်ခိုင်းရလိမ့်မယ်။ ဒီလို မတော်မတရားအကြံမျိုးနဲ့တော့ မလိုက်ရဘူး။ ရိုးရိုးတန်းတန်း စစ်ကိုင်းကို သွားချင်တယ်ဆိုရင် ပို့ပါမယ်။ ဆန်းဆန်းပြားပြား လုပ်ရင်တော့ မရဘူး"

စိန်စိန်သည် ကျော်အောင်၏မျက်နှာကို ပြုံးလျက်ကြည့်၍နေလေ၏။ သို့ကြည့်နေရင်း စစ်ကိုင်းတောင်ခြေ အရပ်များကို စိတ်၌ထင်မြင်ကာ ကြည်လင်လျက် သောကမြူတို့သည် အလိုလိုလွင့်စဉ်၍ သွားသလိုဖြစ်၏။

"ပြင်ဦးလွင်ကိုလည်းရောက်လိမ့်မယ်။ ဒီလောက်တောင် အဆွေးတွေ ကို တွေးပြီး တရေးရေးမြင်နေချင်ရင် ဟိုကျမှ တောတောင်စိမ့်စမ်းတွေကိုကြည့်ပြီး အားရပါးရကြီး ဆွေးနိုင်လွမ်းနိုင်ပါတယ်။မကာန့်ကွက်ပါဘူး။ သို့သော်လည်း တစ်ခေါက်လောက် အလည်အပတ်သွားလိုက်ရင် စိန်စိန် အခုထက် အများကြီးပိုပြီး လတ်ဆတ်လာမှာပဲ။ ပြင်ဦးလွင်က တောတောင်စိမ့်စမ်းဓာတ်တွေ စိန်စိန့်မှာ ကူးစက်ပြီး အခုလို မျက်နှာအိုအိုကလေးပျောက်ပြီး ပျိုပျိုကလေးဖြစ်လာပါလိမ့်မယ်"

မကြာမီ စိန်စိန်သည် သဘောတူလေ၏။ သို့သော်လည်း မိမိ၏အကုန်အကျစရိတ်ကို မိမိခံရမှလိုက်မည်ဟု ပြောလေ၏။

"ကောင်းပါပြီဗျာ။ သဘောပါပဲ။ သဘောပါပဲ။ လိုက်မယ်ဆိုရင်တော်ပါပြီ" ဟု ပြောကာ ကျော်အောင်၏စိတ်၌ စိန်စိန်ကို ခရီးစဉ်တစ်လျှောက်လုံး အဘယ်ပုံ စိတ်လက်ပျော်ရွှင်ချမ်းမြေ့ခြင်းဖြစ်အောင် ပြုရ



မည့်အကြောင်းကိုသာတွေးတော၍နေလေ၏။

နောက်တနင်္ဂနွေတစ်ပတ်ကြာသောအခါ ကျော်အောင်နှင့် အခြားမိန်းမဆယ်ယောက်နှင့် စိန်စိန်ပါ ၁၂ ယောက် ရန်ကုန်မြို့မှ သင်္ဘောနှင့်ထွက်ကြလေသတည်း။

အဖော်များသည် စိန်စိန့်ကို သင်္ဘောပေါ်၌ လွန်စွာဂရုစိုက်ကြလေ၏။ စိန်စိန်၏ မျက်နှာမှာလည်း တဖြည်းဖြည်း လတ်ဆတ်လျက်ပါးအို့ကလေးများမှာ ပန်းရောင်ကလေးလက်၍ လာသလို ကျော်အောင်မြင်ရလေရာ အတော်စိတ်ချ၍သွားလေ၏။ စိန်စိန်၏မျက်နှာနှင့် အတော်ကြာစွာ ကွာဝေး၍နေသော ရွှင်ပြုံးခြင်းသည် မျက်နှာသို့ ပြန်လည်ဆိုက်ရောက်၍ လာသည်ကို ကျော်အောင်သည် တွေ့မြင်ရလျက်များစွာ အားတက်ခြင်းဖြစ်၏။

လမ်း၌ ဆိုက်သမျှမြို့များကို လက်ပြလျက် ဈေးများကိုလှည့်လည်ကာ ကြည့်ရှုလည်ပတ်ကြရင်း ဒေသအလျောက် အထူးအဆန်းများကို သူ့ထက်ငါ ဝယ်ခြမ်းကြလေ၏။ မိုးဥတုအခါပင် ဖြစ်သော်လည်း ထိုအထက်မြို့များမှာ ရန်ကုန်မြို့လောက် မစွတ်စိုသဖြင့် များစွာ စိတ်လက်ပျော်ရွှင်ဖွယ်ရာ ကောင်းလေ၏။ စိန်စိန်မှာ လုံးလုံးကြီးလူသစ်ဖြစ်ကာ သောကမြူမှေးတို့သည် လုံးလုံးကြီး ကွာကျလျက် ပိုးအိမ်ပွင့်၍ ပျံထွက်သည့်ပန်းလိပ်ပြာလိုလတ်ဆတ်ပျော်ရွှင်ကြည်လင်သောအဆင်းအရောင်ကို မျက်နှာ၌ပြကာ နေရာတိုင်း၌ ၎င်း၏သာယာသော ရယ်မောသံနှင့် ၎င်း၏ စကားများသည် ကျော်အောင်၏နားထဲတွင် နှစ်စဉ်ပေါ်သည့် တီးလုံးအဆန်းအသစ်မျှမက ပိုမိုသာယာ ချစ်ဖွယ်ရာကောင်းသည်ဟု မှတ်ထင်လေ၏။

ကျော်အောင်၏အချစ်ကို စိန်စိန်သည် သိသိသာသာ တုံ့မပြန်သော်လည်း ကျော်အောင်အား အများကြီး ကျေးဇူးတင်သောအမှတ်လက္ခဏာကို စိန်စိန်သည် ပြလေ၏။

"ကိုကျော်အောင် ကျွန်မ အဟုတ်တကယ် စိတ်ထဲမှာအများကြီး

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသလိုဖြစ်သွားတာပဲ။ ကိုကျော်အောင်ကျေးဇူးပဲ”ဟု တဲအိမ်ဝရန်တာ၌ နှစ်ယောက်သားရပ်ကာ တစိမ့်စိမ့်ရွာသော မိုးရေကြောင်းများကိုကြည့်ရင်း ဆေးလိပ်ကိုဖွာလျက် စိန်စိန်က ပြောလေ၏။

ထိုအခါ နှစ်ယောက်သား လွန်စွာနီးကပ်၍နေလေရာ ဝရန်တာကိုကိုင်ထားသောလက်နှစ်ခုသည် ထိလုခမန်း နေလေ၏။

“(ဒီလိုပဲ) တကယ်မပျော်ဘူးလား”

“တကယ်ပျော်ပါတယ်”ဟု စိန်စိန်သည် မျက်နှာကိုမော့ကာ အရှေ့ကို ကြည့်လျက်ပြောလေ၏။

ကျော်အောင်သည် စိန်စိန်၏လက်ကို မိမိ၏လက်နှင့်ဖိကာကိုင်ဆုပ်လေ၏။ စိန်စိန်သည် ငြိမ်လျက် မျက်နှာမှာ နီမြန်းအောင် သွေးရှိန်တက်၍လာလေ၏။ ဆေးလိပ်ကို ကိုင်သောလက်မှာ တုန်လှုပ်၍လာသည်ကို ကျော်အောင်မြင်ရလေ၏။

“ပျော်ရင်ကောင်းတာပဲ။ စိန်မပျော်မှာသာ စိုးတာပဲ။ အခုပါလာတဲ့ အဖော်တွေကလည်း စိန့်ကို အင်မတန်ဂရုစိုက်ကြတာပဲ။ အခုထက်ပိုပြီး ပျော်အောင် အများကြီးလုပ်နိုင်ပါသေးတယ်။ စိန်ဟာ တခြားလူလည်း မဟုတ်ဘူး။ တကယ်တော့ နှမလိုပါပဲ။ သည်တော့ကာ တခြားသူ သူစိမ်းတစ်ယောက်ကိုရှာပြီး ချမ်းသာအောင် မလုပ်လိုတော့ဘူး။ ဒီက အရင်းအချာကိုပဲ”

စိန်စိန်သည် ကျော်အောင်၏အသံ၌ လှုပ်ရှားခြင်းကို သတိထားမိလေ၏။ ကျော်အောင်သည် အပါးသို့တိုး၍ လာလေ၏။ ၎င်း၏မျက်နှာကို အလွန်တရာ တောက်ထွန်းသောမျက်နှာနှင့် စိန်စိန်သည် လှည့်၍ကြည့်လေ၏။ ကျော်အောင်သည် ကျော်မောင်၏ အစ်ကိုပင်ဖြစ်သော်လည်း အသက်မွေးနေထိုင်ပုံကောင်းသဖြင့် ကျော်မောင်ထက် ငယ်သောအသွင်ရှိသည့်ပြင် ပြုံးပုံနှင့် မျက်ခုံးများချီ၍ စကားပြောပုံမှာ ကျော်မောင်၏ ပြုံးပုံ မျက်ခုံးချီပုံနှင့်မခြားနားသည်ကို တွေ့ရလေ၏။ ကျော်အောင်လည်း ရှေးကထက် ပိုမိုလှပ၍လာသည် မှတ်ထင်ရသော စိန်စိန်၏မျက်နှာကို



ကြည့်ကာ တစ်စက်ခန့်မျှ နှလုံးသွေးအခုန်မမှန်ဘဲ နေလေ၏။

စိန်စိန်၏ ရင်၌လည်း လှိုင်းအိကြီးတစ်ခု ထကြွ၍လာလေ၏။ သို့ဖြစ်သောကြောင့် စကားပြန်၍မပြောဘဲ ဖြူစင်ညီညွတ်သော သွားကလေးပေါ်ရုံမျှ နီမြန်းသောနှုတ်ခမ်းကလေးများမှာ ပွင့်အာစပန်းပမာလို ခပ်ပွင့်ပွင့်ကလေး နေလေသတည်း။

ကျော်အောင်သည် အသက်မရှူဘဲ စိန်စိန်၏လက်ကို တအားဖျစ်လိုက်လေရာ စိန်စိန်မှာ ခံအော်ရတော့မလို ဖြစ်၍သွားလေ၏။

“စိန် အခု ဘာကိုတွေးနေတာလဲ။ ကျော်မောင်ကိုပဲလား”

စိန်စိန်၏မျက်နှာသည် ရှုံ့ပြီးလှည့်၍သွားလေ၏။ ထိုနာမည်ကို မကြားနိုင်သလိုဖြစ်လေ၏။ ကျော်အောင်သည် အဝေးမှကြားရသော နှုတ်သံတစ်ခုကို နားထောင်၍နေလေ၏။ စိန်စိန်၏မျက်ပုံးနှစ်လုံး၌လည်း နှင်းပေါက်ကြီးများကို မြင်ရလေ၏။ ကိုကျော်မောင်သေပြီဟု ပြောကာ နှုတ်ခမ်းသည် တွန့်ခနဲလှုပ်၍ သွားလေ၏။ အပြုံးမှာကား မပျက်သေးချေ။

“စိန် ဒီလိုဖြင့်ရင်”ဟု ပြောကာ ကျော်အောင်သည် ရှေ့သို့သာတိုးပြီး လက်တစ်ဖက်နှင့် ခါးကိုဖက်လေ၏။

ကျော်အောင်၏စကားသည် ရပ်၍သွားလေ၏။ မိုးဖွဲကလေးထဲ၌ နေရောင်သည် ထွန်းလင်း၍လာလေ၏။ လေထဲ၌ အခိုးတွေလွင့်၍ နေလေ၏။ ဆူညံသောအသံများကို ခပ်လှမ်းလှမ်းမှ ကြားရလေသတည်း။

* * *

## အခန်း(၃)

လူတစ်ယောက်ကို လူပေါင်းတစ်ဒါဇင်ခန့် ဝိုင်း၍လိုက်လာကြလေ၏။ စိန်စိန်သည် ထိတ်လန့်လျက် အိမ်တွင်းသို့ဝင်၍ ပြေးလေ၏။ ကျော်အောင်သည် ပြေး၍လာသူကို သေချာစွာ စိုက်ကာကြည့်၍ နေလေရာ ညစ်ညစ်စုတ်စုတ် လူရုပ်မပေါ် တစ်ကိုယ်လုံးမှာပေကျံလျက် သွေးသံရဲရဲနှင့် မြင်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြေးလာသူမှာ များစွာသော ခွေးသမင်တို့၏ ရန်ကို ကြောက်ရွံ့ကာ အသက်ကိုလု၍ပြေးသော တောကြောင်အလားကဲ့သို့ ခိုကိုးရရာ ပုန်းအောင်းရန် နေရာကိုမမြင်သဖြင့် ထင်ရှားရှင်းလင်းသော လမ်းမကြီး၌ မောပန်းအားကုန်လျက် အမိခံရတော့မည့်ဆဲဆဲ ဖြစ်လေ၏။

ကျော်အောင်သည် ၎င်းကို သေချာစွာကြည့်လေ၏။ နောက်မှလိုက်၍ လာသူတို့၏ လက်များ၌ရှိသောလက်နက်များကို မြင်ရသောအခါ ထိုသူသည် အမိခံရလျှင် နဂိုကမပေါ်သော လူရုပ်မှာ ရွံ့ရုပ်ပမာ လုံးလုံးကြေမွ၊ မြေကြီးနှင့် တစ်သားတည်းဖြစ်ဖို့ ရှိသည်ကို တွေးမိလေ၏။

ပန်းဟိုက်သော လူပြေးသည် ဆက်ကာမပြေးနိုင်တော့သဖြင့် ရပ်ကာ နောက်သို့ ပက်လက်လဲကျတော့မလိုလို။ အရက်မူးသမားအလား စက္ကန့်အနည်းငယ် ယိမ်းယိုင်၍နေစဉ် ဝါးရင်းတုတ်နှင့် တူသော လက်နက်ကို ကိုင်ပေးသည့်လူတစ်ယောက်သည် အပါးသို့ ရောက်၍လာပြီးလျှင် ရိုက်တော့မည့်ဟန်နှင့်ပြင်လေ၏။

ထိုအခိုက် အပြေးသမားသည် ခိုကိုးရာမဲ့ကြောက်ရွံ့သော မျက်လုံးများနှင့် အိမ်ဝရန်တာဘက်ကို တစ်ချက်မျှမော်၍ မျက်လုံးကြီးများလယ်လယ်နှင့် ကြည့်လိုက်လေရာ ကျော်အောင်သည် အံ့အားသင့်လျက် မျက်လုံးပြူးကာ ပါးစပ်ဟ၍ သွားလေ၏။ "အမယ်လေး ကျော်မောင်ပါကလား ဟော့ဟော့ မလုပ်ပါနဲ့" ဟု တအားကုန်ထိတ်လန့်တကြား အော်လိုက်လေ၏။ သို့သော်လည်း လိုက်သူ၏လက်သည် လွန်စွာမြန်သဖြင့် ခွမ်ခနဲကြားရပြီး ကျော်မောင်သည် မြေပေါ်၌ ပုံလျက်သားနေလေ၏။

တုတ်သမားသည် ထပ်၍ရိုက်မည်ပြုရာ ကျော်အောင်သည် တစ်ဖန်အော်လျက် အိမ်ပေါ်မှအတင်းပြေး၍ဆင်းရာ တုတ်သမားသည် ၎င်းကို မြင်သဖြင့် တန့်ရပ်၍သွားလေ၏။ ကျော်အောင်သည် အပါးသို့ရောက်လျှင် နောက်မီ၍ လာသောလူများ၏တုတ်တွေအကြားကို ဝင်ကာ ကျော်မောင်ကိုဝင်၍ပွေ့လေရာ ရန်သူများသည် တုတ်တွေနှင့်မိုးလျက် မရိုက်ဝံ့ဘဲ တစ်စက္ကန့်လောက်နေပြီးမှ ရိုက်တော့မည်ဟန်နှင့် မြှောက်သောလက်



များကို ပြန်၍ချပြီးကြလျှင် ကျော်အောင်ကို ကြည့်၍နေကြလေ၏။ လျင်မြန်စွာ ဒေါသနှင့်စကားပြောကြ၏။ လူတစ်ယောက်က "ဒီလူဘယ်သူလဲ၊ နှစ်ယောက်စလုံး သိမ်းချ" ဟုပြောလေရာ ကျော်အောင်သည် မော်ကြည့်လျက် "ဒါငါ့ညီ၊ မင်းတို့နောက်တစ်ချက် လက်ဖျားနဲ့ထိရင် မင်းတို့အကုန်ဒုက္ခဖြစ်မယ်၊ မျက်နှာကိုကြည့် ဘယ်သူလဲဆိုတာ သိချင်သလား" ဟု ကြောက်မက်ဖွယ်ကောင်းသော မျက်နှာထားနဲ့ ပြောလေ၏။

ထိုအခိုက် လူတစ်ယောက် နောက်ထပ်ရောက်လာပြီး "ချ ဒင်းပါ မထားနဲ့၊ ဘာကောင်လဲ ဘယ်ကလဲ" ဟု မိမိကိုယ်တိုင် ရိုက်တော့မည်ဟန်ပန်နှင့် သွေးညှိလေ၏။

ထိုအခိုက် စိန်စိန်ပြေးထွက်၍လာပြီး ကျော်မောင်ကိုမြင်လျက် ရင်ဘတ်ကို ထုကာ "အမယ်လေး ကိုကျော်မောင်ပါကလား" ဟု အော်ပြီးဆင်း၍အပြေးတွင် ရန်သူများ ခဏကလေးမျှ ချီတုံချတုံဖြစ်ရာမှ တစ်ဖန်နှစ်ယောက်စလုံးကို အပြီးသတ်ကြတော့မည့်အသွင်ကို မြင်လျက် ရတ်တရက်ဉာဏ်ဖြင့် "အမယ်လေး ဝန်ထောက်မင်းရဲ့ ကိုကျော်မောင်ပါကလား" ဟုရန်သူများကြားအောင်အော်ပြီးဝင်၍ကျော်မောင်ကိုဖက်လေ၏။

"ဝန်ထောက်မင်း" ဟူသော စကားကိုကြားသောအခါ ရန်သူတို့သည် ကြက်သေသေလျက် တင်းမာထက်မြက် ဒေါသွေးခတ်ရာမှ ပျော့ညံ့ကိုင်းကုပ်၍သွားကြပြီး လက်နက်များသည်လည်း လမ်းနံဘေးသို့ ရောက်ကာ ပျောက်မှန်းမသိ ပျောက်သွားကြလေရာ ရန်သူများမှာ လက်ချည်းကျန်ကြလျက် အလွန်သိမ်မွေ့၍ သွားကြပြီးလျှင် "ဝန်ထောက်မင်းဟဲ့၊ ဝန်ထောက်မင်းဟဲ့၊ ဆုတ်ကြ၊ သွားကြ" စသည်ဖြင့် ပြောကြပြီး ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်၍ သွားကြလေသတည်း။

ကျော်မောင်ကို အိမ်ပေါ်သို့ရောက်သောအခါ သတိရလျက် မော်၍ကြည့်လေလျှင် စိန်စိန်၏ ရင်ခွင်သို့ရောက်၍နေသည်ကို သိရသဖြင့် မိမိကိုယ်ကို အိပ်မက်မက်၍နေသည်ဟု မှတ်ထင်လေ၏။

"ကိုကျော်မောင်၊ ကိုကျော်မောင် စိန်လေ၊ ဘယ့်နှယ်ဖြစ်ရတာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



သတိရပြီမဟုတ်လား" ဟုမေးနေခိုက် ခါးထောက်ရပ်ပြီး စူးရှသော မျက်လုံးများနှင့် ကြည့်၍နေသော ကျော်အောင်နှင့် အခြားအဖော်များကို မြင်ရသဖြင့် ကျော်မောင်မှာ သာလွန်အံ့အားသင့်၍ နေလေသတည်း။ ဒဏ်ရာများကို ဆေးကြောပြီး အိပ်ရာ၌ ပက်လက်နေရာ စိန်စိန်သည် အပါးမှမခွာဘဲ ကျော်မောင်လက်ကို မိမိ၏ပေါင်ပေါ်မှာ တင်ကိုင်လျက်နေလေ၏။ ကျော်အောင်သည် အပါးသို့လာရပ်ပြီး ခါးထောက်လျက်

"တယ်တော်တဲ့ငါ့ညီပဲ။ တွေ့လိုက်မြင်လိုက်ရရင် သက်သက်သာသာချည်းပဲ။ ဘာပြုလို့ ဒီလိုဖြစ်ရတာလဲ။ ငါ အခုအထိ မင်းကိုကြည့်ရှုတာဟာ မင်းအတွက်မဟုတ်ဘူး၊ စိန်စိန်ကိုသနားလို့သိရဲ့လား၊ ယိုးဒယားမှာနေတာကိုတောင် သိရအောင်စုံထောက်ပြီး ကောင်းကောင်းမွန်မွန် အတည်ကျကျနေပါစေလို့သဘောထားပြီး ရင်းနှီးဖို့ ငွေသုံးထောင်တောင်ပို့ လိုက်တယ်။ စိန်စိန်ဆီကို လစဉ်ပို့ဖို့ ငွေများကိုလည်း ငါပို့တယ်။ အခု ဘယ့်နှယ်ဖြစ်လာတာလဲ"

"နို့ စိန်စိန့်ဆီကို ကျွန်တော်မပို့ဘူးလား အစ်ကိုရဲ့၊ စိန်စိန့်အတွက်ဆိုပြီး အစ်ကိုပို့တဲ့ငွေကို တစ်ပြားမှ ကျွန်တော်မသုံးဘူး။ အကုန်ပို့တာပဲ။ အခုပြန်လာတာကတော့ ကျွန်တော်တော့ လူဖြစ်မှာမဟုတ်ပါဘူး။ စိန်စိန်ဟာ ကျွန်တော်နဲ့နေရင် တစ်သက်လုံးဆင်းရဲမှာတွေးပြီး သနားတာနဲ့ ကျွန်တော့်ဘာသာဖြစ်ချင်ရာဖြစ်ဆိုပြီး ကျွန်တော့်မိတ်ဆွေဟောင်းတစ်ယောက်နဲ့ မန္တလေးမှာနေနေတာပဲ"

"မင်း ဒီလိုနေချင်တိုင်းနေနေတော့ စိန်စိန် စိတ်ကောင်းပါ့မလား"

"အစ်ကိုရှိသားပဲလို့ အောက်မေ့ပြီး ကျွန်တော် စိတ်ချနေတာပဲ၊ အခုအစ်ကိုတို့နေရာကျနေပြီမဟုတ်လား၊ ကျွန်တော်တော့ ဒီဘဝမှာ ကောင်းတော့မှာမဟုတ်ဘူး။ အသုံးမကျတော့ဘူး။ တို့အမှုကလည်း အေးမှာလည်းမဟုတ်ဘူး။ ဒီအတွက် ကျွန်တော်နဲ့နာမည်တူတဲ့လူတစ်ယောက် သေတော်နစ်လို့ သေတဲ့အထဲမှာပါတာကို သတင်းစာထဲမှာ တွေ့ရတော့ အစ်ကိုတို့ စိန်စိန်တို့လည်း ကြားမှာပဲ။ ကြားရင် စိန်စိန်လည်း တဖြည်းဖြည်းမေ့မှာ



ပဲ။ မေ့ရင်အေးတာပဲ။ စိန်စိန် အစ်ကိုနဲ့ ချမ်းချမ်းသာသာ နေရရင်တော်ပြီ။ ကျွန်တော် ဘယ်လိုနေနေလို့အောက်မေ့ပြီး နေချင်သလို နေတော့တာပဲ" ဟု ပြုံးလျက်ပြောလေ၏။

"မင်းက ငါ့ကို မင်းမိန်းမနဲ့ ပေးစားတာပေါ့လေ။ ငါ့ကို ဘယ်လိုအကောင်မှတ်လို့လဲ"

ကျော်မောင်သည် အစ်ကိုနှင့်မယားကို တစ်လှည့်စီကြည့်ကာ စဉ်းစားပြီး "နို့ မဟုတ်ဘူးလား" ဟု မေးလေ၏။

စိန် "ဘယ်ကဟုတ်ရမှာလဲ ကိုကျော်မောင်ရဲ့၊ မစပ်မဟပ်တာတွေ မပြောပါနဲ့၊ ကျွန်မတို့ ဘုရားဖူးလာကြတာပါ"

"ဒါထက် နို့ ပို့လိုက်တဲ့ငွေကုန်တော့ ဘာဖြစ်လို့ ဒီလို ဒီလိုဖြစ်တယ်၊ ဆုံးပါးတယ်ဆိုတာ အကြောင်းမကြားသလဲ"

"အစ်ကို ကျွန်တော့်ကိုကြည့်ရတာတွေ များလှပြီအစ်ကို၊ သည်တော့ ဒုက္ခလည်းမပေးချင်ဘူး၊ ဒါနဲ့ ကျွန်တော်လည်း ..."

"မင်းတယ်တော်တဲ့အကောင်၊ အခုကော အမှုသစ်များရှိလို့ ဝရမ်းပြေးနေရသလား"

"မရှိတော့ မရှိပါဘူး။ အရင်ကအမှုအတွက် ကျွန်တော် အခုတော့ အရက်မူးလို့ သူတို့အရပ်ထဲက ကာလသားခေါင်းကို ပါးရိုက်မိလို့ အရက်ကလည်းမူးနေ၊ ကျွန်တော်ကလည်း တစ်ယောက်တည်းမို့ပါ။ နို့ မဟုတ်ရင် ဒီအကောင်တွေကို ကျွန်တော် ..."

စိန် "တော်ပါ။ ဒီစကားမျိုးတွေကို မသုံးပါနဲ့ မကြားချင်ဘူး။ ဒါမျိုးတွေကြောင့် ဒီလိုချည်းဖြစ်ဖြစ်နေရတာ။ အရင်အမှုဟာ အလကားဟာ။ အကုန်အေးကုန်ပြီ။ ကိုကျော်မောင်။ ဒီတစ်ခါ ကောင်းကောင်းနေပါ။ ရန်ကုန်ကို ပြန်လိုက်ခဲ့ပါ"

"အေးပလား၊ ဟုတ်လား၊ တကယ်လား။ ကျွန်တော့်အမှုကို အေးအောင် အစ်ကိုလုပ်လိုက်တာပေါ့လေ။ အစ်ကို ကျွန်တော် နောင်တရပါပြီအစ်ကိုရယ်။ အစ်ကို့ကျေးဇူးတွေကို ကျွန်တော်ဆပ်ဖို့ ကုန်တော့မယ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး” ဟုပြောရင်း မျက်လုံးများကို လက်ခုံနှင့်ဆွဲ၍သုတ်လေ၏။ ကျော်အောင်လည်း မျက်လုံးများမှာ ဝေ၍လာလေ၏။ သို့သော်လည်း လှုပ်ရှားသောစိတ်ကို ချုပ်တည်းကာ ခပ်မာမာအသံနှင့် “ကျေးဇူးတင်ဖို့ မလိုဘူး။ မင်းကောင်းကောင်းနေတာကို ကြည့်ချင်တယ်။ ကောင်းကောင်း နေရင် ဒီတစ်ခါငါကြည့်ဦးမယ်။ ကိုယ့်သားမယားအပေါ်မှာ အကြင်နာ တရားကလေးများ ထားဦးမှပေါ့။ အခု အသက်တစ်ဝက်နင်းနေပြီ။ အခု အရွယ်ကျလို့မှ မလိမ္မာရင် ဘယ်တော့မှ လိမ္မာဦးမှာလဲ”

“ကျွန်တော် ကောင်းကောင်းနေပါတော့မယ် အစ်ကိုရယ်။ ဒီတစ်ခါ တစ်ခုခုကြားရရင် အစ်ကိုဘယ့်နှယ်လုပ်လုပ် ကျွန်တော်ခံပါ့မယ်”

“အစ်ကိုက ဘယ့်နှယ်မှမလုပ်ဘူး။ မင်းကိုယ်ကိုသာ မင်းလုပ်နေ တာ” ဟု ပြောပြီး ကျော်အောင်သည် မျက်လုံးများတို့၍ စိုလာသော ကြောင့် ရှောင်ကွာ၍သွားလေသတည်း။

၁၉၃၁ ခုနှစ်၊ မတ်လ၊ သူရိယမဂ္ဂဇင်း ၁၅/၁

❑



# ရုပ်ချောသူ



လှစိန်သည် နာမည်ကြီးသလောက် မာန်မာနကြီးသူဖြစ်လေ၏။ ၎င်း၏ရုပ်ဆင်းကြန်အင် လှပတင့်တယ်သောသတင်းသည် ရပ်နီးရပ်ဝေး ကျော်ကြားလေ၏။ အရပ်ရပ်မှာ ပိုးပန်းသူများ ကြိုးပမ်းစွာလာရောက် ကြသော်လည်း လှစိန်ကို တွေ့ရသည့်အခါမှသာ တွေ့ကြရ၏။ သို့ဖြစ် ၍ မထိုက်သူ မယူရဟူသောစကားတစ်ခု ပေါ်၍နေလေ၏။

၎င်း၏ဖခင်မှာ ကျေးရွာကော်မတီလူကြီးဖြစ်၏။ ပစ္စည်းဥစ္စာလည်း ကြွယ်ဝ၏။ မိခင်ကလည်း မာနကြီး၏။ လှစိန်နှင့်တန်သူ ပုသိမ်နယ်မှာ မရှိဟု စွဲမှတ်၍ထားလေ၏။

လှစိန်ကိုလိုချင်သူများလည်း အနီးအပါးမြို့များမှ လာကြလေ၏။ ကာလသားတစ်ယောက်ကို လှစိန်လက်ခံ၍ စကားပြောလျှင် ၁၀ ယောက် အယောက် ၂၀ က မခံမရပ်နိုင်အောင် ဖြစ်ကြလျက် လမ်းမှာ ခိုက်ရန်ဒေါ သ ဖြစ်ကြလေ၏။ ပုသိမ်သားကို လက်ခံလျှင် အနီးအပါးမြို့များက ကာ လသားများက မခံချင်၍ရန်ဖြစ်၏။ အနီးအပါး ကာလသားများကိုလက် ခံလျှင် ပုသိမ်သားများက မကျေမနပ်ဖြစ်ကာ ခိုက်ရန်ဖြစ်ပွားကြ၏။ သို့ ဖြစ်သောကြောင့် ဒေါင့်ကြီးမှာ မငြိမ်မသက် လှစိန်တစ်ယောက်အတွက် မကြာခဏ အခိကရုဏ်းဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိကာရဏ်းသည် မြို့ထဲ၌ တစ်ဖက်နှင့်တစ်ဖက် တစ်ရပ်ကွက်နှင့်တစ်ရပ်ကွက် အမျိုးတစ်စုနှင့်တစ်စုသို့တိုင်အောင် နှောက်ဆုံး၌ ပျံ့နှံ့၍သွားလေ၏။ လှစိန်ကို ပိုးရသည့်အတွက်သေသည်တိုင်အောင် အနာတရဖြစ်သူများလည်းရှိလေ၏။ သို့သော်လည်း အလှဂုဏ်ကိုးခါ စိတ်ကြီးဝင်၍နေသော လှစိန်နှင့်၎င်း၏မိဘများသည်ကား မြို့ပျက်၍သွားလျှင် သာ၍ပင် ထင်ရှားကျော်ကြားလိမ့်မည်ဟု မှတ်ယူကာ လှစိန်ကို ယောကျ်ားမပေးစားဘဲ မြို့ပျက်အောင် ကြည့်၍နေလေ၏။ အရေးပိုင်ကဒီပုံဖြင့် ဒီမြို့ကို စစ်ပုလိပ် လက်အပ်ရလိမ့်မယ်ထင်တယ်၊ ကျုပ်တို့ မထိန်းနိုင်ဘူးဟု ခြိမ်းခြောက်လေ၏။

သို့ဖြစ်လေရာ တိုက်တွန်းသူများကြသဖြင့် ဖခင်မင်းတိုင်ပင်အမတ်ကြီးသည် ရန်ကုန်သို့သွားပြီး သမက်လောင်းတစ်ယောက်နှင့် ပြန်၍လာလေ၏။ ထိုအခါ ပုသိမ်သားကာလသားများက ငါတို့ပုသိမ်သားကိုတော့ အဖက်မတန်မှတ်ထင်ပြီး ရန်ကုန်သားကိုမှ သူ့သမီးကလေးကို အပ်ရသလားဟု အများသဘောတူ စိတ်ဆိုးကြလျက် ၎င်း၏အိမ်ကို မီးနှင့်ရှို့လေရာ ထိုအိမ်မှမီးကူးစက်ပြီး တစ်ရပ်လုံး တက်တက်ပြောင်လေ၏။ မီးအာမခံရှိသော အိမ်တစ်အိမ်သာပါလေ၏။ ထိုအိမ်ကား လှစိန်တို့အိမ်ဖြစ်လေ၏။ သို့ဖြစ်လေရာ အများငိုပွဲဆင်ကြသည့်အထဲတွင် လှစိန်တို့သားအမိသားအဖမှာ ရယ်ပွဲဆင်၍နေကြလေ၏။

လှစိန်၏ အိမ်ခြေရင်း၌ မိဘဂုဏ် ပကာသနကြောင့်မဟုတ် တကယ်ရုပ်ရည်ချောမောလှပသော စန်းကြည်ဟုခေါ်သော မိန်းကလေးတစ်ယောက်ရှိလေ၏။ ၎င်းမှာ လှစိန်လောက် လှလှပပ မဝတ်နိုင်ရှာပေ။ သို့ဖြစ်လေရာ တစ်ခါတစ်ရံ အဝတ်အစား လှလှပပကို ဝတ်ဆင်ရသည့်အခါ လှစိန်က ပိုးစုန်းကြူးဖက်လို့ ပြိုင်တယ်လေး ဘာလေးနှင့် မခံမရပ်နိုင်အောင် ရှုတ်ချပြောဆိုလေ၏။ စန်းကြည်သည် ထိုစကားများကို ကြားရသော်လည်း အောင့်အည်း၍နေလေ၏။ စန်းကြည် မိခင် မုဆိုးမကြီးသည်ကား ခိုက်ရန်ဒေါသကို လွန်စွာကြောက်တတ်သူတစ်ယောက်ဖြစ်



သဖြင့် မိမိ၏သမီးကိုသာ နှိမ်လေ၏။

“ငြိမ်ငြိမ်နေပါသမီးရယ်၊ မေမေတို့က သူတို့လို အသိုက်အဝန်းကြီးတာမဟုတ်ဘူး သမီး၊ မတူရင်မတုနဲ့သမီးရယ်။ လှစိန်က စိတ်ကြီးဝင်ပြီးအိမ်တွင်းပုန်းလုပ်လို့ နာမည်ထွက်တာပါအေ၊ နောင်တော့စိတ်ကြီးဝင်အားကြီးလို့ ဘယ်ကာလသားမှ မရတဲ့အခါကျတော့ သူ့ဆီကိုဘယ်သူမှလာမှာမဟုတ်ပါဘူး။ ညည်း မျက်စိသာဒေါက်ထောက်ပြီးကြည့်ပါ။ အခုတောင် မလာတဲ့လူတွေ မလာကြတော့ဘူး။ အရေးပိုင်း ဘိုးနီတို့ ညီအစ်ကိုများဘယ်လာတော့သလဲ၊ သူတို့အစက ငမ်းငမ်းတက်လာကြတာပဲ။ အခုအေးသွားပြီ။ နောက် တခြားလူတွေလည်း ဒီလိုဖြစ်ကြမှာပဲ။ လူမှာလည်းစိတ်နဲ့ပဲအေ။ စိတ်ကြီးဝင်လည်း နာမည်ထွက်တယ်၊ စိတ်ကြီးဝင်အားကြီးလို့လည်း နာမည်ပျက်တာပဲ”

“ဒီလိုဖြင့် ကျွန်မ ဘယ်လိုနေရမလဲ”

“ညည်း ဒီလိုပဲ အိမ်တွင်းပုန်းနေပေါ့”

“ဒီတော့မှ သူ့ကိုရဲရဲတင်းတင်း ဂုဏ်ပြိုင်တယ်လို့ ပြောဦးမှာ”

“ပြောပြောအေ ညည်း မကြား ပြီးရောမဟုတ်လား”

သို့ဖြစ်လေရာ စန်းကြည်သည် အဝတ်အစားကို အထူးလှလှပပ မဝတ်မဆင်နိုင်သူဖြစ်လေရာ၊ အိမ်တွင်းပုန်းလုပ်နေတာပဲအေးတယ်ဟု အောက်မေ့ပြီး အိမ်တွင်းပုန်းစပြုလေ၏။

ထိုအခါ အိမ်နံရံအကြားထဲမှ စန်းကြည်မြင်ရသောအရာကား စည်းစောင်း ချောင်းမြောင်းကြည့်သူများဖြစ်လေ၏။

“လှစိန်က ဝါတို့အရပ်ထဲမှာ လတစ်စင်းပြူပြန်ပြီ”ဟု ပြောလေ၏။ ထိုစကားသည် စန်းကြည်၏နားသို့ရောက်လေ၏။ စန်းကြည်၏ မိခင်လည်း ကြားရလေ၏။ ထိုအခါ များစွာအားတက်လျက် စန်းကြည်ထံသို့ ပြေးရောက်ကာ –

“ဘယ့်နှယ်လဲသမီး ကြားရပြီမဟုတ်လား။ အရင်က ညည်းကို ချောင်းမြောင်းကြည့်သူများ ရှိရဲ့လား။ အခု ညည်းဘယ်လောက် တန်ခိုး

www.burmeseclassic.com

www.burmeseclassic.com



ကြီးလာပြီ"လဲ ဟုပြောလေ၏။ စန်းကြည်လည်း ကျေနပ်ပျော်ရွှင်၍ နေလေ၏။ မိခင်က ညည်း ဒီလိုအခါမျိုးမှာ ဂုဏ်တုဂုဏ်ပြိုင် ဝတ်ဆင်နေဖို့မလိုပါဘူး။ ဆင်စရာလည်း ငါတို့မှာမရှိဘူး။ တစ်ခု ငါသတိပေးမယ်။ လှစိန်ထံလာတဲ့လူများဟာ စိတ်လက်မကျေမနပ် မသာမယာနဲ့ပြန်ကြရတယ်။ညည်းဒီလိုမလုပ်နဲ့။လာသူများကိုအားရှိအောင် အရောတဝင်ကလေးလည်းလုပ်ရတယ်အေ့။သို့သော်လည်း အားလုံးရှေ့မှာတစ်ယောက်ယောက်ကိုပိုပြီး အရောဝင်လို့လည်းမဖြစ်ဘူး၊ တစ်ယောက်တ လေ လာသူများကိုသာ အားပေးရတယ်။ မိန်းမကအားမပေးရင် ယောကျ်ားများလည်းမလာရဲဘူး။ အားပေးတန်သလောက် အားပေးမှ ဖြစ်တာ"ဟု ပြောလေ၏။ စန်းကြည်လည်း အမေမှာသည့်အတိုင်း ရိုးရိုးကျင့်၍ ရိုးရိုးနေ၏။ သို့ဖြစ်လေရာ လှစိန်ထံသွားရသဖြင့် ခြေတိုခမန်းဖြစ်လျက် စိတ်ပျက်၍နေသူမောင်စိန်ဖေခေါ် ယောကျ်ားပျိုတစ်ယောက်သည် စွတ်စွတ်ရွတ်ရွတ် စန်းကြည်ထံ ရောက်၍လာလေ၏။

"ရှင် ဟိုအိမ်နဲ့ ဘာဖြစ်လာသလဲ"

"ဘယ်အိမ်လဲ"

"ရှင် အရင်က လှစိန်ဆီကို သွားသွားနေတယ်မဟုတ်လား။ အခု ဘာဖြစ်လာသလဲ"

"အခု ဘာမှမဖြစ်လို့ ပြန်လာတာပေါ့။ ဒီကောင်မက သူ့ကို ယောကျ်ားတွေလာလာပြီးခစားသလိုနေမှကြိုက်တာ"ဟုဆိုပြီး"ကျွန်တော်တို့က ဘာခစားမလဲအဒေါ်ရဲ့"ဟု စန်းကြည်၏မိခင်အား ပြောလေ၏။

"အဲ ...ဘယ့်နှယ်ရှိစ ငါပြောတာဟုတ်တယ်၊ မောင်ရင် ယောကျ်ားကလေးများလည်း ဂုဏ်နဲ့ အသရေနဲ့ပဲ။ ရမယ်ထင်လို့ ပိုးတာ၊ မရရင် ဘာလုပ်အချိန်ကုန်ခံပြီး ပိုးမှာလဲ၊ လူများမှာ အတောမသတ် စိတ်ရှည်နိုင်ဘူး။ စိတ်ဆိုတာရှည်သင့်သလောက် ရှည်တာပဲ"

မောင်စိန်ဖေမှာ စက်ရှင်ရုံး စာရေးကြီးဖြစ်၏။ လှစိန်ကား စာရေးစာချီလောက်ကို မျက်စိမမြင်၊ အမြင့်ဆုံး အိုင်–စီ–အက်ကဲ့သို့သော သူများ



ကိုသာ မြင်၍နေလေ၏။ ဒိစတြိတ်မြို့၌ အိုင်–စီ–အက်တွေ မြောက်မြားစွာ ပိုလျှံ၍မနေနိုင်ကြပေ။

သို့ဖြစ်လေရာ စန်းကြည်မှာ ထိုစာရေးကြီးနှင့်ပင် အကြောင်းပါ၍သွားလေ၏။ လှစိန်မှာကား အိုင်–စီ–အက်ကို မျှော်လင့်တုန်းပင်။

စန်းကြည်မှာ ယောကျ်ားရသဖြင့် တင့်တင့်တယ်တယ် ရွှေနှင့်ကျောက်အလား၊ ဘုရားသွားအတူ၊ ကျောင်းသွားအတူနေသည်ကို လှစိန်မြင်ရသောအခါ အားကျစပြုလေ၏။ စန်းကြည်မှာ ပိုမိုချောမောလှပ၍လည်း လာလေ၏။ လှလှပပဝတ်ဆင်၍ လင်မယားနှစ်ယောက် ရှေ့သွားနောက်လိုက်ညီ၊ ဘေးချင်းတိုက်ညီညီ ကျက်သရေရှိစွာ သွားလာကြသည်ကို အားကျစပြုလေ၏။

သို့သော်လည်း လှစိန်မှာ အားကျသော်လည်း ရွေးချယ်၍ယူစရာ လူမရှိတော့ပေ။ဟန်ဟန်ပန်ပန် လူများအနက် တစ်ယောက်မျှမကျန်အောင် ရှောင်ခွာ၍သွားကြလေတော့သတည်း။

ထိုအခါ မနာလိုမုန်းထားသောစိတ်၊ ဒေါသစိတ်၊ မခံချင်သောစိတ်များသည် လှစိန်၏ မျက်နှာကို အမျိုးမျိုး အရုပ်ဆိုးအောင် လုပ်ကြလေ၏။

သို့သော်လည်း ဟိုင်းစပြုသော လှစိန်ကို အိုစပြုသော ယောကျ်ားများသာ မျက်စောင်းထိုးကြလေတော့၏။ ထိုသို့ မျက်စောင်းထိုးသူများအနက် မလွှတ်မလပ်သူများလည်း ပါဝင်ကြလေ၏။

သို့သော်လည်း ရှေးကထွက်ခဲ့သော နာမည်ကလေးနှင့် ရှေးအခါက မစွန့်စားဝံ့သူတစ်ယောက်သည် စွန့်စားဝံ့သောသူအဖြစ်သို့ ရောက်လျက် လှစိန်ကို အရကြဲလေ၏။ ၎င်း၏နာမည်ကား ဆိုးပုံခေါ်သူဖြစ်လေ၏။ မယားတစ်ယောက်ကို ကောင်းစွာမကျွေးနိုင်သည့်အတွက် ထိုမိန်းမနှင့် ကွဲသလိုလိုဖြစ်၍နေလေ၏။ ၎င်းသည် လှစိန်ကို ဈေးကအပြန်တွင် လှည်းနှင့်တင်၍ ပြေးလေ၏။

လှစိန်မှာ မော်တော်ကားအတင်မခံရ၊ လှည်းကြမ်းကြီးနှင့် အတင်ခံရသည့်အတွက် စိတ်လက်မကျေမချမ်းဖြစ်လေ၏။ သို့သော်လည်း မိမိ

www.burmeseclassic.com

www.burmeseclassic.com



၏ ကံအကြောင်းက ဤမျှသာအကျိုးပေးသည်ကို မငြင်းမဆန်နိုင်ဘဲ မော်တော်ကားစီးနိုင်သူ များစွာမရှိသောအရပ်၌ လူလာ၍ဖြစ်ရသည့်အတွက် စိတ်ထဲတွင် တစ်ရပ်လုံးကို သိမ်းရုံးကျိန်ဆဲ၍နေလေ၏။

ဆိုးပုံသည်ကား ငွေကြေးရှာ၍ပင် မရသော်လည်း ထန်းရည် ကစော်၊အရက်များကိုကား နေ့စဉ်သောက်စားနိုင်၏။ အိမ်ကို မူးယစ်လျက် ပြန်၍လာသည့်အခါ တစ်ခါတစ်ရံ တောအရက်ပုလင်းကို ခါးကြား၌ ညှပ်၍လာပြီး စတိုင်ပါပါနှင့် မီးဖိုချောင်၌ ပုလင်းကိုထောင်ကာ–

"လုစိန် ဟေ့၊ ဒီမှာကွဲ့ လာစမ်းပါဦးကွဲ့ လင်ယောကျ်ားကြိုက် တတ်တဲ့အရာကို ကူညီလုပ်ကိုင်ပေးမှ မိန်းမမြတ်ကွဲ့၊ လာ မင်းငှဲ့ပေးပါ။ ဒီတော့မှ ဘဝတိုင်း အဆက်ပါပြီး မင်းကို လှည်းနဲ့ချည်းတင်ရမှာ၊ လာ ပါရမီ ဖြည့်စမ်းပါကွယ် လုရယ်" ဟူသောစကားမျိုးဖြင့် လုစိန်အား အရက် ငှဲ့ခိုင်းလေ၏။

လုစိန်ကား အလွန်စိတ်ကြီးဝင်ခဲ့ဖူးသူဖြစ်ရာ ဆိုးပုံကို သူနှင့်ညားပြီး အရက်ကိုငှဲ့၍ပေးရသော ဘဝသို့ရောက်သည်မှာ ကံကြမ္မာ၏ဖန်တီးပုံ မဟုတ်။ မိမိကိုယ်တိုင်၏ ဖန်တီးခြင်းဖြစ်လေ၏။ သို့သော်လည်း ထို အကြောင်းကို မတွေးတောမိချေ။ မိမိ၏ဆိုးသော ကံကြမ္မာအတွက် အရပ်ကို ကျိန်ဆဲ၍နေလေ၏။ အရပ်မကောင်းလို့သာ ယခုလိုဖြစ်ရသည် ဟု မှတ်ထင်၍နေလေ၏။

တစ်ခါတစ်ရံ ဆိုးပုံ ရှာဖွေ၍မရသောအခါ စန်းကြည်ထံသို့သွား၍ တစ်မတ်ငါးမူးကိုငင်း ချေးယူရလေသည်။ သို့သော်လည်း အချိန်မှန်မှန် ပြန်၍မဆပ်နိုင်။ စန်းကြည် သဘောကောင်းသဖြင့်သာ အဖြစ်အပျက်ကို အရပ်မသိဘဲနေလေ၏။ သို့ချေးနေကျသောအခါ အချေးအငှားပိုမိုရဲ လေ၏။

တစ်နေ့သ၌ မိမိအရက်ဝယ်၍ သောက်နေကျဖြစ်သော အရက်အမြဲ ချက်လုပ်သူ ကိုရွှေတောင်၏တဲသို့ ရောက်၍သွားပြီး အရက်ရှိသေးသလားဟု မေးရာ ထန်းလျက်ဖိုးမရှိ၍ အရက်ကို မချက်နိုင်ကြောင်း၊ ဆိုးပုံ



ထံမှ ငွေအတော်များစွာ ရဖို့ရှိကြောင်းကို ပြောလေရာ ထိုအရက်ကြွေးနှင့် ပတ်သက်ပြီး အငြင်းအခုံဖြစ်ရာမှ ရန်ခိုက်ဒေါသဖြစ်ပြီး ဦးရွှေတောင်၏ တူ အောင်သူ ခေါ် ဂျပုက ဦးဆက်ကို ပုလင်းနှင့်ထုလိုက်ရာ ဆိုးပုံမှာ ဝင်္ကကျွတ်၍သွားလေ၏။

ဆိုးပုံသေပြီးသည်နောက် လုစိန်မှာ စန်းကြည်တစ်ယောက်သာ ခေါ် သူပြောသူ ရှိလေရာ တစ်မတ် ငါးပဲ စသည့် ကြွေးများကို စန်းကြည်ထံမှ မကြာမကြာ အလီလီယူရသဖြင့် ကြွေးသာထပ်လျက် ပြန်ဆပ်ခြင်းကား မရှိသဖြင့် နောက်ထပ် အလကားမချေးဝံ့တော့ချေ။ သို့သော်လည်း စန်းကြည်၏ အိမ်ကိုသွားသည့်အခါတိုင်း ပိုက်ဆံလို၍လာကြောင်းကို စန်းကြည်သိသဖြင့် အလိုက်သိစွာ နှုတ်ဖြင့်ဖွင့်၍မတောင်းမီက သုံးပဲ တစ်မတ်ကို စန်းကြည်က ပေးလေ၏။ ထိုအခါ ကြွေးတွေ ထပ်၍တင်၏။ ၎င်းနောက် စန်းကြည်၏အိမ်သို့ အလကားမသွားဝံ့တော့သည့် အခြေအနေ မျိုးသို့ ရောက်၍လာလေ၏။ ထိုအခါ စန်းကြည်၏ သောက်ရေအိုး၊ သုံးရေ အိုး၊ ချိုးရေအိုးများကို ရေသယ်၍ထည့်ပေးလေ၏။ တစ်ခါတစ်ခါ စားရေး သောက်ရေး ကျပ်သောအခါ၌ ကူညီချက်ပြုတ်လုပ်ကိုင်၍ပေးလေ၏။ ထိုနည်းနှင့်လုစိန်သည် စန်းကြည်၏အိမ်တွင် မြဲမှန်းမသိ မြဲ၍သွားလေရာ ထင်းခွေ၊ ရေခပ်အလုပ်ကို စန်းကြည်၏အိမ်၌အတည်တကျ အတိအလင်း လုပ်၍နေသူအဖြစ်သို့ ရောက်၍သွားလေတော့သတည်း။

၁၉၃၉ ခုနှစ်၊ မြန်မာ့အလင်းမဂ္ဂဇင်း၊ ၂/၂

❑

www.burmeseclassic.com

www.burmeseclassic.com



# အလုပ်ကောင်းသူ

မောင်လွန်းသည် ၎င်း၏ဦးလေး ကိုဘိုးထွန်းက ဘီအိုစီကုမ္ပဏီ၌ ပြောပေးသဖြင့် တစ်လလျှင် ၇၀ ကျပ်စားအလုပ်ကို ရလေ၏။ မောင်လွန်း၏ စိတ်အထင်ကား ဘီအိုစီသူဌေးကြီးသည် အလွန်တရာ ပိုက်ဆံပေါသောကြောင့် မိမိဦးလေးမျက်နှာထောက်သဖြင့် မိမိအား အလကားသက်သက် လခပေး၍ထားသည်ဟု မှတ်ထင်လေသဖြင့် ထင်သလိုနေလေ၏။

အလုပ်ကို တက်ချင်သောအချိန်မှာ တက်၍ ဆင်းချင်သောအချိန်မှာ ဆင်း၍သွား၏။ ဦးလေးဖြစ်သူက အတန်တန်သတိပေးလေ၏။ အထက်လူကြီးများ သဘောကျအောင် ကြိုးစား။ အလုပ်ကို နားလည်အောင် ဂရုစိုက်၊ ထင်သလိုမနေနှင့်။ မင်းတို့ ယခုအရွယ်က ကျိုးကျိုးနွံနွံလုပ်ရင် နောင်သည်ထက်ကြီးသောအခါ လူကြီးလူကောင်းဖြစ်လိမ့်မည်။ ဘီအိုစီသူဌေးကြီးများမှာ လူတစ်ယောက်ကို ကြည့်ရှုချင်လျှင် ဝန်ထောက်စစ်ကဲမက ကြီးကျယ်အောင် ကြည့်ရှုနိုင်တယ် စသည်ဖြင့် ပြောဆိုနားချလေ၏။ သို့သော်လည်း မောင်လွန်းသည် ဦးလေးပြောသော စကားများကို ညာဘက်နားမှ ရိုရိုသေသေသွင်းပြီး ဘယ်ဘက်နားမှ ကျွမ်းထိုး၍ အထွက်ခိုင်းလေသည်။ အခြားမိတ်ဆွေသူငယ်ချင်းတို့ကလည်း အမျိုးမျိုးသတိပေးကြလေ၏။



"ဘီအိုစီကိုလာပြီး မင်း အရူးလုပ်နေသလား။ မင့်အဖေအိမ်မှသာ ထင်သလိုလုပ်ရတယ်၊ ဒီမှာထင်သလိုမလုပ်ရဘူး" စသည်ဖြင့် ပြောကြလေ၏။

ပြောသော်လည်းမရ။ ထိုကဲ့သို့ပြောသူများ မမြင်ရလေအောင် အလုပ်မှ နာရီပြန် ၂ ချက်တီးအချိန်ဆင်း၍ ရုပ်ရှင်ကိုသွား၍နေ၏။ တစ်ရံတစ်ခါ နေ့လယ်စာစားရန် ဆင်းရာမှ အဖော်အပေါင်းများနှင့် သောက်ခါစားခါ ဘောလုံးပွဲများကို ကြည့်၍နေလေ၏။

တစ်နေ့သ၌ အလုပ်သမားများအား အလုပ်ဝတ္တရားအကြောင်းကို စာရေးကြီးတစ်ယောက်က ဟောပြောရန်စီမံလေရာ တိုက်ရှိမှန်နေကျများ၊

www.burmeseclassic.com

www.burmeseclassic.com



သူဌေးများ၊ စာရေးကြီးငယ်များ အားလုံးတို့သည် စိတ်အားထက်သန်စွာ နေရာအခမ်းအနားများကို ပြင်ဆင်ကြလေ၏။ ထိုစာရေးကြီးသည် ထိုကဲ့သို့ တစ်လတစ်ကြိမ် ဟောပြောလေ့ရှိ၏။ ၎င်းဟောပြောသည့်အခါတိုင်း လိုက်နာကျင့်ကြံသူများသည် အလုပ်အကိုင် ကြီးပွားတိုးတက်ကြသည် မှာ ကိုယ်တွေ့ဖြစ်ကြလေ၏။

သို့ဖြစ်သောကြောင့် သူ့ထက်ငါ ၎င်းတရားကို နာဖို့ရန် စိတ်အား ထက်သန်ကြလေ၏။ မောင်လွန်း၏ ဦးလေးနှင့် ၎င်းတို့ကိုချစ်ခင်ကြသော မိတ်ဆွေတို့သည် မောင်လွန်းအား တရားကို သတိနှင့်နာဖို့ရန် တိုက်တွန်း ကြလျက် မတော်တဆ မနာဘဲနေမည်စိုးသောကြောင့် ၎င်းနှင့်မခွဲကြဘဲ အတူတူနာဖို့ရန် အမြဲဂရုစိုက်၍ နေကြလေ၏။ ၎င်းစာရေးကြီး တရားများ မှာကား အောက်ပါအတိုင်းဖြစ်ကြလေ၏။

စာရေးများ ကြီးပွားချင်လျှင် မိမိ၏လခကိုသာ ဂရုစိုက်၍မနေရ။ ကုမ္ပဏီ၏ အကျိုးစီးပွားကို အထူးဂရုစိုက်ရမည်။ ကိုယ်တိုင် အလုပ်ကို ကောင်းမွန်စွာတတ်ဖို့ရန်သာ ဂရုမစိုက်ရ။ အခြားသူများ၏အလုပ်များကို တတ်သိနားလည်အောင် ဂရုစိုက်၍ အခြားသူများအား ကူညီလုပ်ကိုင်ပေး ရမည်။ ထိုအခါ အထက်လူကြီးများသည် ၎င်းစာရေးအား ဂရုစိုက်ကြောင်း ကို သိမြင်လိမ့်မည်။ သို့ သိမြင်သောအခါ လခတိုးလိမ့်မည်။ မိမိကိုယ် တိုင်လုပ်သော အလုပ်ထက် ပိုမိုခက်၍ ပိုမိုအရာရောက်သော အလုပ်များ ကို တတ်အောင်သင်ရမည်။ မိမိ၏အလုပ်ထက် မိမိက ပို၍တတ်ချေက ထိုစာရေးသည် မတိုးမတက်ဘဲ မနေနိုင်ပေ။ ကြီးချင်သောသူသည် ငယ်နေ ၍မရပေ။ မိမိအလုပ်ထက် မိမိက ပိုမိုမကြီးမြင့်မှု၍ သေးငယ်နေချေက အလုပ်ကို မလုပ်နိုင်သူဖြစ်ရာ၏။ အလုပ်ကိုမလုပ်နိုင်သောသူသည် မထိုး မတက်နိုင်။ အလုပ်ကို နာရီကြည့်၍မလုပ်ရ။ အချိန်နာရီစေ့သည့်နောက် မိမိအလုပ်ကို ပိုမိုဂရုစိုက်ကာ လုပ်၍နေချေက အထက်လူကြီးများသည် တွေ့ကြုံပေလိမ့်မည်။ တွေ့ကြုံလျှင် အလုပ်ကို အင်မတန် ဂရုစိုက်သူဟု သဘောရလျက် ကြီးသောအလုပ်များကို လွှဲတတ်လေသည်။ (ဤ နေရာ၌



မောင်လွန်း ကွယ်ပျောက်၍သွားလေ၏။ အဘယ်ကို သွားသည်ဟု မည်သူမျှမသိကြပေ။ သို့အတွက် မောင်လွန်းသည် အချိန်နာရီကို စောင့်၍ မလုပ်နှင့်ဟူသော စကားကို နားမထောင်လိုက်ရပေ။ ဤနေရာ၌ မောင်လွန်းသည် ဘိုင်စကုတ်ရုံများမှာ ကြော်ငြာကားတွေကို လျှောက်ကြည့်လျက် ဘယ်ရုံက ကားကောင်းပြမည်ကို အကဲခတ်၍နေလေ၏။ သို့ဖြစ်လေရာ ထိုဟောပြောချက်၌ အရေးအကြီးဆုံးအချက်တို့ကို မကြားလိုက်ရပေ။

ထိုနေ့ညနေ၌ ဘိုင်စကုတ်များ ကြည့်၍ပြီးသည့်နောက် တရုတ် ဟိုတယ်များကိုသွား၊ ပျော်ပျော်ပါးပါး စားသောက်၊ မော်တော်ကားနှင့် လျှောက်၍လည်၊ ထင်ရာမြင်ရာတွေကို လုပ်၍နေလေ၏။ ကြည့်ချင်ရာ ကို ကြည့်၍နေ၏။ ငေးချင်ရာကို ငေး၍နေ၏။

သို့နေပြီးနောက် ဘိုင်စကုတ်များပြချိန်သို့ ရောက်သဖြင့် ဝင်၍ ကြည့်နေလေ၏။ ညဉ့်ဦး ၆ နာရီ ၉နာရီပွဲ ပြီးသောအခါ အခြားရုံသို့ ကူး၍ ကြည့်ပြန်လေ၏။ ပထမကြည့်သော ဇာတ်ကားမှာအလွမ်းဇာတ် ကားကြီးဖြစ်၍ အလွမ်းဇာတ်ကားကြီး ပြီးသည်နောက် ဒုတိယဇာတ်ကား မှာ အသောဇာတ်ကားကြီးဖြစ်၏။ ထိုအသောဇာတ်ကားသည် ဒါရိုက်တာ အရူးများ စိတ်ကူးဖန်တီး၍ပြသော မဖြစ်နိုင်သော ဇာတ်ဖြစ်လေသည်။ ၎င်းဇာတ်သည် ရယ်ရလျှင်ပြီးရောဟု ကြံစည်စိတ်ကူး၍ လုပ်ထားသော ဇာတ် ဖြစ်လေသည်။

ကြည့်သူများသည်လည်း ဖြစ်နိုင်သည်မဖြစ်နိုင်သည်ကို မစဉ်း မစား။ ရယ်မောရလျှင် ပြီးတမ်းဟု အောက်မေ့ကာ ကြည့်ကြသူများ ဖြစ် ကြလေသည်။ ဒါရိုက်တာများသည် အရူးသွေးကလေး နည်းနည်းပါမှ သာလွန်၍ကောင်းသည်ဟု ဆိုလျှင် မှားမည်မဟုတ်ပေ။ မောင်လွန်းသည် ဤကဲ့သို့ မဟုတ်တမ်းတရားဇာတ်ကွက်များကို အကုန်အစင်မှတ်သား မိ၏။

ဘိုင်စကုတ်ရုံမှ ထွက်ပြီးနောက် ဟိုတယ်၌ ဘီယာကိုမြည်းရင်း ခရေစေ့တွင်းကျ အဖော်များအား ပြော၍ပြလေသည်။ သို့ပြော၍ပြသည်

www.burmeseclassic.com

www.burmeseclassic.com



မှာ ၄ နာရီလောက် ကြာပြန်လေ၏။ ဘီယာ ၆ ပုလင်းလောက် ကုန်အောင်သောက်၏။ ဒရဝမ်ကုလားဆီမှ ချေး၍ရခဲ့သောငွေ ၂၀လည်းများစွာ မကျန်တော့ပေ။

ထို့နောက် လန်ချားနှင့် အိမ်သို့ပြန်လေ၏။ ဘီယာကလည်း ယစ်တစ်တစ်ဖြစ်သောကြောင့် လမ်းများမှာ မှားလျက် ဝေ့လည်ချောင်ပတ်ဖြစ်၍နေလေ၏။ သို့ဖြစ်၍နေပြီးသည်နောက် အမေမုဆိုးမကြီး စောင့်၍နေသော နေအိမ်သို့ရောက်၍သွားလေ၏။

မိခင်သည်ကားသားမိုက်လာသည်ကို မြင်လျှင် ဆုံးမလိုသဖြင့် အိမ်ကို တံခါးပိတ်၍ထားလေ၏။ မမ... မမဟု အပြင်ကနေ၍ ခေါ်လေ၏။ မိခင်ကား ပြန်၍မထူးပေ။ သို့မထူးသောအခါ ထွက်၍သွားလေ၏။ သွားပြီးသည့်နောက် ထင်ရာကို လှည့်ပတ်ပြီးအိမ်ကိုပြန်၍လာပြန်လေ၏။ ထိုအခါ မိုးစိမ့်စိမ့်ရွာသဖြင့် မိခင်မှာအိပ်ပျော်နေရာ အပြင်မှနေ၍ မမ... မမနှင့် တာမမအော်သော်လည်း မရပေ။ သို့ဖြစ်လေရာ မိုးရွာထဲတွင် လန်ချားနှင့် လှည့်လည်၍ နေလေ၏။ သို့လှည့်လည်လျက် သူငယ်ချင်းများ၏ အိမ်ကို လိုက်၍ရှာလေ၏။ သူငယ်ချင်းများကို မတွေ့ရပေ။

ထိုအခါ မိခင်၏အိမ်ကိုပင် ပြန်၍လာလေသည်။ ထိုအခါ အမယ်ကြီးနိုး၍နေသည်နှင့် ကြုံကြိုက်လေ၏။ အိမ်ကိုတက်သွားပြီး အနည်းငယ်မျှသာ ခေါ်ရလေ၏။ တံခါးပွင့်၍လာပြီး ဝင်၍သွားလတ်သော် အမေကြီးက –

"ဟဲ့ ... မောင်လွန်း၊ နင် မိုးချုပ်လှချည်လား၊ ဘယ်ကိုသွားနေသလဲ၊ နင် အလေနတောသွားနေရင် တစ်နေ့နေ့ ဘေးတွေ့လိမ့်မယ်"

"အမေ ဒီမျက်နှာကိုကြည့်ပါ။ ဘေးတွေ့မယ်မျက်နှာလားဆိုတာ၊ ဒါထက် ခုတင်က ကျွန်တော်လာခေါ်တာ မမ ဘယ်ကိုသွားနေသလဲ"

အမေ။ ။ ဘယ်သွားနေရမှာလဲ ငါ ဒီမှာအိပ်နေတာပေါ့"

သား။ ။ ကျွန်တော် အကြာကြီးခေါ်တယ်။ ခေါ်မရလို့ ထွက်သွားရတယ်၊ မိုးတွေရွာလို့ ဒါနဲ့ မမက ကျွန်တော့်ကို အလေနတောသွားနေ



တယ်လို့ ပြောရသေးသလား။ မမ တံခါးဖွင့်မပေးလို့သွားရတာ၊ မမ စောစောကလည်း တံခါးပိတ်ထားတယ်။ နောက်တစ်ခါခေါ်တော့လည်း အရှိသားနဲ့ မြုံနေတယ်။ ကျွန်တော့်ကို မလာစေချင်ဘူးလား"

"ဟဲ့ ငါမြုံနေတာ မဟုတ်ပါဘူး။ မမ စောစောက မျှော်နေတာပဲ။ သားကို မလာစေချင်ပဲရှိပါ့မလား။ ငါ့သားမပေါ်လာရင် မမက စိတ်ပူနေတာ"

"စိတ်ပူနေလို့ တံခါးပိတ်ပြီး မြုံနေတာပေါ့"

ထိုကဲ့သို့ ကတောက်ကဆတ်ပြောရင်း စကားများပြီး စိတ်ဆိုး၍ အိမ်ပေါ်က ဆင်းလာပြန်လေ၏။ သို့လာခိုက်တွင် မိမိကိုယ်ကို ကျိန်ဆဲ၍ လာလေ၏။ ဓားနဲ့သေပါစေ၊ လှံနဲ့သေပါစေ။ မြွေကိုက်လို့သေပါစေ စသည်ဖြင့် မိမိကိုယ်ကို ကျိန်ဆဲလေ၏။

အမေကြီးက ပြန်၍ခေါ်၏။ ပြန်၍ခေါ်သည်ကိုလည်း မကြားဟန်ဆောင်ခဲ့လေ၏။ သို့သွားရာ ဘီအိုစီအလုပ်တိုက်သို့ ရောက်၍သွားလေ၏။ ရောက်သွားပြီးနောက် မိုးကလည်းစိပ်စိပ်ရွာသဖြင့် လန်ချားပေါ်က မဆင်းဘဲ အလုပ်တိုက်ထဲ ဝင်ရရင်တော်လေမည်လား၊ အလုပ်တိုက်ပဲ အိပ်ဖို့ရာ နေရာရှိတော့သည်။ သော့ကိုဖွင့်ဖို့ရန် ဒရဝမ်ကုလားတွေရှိမှ ရှိပါ့မလား။

ထိုကဲ့သို့ ချိတုံချတုံ စဉ်းစားနေရင်း စိတ်ကိုမဆုံးဖြတ်နိုင်ဘဲ လန်ချားကုလားအား လန်ချားကိုဆွဲဖို့ရန် အဆွဲခိုင်းလေ၏။ အနီးအပါးပတ် ဝန်းကျင်၌ လန်ချားနှင့်လှည့်ပြီးသည်နောက် အလုပ်တိုက်နားသို့ ပြန်၍ရောက်သွားလေ၏။ လန်ချားပေါ်က ပြေး၍ဆင်းပြီး အလုပ်တိုက်တံခါးကိုဖွင့်ဖို့ရန် ဒရဝမ်ကုလားများကို လိုက်လံ၍ရှာလေ၏။ ဒရဝမ်ကုလားများသည်လည်း မိုးရွာသဖြင့် နွေးရာချောင်မှာ စု၍နေကြသောကြောင့် တစ်ယောက်မျှ ရှာလို့မတွေ့ပေ။

မိမိကို သူခိုးထင်၍ သေနတ်နှင့် ပစ်လိုက်ခတ်လိုက်မည်ကိုလည်း စိုးရိမ်ရ၏။ ဒီဒရဝမ်ကုလားတွေကလည်း ဘယ်ကိုသွားနေကြသလဲ မသိဟုတွေးလေ၏။ အဝတ်အစားများမှာ မိုးစိုစပြုလေ၏။ သို့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်ပေ။

နောက်ဆုံး၌ ဒရဝမ်ကုလားတစ်ယောက်ကို တွေ့လေ၏။ သို့သော်လည်း ထိုဒရဝမ်ကုလားမှာ သော့ထိန်းသောကုလားမဟုတ်ပေ။ သော့ထိန်းသော ကုလားဘယ်မှာလဲဟုမေးသောအခါ ထိုကုလားက မိမိပြပါမည်ဟုပြောသဖြင့် ၎င်းကုလားနောက်သို့ လိုက်၍ သွားရလေ၏။ ထိုကုလားနောက်သို့ အတန်ကြာလိုက်၍နေရလေ၏။ ဟိုချောင်ကွေ့၊ ဒီချောင်ကူး၊ ချောင်အမျိုးမျိုးကို ရောက်ကြလေ၏။

၎င်းနောက် တစ်ခုသောချောင်၌ တမာကူသောက်၍နေသော ကုလားကြီးတစ်ယောက်နှင့် တွေ့လေ၏။ ၎င်းကုလားကြီးသည် မောင်လွန်းကိုမြင်လျှင်မြင်ချင်း အလေးဂရုပြုကာ ပျာယီးပျာယာထ၍ မတ်တတ်ရပ်လေ၏။ မောင်လွန်းက အကျိုးအကြောင်းကို ပြော၍ပြသောအခါ ကုလားကြီးသည် လိုက်၍လာပြီး အလုပ်တိုက်တံခါးကို ဖွင့်၍ပေးလေ၏။ ထို့နောက် ကုလားကြီးက မိမိလည်း မကြာမီလာ၍ အိပ်မည့်အကြောင်းကို ပြောပြီးဆင်း၍သွားလေသည်။

ထိုအလုပ်ခန်းထဲသို့ ရောက်သောအခါ နွေးပြီး အတော်ကလေးချမ်း၍ သွားလေ၏။ သောက်ခဲ့ရသော ဘီယာများမှာမူကား လန်ချားနှင့်သွားရလာရသဖြင့် အကုန်အစင် လွင့်စဉ်ပယ်ပျောက်ခဲ့လေသည်။ မောင်လွန်းသည် အိပ်ဖို့နေရာကို ကြည့်ရှုစီမံလေ၏။ နောက်မှီခုံတန်းလျားကြီးတစ်ခု၌ ခေါင်းအုံးအုံးရန် စာအုပ်ထူကြီးများကိုချပြီး ၎င်းစာအုပ်များပေါ်၌ ကုတ်အင်္ကျီတစ်ထည်ကို ချွတ်၍တင်ထားလေ၏။ ရုပ်အင်္ကျီနှင့်သာ မိမိ၏အလုပ်စားပွဲမှာထိုင်လျက် သတင်းစာတစ်ခုကို ကြည့်၍နေလေ၏။ မောင်လွန်း၏စိတ်၌ မိမိကိုအလုပ်ခန်း၌ အထက်လူကြီးများ အချိန်မတော် တွေ့ရှိရချေက အဘယ်သို့လုပ်မည်။ အဘယ်လိုသဘောရမည်ဟု မတွေးတတ်အောင်ရှိလေ၏။ သို့သော်လည်း ကံအကြောင်းတရားပဲဟု အောက်မေ့ကာ မိမိ၏စားပွဲအနီးက စားပွဲတစ်ခုမှာ အလုပ်လုပ်သော စာရေးတစ်ယောက်သည် အဆုတ်ရောဂါနှင့် သေပြီးသည်မှာ မကြာသေးပေ။



ဤစာရေး တစ္ဆေဖြစ်ပြီး လာ၍ခြောက်ချေက အဘယ်ပုံလုပ်ရမည်နည်းဟု တွေးတောလျက် ကြွတိပီသောကို ရှုတ်၍နေလေ၏။ ထိုကဲ့သို့ ရှုတ်၍နေသည့်အတွင်း ပြတင်းပေါက်တစ်ခုက အသံမြည်၍လာလေ၏။ ထိုအသံကို ရှုတ်တရက်ကြားလျှင် ရုတ်တရက် ထိတ်လန့်လျက် ဦးခေါင်းကြီး၍သွားလေသည်။ အသံမှာကား အခြားမဟုတ် လေတိုက်သောအသံဖြစ်လေသည်။

ထိုအတွင်း ကုလားကြီးဝင်၍လာပြီး မိမိကြောက်စရာတွေ တွေး၍နေခိုက် ကုလားကြီးရောက်၍လာသောကြောင့် အတော်ကလေးအားတက်လေ၏။ ထိုအခါ သောက်ခဲ့ပြီးသော ဘီယာအရက်များ လွင့်ပါးပပျောက်သည့်အတွက် မိမိမှာ သွေ့သွေ့ခြောက်ခြောက် ဖြစ်၍နေလေ၏။

သို့ သွေ့သွေ့ခြောက်ခြောက် ဖြစ်၍နေရာ ကုလားကြီးအား ဘီယာအဝယ်ခိုင်းလေ၏။ ကုလားကြီးက အချိန်မရှိတော့ကြောင်းကို ပြောလေ၏။ ထိုအခါ မောင်လွန်းက ဘီယာမရှိရင် ချက်အရက်ဝယ်ပေးရမည့်အကြောင်းပြောလေ၏။ ချက်အရက် ဘယ်မှာရနိုင်သည့်အကြောင်းကိုလည်း ပြော၍ပြလေ၏။

အိတ်ထဲမှ ငွေကို နှိုက်၍ကြည့်သောအခါ ငွေ ၁ ကျပ်မျှရှိတော့သည်ကို တွေ့ရသဖြင့် ကုလားကြီးထံမှ ငွေ ၁၀ ကျပ်ကို ချေးလေ၏။ ငွေ ၁၀ကျပ်ကို အော်ဒီမန်၌ လွန်ခဲ့သော ၂ နှစ်လောက်က ချေးသောအနေနှင့် ရက်စွဲတပ်ပြီး ချေးယူလေ၏။ ငွေ ၁၀ ကျပ်ကို ရပြီးသည့်နောက် ကုလားကြီးအား လမ်းစရိတ် ၁ ကျပ် ၂ ကျပ်ဖိုးအရက်ဝယ်ရန် ငွေ ၃ကျပ်နှင့် ခိုင်းလိုက်လေ၏။ ကုလားကြီးလည်း ထွက်၍သွားလေ၏။

ကုလားကြီး ပြန်လာမည်ကို စောင့်၍နေသော အတွင်းတံခါးပေါက်ကို ဖွင့်ပြီး စာရေးတစ်ယောက် ဝင်လာလေ၏။ ထိုစာရေးမှာ ဗိုလ်ကပြားဖြစ်လေ၏။ မောင်လွန်းအား ဘာလုပ်နေသလဲဟု မေးလေ၏။ "ကျုပ်ဘာမှမလုပ်ပါဘူး၊ ပျင်းတာနဲ့ လာနေတာ" ဟု ပြန်၍ပြောလေ၏။

"မင်းကို သူရှေးတွေ့ရင် ဆူလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဆူချင်ဆူပါစေ။ ငါတော့ကာ ချမ်းတာနဲ့ ဒီအခန်းထဲမှာ နွေးဖို့ နေတာ။ ကဲ ... အိပ်ချင်ရင်လည်း အိပ်မလားမသိဘူး" ဟု ပြန်၍ပြောလေ၏။

"ဒီမှာမနေနဲ့ကွ၊ တစ်ခုခုဖြစ်ရင် မင်းကို စွပ်စွဲနေလိမ့်မယ်"

မောင်လွန်းသည်ကား ၎င်း၏စကားကို ဂရုမစိုက်။

ထိုအခါ ၎င်းစာရေးသည် မောင်လွန်းကိုကြည့်ကာ မင်း ဒုက္ခရောက်လိမ့်မယ်ဟုပြောပြီး ဆင်း၍သွားလေသတည်း။

မောင်လွန်းသည်ကား ၎င်း၏စကားကို မကြားသကဲ့သို့နေရစ်လေ၏။ အတန်ကြာလတ်သော် ကုလားကြီး ပြန်၍လာလေသည်။ ကုလားကြီးအား ဖန်ခွက်များအယူခိုင်းလေ၏။ ကုလားကြီးသည် ရှာလပတ်ရည်ဆိုင်တစ်ခုမှ ဖန်ခွက်ငယ်တစ်ခုကို ပြေး၍ယူလေသည်။

အတော်ရေငတ်နေသော မောင်လွန်းသည် ဖန်ခွက်နှင့် ပုလင်းကို ကြည့်၍ နှုတ်ခမ်းတပြင်ပြင်နှင့်နေလေသတည်း။ ပုလင်းကိုမြှောက်ကိုင်ကာ ဓာတ်မီးရောင်၌ ကြည့်လေ၏။ ပုလင်းမှာ သော့တံဆိပ်ဘီယာပုလင်းဖြစ်လေရာ အရက်မှာ ပုလင်းလည်ပင်းတစ်ဝက်အထိ ရှိသည်ကို တွေ့ရလေ၏။ ၎င်းအရက်ကိုစားပွဲပေါ်၌ လောင်းသွန်ကာ မီးခြစ်ခြစ်၍ တို့ကြည့်လေ၏။ တို့ကြည့်ရာတွင် ဟုတ်ခနဲ မီးစွဲလေ၏။ စွဲသောမီးသည် မီးရောင်ပြာပြာကလေးဖြစ်လျက် စားပွဲပေါ်၌ အရက်ရှိသမျှ နေရာကို လိုက်၍ တောက်လောင်လေသည်။

ထိုမီးကို အားရဝမ်းသာ ကြည့်လျက်နေလေ၏။ မီးအလိုလိုသေမှ ၎င်းနေရာကို စက္ကူများနှင့်ပွတ်တိုက်၍ ပစ်လေ၏။ ထို့နောက် အရက်ကို ဖန်ခွက်ကလေးနှင့် ပြည့်လုခမန်းငှဲ့၍ သောက်လိုက်လေ၏။ တစ်ဖန် ပြည့်လုခမန်း ငှဲ့ပြန်၏။ ငှဲ့ပြီးနောက် ကုလားကြီးအား သောက်ဖို့ပေးလေ၏။ ကုလားကြီးက မိမိ မူးအောင်မသောက်နိုင်ကြောင်း ငြင်းပယ်သော်လည်း အတင်းတိုက်သဖြင့် ဖန်ခွက်တစ်ဝက်လောက် သောက်လိုက်ရလေ၏။ ကုလားကြီးသည် ရှုံ့မဲ့၍ အရက်ခွက်ကို ပြန်၍ချလေ၏။ မောင်လွန်းသည်



မတ်တတ်ရပ်ကာ ပါးစပ်မှထွက်ဟုဆိုပြီး ကုလားကြီး ဦးထုပ်ဖြူဖြူကလေးကို ခြေလိမ်၍ ချလိုက်လေ၏။ ထို့နောက် လက်ခုပ်တီးကာ ခြေကကလျက် တစ်ပတ်နှစ်ပတ်လှည့်လေ၏။ နောက် တစ်ခွက်ငှဲ့၍ သောက်ပြန်လေပြီးသည့်နောက် ကုလားကြီးကို ဘယ်မှာအိပ်မလဲဟု မေးလေ သည်။ ကျွန်တော် ဒီအခန်းထဲမှာ အိပ်မယ်ဟု ပြန်ပြောလေသည်။

ဒီလိုဖြင့် မင်း အိပ်ရာပြင်ပြီး အိပ်ဟုပြောသောအခါ ကုလားကြီးသည် ဤအလုပ်ခန်းထဲ၌ စားပွဲခုံအောက်တွင် ပက်လက်လှန်လျက် အခန့်သားအိပ်၍နေရာ ခြေထောက်ကြီးနှစ်ချောင်းသည် စားပွဲအပြင်သို့ ထွက်၍နေလေ၏။ ထိုအခါ မောင်လွန်းသည် မိမိစားပွဲ၌ထိုင်ကာ သတင်းစာကို ကြည့်၍နေလေ၏။

သို့ကြည့်၍နေခိုက်တွင် ဗရားဆပ်ကြီးအခန်းထဲသို့ ဝင်၍လာသဖြင့် ကလောင်တံတစ်ခုနှင့် စာရင်းစာအုပ်တစ်ခုကို ယူကာဖွင့်ပြီး စူးစိုက်ကာ ကြည့်၍နေရာ မောင်လွန်းသည် ဗရားဆပ်ကြီး လာသည်ကိုမျှ မမြင်သကဲ့သို့နေလေ၏။ ပုလင်းနှင့်ဖန်ခွက်ကို မတော်တဆ ဗရားဆပ်ကြီးလာလျှင် တိုက်မိမှာစိုးသောကြောင့် ကုန်း၍ယူပြီး စားပွဲအောက်သို့ သွင်း၍ထားလေ၏။ ထို့နောက် စာရင်းစာအုပ်ကိုပင် ပြန်၍ဂရုစိုက်ကာ နေလေ၏။

ဗရားဆပ်ကြီးသည် ၎င်းကိုမြင်လျှင် အံ့အားသင့်၍ နေလေ၏။ မောင်လွန်းသည်ကား အံ့အားသင့်ဟန်ကိုမပြ။ စာရင်းစာအုပ်၌ တစ်စုံတစ်ရာကို ရေးခြစ်ဟန်ပြု၍နေလေ၏။ ဗရားဆပ်ကြီးသည် မောင်လွန်း၏ အပါးသို့ ရောက်အောင်လာပြီး မောင်လွန်းကြည့်နေသော စာအုပ်သည် စာရင်းစာအုပ်ဖြစ်သည်ကို တွေ့ရသောအခါ

"မင်းအလုပ်အင်မတန်ကြိုးစားပါလား။ ဒီတိုက်မှာမင်းလိုကြိုးစားသူနှစ်ယောက်ရှိရင် ဒီတိုက်ကြီး အများကြီး ကြီးပွားမှာပဲ။ မင်းကို အလုပ်တိုးပေးဖို့ ကျုပ်မန်နေဂျာကို ပြောလိုက်မယ်၊ မင်းနာမည် ဘယ်လိုခေါ် သလဲ"

"ကျွန်တော့်နာမည် မောင်လွန်းပါ" ဟု ပါးစပ်က လေမထွက်အောင် မနည်းကြီးစေ့၍ ပြောရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက် တနင်္ဂနွေ တစ်ပတ်လောက်ကြာသောအခါ မောင်လွန်းသည် လခ ၇၀ ကျပ်မှ လခ ၇၀၀ ကျပ်ထိ တိုးမြှင့်၍သွားလေသတည်း။

၁၉၂၉ ခုနှစ်၊ နိုဝင်ဘာ၊ မြန်မာ့အလင်းမဂ္ဂဇင်း၊ ၂/၂

❑

# ထွေး၏အမှား

မောင်ထွန်းမြိုင်သည် အလုပ်မှ အထုတ်ခံရသဖြင့် မှိုင်တွေချကာ နေလေ၏။ မထွေးနှင့်ညားပြီးသည်မှာ အခါလည်ကျော်ကျော်မျှ ရှိသေး၏။ လခ တစ်ရာငါးဆယ်ကို အားကိုးပြီး မထွေးကို တင့်တင့်တယ်တယ် ထားနိုင်ပြီဟု အားကိုးပြုကာယူခဲ့လေရာ ယခုမှာမူ ကိုးစားသမျှသည် ဒုက္ခတွေ့ရဖို့သာ ကံကြမ္မာက ဖန်လာသလို ဖြစ်၍နေလေသတည်း။

"ငါ ဒီလိုဖြစ်မယ်ဆိုတာကို စောစောကသိရင် မင်းကို ဒီလောက် မြန်မြန်ကြီး ခိုးခဲ့မှာမဟုတ်ဘူး။ အခုတော့ ငါ့အတွက် မပူပါဘူး။ မင်းတံတွေးခွက်မှာ ပက်လက်မျောရတော့မှာလိုဖြစ်တဲ့အတွက် စိတ်မကောင်းဖြစ်ရတာပါပဲ"ဟု ပြောကာ မထွေး၏ လည်ကိုဖက်ကာ မျက်ရည်တွေ ဝိုင်းလျက် ပြောပြီး နှုတ်ခမ်းကိုကိုက်ကာ သက်မကြီးချလေ၏။

မထွေးသည် မောင်ထွန်းမြိုင်၏ နူးညံ့ပျော့ပျောင်းသော ဆံပင်ကို လက်နှင့်သပ်ကာလှန်လျက် လှပသောနဖူးကိုကြည့်ပြီး မချိသမျှ ပြုံးပန်းသော စိတ်ကိုချုပ်တည်းကာ

"ပူစရာမရှိပါဘူး ကိုထွန်းမြိုင်၊ ရှင့်မှာ ပညာအရှိသားပဲ။ ဒီတိုက်မှာ နေရာမကျရင် တခြားတိုက်တစ်ခုမှာ နေရာကျမှာပေါ့"

"မင်းပြောတာကလွယ်တယ် မထွေးရဲ့၊ အလုပ်ရဖို့က အင်မတန်

www.burmeseclassic.com

www.burmeseclassic.com



ခက်တာ၊ ပညာတတ်တဲ့လူတွေဟာ ရန်ကုန်မြို့မှာ တစ်ပုံတစ်ခေါင်းကြီး ရှိတာကလား၊ အလုပ်တစ်ခုခု လစ်လပ်ရင် ဝင်ရဖို့ အင်မတန်ခက်တာပဲ၊ ပညာတတ်တိုင်း အလုပ်ရတာမဟုတ်ဘူး၊ ဖြတ်စား လျှပ်စားတွေကို လာဘ်ပေးပြီး အလုပ်ဝင်သူတွေက အများကြီးရှိတာကလားကွဲ့၊ သူဋ္ဌေး တိုက်များမှာ လုပ်ရတာဟာ ဒါတွေခက်တာပဲ၊ သူတို့စိတ်က အလွဲထင်ရင် တစ်ချက်လွှတ်လုပ်တတ်ကြတာပဲ။ ကုမ္ပဏီကိုတော့ စိတ်မဆိုးပါနဲ့။ သူတို့မှာ ငွေမလောက်တော့ ဟို အာလိပ်ဇနဲဒါခေါ်တဲ့ ဘိုလုပ်တာကို ခံကြရတာပဲ။ သူက ရှယ်ယာငွေတစ်သိန်းကျော်ဖိုးဝင်ပြီး သူ့လူတစ်ယောက်ကို ငါ့နေရာမှာ ထားချင်တာကိုးကွဲ့။ ဒီတော့ တခြားပါတနာတွေကလည်း သူ့စိတ်ဆိုးမှာကြောက်တော့ ဘာမှမပြောနိုင်ဘဲ ငါ့ကို လက်လွှတ်လိုက် ရတာပဲ။ တစ်လအတွက် ငွေကိုတော့ နက်ဖြန်လာယူပါလို့ ဘိုကြီးက ပြောလိုက်တာပဲ"

"အလုပ်က ထုတ်တယ်ဆိုရင် အပြစ်ပြရမှာပေါ့၊ မပြဘဲနဲ့ ထုတ်နိုင်သလား"

"တိုက်မှာ ငွေမလုံလောက်လို့ ထုတ်ရတယ်လို့ ပြောတာပဲ၊ ဒါတွေထားလိုက်ပါတော့ကွယ်၊ မင်းကို ဘယ်လိုထားရမလဲမသိဘူး၊ ဒီအခန်းမှာတော့နေနိုင်တော့မှာ မဟုတ်၊ လခ ၃၅ ကျပ်နဲ့ ဒီလိုအခန်းမျိုးကိုရဖို့ သိပ်ပြီးခက်တာပဲ။ အခန်းကိုစွန့်ရမှာ သိပ်ပြီးနှမြောတာပဲ"

"ဘာပူစရာရှိလဲ ကိုထွန်းမြိုင်၊ ကျွန်မပြန်ပြီး မေမေတို့နဲ့ နေရတာပေါ့"

"အပြောအော့လွယ်ပါရဲ့၊ မင်းနဲ့ငါ တွေ့ကြတော့ အရပ်က ဘယ်လိုပြောကြတယ်ဆိုတာ မှတ်မိသေးရဲ့လား"

"ဘယ်သူက ဘယ်လိုပြောပြော ဘာပြုရဦးမှာတုန်း၊ ပါးစပ်ပေါက်တစ်ထောင်ပြောတာကို ကျွန်မ နားနှစ်ဖက်တည်းနဲ့ ဘယ့်နှယ်လုပ်ပြီး အကုန် နားထောင်နေနိုင်မှာတုန်း"

နားမထောင်ဘူးဆိုပေမဲ့ မဖြစ်သေးဘူးကွယ်။ အခုလိုများပြန်သွား



ရင် သူ့လင်က မယားတစ်ယောက်ကို မကျွေးနိုင်လို့ အိမ်ပြန်နေရတယ်၊ အခုဘာမှမပို့ဘူး၊ သူ့မှာအလုပ်အကိုင်မရှိဘူး၊ ကိုယ့်ဘာသာကို သွားယူလာဖို့လို့ ပြောကြလိမ့်မယ်။ မင်းနဲ့ငါနဲ့ တွေ့တုန်းက အခွင့်ယူနေတာကို သူတို့က အလုပ်မရှိတဲ့ ရန်ကုန်အစွန်အနားသားလို ဖာထဲက အကောင်လို့ အမှန်ပြောနေကြတယ်မဟုတ်လား။ မင့်မောင်နှစ်ဝမ်းကွဲ ဘိုးဆိုင်တို့ ဘိုးကြိုင်တို့ လူစုတွေက သာပြီးကဲ့ရဲ့ကြမှာပဲ"

"ကဲ့ရဲ့မှာပေါ့၊ သူတို့ကကျွန်မကိုရမှ မရဘဲကိုး။ သူတို့မရလို့ ပြောတာ သူတို့လိပ်ပြာ သူတို့မရှက်လို့ပေါ့"

"သူတို့မရှက်ပေမဲ့ ငါရှက်တယ်၊ ငါမင်းကိုတော့ မပြန်စေချင်ဘူး"

"မပြန်ရင် ကိုထွန်းမြိုင် သာပြီးစိတ်ညစ်ရမှာပေါ့။ အခုအနေ ကျွန်မတောကိုပြန်နေရင် ဘယ်သူမှဝန်လေးဖို့မရှိသေးဘူး။ အခုရှိတဲ့ ငွေနှစ်ရာကို ကိုထွန်းမြိုင် စရိတ်လုပ်ပြီး တစ်နေရာရာမှာနေပြီး အလုပ်ကို ကြိုးစားရှာရင် တစ်နေရာရာမှာ ရမှာပဲ၊ အခုလို အတူတူနေရင် စားတာကကုန်၊ အိမ်လခကလည်းကုန်နဲ့ ငွေကလေး ချောသွားလိမ့်မယ်။ ဒီတော့ အိမ်လခတွေဘာတွေအတွက် ပူရမယ်၊ ပင်ရမယ်၊ အိမ်ရှင်က ချမ်းသာပေးမှာမဟုတ်ဘူး။ ဒီတော့မှ ပစ္စည်းကို ဝရမ်းဖမ်းလား၊ ဘာလားနဲ့ သာပြီးရှက်စရာကောင်းမယ်၊ တောကလူတွေပြောတာဆိုတာက ဒီလောက်အရေးမကြီးဘူး"

"မင်းက ခွဲနေချင်လို့လား" ဟု မောင်ထွန်းမြိုင်သည် မထွေးကို ယုယကာ မေးလေ၏။

"ဩော် ... ခွဲနေချင်တယ်လို့တော့ ဘယ်ဟုတ်မလဲ။ လူ့ဘဝမှာ အကြင်လင်မယားရယ်လို့ ဖြစ်ကြမှဖြင့် တစ်ခါတလေတော့ အခိုက်အတန့်ဆိုတာလို မတတ်သာရင် ခပ်ခွာခွာနေကြရတာပေါ့။ ဒီလိုဖြစ်ရခြင်းများဟာလည်း ကိုထွန်းမြိုင်နဲ့ ကျွန်မမှာသာ မဟုတ်ဘူး၊ လောကမှာ အများကြီးပဲရှိကြတယ်၊ သေကွဲတောင် ခွဲကြရသေးတာပဲ။ အခု ကျွန်မတို့ဟာ ကမ္ဘာပေါ်မှာ ငါတို့ထက်ပူတဲ့ လူများရှိတော့မှာမဟုတ်ဘူး၊ ငါတို့ဟာ ကံအဆိုးဆုံးပါပဲလို့ မှတ်ထင်ပြီးနေကြတာပဲ၊ တကယ်ဆိုတော့ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



တို့ထက် ဆင်းရဲဒုက္ခရောက်ပြီးနေကြတဲ့ လူတွေဟာ အခုတစ်ခဏအတွင်းမှာ မနည်းကြီးများကြမှာပဲ"

"မထွေးပြောတာတော့မှန်ပါရဲ့၊ သို့သော်လည်း ကိုယ့်အပူသာပူတယ်လို့ လောကမှာထင်ကြစမြဲကလား၊ သူများအပူအတွက် သူများပူကြလိမ့်မပေါ့"

"အပူဆိုတာက နောင်လည်း တွေ့ဦးမှာပဲ၊ ရှေးမညားမီတုန်းကများ ခုထက်တောင် ပူရသေးတယ်မဟုတ်လား၊ ပြီးတော့ ဘာများဖြစ်သေးသလဲ၊ အခုအထိ အတူတူနေခဲ့ကြပြီ၊ ဓားတွေ၊ တုတ်တွေ၊ ရန်သူတွေထဲမှာ အသက်စွန့်ပြီး ကျွန်မတို့ ပြေးလာခဲ့ကြရတယ်မဟုတ်လား၊ အခုလောက်ကလေးအတွက် စိတ်မညစ်ပါနဲ့၊ စိတ်ညစ်ရင်လည်း ကျွန်မဖြင့်ငိုချင်တာပဲ"

"မညစ်ပါဘူးကွယ်၊ ငါ့အတွက် ညစ်တာမဟုတ်ပါဘူး၊ ငါ့အတွက် မင်းစိတ်ပူမှာကို တွေးတွေးပြီး စိတ်ပူတာပါပဲ"

"ကျွန်မကလည်း ကျွန်မအတွက် စိတ်မပူပါဘူး၊ ကျွန်မအတွက် ကိုထွန်းမြိုင် စိတ်ပူမှာပဲဆိုတာတွေးပြီး ကိုထွန်းမြိုင်အတွက် စိတ်ပူတာပါပဲ။ အခု ဘယ်လိုကြံမလဲ"

"မကြံတတ်အောင် ရှိတော့တာပဲ၊ ဒီအတွင်းမှာ ရန်ကုန်မြို့မှာ အလုပ်တိုက်ရှိသမျှတွေကို နေ့ရှိသမျှလိုက်ပြီး ရှာမှာပဲ၊ ဟိုအရင်က ရန်ကုန်ကို မရောက်မီ တောမှာနေစဉ် အလုပ်အကိုင်မရှိ၊ မကြံတတ်မစည်တတ်နဲ့နေတုန်းက ငါ ရန်ကုန်မှာများနေရရင် တိုက်ရှိသမျှတွေကိုဝင်ပြီး အလုပ်ရှာမှာပဲလို့ နေ့စဉ်စိတ်ကူးမိတာပဲ။ လာဖို့ရန်ကလည်း စရိတ်မရှိ၊ နေဖို့ရန်လည်း နေရာမရှိ၊ အသိဆို ရန်ကုန်မှာတစ်ယောက်မှလည်း မရှိကိုးကွဲ့၊ ဒီ့ပြင်လည်း ငါ့မှာမိဘမရှိ၊ ဆင်းရဲတဲ့အရီးတစ်ယောက်နဲ့ နေရလေတော့ ထမင်းကိုသာစားရပြီး အဝတ်အစားလည်း မရှိတာနဲ့ ရန်ကုန်လာချင်တာနဲ့မလာနိုင်ဘဲ ရန်ကုန်မြို့ကိုသာ နေ့တိုင်းတွေးပြီး ရန်ကုန်ကိုရောက်ရင် ငါတော်ပြီ၊ ရန်ကုန်ကိုရောက်ရင် တစ်နေရာရာမှာ အလုပ်ရမှာပဲဆိုတာကိုသာ စဉ်းစားပြီး ရန်ကုန်ကိုရောက်ဖို့ချည်း တောင့်တနေခဲ့တာပဲ"



"အဲဒီတုန်းကများ ညအိပ်ရာဝင်လိုက်ရင် တစ်ခါတည်း ရန်ကုန်ကို ရောက်လာတာပဲ။ အဲဒီလိုအိပ်မက်ပြီးရောက်တဲ့အခါများ မိုးမချုပ်ပါစေနဲ့၊ နေမဝင်ပါစေနဲ့။ နေဝင်ရင် အလုပ်တိုက်တွေ ပိတ်ကုန်တော့မယ်။ ပိတ်ကုန်ရင် ငါဝင်ပြီး အလုပ်ကိုမေးဖို့ အချိန်ရတော့မှာမဟုတ်ဘူးဆိုတဲ့ စိတ်နဲ့ ရန်ကုန်မြို့ကြီးထဲမှာ တစ်ခါတလေ နေပူကြဲကြဲ၊ တစ်ခါတလေ မိုးရွာထဲမှာ လမ်းလျှောက်ပြီး အလုပ်ရှာနေရတာပဲ၊ အဲဒီလို အိပ်မက်ထဲမှာ အလုပ်ရှာတုန်းက နေ့များကလည်း တိုလိုက်တာလေ၊ ခဏ ခဏ မိုးချုပ်ပြီးသွားတာပါပဲ၊ အဲဒီလိုဖြစ်ပြီး အိပ်ရာကနိုးလာတဲ့အခါများ စိတ်ညစ်လိုက်တာလေ ဘာပြောစရာရှိမလဲ"

စသည်ဖြင့် အတိတ်ကိုပြန်၍ ရှုမျှော်သော မျက်လုံးများနှင့် အဝေး၌ ပြေး၍နေသော တိမ်ညိုကြီးများကိုကြည့်ကာ ပြောလေ၏။ အကြောင်းမူကား ၎င်းတို့နေသော အခန်းသည် လေးထပ်တိုက် အပေါ်ဆုံးအခန်းဖြစ်လေ၏။

သို့ပြော၍နေခိုက်တွင် မထွေးသည်လည်း ငေးစိုက်ကာ မလှုပ်မရှား စဉ်းစားစားစား နားထောင်၍နေပြီး သက်မကြီးချကာ

"နောက်တော့ ရန်ကုန်ကို တကယ်ရောက်လာတာနော်" ဟု ပြောကာ ထွန်းမြိုင်၏မျက်နှာကိုကြည့်လေ၏။

"အေး ... အလုပ်တော့ မရှာရဘူး၊ မိတ်ဆွေတစ်ယောက်နဲ့ပတ်သက်ပြီး တစ်ခါတည်း အလုပ်နဲ့လာခဲ့တာပဲ"

"အခု ဟိုတုန်းကနဲ့ မတူဘူး၊ အလုပ်ကိုလည်း လုပ်ဖူးလို့ အလုပ်တတ်နေပြီ၊ ရန်ကုန်မြို့မှာလည်း နေတယ်၊ အသိမိတ်ဆွေတွေလည်း များတယ်။ ရန်ကုန်မြို့အကြောင်းကိုလည်း သိတယ်၊ ကိုင်း ... ဘာပူစရာ ရှိသေးသလဲ"

"ငါ့အတွက် ပူလို့မဟုတ်ပါဘူး၊ မင်းကို ယူတုန်းက ကောင်းကောင်းမွန်မွန် ခံ့ခံ့ညားညား ရန်ကုန်မြို့မှာ နေရာတကျ ထားနိုင်မယ်ထင်လို့ ယူတာ၊ အခုလိုဖြစ်တော့ စိတ်ညစ်တာပေါ့ကွဲ့၊ မင်းအမေမှာလည်း ချမ်း

www.burmeseclassic.com

www.burmeseclassic.com



သာတာမဟုတ်ဘူး၊ တခြားသမီးတွေ သမက်တွေကောင်းလို့ တင့်တင့်တယ်တယ်နေနိုင်တာကလားကွဲ့၊ ဒီတော့သူ့ကိုသွားပြီး ဝန်လေးအောင်လုပ်ဖို့ မတော်ဘူး"

မထွေးသည် မှိုင်၍သွားလေ၏။

ထို့နောက် "ကိုင်း မထွေးစိတ်ညစ်မနေနဲ့၊ သုံးလေးရက်အတွင်းတစ်ချက်ချက်မှာ နေရာကျဖို့မရှိရင် မင်းကိုပြန်ပြီးလွှတ်မယ်၊ ငွေတစ်ရာလောက်ပါရင် မင်းတို့သားအမိ တောမှာ နှစ်လသုံးလလောက်တော့ နေသာထိုင်သာ ရှိမှာပေါ့"

"ကျွန်မ ငွေကိုယူသွားရင် ကိုထွန်းမြိုင် ဘယ့်နှယ်လုပ်နေမလဲ၊ ကျန်တဲ့ငွေကလေးတစ်ရာနဲ့ ရန်ကုန်မြို့မှာ ဖြစ်ပါ့မလား။ ကျွန်မ မယူဘူး၊ တောရောက်ရုံသာ လိုက်ပြီးပို့ပါ။ ဟိုကျတော့ ကျွန်မလည်း ကြံမှာဖန်မှာပေါ့"

"ဘာကြံမလဲ"

"ကျွန်မ အချုပ်အလုပ်အတတ်သားပဲ၊ ကျွန်မမှာ စက်ကလေး ရှိတယ်၊ ကျွန်မကတောင် ငွေပို့နိုင်သေးတာရဲ့"

"ဒီလိုလည်း ဘယ်ဖြစ်မလဲကွယ်၊ မင်းမှာလည်း ငွေပါဦးမှပေါ့၊ ကိုကို့မှာတော့ ယောက်ျားပဲမစိုးရိမ်နဲ့၊ မတတ်သာ ရှေ့နေတစ်ယောက်ဆီမှာ စာရေးလုပ်တာပေါ့"

"အမယ်လေး သည်လိုစကားမျိုးကို မကြားပါရစေနဲ့၊ ကျွန်မယောက်ျား ရုံးစာအိတ်ကလေးကိုင်ပြီး ရှေ့နေနောက်က လိုက်တာကို စိတ်ထဲမှာတွေးလို့တောင်မဖြစ်ဘူး၊ ဒီလိုလုပ်လို့ရတဲ့ ပိုက်ဆံကို ကျွန်မမစားဘူး၊ အငတ်ခံသေမယ်။ ဒီလိုများလုပ်ရရင် ကျွန်မ ရင်ကွဲပါရဲ့"ဟု ပြောလေရာ မောင်ထွန်းမြိုင်သည် မထွေးကို သာ၍နီးစွာပွေ့ယူပြီး ကျောကို လက်နှင့်သပ်လျက်

"ကွယ် မပူပါနဲ့၊ နေရာကျတော့မှာပဲ၊ လူကောင်းတစ်ယောက်မှာ ဘယ်သူကပဲ မတရားလုပ်စေကာမူ ခဏဆင်းရဲမှာပါ။ နောက်ဆုံးကျတော့



ဘာမှဖြစ်မှာမဟုတ်ပါဘူး"ဟုပြောရသော်လည်း မိမိ၏မယားကို ခေတ္တမျှ ခွဲခွာပြီး တောသို့ပို့ထားရမည့်အရေးကို တွေးရှုကာ မခံချည့်သဖြင့်

"ကိုင်း .. မထွေးရေ၊ စကားပြောနေတာ အချိန်ကုန်တယ်၊ အခုအချိန်ရှိခိုက်မှာ ကြံမယ်"ဟုပြောကာ မထွေးကိုလွှတ်ပြီး ခေါင်းပေါင်းအဝတ် ဝတ်ဆင်ကာ ဖိနပ်ကိုစွပ်ပြီး တိုက်ပေါ်မှဆင်း၍သွားလေ၏။ မထွေးသည် တံခါးကို ပိတ်ပြီး အိပ်ရာထဲသို့ဝင်လာ၍ ပက်လက်လှန်ကာ တိုက်မျက်နှာကြက်ကို ကြောင်တောင်ကြီးကြည့်ရင်း မိမိ၏ယောက်ျားတဖားဖားသွားလာရှာကြံရသည်ကို ထင်ကာမြင်ကာ သနား၍မဆုံးဘဲ နေရှာလျက် ခွဲခွာရမည့်အရေးကို တွေးတောကာ မျက်ရည်ပေါက်ကြီးများသည် ခေါင်းအုံးပေါ်သို့ စီးကျ၍လာလေသတည်း။

မောင်ထွန်းမြိုင်သည် သုံးရက်တိတိ မနေမနားအလုပ်ကိုရှာလေ၏။ ညဉ့်အချိန်များ၌လည်း အသိမိတ်ဆွေရှိသမျှကိုတွေးပြီး ၎င်းတို့ထံသို့သွား၍ စုံစမ်းမေးမြန်းလေ၏။ ရှိသောငွေကလေးများ လျော့မှာစိုးသဖြင့် အခါများစွာ လမ်း၌ ဆာလောင်မွတ်သိပ်သော်လည်း လက်ဖက်ရည်ကိုမှ ဝယ်၍မသောက်။ လန်ချားကိုမစီး၊ အလွန်ဝေးသော လမ်းများအတွက်သာ သုံးပြားတစ်ပဲ တစ်မူးအကုန်ခံ၍ ဓာတ်ရထားကို စီးလေ၏။ အလွန်တရာဆေးလိပ်သောက်ချင်သည့်အခါ ကုလားဖက်လိပ်ကလေးများကို တစ်ပြားဖိုးနှစ်ပြားဖိုးဝယ်ပြီး လူမမြင်သောနေရာမှာ တအောင့်တနားသောက်လေ၏။ ရေငတ်လျှင် ဘီလပ်ရေကိုမသောက်ဘဲ ရှာလပတ်ရည်ကိုသာ ဝယ်၍သောက်၏။ တရုတ်တန်း မကိုတန်းများ၌ စားသောက်၍နေသူတို့ကို မြင်သည့်အခါ ငါ့မိန်းမလည်း စားချင်မှာပဲဟုတွေးကာ မိမိမစားဘဲ မယားအတွက် အနည်းငယ်ဝယ်ခြမ်း၍လာပြီး အိမ်ကိုရောက်သည့်အခါ ပျော်ပျော်ရွှင်ရွှင် ကြည်လင်သောမျက်နှာနှင့် "ငါတော့ဆာဆာရှိတာနဲ့ ကြိတ်လာခဲ့ပြီယော့"ဟုပြောကာ ပါသောအထုပ်ကို မိန်းမအားပေးလေ၏။ မထွေးသည်ကား မိမိ၏ယောက်ျား မိမိဘာသာစား၍ လာသည်ဆိုသောစကားကို မသင်္ကာသဖြင့် အနည်းငယ်မျှ စားဟန်ပြုကာ "ကျွန်မ အင်မတန်ထမင်း

www.burmeseclassic.com

www.burmeseclassic.com



စားလို့ကောင်းတယ်၊ မစားနိုင်တော့ဘူး၊လူများဆင်းရဲပြီဆိုမှဖြင့် အင်မတန်စားသောက်ကောင်းတာပဲ"

"ဟုတ်တယ် မထွေးရေ၊ ငါလည်းပဲ ပဲပြုတ်မြင်တာတောင် စားချင်တာပဲ၊ ဝယ်စားလာခဲ့တာပဲ" ဟုပြောကာ စားစရာကလေးများမှာ တစ်ယောက်ကိုတစ်ယောက် ညှာ၍စားရသည့်အတွက် မကုန်ဘဲ ကျန်၍များနေလေ၏။

ဤကဲ့သို့ အလုပ်ရှာရာ အဘယ်မှာမှ နေရာမကျသဖြင့် နောက်တစ်ရက်လွန်လျှင် မထွေးကို တောသို့ပို့ရတော့မည်မှာ သေချာ၍နေလေ၏။ ထိုနေ့ညဉ့် ရှစ်နာရီအချိန်တွင် မောင်ထွန်းမြိုင်သည် အိမ်သို့ရောက်၍လာသောအခါ မထွေးသည် ၎င်း၏မျက်နှာကိုကြည့်လေ၏။ သို့ကြည့်ရာ အခါတိုင်းနည်းတူ အားတက်ဖို့ရန် အရိပ်လက္ခဏာ မမြင်သောအခါ မေးမြန်းခြင်းကိုမပြုဘဲ ထမင်းကိုသာ ပြင်လာလေ၏။

မောင်ထွန်းမြိုင်သည်ကား ဖိနပ်ကိုမချွတ်ဘဲ ပက်လက်ကုလားထိုင်၌ ထိုင်တာမထွေးကိုကြည့်ပြီး မချိသောပြုံးခြင်းဖြင့် ပြုံးလျက် ဦးခေါင်းကိုခါပြီးလျှင် "အလုပ်များတကယ်ရှာမှတကယ်ရှားတာပဲဟေ့" ဟု ပြောလေ၏။

"မရလည်း ဘာကိစ္စရှိလဲလေ" ဟုပြောကာ ထွန်းမြိုင်ရှေ့တွင် ပြုံးပြုံးကလေးထိုင်လျက် ဖိနပ်ကြိုးကိုဖြုတ်၍ပေးလေ၏။ ထို့နောက်

"ထမင်းစား ကိုကိုထွန်းမြိုင်" ဟု လက်ကိုဆွဲမြှောက်လေရာ ထွန်းမြိုင်သည် ထလေ၏။ မထွေးသည် ၎င်းအင်္ကျီခေါင်းပေါင်းတို့ကို ယူ၍ချိတ်လေ၏။ ထို့နောက် ထွန်းမြိုင်သည် ရေမိုးချိုးပြီး မထွေးနှင့်အတူ ထမင်းစားလေ၏။

ထိုညဉ့်၌ မျက်နှာချင်းဆိုင်ကာ တစ်ယောက်ကိုတစ်ယောက် အားပေးရင်း အိပ်ရာပြင်ကြလေ၏။

တော၌ အဘယ်ပုံနေမည်ထိုင်မည်၊ ထွန်းမြိုင်က ရန်ကုန်မှာ အဘယ်ပုံကြံစည်မည့်အကြောင်းများကိုပြောရင်း ညဉ့်နက်မှ အိပ်ပျော်၍ သွားကြလေသတည်း။



နံနက်မိုးလင်းသောအခါ ထွန်းမြိုင်က "ကိုင်း ... မထွေးရေ၊ မင်းယနေ့ညပြန်မှတော်မယ်၊ အိပ်ရာပြင်ဆင်ရစ်ပေတော့၊ ငါသွားပြီး ရှာကြည့်မယ်၊ နေရာကျရင်လည်း ပြန်ဖို့လိုမှာမဟုတ်ဘူး" ဟု ပြောကာ ထွက်သွားပြန်လေ၏။

မထွေးသည် နေရာကျမှာမဟုတ်ပါဘူးလေဟု တွေးကာ စိတ်အားငယ်ငယ်နှင့်တောသို့ပြန်ရန် ပြင်ဆင်သိမ်းဆည်းလေ၏။

သို့သိမ်းဆည်းပြီး မောမောနှင့် သံသေတ္တာပေါ်မှာထိုင်ကာ ကြမ်းပေါ်ကိုကြည့်၍နေရာမှ စိတ်အားငယ်ငယ်နှင့်ပင် ထပြီး ဆက်လက်၍ပြင်ဆင်ခြင်းများကိုမပြုဘဲ အဝတ်အစားလဲပြီးလျှင် မှန်ထဲ၌ကြည့်ကာ မျက်နှာကို တို့ပတ်တစ်ချက်နှစ်ချက်ရိုက်ပြီးလျှင် ထီးကလေးကိုဆွဲ၍ အခန်းပြင်သို့ ထွက်လေ၏။ တံခါးကိုပိတ်ပြီး မကြာမီ အောက်သို့ရောက်လေရာ ဆယ်နာရီခန့်အချိန်ဖြစ်၍ မိုးတိမ်စင်လျက် နေပွင့်ခိုက်မို့ မရမ်းရောင် ပိုးထီးကလေးကို ဖျတ်ခနဲဖွင့်ကာလမ်းသို့ လေပွေဝှေ့သလို လျင်မြန်စွာ လျှောက်၍သွားလေ၏။

မကြာမီ ဓာတ်ရထားစခန်းသို့ရောက်လေရာ ဓာတ်ရထားကိုစီး၍ ဈေးကြီးဘက်သို့ပါသွားပြီးလျှင် ဈေးကြီးမှ ဘုရားလမ်းသို့ ရောက်သွားလေ၏။

ဘုရားမရောက်မီ လမ်းခုလတ်တွင် ဓာတ်ရထားမှဆင်းပြီးနောက် အိမ်ကြီးတစ်အိမ်၏ရှေ့သို့ ရောက်လေရာ ၎င်းအိမ်သို့ဝင်ပြီး အစေခံမလေးတစ်ယောက်အား မေမေစောရှိသလားဟု မေးလေ၏။

"မေမေစောရှိပါတယ်၊ ကျွန်မ သွားပြီး ပြောလိုက်ဦးမယ်" ဟုပြောပြီး အစေခံမကလေးသည် အိမ်ပေါ်သို့ တက်သွားလေ၏။

ထိုအိမ်သို့ မထွေးလာခြင်းမှာ အခြားကြောင့်မဟုတ်။ သူတစ်ယောက် တည်းရှာကြံတာထက် ငါပါကူပြီး ကြံရလျှင် သာပြီးခရီးရောက်မှာပဲဟု အတွေးရောက်ကာ မိမိ၏ယောကျာ်း အလုပ်လုပ်သောတိုက်က သူဌေးနှင့် မေမေစောအကြောင်းပါသည်ဟု ကြားရသဖြင့် မေမေစောကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ၆ လ လောက်က ဥပုသ်ဇရပ်တစ်ခုမှာ တွေ့ဖူး၍ အသိဖြစ်ဖူးသောကြောင့် စွန့်စား၍ လာခြင်းဖြစ်လေ၏။

မမေစောသည်ကား ပစ္စည်းဥစ္စာ အိမ်ပိုင်ယာပိုင်နှင့်နေသော ဘိုကတော်မုဆိုးမ ချောလှခံ့ညား ဂုဏ်သတင်းကြီးမားသူ ဖြစ်လေရာများသော ဘိုမြန်မာသူဌေး အရာရှိတို့သည် ၎င်းကို ပိုးပန်း၍နေကြလေ၏။ မောင်ထွန်းမြိုင် အလုပ်လုပ်သောတိုက်က မန်နေဂျာသည်ကား သဲသဲမဲမဲ မရှက်မကြောက် ပိုး၍နေလေရာ မမေစောသည်လည်း အစဉ်းစားကြီးလျက်သာ နေခဲ့လေ၏။ လူကိုစုံမက်သလား၊ ဥစ္စာဆိုအုပ်ခါ စားမလို့လားဟု သို့လော သို့လောတွေးတောကာ အင်းမလှုပ် အဲမလှုပ် လက်လည်းမခံ၊ လှန်၍လည်းမပစ်၊ ကျောက်ဆောင်လို မလှုပ်မရှားနေခဲ့ သည်မှာ တစ်နှစ်နီးနီးကြာခဲ့လေ၏။

မမေစောသည်ကား မိမိယောကျ်ား သေဆုံးကတည်းက မှဲ့ပေါက်မစွန်းအောင်နေခဲ့သဖြင့် မညှိုးနွမ်းသောဂုဏ်သတင်းရှိသူ ဖြစ်လေရာ ပိုးပန်းသူတို့မှာ အရခက်လေလေ တပ်မက်လေလေဟူသော လူတို့၏ သဘောအရ မမေစောအကြောင်းကို တွေးသည့်အခါတိုင်း နာမည်က စောသော်လည်း အဘယ်နေရာမှမစောသဖြင့် မိမိတို့မှာသာ စောစော၍ နေရသည်ကို စဉ်းစားကာ မော၍သာနေကြရသဖြင့် ကျတော့မလို ကျတော့မလိုနှင့် သစ်ပင်ပေါ်မှာ တင်၍နေသော လေတံခွန်၊ မီးပုံးပျံတို့ကို လိုက်ကြရသူများကဲ့သို့ မကျေမချမ်းဖြစ်ကြရလေ၏။

အဆိုပါတိုက်က သူဌေးသည်ကား မိမိကိုယ်တိုင်လည်းဥစ္စာအတော်ရှိသူဖြစ်လေရာသဲသဲမဲမဲ ဖွဲဖွဲလမ်းလမ်းမျှော်လိုတွယ်၍နေသော အကောင်ဖြစ် သဖြင့် မမေစောသည် တွန်းဖယ်၍လည်း မပစ်ရက်၊ ဆွဲ၍လည်း မဖက်ဝံ့ဘဲ ရှုံ့ရှုံ့ကြောက်ကြောက်နှင့် ၎င်းလာသည့်အခါ လက်သင့်ခံလျက် စဉ်းစား၍သာနေခဲ့လေ၏။

သို့နေလေရာ အချို့က ၎င်းတို့နှင့် ညားနေပြီဟု ပြောကြမည်ကို မထွေးသည် နားစွန်နားဖျားကြားပြီး တကယ်အတည်တကျ တိုင်းသိ



ပြည်သိ လင်မယားအဖြစ်သို့ရောက်၍နေပြီဟု စိတ်ချယုံကြည်ကာ မိမိ၏ လင်အတွက် ကူညီပြောဆိုပေးရန် တောင်းပန်အသနားခံရလျှင်တော်လေမည်လားဟု စဉ်းစားကာ ရောက်၍လာခြင်းဖြစ်လေသတည်း။

မကြာမီ သူငယ်မကလေး ဆင်း၍လာပြီး "မမေက နာမည်ပြောပါတဲ့"ဟု ပြောလေရာ မထွေးက မထွေးလို့ပြောပါ။ လွှစ္စလမ်းက မထွေးဟုပြန်ပြောလေ၏။

အစေခံမကလေး တက်သွားပြီးပြောလေရာ မမေစောမှာလည်း မိမိထံသို့ နှစ်နာရီကျော်ကျော်လာ၍ စကားပြောနေသော ထိုဘိုကိုပြန်စေချင်သဖြင့် မထွေးကို လာစေဖို့ရန် အခွင့်ပေးလိုက်လေ၏။

မထွေးသည် အားရဝမ်းသာ တက်၍သွားရာ မမေစောနှင့် စကားပြောနေသော အသက်သုံးဆယ်ကျော်ခန့် ခံ့ညားသားနားသော ထွားထွားမြင့်မြင့် ဘိုက မိမိကို နှောင့်ယှက်ရန်လာတဲ့ ကောင်မလေးပဲဟု အတွေးရောက်ကာ မျက်နှာခပ်တင်းတင်းနှင့် ကြည့်လေ၏။ မမေစောက မထွေးကို ပျူပျူငှာငှာ –

"လာပါ ထိုင်ပါ၊ ညည်းတို့ ဘယ်မှာနေကြသဲ၊ ဘာဖြစ်လို့ ခဏခဏ မလာသလဲ၊ အခုလာပုံထူးတယ်၊ ဘယ်လိုကိစ္စလဲ မေ့ကိုပြောစမ်း"ဟု ပြောကာ ကုလားထိုင်ကိုပြလေရာ ဘိုသည် ပြုံးချိုလျက် မထွေးကို ကြည့်၍ ခေါင်းညိတ်လေ၏။

မမေစောသည်ကား သူဌေးကတော် မမြမေ မသေမီက ဒေါ်မြမေနှင့်အကြောင်းပြုကာ ဥပုသ်ဇရပ်မှာ အသိဖြစ်ခဲ့ကတည်းက မျက်မှန်းတန်းမိခဲ့သော်လည်း မထွေးမှာ ဂုဏ်ရည်မတူသဖြင့် ဝင်လားထွက်လား မလုပ်ရဲဘဲနေခဲ့လေ၏။

"မာရဲ့လား၊ ဘယ်လိုကိစ္စလဲ၊ ညည်းယောကျ်ားကော"

"ကျွန်မယောကျ်ားရော၊ ကျွန်မရော မာပါတယ်။ အခုလာတာကတော့ ကျွန်မယောကျ်ားအတွက် မမေစောတတ်နိုင်ရင် ကူညီပေးဖို့ ကျွန်မတောင်းပန်ဖို့လာတာပဲ။ မမေစောယောကျ်ားကလည်း ကျွန်မယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်တဲ့တိုက်က သူဌေးကြီးဖြစ်တယ်လို့ ကျွန်မကြားတာနဲ့ လာခဲ့ပါတယ် မေမေ"

ဟုပြောလေရာ မေမေစောအ၏မျက်နှာသည် ဝင်းထိန်၍လာလေ၏။ ဘိုကြီး၏မျက်လုံးများမှာ အရောက်လက်ကာ မထွေးကို အံ့အားသင့်သော အမူအရာ၊ ရွှင်ပျသော်လက္ခဏာနှင့် ကြည့်လေ၏။ မထွေးသည်ကား မည်သူ့ကိုမှ မကြည့်ဘဲ ခေါင်းကလေးငုံ့ကာ လည်ကလေးကိုတွန့်ကာ ရှိုက်ကာ ရှိုက်ကာ အသက်ရှူ၍ အားယူကာ မိမိ၏ထီးကို လက်နှစ်ဖက်ကြားမှာ ထားပြီး ထီးရိုးလုံးလုံးကလေးကို ပွတ်ကာသတ်ကာ ထိုစကားများကို ပြော၍နေလေရာ ဘိုကြီးနှင့် မေမေစောမှာ စကားမပြောဘဲ တစ်ယောက်ကိုတစ်ယောက်မျက်စောင်းထိုးကာမချိုမချဉ်ကြည့်၍နေကြလေ၏။

ဘိုကြီးသည်ကား ကြည်နူးသောမျက်နှာနှင့် စီးကရက်ကိုဖွာကာ ထိုင်ရာမှထပြီး မနီးမဝေး ပြတင်းပေါက်ကိုသွား၍ လက်ကိုနောက်သို့ ပစ်လျက် ခြံထဲကို ကြည့်၍နေလေ၏။

"ညည်းယောကျ်ားနာမည် ဘယ်သူလဲ၊ မောင်ထွန်း ဘာသူဆိုလား"

"ကိုထွန်းမြိုင်ပါ မေမေရဲ့၊ ကျွန်မနဲ့ အကြောင်းပါတာ အခါလည်ရှိပါသေးတယ်။ ကျွန်မတို့မှာ ဘာမှပစ္စည်းမရှိဘူး၊ သူ့မှာလည်း မိဘမရှိ၊ ကျွန်မမိဘလည်း မချမ်းသာဘူး၊ ဒီအတွက် ကျွန်မတို့မှာ သိပ်ပြီးဒုက္ခဖြစ်နေပါတယ်။ မေမေစော ကယ်နိုင်မှာပဲ"

"မေမေ ဘယ်လိုကယ်ရပါ့မလဲ၊ မေမေ ဘယ်နည်းနဲ့ ကယ်နိုင်မယ်ထင်သလဲ"

"မေမေစောယောကျ်ားကို မေမေစောပြောရင် ငြင်းမှာမဟုတ်ပါဘူး။ မေမေစော မကယ်ရင် ကျွန်မတို့သိပ်ပြီး ဒုက္ခရောက်ရတော့မှာပဲ"

"သူ့မှာ ဘာအပြစ်ရှိသလဲ"

"ဘာအပြစ်မှတော့ မရှိပါဘူး၊ မေမေစောယောကျ်ားက သူတစ်ပါးတိုက်တာနဲ့ အထင်လွဲတာပါ"

ဘိုသည် နောက်ကို လျင်မြန်စွာလှည့်ကြည့်ပြီး ပြန်၍လှည့်သွား



လေ၏။ ထို့နောက် စီးကရက်ကို ပြုံးလျက်ဖွာကာ စီးကရက်ထိပ်ကပြာကို မှုတ်၍နေလေ၏။

"အခု ကျွန်မယောကျ်ား အလုပ်လည်ရှာတာ ဘယ်မှာမှ မရတာနဲ့ နက်ဖြန်ကာ ကျွန်မ တောကိုပြန်တော့မယ်၊ ဒီမှာ အိမ်လခတွေ ဘာတွေနဲ့ နေရင် ဝန်လေးဖို့သာ ရှိပါတယ်၊ မေမေသြဇာရှိပါလိမ့်မယ်၊ ကျွန်မတို့မှာ အားကိုးရာမဲ့နေ ဖြစ်ပါတယ်"

"သူ ဘယ်ဘက်ကလုပ်သလဲ"

"စာရင်းကိုင်စာရေးကြီးပါ။ အင်မတန်တော်ပါတယ်၊ စာအရေးအသားမှာလည်း အင်မတန်ကောင်းပါတယ်၊ အရင်ဒီတိုက်မှာ စာပေးစာယူဘက်က လုပ်ခဲ့ဖူးပါတယ်"

ထိုအခါ ဘိုကြီးကလှည့်၍ကြည့်ကာ "အို ထွန်းမြိုင်က စာရေးတတ်ပြီလား"

ထိုအခါ မြန်မာစကားနားမလည်ဘူးမှတ်ထင်ရသော ဘိုကြီးက မြန်မာလိုပြောသောအခါ မထွေးသည် အံ့အားသင့်လျက်

"ရေးတတ်ပါတယ် သခင်၊ သူ့အကြောင်းကို စုံစမ်းကြည့်ရင် သိနိုင်ပါတယ်"

"ကောင်းပြီ၊ ကျွန်ုပ် စုံစမ်းကြည့်မည်" ဟုပြောပြီး မေမေ စောအား ထွန်းမြိုင် ဒီလိုဒုက္ခတွေ့လိမ့်မယ် မထင်လို့ မိမိ ထုတ်ပစ်လိုက်ကြောင်းကို ဘိုအဲလိပ်ဇန်ဒါက ပြောပြလေသည်။

မေမေစောက မြန်မာဘာသာဖြင့်

"အလိုက်(ကစ) မင်း ဒီလိုလုပ်တာ ဘာကောင်းသလဲ၊ ကြည့်စမ်း သည်မိန်းမကလေး ဘယ်လောက်ဒုက္ခများနေသလဲ။ မသနားဘူးလား၊ သူ့ယောကျ်ားကို အလုပ်ပြန်ပေးလိုက်ပါ"

"မစော၊ ကျွန်ုပ် စိတ်မဆိုးပါဘူး။ ကျွန်ုပ်မှားသွားပြီ။ အများကြီး စိတ်မကောင်းဘူးဖြစ်သည်။ မစောက အလုပ်ပြန်ပေးရမည်ဆိုလျှင် မနက်ဖြန်ခါလာပါစေ၊ အလုပ်ပြန်ရမယ်၊ မစောမျက်နှာကိုထောက်လို့

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိုပြန်ပေးမည်" ဟု ပြုံးရွှင်သော မထွေးအား ခေါင်းညိတ်၍ ပြောလေ၏။

ထို့နောက်တစ်ဖန် မေမေစောအား အင်္ဂလိပ်စကားဖြင့် "မစော မင်း တစ်ခုပါပဲ၊ မင်းကောင်းရင်ကောင်းတာပဲ၊ မင်းဆိုးရင်ဆိုးတာပဲ၊ အခုလည်း မင်းမျက်နှာကြောင့် ငါ ဒီမိန်းမကလေး၏ ယောကျ်ားကိုအလုပ်ပြန်ပြီး သွင်းရတော့မယ်၊ ကျုပ်အလုပ်တိုက်မှာ ပျက်စီးသွားသော် ကိစ္စမရှိဘူး၊ မစော ကျုပ်ကိုဆိုးတဲ့လူတစ်ယောက်ဖြစ်တယ်လို့ မထင်ရင်တော်ပါပြီ၊ ဒီတော့မစောက အလုပ်ပြန်ပေးပါဆိုတဲ့အတွက် ထွန်းမြိုင်ကိုအလုပ် ပြန်ပေးရပါတော့မယ်၊ ဒီတော့ မစောစကားကို ကျုပ် နားထောင်သလို ဒီမိန်းမကလေးပြောတဲ့ စကားကိုလည်း မစောသဘောကျလိမ့်မယ် ထင်ပါတယ်။ သူ့ပါးစပ်ကို မြန်မာဖူးစာနတ်ကစီးပြီးပြောတာလို့ မစော မယုံကြည်ဘူးလား" ဟုပြောသောအခါ မေမေစောသည် ပြုံး၍နေလေ၏။

ထို့နောက် မေမေစောသည် မထွေးအား "အေး ... မထွေး၊ ညည်း ယောကျ်ားကိုသာ ဝမ်းမြောက်စရာ သတင်းကောင်းကို ပြန်ပြီးပေးပေတော့၊ အခုလခ ဘယ်လောက်လဲ"

"ကျွန်မယောကျ်ား တစ်ရာ့ငါးဆယ်ရပါတယ်"

"ဘယ်လောက်ကြာပလဲ"

"ခုနစ်နှစ် ရှစ်နှစ်လောက် ရှိပါပြီမေမေ"

"စာရင်းကိုင် ကောင်းကောင်းတတ်သလား"

"တိုက်မှာ အလုပ်လုပ်သမျှ လူတွေဟာ အခက်အခဲဆိုရင် ကျွန်မ ယောကျ်ားကို လာလာပြီးမေးကြရပါတယ်"

မေမေစောသည် အာလိပ်ဇန်ဒါကိုကြည့်ကာ အင်္ဂလိပ်ဖြစ်ရင် သည် လိုစာရင်းကိုင်မျိုးကို လခဘယ်လောက်ပေးမလဲဟု မေးလေ၏။

"ဘာဖြစ်လို့လဲ၊ လေးရာ ငါးရာလောက်တော့ ပေးရမှာပေါ့"

"ဒီလိုဖြင့် ကွာလှချည်ကလား၊ မြန်မာလူမျိုးက ညံ့လို့လား"

"ညံ့တော့ မညံ့ပါဘူး၊ သို့သော်လည်း ..."



"သို့သော်မလဲပါနဲ့၊ မင်းတို့လုပ်တာ မတရားဘူး၊ အခု အများကြီး စိတ်ညစ်ရအောင် လုပ်တဲ့အတွက် လခတိုးပေးဖို့ကောင်းတယ်"

"မစောပြောရင် ကျုပ်ပေးမှာပဲ၊ ဘယ်လောက်ပေးစေချင်သလဲ"

"၃၀၀လောက် မပေးနိုင်ဘူးလား၊ သုံးရာမများပါဘူး၊ ဘိုထက်တော့ သက်သာသေးတာပဲ"

"နေပါဦးဇလ၊ တဖြည်းဖြည်းပေါ့၊ ကိုင်း ၂၀၀ ယူပါစေ၊ ကျုပ်တစ် ယောက်တည်းအလုပ်မဟုတ်ဘူး၊ နောက်ကို ကျုပ်ကြည့်ပေးပါမယ်၊ အခု ၂၀၀ ယူပါစေဦး" ဟု ပြောလေရာ မေမေစောသည် မထွေးကို ဝမ်းမြောက် ဝမ်းသာကြည့်ပြီး

"ညည်းလာတာ ရက်ကောင်းနေ့ကောင်းကို ရွေးလာတာပဲ၊ လခ ၂၀၀ နဲ့ နက်ဖြန်အလုပ်ဝင်ရမယ်လို့ ညည်းယောကျ်ားကို ပြန်ပြီးပြောတော့ ညည်းယောကျ်ား မျှော်နေလိမ့်မယ် ပြန်ပြန်" ဟု ပြောလေ၏။

အာလိပ်ဇန်ဒါက မထွေးကို ပြုံးလျက်ကြည့်ကာ

"မင်းက ရက်ကောင်းရော၊ နာရီကောင်းရော ရွေးပြီးလာတာကိုး၊ အများကြီးကျေးဇူးတင်ပါတယ်၊ စိတ်ချပြီးသွားပါတော့" ဟုပြောလေလျှင်

"မထွေးသည် ဝမ်းမြောက်အားကြီးသဖြင့် မှုန်ပြီး ကျေးဇူးတင်သော စကားကို မြန်မြန်ကြီး ထွေးလုံးရစ်ပတ်ပြောကာ အိမ်ပေါ်မှ အောက်ကို ရောက်မှန်းမသိ၊ ဓာတ်ရထားကိုမှ မစောင့်နိုင်ဘဲ မြင်းရထားကိုခေါ်၍စီးပြီး ဈေးမှလှည့်ကာ ဆိုင်အမျိုးမျိုးသို့ဝင်၍ ဝယ်ခြမ်းပြီး အိမ်အရောက် အမြန် သွားလေ၏။

မထွေးသည်အိမ်၌ညနေစောင်းသောအခါ ပြတင်းပေါက်မှကုန်းကာ လှမ်းကာ မျှော်ရသဖြင့် အောက်သို့ကျတော့မလို တစ်ခါနှစ်ခါ ဖြစ်လေ၏။

မောင်ထွန်းမြိုင် မပေါ်လာနိုင်သဖြင့် မငြိမ်မသက်ဖြစ်ကာ ထချည် မျှော်ချည် ဖြစ်၍နေလေ၏။ မီးဖိုချောင်နှင့် အိမ်ရှေ့ခန်းကို ကူးချည်သန်း ချည်နေလေ၏။ ညရထားနှင့် ခရီးသွားရန်ပြင်ဆင်ထားသည့် ပစ္စည်းများ ကို မိမိတို့၏အသီးအသီး နေရာများ၌ပြန်၍ထားကာ အခါတိုင်းလို ခြေရာ

www.burmeseclassic.com



လက်ရာမပျက် ရှိစေလေ၏။

ထို့နောက် အတိုင်းမသိသော ကြီးမားသောဝမ်းမြောက်ခြင်း အရသာကို ခံစားကာ ပက်လက်ကုလားထိုင်တွင် လှန်၍နေလေ၏။

ထိုအခိုက်တွင် မောပန်းလေးလံစွာ တက်၍လာသော နေးသော ခြေလှမ်းကို ကြားရလေလျှင် အိပ်ပျော်ဟန်ဆောင်၍ နေလေ၏။

ထွန်းမြိုင်သည် တံခါးကို တွန်း၍ဖွင့်ပြီး ဝင်လာရာ မထွေးသည် ကုလားထိုင်ပေါ်၌ အိပ်နေသည်ကို တွေ့ရသဖြင့် ခြေဖျားထောက်ကာနင်းပြီး ခုတင်ပေါ်၌ထိုင်ကာ မောမောပန်းပန်းနှင့်ဖိနပ်ကို ချွတ်လေ၏။

မထွေးသည် မျက်လုံးဖွင့်ကာကြည့်၍နေပြီး "သြော် ... ကိုထွန်းမြိုင် ပြန်လာတာတောင် ကျွန်မ မသိဘူး၊ ညက မအိပ်ရတာနဲ့မေ့ခနဲ ပျော်သွားတယ်၊ ဘယ့်နှယ်လဲ"

"မဟန်ပါဘူးကွယ်၊ မင်း ပြင်ပြီးပြီလား"

"ကျွန်မတော့ ပြင်ပြီးပြီ၊ အသင့်ပဲ"ဟုပြောကာ မီးဖိုထဲဝင်လာပြီး အဝတ်ဖြူဖြူအုပ်ထားသော စားပွဲခင်းကို ယူလာပြီး အိမ်ရှေ့ခန်းစားပွဲပေါ်၌ တင်လေ၏။

ထွန်းမြိုင်သည် မချိုမချဉ်မျက်နှာနှင့် မိမိ၏မယားလုပ်ကိုင်တာကို ကြည့်၍နေလေ၏။

တစ်ဖန် မီးဖိုထဲကို မထွေးပြန်ဝင်ပြီး စက္ကူထုပ်ကြီးတစ်ခုကို ယူလာသောအခါငါ့မိန်းမ စိတ်များနောက်သလားဟုတွေးကြောက်သော ကြည့်နည်းမျိုးဖြင့် ကြည့်၍နေလေ၏။

အိမ်ရှေ့ခန်းမှနေ၍

"ကိုထွန်းမြိုင် လာလေ၊ ပြင်ပြီးတာကြာလှပြီ၊ ကျွန်မ မျှော်နေတယ်။ လာလာ အမောပြေကလေး" ဟု ပြော၍ခေါ်လေရာ မိမိမယားကို မမှတ်မိသောနည်းမျိုးဖြင့်လည်းကောင်း၊ ဆေးဆရာသည် လူမမာကို ကြည့်သကဲ့သို့လည်းကောင်း၊ အပြင်သို့ထွက်လျက် မျက်လှည့်ဆရာ လုပ်တာကိုင်တာကို စူးစိုက်စွာကြည့်သကဲ့သို့လည်းကောင်း စားပွဲကိုကြည့်လျက် အုပ်၍



ထားသော အဝတ်အောက်မှ မြွေထွက်၍ပေါက်လေမလားဟု တွေးတောကြောက်ရွံ့သကဲ့သို့ကပ်ကာ မတော်တဆ မြွေများထွက်၍လာလျှင် နောက်သို့ ကပျာကယာဆုတ်တန်ဆုတ်ရတော့မှာလိုလို မရဲတရဲ ရပ်၍နေလေ၏။

"ထိုင်ပါ ကိုထွန်းမြိုင်ရဲ့" ဟု ဧည့်သည်ကို အားပေးသလို မထွေးက ပြောမှ ကုလားထိုင်မှာထိုင်ပြီး မထွေးတစ်လှည့်၊ စားပွဲတစ်လှည့် အပြန်အလှန်ကြည့်လျက် နှာခေါင်းရှုံ့ကာ ရှုံ့ကာ ရှူ၍နေလေ၏။

မထွေးသည် ထွန်းမြိုင်၏အနီး၌ထိုင်ကာ အဝတ်ကိုလှန်လိုက်လေလျှင် ပခြုပ်ထဲ ပါးပြင်ထောင်သောမြွေကို ထိတ်လန့်စွာမြင်ရသလိုဖြစ်ပြီး မျက်လုံးပြူး ပါးစပ်ဟလျက် စိုက်၍ကြည့်နေလေ၏။

မထွေးသည် ပြုံးလျက် ၎င်း၏မျက်နှာကို ကြည့်နေလေ၏။ နောက်တစ်မိနစ်လောက်ကြာမှ ထွန်းမြိုင်သည် မော့ကာ ကြီးစွာသောရာဇဝတ်မှုကို မထွေးပြုမိသကဲ့သို့ ကြည့်ပြီး မထွေးဟု တစ်ခွန်းတည်းခေါ်လိုက်လေ၏။

အကြောင်းမှုကား စားစရာ သောက်စရာ ယိုဘူးထောပတ်၊ ဘီစကစ်ချိစာမုန့်၊ ဝက်ပေါင်၊ သိုးသားသေတ္တာ၊ ဝက်သားပေါက်ဆီ၊ ကိုကိုး၊ နို့ဆီ၊ သကြား၊ ပေါင်မုန့်များနှင့် သီးမွှေးငှက်ပျော၊ သြဇာသီး ငါးလုံး၊ ဒူးရင်းသီးများသည် အစားအသောက်ခြိုးခြံ၍နေသူကို ထိုးဟပ်ချင်စရာ မြူခေါ်ဖိတ်ကြား၍နေလေသတည်း။

ထို့နောက်မှ ရင်ကိုထုကာ ဟိုက် ... ငါ့မိန်းမ ရူးပြီဟု အောက်မေ့လျက် ကြွေနှင့် ကိုကိုးဖျော်နေသော မထွေး၏မျက်နှာကို အသေအချာကြည့်လေ၏။

မထွေးသည် ၎င်း၏ခွက်ထဲသို့ လက်ဖက်ရည်ငှဲ့၍ထည့်ပြီး လျင်မြန်သွက်လက်သော လက်ကလေးများနှင့် ခေါက်ကိုင်ကာမုန့်ကို ထောပတ်သုတ်၍ပေးပြီး –

"သောက်လေ ဘာငေးနေသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး မထွေးရဲ့၊ မင်း ဘယ့်နှာတွေလုပ်နေတာတုန်း၊ အမယ် မင်း မင်းလုပ်ပုံတွေဟာ ဒုက္ခဖြစ်မယ့် အတတ်တွေပါကလား မိန်းမရဲ့"

"အို ... စားသားစားပါဆို၊ ဘာတွေလျှောက်ပြောနေပါလိမ့်မတုန်း၊ ကျွန်မကို ရူးတယ်မှတ်လို့ ကြည့်နေတာလား၊ ကျွန်မတို့ သူတော်ကောင်းမို့ နတ်လာပြီးမတယ် ကိုထွန်းမြိုင့်ရဲ့"

"ဟင် ... ဘယ့်နှယ်ဖြစ်တာတုန်း၊ ပြောစမ်းပါဦး" ဟုပြောသောအခါ "ကျွန်မ တောကို မပြန်ရတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ကိုထွန်းမြိုင် လခတိုးလို့"

"ဘယ်လိုတိုးတာလဲ မိန်းမရဲ့၊ စိတ်ညစ်ရတဲ့အထဲမှာ နောက်အောင် ရူးအောင် မလုပ်ပါနဲ့ဦးကွဲ့"

"အို ...ဘယ်က ရူးရမှာတုန်း၊ ကိုထွန်းမြိုင် သူဌေးဆီကို ကျွန်မ တစ်နေ့လုံးသွားနေတယ်။ ခုတင်ပဲ ပြန်လာခဲ့တယ်။ ကျွန်မပြောတာနဲ့ ရှင့်ကို အလုပ်ပြန်ပြီးလက်ခံတယ်၊ လခလည်း ၅၀ တိုးတယ်။ အဲဒါ နက်ဖြန် အလုပ်ပြန်ဝင်ရမယ်"

"မင်း တစ်နေ့လုံး သွားနေတယ်၊ ဘယ်နည်းနဲ့ မင်း သူ့ကိုပြောလို့ရသလဲ၊ မထွေး မင်း ငါ့ကို ညာသလား"

"မညာပါဘူး ကိုထွန်းမြိုင်ရဲ့၊ အဟုတ်ပါ။ ဒါကြောင့် ကိုထွန်းမြိုင် ပြန်လာရင် ဆာလာလိမ့်မယ်လို့ထင်တာနဲ့ ညလည်းလေ ဝမ်းသာအားကြီးတာနဲ့ ချက်ပြုတ်အားတော့မှာ မဟုတ်ဘူးလို့တွေးပြီး ညစာပါ အကုန်ဝယ်လာခဲ့တယ်"

"မင်း ဘယ်နည်းနဲ့ သူ့ကိုနားဝင်အောင် ပြောနိုင်သတုန်း" ဟု စားပွဲကိုထုကာ ပြောလေ၏။

ထိုအခါ အကျိုးအကြောင်းကို စီကာပတ်ကုံး ပြော၍ပြလေ၏။ စကားဆုံးသောအခါ ထွန်းမြိုင်သည် အူကိုနှိပ်၍ရယ်ပြီး

"သူတို့ လင်မယားမဟုတ်ဘူးကွဲ့၊ သည်အကောင် ငါ့ကိုထုတ်ပစ်



တဲ့ ဘိုပဲ၊ မေမေစောကို သူ ပိုးနေတယ်။ မင်းက သူတို့ကို တမင်သက်သက်သွားပြီး ပေးစားတာပေါ့လေ၊ ဘိုက သဘောကျနေမှာပေါ့ကွဲ့၊ အဲဒါကြောင့် နေရာကျခဲ့တာ" ဟုပြောပြီး

"အေးဟေ့ ငါတို့ သတိမရဘူး၊ ဒီဘို မေမေစောကို ပိုးနေတာ ငါအဲသိသား၊ မေမေစောနဲ့ မင်းနဲ့သိတယ်ဆိုတာကိုလည်း ငါအသိသား၊ သတိကို လုံးလုံးမရလို့ ငါတို့ပူနေတာကလားမိန်းမရဲ့၊ ဩော် ... တကယ့်မိန်းမ၊ ဇမ္ဗူမှာနှစ်ယောက်မရှိတဲ့မိန်းမကွဲ့" ဟု ပြောကာ မထွေးကို ပွေ့၍ယုယလေ၏။

ထို့နောက် ပျော်ရွှင်စွာ စားကြလေ၏။ နောက် ရက်ပေါင်းများ မကြာမီ ထွန်းမြိုင်၏အလုပ်ခန်းသို့ အာလိပ်ဇန်ဒါ ဝင်၍လာပြီး "ဒါမင်းတို့အတွက် စပါယ်ရှယ်ဖိတ်စာ" ဟူ၍ မင်္ဂလာဆောင်ဖိတ်စာကို ပေးလေသတည်း။

၁၉၂၇ ခုနှစ်၊ ဇူလိုင်၊ ဗြိတိသျှဘားမားမဂ္ဂဇင်း၊ ၁/၇

❑

www.burmeseclassic.com

www.burmeseclassic.com

# တက်ကြွသူ

ဒေါက်တာကျော်ဒင်သည် အထူးပင်ပန်းလျက် ပက်လက်ကုလားထိုင်တွင်လှန်ကာ ဆေးပြင်းလိပ်ကိုဖွာ၍နေလေ၏။ ထိုအခါ ညဉ့် ရှစ်နာရီအချိန်ဖြစ်လေ၏။

နံ့အေားပြတင်းပေါက်ထဲသို့ မြစ်ဘက်မှဝင်၍လာသော လေအေးကလေးသည် ပင်ပန်းသောစိတ်ကို ဖျော်ဖြေနေသော်လည်း ထိုညဉ့်၌ကား စိတ်ထဲ၌မချမ်းသာစရာအကြောင်းကြီးတစ်ခု ပေါ်၍နေသည်ကို ပြေပျောက်အောင် မပြုနိုင်ချေ။

ဆရာ်ဝန်ကလေးသည် အသက်သုံးဆယ်ကျော်မျှရှိ၏။ ၎င်း၏ဘွဲ့မှာ အထက်တန်းဆေးဆရာဝန်ကြီးများ၏ဘွဲ့မဟုတ်။ အယ်အင်ပီဘွဲ့မျှဖြစ်လေရာ ဆရာဝန်ကြီးမဟုတ်သော်လည်း အစိုးရဆေးဆရာဝန်အဖြစ် နှင့် နှစ်ပေါင်းအတော်ကြာ လုပ်ခဲ့ဖူးသောကြောင့် အတွေ့အကြုံများသူ ဖြစ်လေရာ ပတ်ဝန်းကျင်ရှိ ဆင်းရဲသားများ၏ အားကိုးရာကြီးဖြစ်လေ၏။

၎င်း၏ စိတ်၌ အင်္ဂလိပ်ဆေးပညာသည် ဆင်းရဲသားများအတွက် မဟုတ်၊ လူကုံထံများအတွက်ကဲ့သို့ ဖြစ်၍နေသည်ကို နှစ်ပေါင်းများစွာ ကပင်စဉ်းစားမိခဲ့လေ၏။ ဆင်းရဲသော ဝေဒနာရှင်တစ်ယောက်သည် အင်္ဂလိပ်ဆေးဆရာဝန်များထံသို့ သွားရောက်ဆည်းကပ်ကြရသည့်အခါ



ဆေးဖိုးကြီး၍ ခြေကြွဖိုးကိုမျှလည်း မခံနိုင်၊ ယခုကာလ ဆေးဆရာများကလည်း လူမမာတို့အတွက် ဆေးတိုက်ခြင်းထက် ဆေးထိုးခြင်းကို ပိုမိုအားကိုးပြုကြလေရာ ဆင်းရဲသူများမှာ ငွေကုန်မခံနိုင်လျှင် အသေခံနိုင်ရမည်ကဲ့သို့ ဖြစ်၍နေလေ၏။

ထိုအကြောင်းကို ဒေါက်တာကျော်ဒင်သည် စဉ်းစားကာ မိမိမှာငွေကြေးအတော်စုဆောင်း၍ရလျှင်ဆင်းရဲသားများကိုကုသောဆေးဆရာဝန်တစ်ယောက်အဖြစ်နှင့် လွတ်လပ်စွာ ဆိုင်ဖွင့်၍နေဖို့ရန် အမြဲကြံစည်ခဲ့လေရာ ယခုအခါ အထမြောက်သဖြင့် ရန်ကုန်မြို့ ကြည့်မြင်တိုင်အစွန် အနားဆင်းရဲသားတွေများသောအရပ်၌ ဆေးဆိုင်ဖွင့်၍နေလျက် ဆေးကုနေသည်မှာ သုံးနှစ်မျှ ကြာခဲ့လေ၏။

အခါများစွာ တကယ့်ရောဂါမဟုတ် စိတ်ထဲ၌ ရောဂါမှတ်ထင်ပြီးလာရောက်စုံစမ်းသူတို့အား ရေစိမ်းရေနီကိုစပ်ကာ အပြစ်ကင်းသော မြေဖြူမှုန့်ကလေး၊ ဆားကလေးများ ထည့်စပ်၍ နှစ်ကျပ်၊ နှစ်ကျပ်ရှစ်ပဲနှင့် အင်္ဂလိပ်ဆရာများ ရောင်းလေ့ရှိသော ၁၂ အောင်စ ဆေးပုလင်းတစ်လုံးကို နှစ်ပဲနှင့် ပေးလိုက်၏။ ထိုကဲ့သို့ပေးသဖြင့် သက်သာရာရသော လူမမာတို့က ဒေါက်တာကျော်ဒင်အား ဘုရားလောက်ပင် မှတ်ထင်ကာ ကျေးဇူးတင်လျက် လာရောက်ကန်တော့ကြ၏။ အခါများစွာမှာလည်း တကယ့်ရောဂါတို့၌ အဖိုးလွန်စွာတန်သော အယ်လိုပယ်သစ် ဆေးများအစား ဟိုမီယိုပါသစ်၊ ဘိုင်အိုကယ်မစ်ဆေး တစ်မူးတစ်မတ်တန်တို့ကို ပေး၍ ကုသကယ်ဆယ်၏။ အခါများစွာမှာလည်း မြန်မာ့ဆေးပင် ဆေးမြစ် ဆေးရွက်တို့ကို ၎င်း၏အိမ်နောက်ဖေး၌ရှိသော ဟင်းသီးဟင်းရွက် ကြက်ဟင်းခါး၊ မုံညင်း၊ ထိကရုန်း၊ ဆူးပုပ်၊ သဘော်မယ်ဇလီ၊ ကန့်ကြူတ်နီ စသည်တို့ကို ကျိုချက်၍ မပုပ်အောင်စီမံထားသော ဆေးဆီဆေးရည်တို့ ဖြင့် ကုသလေ၏။ အလွန်အရေးကြီး၍ အင်္ဂလိပ်ဆေးကိုမသုံးဘဲမနေနိုင် သည့်အခါများ၌သာ အင်္ဂလိပ်ဆေးကို သုံးသော်လည်း ဆေးဖိုးမှာ နာမည်မျှဖြစ်လေရာ ၎င်းကုသသည့် ရောဂါတို့မှာ [illegible]စိတ်

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာစိတ်သာ ဩဇာတက်၍နေလေ၏။

သို့ပင် ဆင်းရဲသားများအပေါ်၌ ညှာတာသော်လည်း ၎င်းမှာ မဆင်းရဲချေ။ ရန်ကုန်မြို့ရှိ ထင်ရှားသော ဆေးဆိုင်ကြီးများနှင့် ကုသ၍နေသောသူများလောက် မကြွယ်ဝသော်လည်း ဆရာမွဲ၊ ဆရာစုတ်မဟုတ်၊ နှစ်ယောက်စီး မော်တော်ကားကလေးနှင့် လူမမာများကို လှည့်၍ကြည့်ရှုနိုင်သည့်ပြင် ၎င်း၏ဆေးရုံကလေးမှာ ပြောင်လက်သန့်ရှင်း အခင်းအကျင်းသားနားလျက် တင့်တယ်လျောက်ပတ်စွာ ငွေကိုလည်း ချက်လက်မှတ်နှင့် သုံးနိုင်သူတစ်ယောက်ဖြစ်လေ၏။ အကြောင်းမူကား "လူ့သတင်း လူချင်းဆောင်သည်ဟူသော" စကားအရ ၎င်းကုသ၍ ချမ်းသာရာရသူတို့က တစ်ဆင့်ပြောပြသဖြင့် ရန်ကုန်မြို့တွင်းရှိ ဆေးဆရာဝန်ကြီးများထံ၌ ကုသ၍မပျောက်သော ဂုဏ်သရေရှိ လူမမာတို့သည် ဒေါက်တာကျော်ဒင်ကို လာရောက်စမ်းသပ်ကြရာ တကယ့်ခက်ခဲသော နာတာရှည်ကြီးများပင် ပျောက်သဖြင့် မြို့ကြီးရှိ လူကုံထံများကပါ ၎င်းအား ကိုးကွယ်စပြုကြလေ၏။

ထိုလူကုံထံတို့ထံမှရရှိသောအဖိုးအခကြောင့် ဆင်းရဲသားများအပေါ် ညှာတာနိုင်သော်လည်း မိမိကိုယ်ကိုမူ မညှာတာဘဲ နေ့ညဥ့်မစဲ ခေါ်လာသူတို့ကို မပျက်မကွက် အပင်ပန်းခံ၍ လိုက်လံကြည့်ရှုကုသလေ၏။

ထိုညဥ့်၌ အထူးပင်ပန်းသည်မှာ ကုန်ခဲ့သောညဥ့်၌ သုံးကြိမ်လိုက်ရသည့်အပြင် နံနက်မိုးလင်း ၇ နာရီအချိန်လောက်ကစပြီး တစ်နေ့လုံးသွား၍နေရလေရာ ထမင်းကိုပင် ကြုံရာမှာ စားခဲ့ရလေ၏။

ပတ်ဝန်းကျင်မှာ ဆင်းရဲစုပ်နုတ် အိမ်ကုပ် အိမ်ပုတ်ကလေးများနှင့် အငှားနေထိုင်ကြသော တိုက်တန်းလျားများကြောင့် ရပ်ကွက်မှာ မသာယာမလှပ မသန့်ရှင်းသော ရပ်ကွက်ဖြစ်လေ၏။

မစောတင်နှင့် ရပြီးကတည်းက မြို့ထဲသို့ ပြောင်းရွှေ့ကုသရန် စောတင်က အကြိမ်ကြိမ်ပြောသော်လည်း မိမိကို အားကိုး၍နေသော သူတို့ကို စွန့်ပစ်ကာ မသွားရက်သောကြောင့် မယား ဆရာကတော်ကလေး



စိတ်မသာယာသည်ကိုမျှ မညှာတာ မထောက်ထားနိုင်ဘဲ မိမိ၏နေရာကို ခင်တွယ်၍သာ နေခဲ့လေ၏။

စောတင်မှာ ဒိစကြိတ်မြို့သူကလေးတစ်ယောက် ဖြစ်လေ၏။ ၎င်း၏ဖခင်မှာ ကျောင်းဆရာဖြစ်လေရာ လူကုံထံသားသမီးများနှင့် လူကုံထံ မိဘတို့ကို အပေါင်းအသင်းပြုလျက် အသက်ကို အတော်ကလေး အထက် ကျအောင် ကြံဆောင်ကြိုးစား၍ မွေးရသူဖြစ်လေရာ ဒုတိယသမီးအလတ် ဖြစ်သော စောတင်မှာ တကယ့်ဆရာဝန်လူပျိုလူရွယ် လူချောလူသန့် ကျော်ဒင်နှင့် တွေ့ရသောအခါ အဘယ်မှာ သဘောမတူဘဲ နေနိုင်ပါမည်နည်း။

စောတင်မှာ စိတ်နေသဘောထား အထက်တန်းကျသူတစ်ယောက် ဖြစ်၍ ဖခင်မှာ စည်းစိမ်ဥစ္စာ ကြီးကျယ်စွာမရှိသော်လည်း ကျောင်းဆရာတစ်ယောက်ဖြစ်လျက် အထက်တန်းကျသူတို့က ၎င်း၏ဖခင်ကို ဆရာ... ဆရာဟု ခေါ်ကြလေရာ ငယ်စဉ်ကပင် စိတ်မြင့်လျက် ဆင်းရဲသည်ကို ဆင်းရဲသည်မထင်ဘဲ အထက်ကိုသာ စိတ်နေသဘောထားရော မျက်ခုံးမျက်စရော ပျံတက်၍ နေခဲ့လေ၏။

ဆေးဆရာဝန်ကတော် ဖြစ်ရမည်ဟူ၍ တွေးလိုက်သောအခါ မိမိ၏ မြင့်သောစိတ်မှာ ကောင်းကင်သည် ချိတ်တည်ရာရသလို ဖြစ်၍သွားလေ၏။ ဆေးဆရာဝန်ကတော်ဆိုသည်မှာ အဟုတ်အထက်တန်းကျနိုင်၏။ ယခုအထိ အငှားဝတ်ဆင်ခဲ့ရသော စိန်ရွှေတို့နှင့် အဟုတ်တကယ်ထိန်ဝေနိုင်၏။ ဆေးဆရာဝန်များဟာ မော်တော်ကားကြီးကြီး စီးနိုင်သည်။ အိမ်ကြီးခြံကြီး၊ ကြေးဆိုင်းဘုတ်ကြီးနှင့် အစေခံဘွိုင်ကုလား၊ ကွန်ပေါင်ဒါလက်ထောက်များကိုလည်း ထားကြသည် စသည်ဖြင့် တွေးခေါ်ကာ ကြည်နူးခြင်းဖြစ်လေ၏။

ထို့အပြင် ရန်ကုန်မြို့ကြီး၌ ရုပ်ရှင်တွေ၊ ဆပ်ကပ်တွေ၊ ပွဲလမ်းသဘင်တွေ၊ ဘုရားပွဲတော်တွေကလည်း လွန်စွာများ၊ ရွှေတိဂုံဘုရားကြီးကိုလည်း ခဏခဏ လင်မယားနှစ်ယောက် အတူသွားရမည်ဟူသော

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေကို စဉ်းစားလိုက်တိုင်း ဆရာဝန်ကလေးတစ်ယောက်နှင့် ထိမ်းမြားရမည့်နေ့ကို စိတ်စော၍နေခဲ့လေ၏။

သို့စိတ်စောသည့်အတိုင်း လက်ထပ်ပြီးစီးကြ၍ ကြည့်မြင်တိုင်သို့ ရောက်သောအခါ မိမိအထင်နှင့် များစွာမကိုက်။ ဆရာဝန်ကတော် ဖြစ်ရသည်ကားမှန်၏။ ဆရာဝန်ကတော်ကလေးရယ်လို့ ရိုသေလေးစား နှုတ်ခွန်းဆက်သ ခေါ်ချင်ပြောချင်သူကား များ၏။ သို့သော်လည်း အထက်တန်းကျသူများမဟုတ်။ ဆင်းရဲစုတ်နုပ်သူတွေ ဖြစ်သည်ကို တွေ့ရှိရလေ၏။ ဆရာဝန်ကလေး၏အိမ်မှာ တစ်သီးပုဂ္ဂလခြံကြီးနှင့် အိမ်မဟုတ်။ ရွှေစာလုံးကြီးများလည်းမရှိပေ။ တိုက်ခန်းမှာ အတော်သားသားနားနားမျှဖြစ်၍ သစ်သားဆိုင်းဘုတ်ကြီးကိုသာ တွေ့ရ၏။ ကွန်ပေါင့်ဒါအစား မိမိလင်ယောကျ်ားသာရှိ၏။ အစေခံချွတ်ကရားကလေးတစ်ယောက် ရှိသည်ကားမှန်၏။ မော်တော်ကားမှာလည်း ဝင်းထိန်ပြောင်လက်သော ရိုးရှိုက်ကားကြီးမျိုးမဟုတ်။ နှစ်ယောက်ထိုင် ရဲနှောကားစုတ်ကလေး ဖြစ်သည်ကို တွေ့ရှိရလေ၏။ စိန်နားကပ်ကလေး၊ စိန်လက်ကောက်ကလေးများနှင့် ဆင်ယင်တန်ဆာမှာမူ အတော်ရလင်သော်လည်း နေရာအရပ်ကို သဘောမကျ။ အဘယ်ကြောင့် ရန်ကုန်မြို့ သန့်ရှင်းသပ်ရပ်သော နေရာရပ်ကွက်တစ်ခုမှာ မနေသလဲဟု စိတ်ထဲ၌ မချင့်မရဲဖြစ်လေ၏။ သို့သော်လည်း ထိုအကြောင်းတို့ကို ယောကျ်ားဖြစ်သူအား ပြော၍မပြဘဲ တတ်နိုင်သမျှ သည်းခံခဲ့၏။ နံစော်သော ဆေးနံ့ဝါးနံ့တွေအထဲ၌ နေရခြင်းမှာ ဝန်လေးသည်မှတ်ထင်၏။ ဆေးဆိုင်တခြား၊ အိမ်တခြားနေရလျှင် ကောင်းမည်ဟု အောက်မေ့၏။ စုတ်နုပ်ဆင်းရဲ ညစ်ပေစုတ်ပြတ်သော လူမမာတွေ နေ့စဉ်လာသည်ကို မရှုစိမ့်နိုင်အောင် ဖြစ်လေ၏။ ဆရာဝန် ကလေးသည် အလုပ်များသောကြောင့် စိတ်ချလက်ချ နှစ်ယောက်အတူ မော်တော်ကားစီးကာ လည်ပတ်ခြင်းမပြုနိုင်။ မိမိမှာအခန်းထဲတွင်ကုပ်ကုပ်နေရ၏။ ဆရာဝန်မှာ တစ်နေ့လုံး လူမမာတွေနှင့် အချိန်ကုန်ရင်း လင်ယောကျ်ား မောပန်း၍လာသည့်အခါ မိမိမှာ တစ်ယောက်တည်းနေရသဖြင့် မောပန်း



သောကြောင့် လက်ဖက်ရည်နွေးနွေးကိုမှ ဆီး၍ အသင့် ပြင်ဆင်ကာ မပေးနိုင်ချေ။ အနီးရှိဆိုင်မှ မှာ၍ သောက်ရလေ၏။

ထိုကဲ့သို့ တစ်နေ့ပြီးတစ်နေ့ ရက်လတောင်တာ အတော်လွန်၍ လာသောအခါ ငြီးငွေ့ခြင်းသည် တိုးတက်၍လာလေရာ ရန်ကုန်မြို့ရှိ အသိမိတ်ဆွေများထံ သွား၍လည်ပတ်စပြုလေ၏။ ရုပ်ရှင်များ၊ ပွဲများကို အဖော်များနှင့်အတူ သွား၏။ ခြံများထဲသို့ ပျော်ပွဲစားလိုက်စပြု၏။ အသိမိတ်ဆွေ ယောကျ်ားမိန်းမတွေ များ၍လာလေသတည်း။ သို့သော်လည်း အိမ်သို့ပြန်လာ၍ အိမ်ကိုမြင်သည်နှင့် တစ်ပြိုင်နက်တည်း နှာခေါင်းရှုံ့၏။ လင်နှင့်တွေ့သည်နှင့်တစ်ပြိုင်တည်း နှုတ်ခမ်းမဲ့စပြုလေသတည်း။

အခါများစွာ လင်မယား အချေအတင် စကားများကြ၏။ လင်ကသည်းမခံနိုင်သဖြင့် ဒေါသနှင့်ပြောသည့်အခါ စောတင်သည် အချို့သော မိန်းမများလို မျက်ရည်မကျ။ ခြေကိုဆောင့်နင်းကာ တံခါးတွေကို ဝုန်းခနဲ ဒိုင်းခနဲနေအောင် ဖွင့်ပိတ်ပြီး ဓာတ်စက်ကိုဖွင့်ကာ နားထောင်ရင်း မဂ္ဂဇင်းကိုဖတ်လေ့ရှိ၏။ ဓာတ်စက်သံရော၊ မဂ္ဂဇင်းရော အဘယ်ပုံအာရုံစိုက်နိုင်သည်ကိုမူကား လင်ဖြစ်သူတွေးတောကြံဆ၍ မရဘဲနေလေ၏။ အကယ်၍ လင်စိတ်ဆိုးသဖြင့် မယားမျက်ရည်ကျလျှင် လင်ဖြစ်သူက ယုယပိုက်ထွေး မျက်ရည်ကလေးများကို သုတ်၍ပေးရင်းအရေးကို အေးချမ်းစေနိုင်ဖို့ရှိ၏။ စောတင်မှာ ထိုကဲ့သို့မဟုတ်ချေ။

ရေးရောမလူမျိုးသည် ဝိုင်အရက်ကိုသောက်ရင်း နက်နဲသော ကျမ်းဂန်ကြီးများကိုဖတ်ကာ စောင်းများ၊ ပလွေများနှင့် မိမိတို့ကိုယ်ကို ဖျော်ဖြေကြသည်ဟု ကျော်ဒင်က စာဟောင်းများ၌ ဖတ်ဖူး၏။ ထိုလူမျိုးသည် မိမိတို့၏စိတ်ကို စိတ်ဖြာ၍ အာရုံများစွာတို့ကို တစ်ပြိုင်တည်း ခံစားနိုင်သော်လည်း စောတင်သည် ရောမလူမျိုးဝင်စားသူမဟုတ်က အဘယ်နည်းဖြင့် ထိုကဲ့သို့ ခံစားနိုင်ပါသနည်းဟု ကျော်ဒင်မှာ အခါခါ စဉ်းစား အံ့သြခြင်း ဖြစ်မိလေသတည်း။

အခါများစွာ စောတင်၏ အသိမိတ်ဆွေ ယောကျ်ား၊ မိန်းမပျိုရွယ်

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် စောတင်ကို အိမ်သို့လာ၍ ကားနှင့်ခေါ်ကြ၏။ စောတင်ကလည်း အခေါ်လာမည့်သူတို့ကိုသာ တစ်နေ့ပြီးတစ်နေ့ မျှော်၍နေလေ၏။

ထိုနေ့ညဉ့်၌ ဆရာဝန်သည် အောက်ဆေးခန်း၌ အလုပ်များ၍နေစဉ် အိမ်ပေါ်၌ အခေါ်လာသူနှစ်ယောက် ရှိလေ၏။ တစ်ယောက်မှာ မိန်းမပျို ဖြစ်၍ တစ်ယောက်မှာ ၎င်းမိန်းမပျို၏မောင်တော် မောင်ဘစိုးဆိုသူ စာရေး ဖြစ်လေ၏။

ဘစိုးမှာ ချမ်းသာ၏။ မိမိရသောလခကို သုံးဖြုန်း၍နေ၏။ မိန်းမချောချောလှလှကလေးတွေ အများအပြားတို့နှင့် အကျွမ်းဝင်သူဖြစ်၏။ ၎င်း၏စိတ်၌ မိန်းမဟူသမျှတို ငွေကုန်ခံလျှင်ရသည်ဟု သဘောပိုက်၍ ထားသူဖြစ်လေ၏။ အပျိုအအိုမရှောင် ပြောင်ပြောင်ပိုးတတ် အရကပ်သူ ဖြစ်လေ၏။

၎င်းတို့သည် အတော်စောသော အချိန်မှရောက်၍ အိမ်ရှေ့၌ ဘစိုး၏ ကားကြီးကိုရပ်ဆိုက်ကာ အိမ်ပေါ်၌ စကားပြော၍နေကြရင်း မိန်းမပျို နှစ်ယောက်မှာ တုံးလုံးနေရာမှ အိပ်ပျော်၍သွားကြ၏။ အကြောင်းမူကား ပွဲလမ်းသဘင်အပျော်အပါး အတော်လိုက်စားသူများဖြစ်ကြသဖြင့် အိပ်ပျက်ကြလေရာ ခေါင်းချရာမှ ပျော်လွယ်ကြလေ၏။ စောတင်မှာ ဖျင်ပက်လက်ကုလားထိုင်၌ သားနားစွာ ဝတ်စားလျက်ထိုင်ရင်း စီးကရက်ကို ဖွာလျက် ပြတင်းပေါက်အပြင်ဘက်သို့ ငြိုးငွေ့သောမျက်နှာနှင့် ကြည့် ကာငေး၍နေလေ၏။

ဘစိုးသည် ကုလားထိုင်ခြေရင်း၌ ပုဆစ်တုပ်ကာထိုင်လျက် လက်တစ်ဖက်ဖြင့် စောတင်၏လှပပြေပြစ်သော ခြေခုံကို အုပ်ကာကိုင်လေ၏။ လက်တစ်ဖြင့် စောတင်၏ဒူးကိုကိုင်လေ၏။

သို့ကိုင်လျက်

"လိုက်ခဲ့ပါစောရယ်၊ သံလျင်ဘုရားပွဲဟာ ဘယ်လောက်ပျော်စရာကောင်းတယ်ဆိုတာ သိရပါလိမ့်မယ်" ဟု ပြောလေ၏။

စောတင်သည် စကားပြန်၍မပြောဘဲ သက်မကြီးချကာ တစ်ရင်လုံး



ကြွအောင် အသက်ကိုရှိုက်၍ ရှုလေ၏။

စိုး။ ။ ဒီအခန်းကလေးထဲမှာချည်း အောင်းနေလို့တော့ ဘာလုပ်မလဲ။ ငယ်ငယ်ရွယ်ရွယ် လှလှပပနဲ့ ဒီလိုအခန်းအောင်းနေရင် သီလရှင်လုပ်နေပါလားစောရဲ့၊ ဒီဆရာဝန်က စောကို ဂရုစိုက်နိုင်တာလည်းမဟုတ်ဘူး။ စောနဲ့ထိုက်တန်အောင်မထားဘူး၊ ဒီတော့ ပျော်ပျော်ပါးပါးသာနေပါ။ ဟိုမှာပဲအိပ်ကြတာပေါ့။ မမလေးနှင့် တင်တင်လည်းပါမယ်။ ဟိုကျရင် အခြားအဖော်တွေလည်း တွေ့ဦးမှာပဲ၊ နက်ဖြန်ခါကျတော့ မော်တော်ကားနဲ့ ကျောက်တန်းတို့ သုံးခွတို့ကို လျှောက်လည်တာပေါ့။ သုံးခွကနေပြီး ပဲခူးလှည့်ချင်လှည့်လိုက်ဦး၊ ပဲခူးမှာတောရပ်တွေ ကျောင်းတွေဘုရားတွေကို လည်ပြီးကြည့်ရှုရအောင်၊ ဒီမှာလည်း ရုံးပိတ်ထားတာနဲ့ အခန့်သင့်ပဲ၊ နောင် ဒီလိုအခန့်သင့်မှာမဟုတ်ဘူး၊ ဒီဆေးနံ့တွေ နောက်ဖေးနံ့တွေရောနေတဲ့လေကို စောရှူမယ့်အစား တစ်ခါတလေ ပင်လယ်ကလာတဲ့လေ၊ တောင်ထိပ်ကလာတဲ့လေကလေးများကို ရှူစမ်းပါ၊ စောလိုက်မယ်ဆိုရင် မြန်မာပြည်တစ်ပြည်လုံးနဲ့အောင် မော်တော်ကားနဲ့ လည်နိုင်ပါတယ်။ မသကာ ငွေနှစ်ထောင်သုံးထောင် ကုန်တော့မပေါ့"

"ဟုတ်တယ် ကိုဘစိုး၊ဒီမှာနေရတာ သိပ်ပြီး ပျင်းစရာကောင်းတာပဲ၊ တစ်နေ့လာလည်း လူနာတွေ၊ တစ်နေ့မြင်ရလည်း လူစုတ်တွေကြီးပဲ။ ဘာမှ အထူးတလည်လည် မတွေ့ရဘူး"

"အဲဒါကြောင့်ပြောတာပေါ့ စောရဲ့၊ လိုက်ခဲ့ပါ၊ ဒီနေရာနဲ့ စောနဲ့ မတော်ပါဘူး"

ထိုကဲ့သို့ပြောဆိုနေခိုက်တွင် အဘိုးကြီးလို မိမိ၏အလုပ်ကိုသာ ဂရုစိုက်၍နေသော ဆရာဝန်မှာ နာတာရှည်မိန်းမကြီးတစ်ယောက်ကို စမ်းသပ်၍နေလေ၏။

စောတင်နှင့် ၎င်း၏အဖော်များရှေ့၌ ဆရာဝန်သည် အသက်ခြောက်ဆယ်ကျော် အဘိုးကြီးလိုဖြစ်၍နေလေ၏။ ၎င်းတို့၏စိတ်ထဲ၌ ဆရာဝန်သည် မိမိ၏အလုပ်မှတစ်ပါး တစ်စုံတစ်ရာကိုမျှမသိ။ လူရိုး

www.burmeseclassic.com

www.burmeseclassic.com



လူအကြီး ဖြစ်၍နေလေ၏။

အကြောင်းမူကား ဆရာဝန်၏ရှေ့၌ ရန်ကုန်မြို့အကြောင်း၊ ရုပ်ရှင်အကြောင်း၊ မြင်းပွဲအကြောင်း၊ ဘောပွဲအကြောင်း စသည်များကို ပြောကြသည်မှာ ဆရာဝန်မှာ တစ်စုံတစ်ရာ နားမလည်ဘဲနေလေ၏။ နားမလည်သောအခါ ဆရာဝန်ကို လူအ၊ လူနုံတစ်ယောက်ဟု စိတ်ထဲ၌ကျိတ်ကာ မှတ်ထင်ကြလေ၏။ သို့မှတ်ထင်ရာမှ ရှုတ်ချသောစိတ် ပေါ်လာလေ၏။ ရှုတ်ချသောအခါများစွာ မလေးစားသော စိတ်အနေသို့ရောက်ကြလေရာ ရဲတင်းစပြုကြလေ၏။ ဓာတင်သည်လည်း ဆရာဝန်အား ခါတိုင်းထက် ပိုမို၍ မထေမဲ့မြင် ပြုစပြုလေ၏။

ဆရာဝန်သည် မိန်းမကြီးကိုစမ်းသပ်၍ပြီးသောအခါ အခြားလူမမာတစ်ယောက်လာ၍ခေါ်သဖြင့် လိုက်သွားရပြန်လေ၏။ ပြန်၍လာသောအခါလမ်းမမှမဝင်ဘဲ လမ်းကြားတစ်ခုမှလာပြီး နံဘေးတံခါးမှဝင်လေ၏။

ဝင်ပြီးနောက် ဆေးများကိုစပ်၍ လိုက်ပါလာသူအား ပေးလိုက်ပြီး လက်များကို ဆေး၍သုတ်ကာ ကုလားထိုင်၌ထိုင်ပြီး အိတ်ထဲက ဆေးပြင်းလိပ်ဘူးကိုထုတ်၍ မီးညှိတော့မည်အပြုတွင် ဦးခေါင်း၌ ဒဏ်ရာတွေနှင့် အဝတ်ကိုပတ်လျက် ယိမ်းထိုးကာ ဆင်းရဲစုတ်နုတ်သော အသက်လေးဆယ်ခန့်ရှိ ယောကျ်ားကြီးတစ်ယောက် ဝင်ရောက်၍လာပြီး စားပွဲကို ကိုင်မှီကာ ဆရာဝန်အားမောပန်းလျက် စကားမပြောနိုင်သေးဘဲ ကြည့်၍နေလေ၏။ စားပွဲကို ကိုင်သောက်လက်မှာ စက္ကူထုပ်တစ်ထုပ် ပါ၍လာလေ၏။

"ခင်ဗျား ဘယ်ကလဲ၊ ဘာဖြစ်လာသလဲ၊ လူရိုက်လိုက်သလား၊ မမာဘူးလား"

"လူမရိုက်ပါဘူး ကျွန်တော့်ဘာသာ သမံတလင်းမှာ ညနေက ချော်လဲလို့ပါ၊ မမာတာတော့ မှန်ပါတယ်" ဟု တုန်လှုပ်ကာ မောပန်းသော အသံနှင့် ပြောလေ၏။

ထိုင်ထိုင်ဟု ဆရာဝန်က ကုလားထိုင်ကိုပြပြီး

"ဘယ်လို မမာသလဲ"



"မမာလို့လာတာလည်း မဟုတ်ပါဘူး၊ တခြားအရေးကြီးတဲ့ကိစ္စတစ်ခုရှိလို့ပါ"

"ဘယ်ကိုကိစ္စလဲ"

"ဆရာဝန်ဟာ အင်မတန် ရိုးသားဖြောင့်မှန်တယ်၊သနားတတ်တယ်ဆိုလို့ လာပါတယ်"

"ပြောလေ ... ခင်ဗျားရောဂါ တော်တော်ကြီးတယ်၊ အခု စမ်းသပ်ပြီး ဆေးတစ်ခုခုကို မြန်မြန်ပေးမှ ဖြစ်လိမ့်မယ်။ ဆေးထိုးရလိမ့်မယ်ထင်တယ်" ဟု ပြောရင်း အပါး၌ရှိသော နားကြပ်ကို ကိုင်လေ၏။

"နေပါဦး ဆရာ၊ ကျွန်တော့်အတ္ထုပ္ပတ္တိကို ပြောပါရစေဦး"

"ရှည်ရှည်မပြောနဲ့. ခင်ဗျားဒုက္ခဖြစ်သွားလိမ့်မယ်။ ခင်ဗျားရုပ်မကောင်းဘူး၊ ဆေးထိုးမှဖြစ်မယ်။ ခင်ဗျားလဲတာဟာ အလိုလိုမူးပြီးလဲတာမဟုတ်လား"

"ဟုတ်ပါတယ်၊ သည်းခံပါဦးဆရာ၊ ကျွန်တော် သာယာဝတီကပါ။ ကျွန်တော် စီးပွားပျက်လာပါတယ်။ သားနှစ်ယောက် သမီးတစ်ယောက်နဲ့ နေရာမှာ ဓားပြများ အိမ်ကိုမီးရှို့သွားကြပါတယ်။ အိုစာမင်းစာအတွက် လယ်ကလေး ချောင်းကလေးဝယ်ဖို့လို့ ဘဏ်မှာစုထားတဲ့ ငွေတစ်သောင်းကိုထုတ်ပြီး အိမ်မှာခေတ္တထားရာမှာ ဓားပြများတိုက်ကြပါတယ်၊ ငွေတစ်သောင်းလည်း ပါသွားပါတယ်။ ကျွန်တော့်သားနှစ်ယောက်မှာလည်း ဓားပြသတ်လို့ သေပါတယ်။ ကျွန်တော့်သမီး ခင်ဥမှာ ယခု အသက် ၁၈ နှစ် ရှိပါသေးတယ်။ ကောင်းကောင်းမကျန်းမာတဲ့အပြင် မောင်နှစ်ယောက် ရှေ့တွင်သေတာကိုမြင်တော့ ထိတ်လန့်ပြီး ရောဂါတိုးလာတာနဲ့ ရန်ကုန်မှာ ဆေးဝါးကုသလုပ်ကိုင်ရှာကြရင်းဆိုတာလို ဆွေမျိုးများဆီက ငွေကလေး ငါးရာယူပြီး ထွက်လာခဲ့ကြပါတယ်။ ရန်ကုန်ကို ရောက်တော့ ဘိုးသစ်နှင့် မြဘူးဆိုတဲ့ နှစ်ယောက်နဲ့ အသိဖြစ်ပြီး သူတို့က ကျွန်တော့် ငွေကလေး ငါးရာနဲ့ အရင်းစိုက်ပြီး ဟောဒါတွေလုပ်ဖို့ရန် ပြောပါတယ်" ဟု ပြောကာ လက်ထဲက စက္ကူတွေကိုပြပြီး စကားဆက်သော –

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ပြောရုံမက လုပ်ပြတော့ အဟုတ်တကယ်ပဲ ဖြစ်တာပါပဲ။ သူ့မှာ ကိရိယာမစုံလို့ စုံအောင် ကျွန်တော်က ငွေကလေးငါးရာအနက် သုံးရာကို ထုတ်ပေးလိုက်မိပါတယ်။ သုံးစွဲစမ်းသပ်ကြည့်တော့ ဘဏ်တိုက်က ကောင် မသိဘူး၊ အင်မတန်ကောင်းတာပါပဲ၊ အိမ်မှာ မှန်ဗီရိုထိပ်ပေါ်မှာ သေတ္တာနဲ့ သုံးသောင်းဖိုးရှိပါသေးတယ်။ အခုယူလာတာက တစ်သောင်းဖိုး ရာတန်ချည်းပဲ"

ဆရာဝန်သည် အံ့အားသင့်လျက် စဉ်းစား၍နေပြီး ငွေစက္ကူထုပ်ကြီးကို ကြောက်ရွံ့သောအမူအရာနှင့်ကြည့်ကာ

"နို့ ဒါ ဘာဖြစ်သလဲ"

"သမီးကလေး အင်မတန်ရိုးဖြောင့်ရှာပါတယ်။ ဒီတော့ "ဖေဖေရယ် မင်းပြစ်မင်းဒဏ် မကောင်းတာတွေကို မလုပ်ပါနဲ့၊ ကျွန်မတို့ ငတ်သေရင် ဒုက္ခတွေတောင် ငြိမ်းပါသေးတယ်ဆိုပြီး ကျွန်တော့်ကို ငိုကြွေးတောင်းပန်ပါတယ်"

"အင်း တောင်းပန်တော့ ဒီကို ဒါတွေ ခင်ဗျား ဘာလို့ယူလာသလဲ"

"မြဘူးက လူဆိုးပါဆရာ၊ အင်မတန်ကြောက်ရတဲ့လူပါ။ ကျွန်တော့် သမီးကိုလည်း သူချစ်စကား ကြိုက်စကားပြောပါတယ်။ မကြိုက်ရင် သတ်ပစ်ပါလိမ့်မယ်"

"သတ်မှာဖြစ်ရင် တခြားထွက်ပြေးပါလား၊ ဒီငွေစက္ကူကို ဘာလုပ်ရမလဲ"

"ကျွန်တော် မီးရှို့ပစ်ချင်လို့ပါ၊ ကျွန်တော့်သမီးက ဖျက်ဆီးပစ်ပါလို့ အတန်တန် တောင်းပန်ပါတယ်။ စက္ကူတွေလည်းအတုရယ်လို့ ဘယ်သူမျှ မပြောနိုင်အောင် ကောင်းနေပါတယ်"

"ဖျက်ဆီးပစ်လိုက်ပါလား ဘာဖြစ်လို့ ဒီကို ယူလာသလဲ"

"ကျွန်တော့်ဘာသာ ကျွန်တော် ဖျက်ဆီးပစ်ရင် မြဘူးရောက်လာတော့ ငွေစက္ကူတွေ ဘယ်မှာလဲလို့ မေးပါလိမ့်မယ်။ ကျွန်တော် မီးရှို့ပစ်ရင် သူယုံကြည်မှာမဟုတ်ပါဘူးဆရာ၊ ကျွန်တော်တို့ သူ့ကိုလာလိမ်လည်



တယ်ဆိုပြီး သားအဖနှစ်ယောက်စလုံးကို သတ်ပစ်ပါလိမ့်မယ်၊ ဒီတော့ အများက ရိုးဖြောင့်တယ်၊ မလိမ်တတ်ဘူးဆိုတဲ့ ပုဂ္ဂိုလ်ကို သက်သေတင်ပြီး သူ့ရှေ့မှာ မီးရှို့ပစ်ဖို့လာတာပါ၊ ဆရာသဘောတူရင် ဒါတွေကို ယူထားလိုက်ပါ။ အိမ်မှာရှိတဲ့ မှန်ဗီရိုပေါ်က စက္ကူတွေကိုလည်း ကျွန်တော် ပြန်ယူပါမယ်။ မြဘူးလာရင် မရှို့ဖြစ်ဘဲနေပါလိမ့်မယ်ဆရာ၊ တစ်ဆိတ် မြန်မြန်လုပ်ပေးစမ်းပါ ကျွန်တော်သွားယူရမလား၊ ဒီစက္ကူတွေရှိရင် ကျွန်တော့် သမီးကိုလည်း သူမြန်မြန်ကြီး ယူပါလိမ့်မယ်၊ကလေးမကလည်း သူ့ကို ကြောက်တယ် မယူဝံ့ဘူး၊ ကျွန်တော့်အိမ်က စမ်းချောင်းနံပါ( )မှာရှိပါတယ်"

"ဒါထားလိုက်ပါဦး၊ ခင်ဗျား အင်မတန် ရှုပ်ပျက်တယ်၊ မှန်စမ်း ရင်ဘတ်ကိုလှန်စမ်း" ဟုပြောပြီး နားကြပ်ကိုယူကာ ၎င်းယောကျ်ားကြီးအား စမ်းသပ်ရန် စားပွဲပေါ်သို့ အထိုင်ခိုင်းပြီး ပက်လက်နေလို့ ပြောလေ၏။ လူကြီးသည် ပက်လက်လှန်၍ ချလိုက်သည်နှင့်တစ်ပြိုင်တည်း မလှုပ်မရှား ငြိမ်သက်၍သွားလေ၏။

ဆရာဝန်သည် ၎င်း၏မျက်နှာကို ကပ်ကာကြည့်လေရာ အသက်မရှိတော့သည်ကို သိရလေသတည်း။

အင်း ... ဇကန် နှလုံးရောဂါပဲ၊ ဒုက္ခသောကတွေ အားကြီးလို့ နှလုံးခိုက်ပြီး မူးမိုက်၍ သေရှာတာပဲဟု တွေးတောကာ လူကြီး၏ရင်ဘတ်ကို ဆရာဝန်သည် လက်နှင့်စမ်းသပ်ကာ ဆင်ခြင်၍နေလေ၏။

ထို့နောက် ငွေစက္ကူထုပ်ကြီးကို ယူ၍ သေချာစွာကြည့်၏။ မိမိ၏ အိမ်ထဲ၌ရှိသော ရာတန်တစ်ချပ်နှင့် မီးရောင်မှာ ယှဉ်၍ကြည့်၏။ မည်သည့်အချက်မျှမခြား၊ တကယ့်ရာတန်အစစ်လို ဖြစ်၍နေသည်ကို တွေ့ရလေ၏။ ထိုအခါ ဒေါက်တာကျော်ဒင်၏စိတ်၌မှုများစွာ တပ်မက်သော စိတ်ပေါ်၍လာလေ၏။

အဘယ်ပုံ လုပ်ရမည်ကို စဉ်းစား၍နေလေ၏။ စာတင်ကို ဆက်၍ ပြရလျှင် အင်မတန် ဝမ်းသာမှာပဲဟူ၍လည်း အောက်မေ့၏။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



လည်း မိမိ၏စိတ်၌ အပြီးအပိုင် ဆုံးဖြတ်ချက်ကို မပြုသေးမီ စောတင်ကို သွား၍ပြရလျှင် မိန်းမတို့ဓမ္မတာ တပ်မက်သည့်လောဘက လွှမ်းမိုးအားကြီး၍လာပြီးလျှင် အမှားကိုပြုမိမှာ ကြောက်ရွံ့သည့်အတွက် မပြသေးပါဘူးလေဟုအောက်မေ့ကာ ခေတ္တမျှငွေစက္ကူများကိုကိုင်ရင်း လူသေကို ကြည့်၍နေလေ၏။

သို့ကြည့်နေခိုက်တွင် အိမ်၌ကျန်ရှိသေးသည်ဆိုသော ငွေစက္ကူများကို တွေးမိ၏။ မတော်တဆ မြဘူးခေါ်သော လူဆိုးလာပြီး ကလေးမကလေးကို အတင်းဗလက္ကာရ မတော်မတရားပြုလုပ်မှာကိုလည်း စိုးရိမ်ခြင်းဖြစ်လေ၏။ သို့ဖြစ်လေရာ လူသေကိုအဝတ်ဖြူတစ်ခုနှင့် အုပ်လေ၏။ ထိုနောက် စောတင်အားအကြောင်းကို ပြောပြ၍သွားရလျှင် ကောင်းလေမလားဟု တစ်အောင့်မျှရပ်ကာ စဉ်းစားလေ၏။

ဟင် ... မပြောသေးပါဘူး၊ နောက်မှသိတာပဲ ကောင်းပါတယ်ဟု အောက်မေ့ကာ ငွေစက္ကူများကို သက္ကလတ်အင်္ကျီအတွင်း အိတ်ထဲထည့်ပြီး အခန်းတံခါးများကို အကုန်ပိတ်ကာ အတွင်းမှ မင်းတုပ်များချလေ၏။ ထို့နောက် နံဘေးပေါက်မှထွက်ပြီး အပြင်မှသော့ခတ်၍ မှောင်ထဲတွင် ကားနှင့်ထွက်သွားလေသတည်း။

သေသူပြောသောနေရာကို ဆရာဝန်ကလေးသည် အတော်ရှာရလေ၏။ လမ်းမြှောင်လမ်းကွေ့များ၌ မှား၍နေပြီးမှ နောက်ဆုံး၌ ရောက်၍သွားရာ မှောင်သောညဉ့်အခါ ဖြစ်သောကြောင့် အိမ်နံပါတ်များကို ကောင်းစွာ မမြင်ရသဖြင့် အနီးအပါး အိမ်တစ်အိမ်ကိုဝင်၍ နံပါတ်ကို ပြောပြကာ ထိုနံပါတ်အဘယ်မှာရှိသည်ကို မေးလေ၏။

ယောက်ျားကြီးတစ်ယောက်က စိတ်မှန်းနှင့် ပြောလိုက်ရာ တံခါးပိတ်၍ထားသော တစ်ထပ်တိုက်အိမ်တစ်ဆောင်ရှိရာသို့ ရောက်သွားလေသတည်း။

ဆရာဝန်ကလေးသည် ကားကိုရပ်ကာ ဆင်းပြီး အိမ်ခွေးကတက်ကို ခြေဖျားထောက်၍တက်ကာ ခေါက်တံခါးအကြားမှ အတွင်းကိုကြည့်ရာ



တွင် မီးရောင်ခပ်မှေးမှေးကို မြင်ရလေ၏။

တံခါးကို ခေါက်လေ၏။ အတွင်းမှ တစ်စုံတစ်ရာအသံကိုမျှ မကြားရချေ။ နံပါတ်ကိုကြည့်လေ၏။ နံပါတ်မှန်၍နေသည်ကို တွေ့ရှိရ၏။ သူငယ်မကလေး အိပ်ပျော်နေသလား၊ မြဘူးနောက် ပါသွားလေသလားဟု စဉ်းစားနေခိုက်တွင် လူတစ်ယောက်သည် အရက်မူးသံနှင့် လမ်းမ၌ တေးဆို၍လာပြီး ဤအိမ်ဘက်သို့ စိုက်ထိုးစိုက်ထိုးနှင့် ဝင်၍လာလေရာ ကေန်မြဘူးဆိုတဲ့ အကောင်လာပြီဟု ဆရာဝန်၏စိတ်၌ မှတ်ထင်ကာ မှောင်ရိပ်ခိုပြီး အရေးရှိကထိုး၍ချရန် အသင့်ဟန်ပြင်၍နေလေ၏။

အရက်မူးသမားသည် အိမ်တံစက်မြိတ်သို့ ဝင်မိသောအခါ

"ဟင့် ... မင့်အမေကလွှား၊ ရော .. ငါမူးလာပါကလား၊ အိမ်များတောင်မှားလို့၊ မှောင်လိုက်တာလည်း မည်းလို့ပါကလား" ဟုပြောပြီး "ရွှေလရောင်လင်းပါလို့ ငွေယုန်ငယ်ကျဉ်းပါပေ့၊ ကြက်မင်းကဆော်" ဟူသောတေးကို ဆို၍သွားလေ၏။

ထိုအခါ အိမ်တစ်အိမ်တွင် လူတစ်ယောက်က "ဟေ့ ...သာပြောင်၊ ငွေယုန် သို့ဘာသာသူကျဉ်း ဘာဖြစ်သလဲ၊ ဒီကြက်မင်းက ဘာဆိုင်သလဲ" ဟု အော်၍ပြောလေ၏။

"မပြောတတ်ပါဘူး လူရယ်၊ မှောင်လွန်းလို့ ဘာဆိုမိမှန်းမသိဘူး၊ မင်း မအိပ်သေးဘူးလား"

"မအိပ်သေးဘူး၊ မင်းကို စောင့်နေတယ်၊ မနေ့ကဟာအတွက် ဒီကနေ့ ပေးမယ်ဆို"

"နက်ဖြန်မှယူ သူငယ်ချင်းရယ်၊ မင်းဟာက ရေတစ်ဝက်ရောထားတယ်ထင်တယ်၊ အခု တစ်လုံးလောက် မရှိဘူးလား"

"တစ်ပိုင်းလောက်တော့ ရှိတယ်၊ ကလောက်ချိုက်တော့ မဟုတ်ဘူး၊ ဆိုင်ကပဲ ငါသောက်ဖို့ထားတာ"

"တစ်ပိုင်းရရင်တော်ပြီ၊ ငါလူအလိမ္မာသား" ဟုပြောပြီး ထွက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကလေးသည် အခြားတံခါးတစ်ခုကို သွား၍တွန်းရာ အလိုလိုပွင့်၍သွားသဖြင့် အိမ်ထဲသို့ရောက်ပြီး မတ်တတ်ရပ်ကာ တောင်မြောက်လေးပါးကို ကြည့်လေ၏။

ကြည့်သော်လည်း လူတစ်ယောက်ကိုမျှမမြင်။ အသံကိုလည်း မကြားရချေ။

အင့်ဟင်း ... ဒီအိမ်မှ ဟုတ်ပါ့မလားဟုတွေးပြီး ခပ်မှိန်မှိန်ထွန်းထားသော လသာမှန်အိမ်ကိုမြှင့်ပြီး အိမ်အတွင်းအပြင် ဝင်ထွက်ကြည့်လေရာ သေသူပြောသွားသော မှန်ဗီရိုကို တွေ့လေ၏။ မှန်ဗီရိုထိပ်ကို ကြည့်လိုက်သောအခါ သေတ္တာတစ်လုံးကို မြင်ရ၏။ ထိုအခါ ဆရာဝန်သည် ကုလားထိုင်တစ်လုံးကို ယူပြီး ၎င်းကုလားထိုင်ပေါ်သို့တက်ကာ ဗီရိုထိပ်က သေတ္တာကိုဖွင့်၍ကြည့်လေရာ ငွေစက္ကူအထုပ်တွေကို တွေ့မြင်ရသဖြင့် မျက်လုံးပြူးလျက် မြွေပွေးနှင့် တွေ့ရ၍ထိတ်လန့်သလို မျက်တောင်မခတ်အားဘဲ တွေဝေ၍နေလေသတည်း။

ထို့နောက် ငွေစက္ကူသေတ္တာကို ပင့်မြှောက်ချီယူကာ ကုလားထိုင်မှ ကြမ်းပေါ်သို့အဆင်းတွင် ဗီရိုအတွင်းမှ ထိတ်လန့်၍အော်သော အသံတစ်ခုကိုကြားရသဖြင့် ဆရာဝန်သည် ထိတ်ခနဲဖြစ်ပြီး သေတ္တာကို ကုလားထိုင်ပေါ်၌ တင်ကာ စဉ်းစား၍နေလေ၏။

ထို့နောက် ဗီရိုကိုဖွင့်လိုက်ရာ ဖြူဖျော့ကြောက်ရွံ့သော သူငယ်မချောချောကလေးကို ဆံပင်တွေ ဖိုးရိုးဖားရားနှင့် တွေ့ရှိရလေ၏။

သူငယ်မကလေးသည် ဆရာဝန်၏မျက်နှာကို ကြောက်ရွံ့သော မျက်လုံးများနှင့် မော်ကြည့်ကာ ကြင်နာသောမျက်နှာကိုမြင်သဖြင့် အားရှိ၍လာပြီး

"ရှင် ဘယ်သူလဲ၊ ကျွန်မကို ကယ်နိုင်ရင် ကယ်ပါ၊ ကျွန်မ ကြောက်လွန်းလို့ပါ" ဟု ပြောလေ၏။

"မင်း ဘာဖြစ်လို့ ဒီအထဲဝင်နေရသလဲ"

"ရှင်လာတာကို ကိုမြဘူးလာတယ်ထင်လို့ ကြောက်ပြီး ဝင်ပုန်းနေ



ပါတယ်။ ကျွန်မကို ကယ်နိုင်ရင် ကယ်ပါ"

ထို့နောက် ကုလားထိုင်ပေါ်က ငွေစက္ကူသေတ္တာကိုမြင်လျှင် အံ့အားသင့်ကာ ဆရာဝန်၏မျက်နှာကိုကြည့်ပြီး ရှင် သူခိုးလားဟု မေးလေ၏။

ဆရာဝန်ကလေးသည် အကျိုးအကြောင်းကို တိုတိုတုတ်တုတ်နှင့် ပြော၍ပြ၏။ သူငယ်မကလေး၏ ဖခင်သေဆုံးကြောင်းကိုလည်းသိစေ၏။ ထိုအခါ သူငယ်မကလေးက

"ကျွန်မကိုကယ်ပါ ဆရာရဲ့၊ မြန်မြန် ဒီစက္ကူတွေကိုလည်း ယူသွားပြီး ဖျက်ဆီးပစ်ပါ။ ကျွန်မ ကြောက်လွန်းလို့ပါ" ဟု ဆရာဝန်၏ ခြေကိုဖက်၍ တောင်းပန်လေ၏။

ဆရာဝန်ကလေးသည် ခေတ္တမျှစဉ်းစားလေ၏။ စောတင်သည် လွန်စွာဆူပူသူဖြစ်၏။ ဤမိန်းမချောကလေးကို သနားသဖြင့်ခေါ်၍ အိမ်၌ဆေးဝါးကုသလျှင် တစ်မျိုးတစ်မည်မှတ်ထင်ကာ အပြစ်များရှာလေမည်လားဟု တွေးတောကြောက်ရွံ့ခြင်းဖြစ်လေ၏။ သို့သော်လည်း စောတင်၏ တွေးတောခြင်းများထက် ဤသူငယ်မကလေး၏ ချမ်းသာခြင်းက သာလွန်အရေးကြီးသည်ဟု စဉ်းစားပြီး ကိုင်းလာ မြန်မြန်ဟုပြောကာ သေတ္တာထဲက ငွေစက္ကူထုပ်များပိုက်၍ သူငယ်မကလေးကို လက်ဆွဲလျက် အိမ်မှဆင်းကာ ကားပေါ်သို့တက်ပြီး မောင်းနှင်ထွက်သွားကြလေသတည်း။

အိမ်သို့ရောက်သောအခါ ဆရာဝန်သည် သူငယ်မကလေးအား ဖခင်၏ အလောင်းကို ပြလေ၏။ သူငယ်မကလေးသည် အပါး၌ရပ်ကာ ဖခင်၏မျက်နှာကိုကိုင်တွယ်စမ်းသပ်ကာကြည့်ရင်း တရှုံ့ရှုံ့ငိုကာမျက်ရည်များကို သုတ်လျက်

"ဖေဖေ ...ဖေဖေတော့ ဝဋ်ကျွတ်ပြီ၊ ကျွန်မ ဘယ်လိုနေရလဲ" ဟု တိုးတိုးကလေး ပြောလေ၏။

ဆရာဝန်သည် အကျိုးအကြောင်း စောတင်အား ပြောပြရန် အိမ်ပေါ်သို့ ပြေးတက်လေ၏။ အခန်းထဲ၌ စောတင်မရှိသည်ကို တွေ့ရလေလျှင် ရှာဖွေလေ၏။ ရှာဖွေသော်လည်း အဘယ်မှာမှ မတွေ့ရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးလျက် အိပ်ရာကို သေချာစွာကြည့်ရာ နှစ်ယောက်အိပ်သောနေရာမှာ အလယ်၌ ခေါင်းအုံးနှစ်လုံးဆင့်လျက် တစ်ယောက်အိပ်ဖြစ်၍နေသည်ကို တွေ့ရှိရလေသတည်း။ ခေါင်းအုံးပေါ်၌ ချိတ်နှင့်တွယ်၍ထားသော စာတစ်စောင်ကို တွေ့ရသဖြင့် ဖတ်၍ကြည့်ရာ အောက်ပါအတိုင်း တွေ့ရှိရလေ၏။

ကိုကျော်ဒင် ကျွန်မ မပျော်ပိုက်ဘူး၊ ဒီအိမ်မှာနေရခြင်းဟာ ငရဲခံရသည်နှင့်တူပါသည်။ သည့်အတွက် အပျင်းပြေ အဖော်များနှင့် အလည်အပတ်လိုက်သွားပါသည်၊ ရှင်နှစ်သက်တဲ့ နေရာမှာ ရှင်တစ်ယောက်တည်း ပျော်ပျော်ပါးပါးနေပါ။

တင်

ဆရာဝန်သည် ထိုစာကို လက်တုန်စွာနှင့်ဖတ်၏။ စာကိုဆုတ်ဖြတ်ချေမွ၍ ဒေါသနှင့်လွှင့်ပစ်၏။ ထို့နောက် ချာခနဲလှည့်၍လာပြီး အောက်သို့ဆင်းလာခဲ့လေရာ သူငယ်မကလေးသည် ကုလားထိုင်၌ ငြိမ်သက်စွာထိုင်၍နေသည်ကို တွေ့ရှိရလေသတည်း။

"ကိုင်း .. မင်းဖခင် သေဆုံးပြီ၊ ပြန်မလာတော့ဘူး ပူမနေနဲ့၊ ငါမင်းကို ကြည့်ရှုထားမယ်၊ ဒီငွေစက္ကူတွေကို ဘယ့်နှယ်လုပ်မလဲ" ဟု ပြောလေ၏။

သူငယ်မကလေးသည် ငွေစက္ကူများကို ကြောက်ရွံ့သောမျက်နှာနှင့်ကြည့်ကာ

"ကျွန်မတော့ ချက်ချင်းဖျက်ဆီးပစ်ချင်တာပဲ" ဟု ပြောလေ၏။

ဆရာဝန်သည် ပြုံးလျက် ၎င်းကိုကြည့်ပြီး "မင်း သူဌေးမကလေးဖြစ်မှာ၊ ဒီငွေစက္ကူတွေကို ဘယ်သူကမှ အတုလို့မပြောနိုင်ဘူး၊ အမြောက်အမြားသာ မသုံးဘဲ တဖြည်းဖြည်းသုံးရင်း မင်း တစ်သက်လုံး သုံးမကုန်ပါဘူး၊ ဘယ့်နှယ်သဘောရသလဲ"

"ကျွန်မ မဟုတ်မမှန်တာကို မလုပ်ချင်ဘူး။ ကျွန်မ ဖခင်လည်းဘယ်တော့မှ မတရားတာကို မလုပ်ခဲ့ဘူး၊ ကျွန်မ ဖေဖေမှာ မကောင်းတဲ့



လူတွေ သွေးဆောင်လို့ မှားမိတာပါ၊ ကျွန်မ တောင်းပန်တော့ နောင်တရပါတယ်။ ဘုရားနဲ့ဆန့်ကျင်တာ၊ မင်းနဲ့ဆန့်ကျင်တာများကို ကျွန်မ အင်မတန်ကြောက်ပါတယ်။ ဒါတွေကို မလိုချင်ပါဘူး" ဟု ပြောလေ၏။

ဆရာဝန်သည် သဘောကျလျက် သူငယ်မကလေး၏ မျက်နှာကို သေချာစွာ စိုက်၍ကြည့်ရာ မြင့်မြတ်သော စိတ်အရှိန်သည် မျက်နှာ၌ပေါ်၍နေသည်ကို တွေ့မြင်ရလေသတည်း။

မကြာမီ ငွေစက္ကူများကို နှစ်ယောက်သား သမံတလင်းပေါ်၌ ငွေစက္ကူတစ်ထုပ်လုံးပုံကာ မီးခြစ်နှင့်ရှို့လေ၏။ မီးတောက်၍လာလေ၏။ ထို့နောက် တစ်ထုပ်ပြီးတစ်ထုပ် မီးထဲသို့ထည့်ကြလေရာ နောက်ဆုံး၌ ပြာဖြစ်၍သွားလျှင် ဆရာဝန်ထိုပြာများကို ဖိနပ်နှင့်သိမ်းကာအခန်းထောင့်၌ ပုံ၍ထားပြီး လက်များကိုပွတ်သပ်ကာ စိတ်ကျေနပ်သော အမူအရာနှင့် သက်မကြီးချကာ သူငယ်မကလေးနှင့် ယှဉ်ကာအလောင်းကို ကြည့်ပြီး ထိုအလောင်းနှင့်ပတ်သက်၍ စီမံရန်နည်းလမ်းကို တိုင်ပင်ကြလေ၏။

၎င်းနောက် သူငယ်မကလေး၏ ဘက်သို့လှည့်ပြီး–

"ကိုင်း ... မင့်အရေးက ရှိသေးတယ်၊ ကျန်းမာပုံမပေါ်ဘူး၊ ဘာရောဂါရှိသလဲ၊ ဆေးထိုးရလိမ့်မယ်ထင်တယ်၊ မှန်းစမ်း မရှက်နဲ့ မကြောက်နဲ့နော်၊ မကြားဝံ့ရှေ့နေ၊ မမြင်အပ်ဆေးဆရာတဲ့၊ ငါက ဆရာဝန် မင်းရောဂါကို မြန်မြန်ပျောက်အောင် ကုသဖို့ တာဝန်ရှိတယ်။ မှန်း .. ခပ်လန်လန်ကလေးထိုင်" ဟု ပြောပြီး နားကြပ်ကိုယူကာ ရင်ကိုထောက်ကာ ထောက်ကာ စမ်းသပ်လေ၏။

ထို့နောက် ခေါင်းခါလျက် ခါးထောက်၍ရပ်ပြီး စဉ်းစား၏။ ထို့နောက် တစ်ဖန် နားကြပ်ကို အတွင်းသို့ အသားနှင့်ထိအောင် ထောက်ကာ မကျေနပ်သဖြင့် ထပ်မံစမ်းသပ်ပြန်လေ၏။

"အသက်မှန်မှန်ရှူစမ်း"

သူငယ်မကလေးသည် ကြွခနဲ ကြွခနဲဖြစ်အောင် အသက်ကို ရှူလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နားကြပ်ကို ရုပ်သိမ်းပြီး တစ်ဖန် မကျေနပ်ပြန်သဖြင့် ရင်ဘတ်နံဘေး စသည်တို့အပေါ်၌ လက်ချောင်းများကိုတင်ကာ တီးခေါက်၍ စမ်းသပ်ပြန်လေ၏။ ပြီးသောအခါ

"ကိစ္စမရှိဘူး၊ ဘာမှမကြောက်နဲ့ မင်း မကြာမီ ကျန်းမာဝဖြိုးပြီး အခုထက် လှလာလိမ့်မယ်" ဟု ပြောကာ ဆေးဗီရိုကိုဖွင့်ပြီး ပုလင်းတစ်ခုထဲမှ ဆေးတစ်လုံးကို ထုတ်၍ပေးလေ၏။ ဖန်ခွက်နှင့်ရေကို ယူလာ၍ပေးလေ၏။ ထို့နောက် ဆရာဝန်သည် ချွတ်ကရားကလေးနေသော နေရာသို့သွား၍ ချွတ်ကရားကလေး အိပ်နေသည်ကို တွေ့ရှိရသဖြင့် မန္တီးဘဲခြေဖျားထောက်ကာ ပြန်လာပြီး လေမီးဖိုကလေးနှင့် ရေနွေးကို တည်လေ၏။ ၎င်းနောက် မကြာမီ ပူနွေးမွေးကြိုင် နို့မလိုင်တွေ တစ်လက်မခန့်ကြွ၍နေသော ကော်ဖီနှစ်ခွက် ပြီးစီးလေ၏။

အိမ်ပေါ်သို့တက်ပြီးလျှင်မုန့်သေတ္တာကိုယူလာပြီး စားပွဲငယ်တစ်ခု၌ နှစ်ယောက်သား စားသောက်ကြလေ၏။

သူငယ်မကလေးမှာ ရှက်ကိုးရှက်ကန်း ဖြစ်၍နေသော်လည်း ဆရာဝန်က အားပေးသဖြင့်တစ်ကြောင်း၊ အလွန်ကောင်းသော လူတစ်ယောက်ဖြစ်သည်ကို သိရလေသောကြောင့်တစ်ကြောင်း ရဲ၍လာပြီးလျှင် စားသောက်လေ၏။

သူငယ်မကလေးသည် နောက်တစ်ရက် နှစ်ရက်အတွင်း အသစ်ဖြစ်ကာ လတ်ဆတ်ရွှင်လန်းလျက် စိတ်လက်ရွှင်ပျကာ ဖြူဖျော့သော ပါးကလေးများမှာ နှင်းဆီရောင်ကလေး ဖပေါ်စပြုလေ၏။

သူငယ်မကလေးအတွက် အိမ်ပေါ်ရှိ အိပ်ရာကိုပေးလေ၏။ မိမိမှာမူ ဆေးခန်းထဲ၌ ဖျင်ခုတင်ကလေးနှင့် နေရှာလေသတည်း။

သူငယ်မကလေးသည် လျင်မြန်သွက်လက် ထက်မြက်လျက် ဆေးခန်းတွင် ကူဖော်လောင်ဖက် များစွာရလေ၏။ ဆရာဝန် သင်သမျှ ပြသမျှကို လျင်မြန်စွာ တတ်မြောက်အောင် ကြိုးစား၏။ ဆရာဝန်မှာ စောတင်မရှိသည့်အတွက် ငြိုငြင်ပူပင်ခြင်း မဖြစ်ရအောင် နတ်များက အဖော်လာ



၍ပေးသလိုဖြစ်လေ၏။ အကြောင်းမူကား စောတင်ရှိစဉ်က ဆေးခန်းတွင် တစ်ယောက်တည်း အလုပ်လုပ်ရလေ၏။ ဤသူငယ်မကလေးသည်ကား အဖော်ရရုံမက မကြာမီ ကွန်ပေါင်ဒါဆေးစပ်ဆရာမကလေး ဖြစ်နိုင်မည်ကို သိရလေသတည်း။

အချိန်မဲ့ ချမ်းအေးစွတ်စိုသော ညဉ့်များ၌ လူမမာများလာ၍ ခေါ်သဖြင့် ဆရာဝန်သည် လိုက်ရတော့မည်ရှိသည့်အခါ တံခါးမှထွက်တော့မည်အပြုတွင် အဘယ်မျှပင် ညဉ့်နက်စေကာမူ သူငယ်မကလေးသည် တံခါးအနီး၌ရပ်ကာနေသည်ကို တွေ့ရ၏။ အပါးသို့ကပ်မိလျှင် ပူနွေးသော လက်ဖက်ရည်ပန်းကန်ကို ပေးလေ၏။ ဆရာဝန်ပြန်၍လာလျှင် ဆေးခန်းထဲ၌ အငွေ့တလူလူနှင့် စောင့်၍နေသော လက်ဖက်ရည်ကရားနှင့် ပန်းကန်များကို တွေ့ရ၏။ စောတင်ရှိစဉ်က ဤကဲ့သို့ တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ရဖူးသည်ကို ဆရာဝန် ပြန်လှန်တွေးတောမိလေ၏။

ဆရာဝန်ကလည်း ၎င်းကို အသုံးကျမှန်းသိသဖြင့် မိန်းမကြီးတစ်ယောက်ကိုခေါ်ပြီး ၎င်းအတွက် သင့်လျော်သောအဝတ်အစားများကို ဝယ်၍ပေးရန် ငွေများကိုပေးလေ၏။ သူငယ်မကလေးမှာ ကျန်းမာလတ်ဆတ်၍လာရာတွင် တိုးတက်လှပ စောတင်ထက်ပင် ဟန်ကျပါကလားဟု ဆရာဝန်၏စိတ်၌ တွေးမိလေ၏။

သို့ပင် တွေးမိသော်လည်း များစွာအရေးမဝင်ဘဲ အစေခံမကလေးလိုပင် ပြောဆိုကာ ကြင်ကြင်နာနာ ခိုင်းစေအသုံးပြုလေ၏။ သူငယ်မကလေးသည် မိမိ၏အပေါ်၌ ကြင်နာသောကြောင့် ရဲတင်းခြင်းမရှိဘဲ ကျေးဇူးရှင်တစ်ယောက်ကို ပြုစုရသလို သဘောထားကာ အမှုအရာမှ တစ်ပါး တစ်စုံတစ်ရာ ပိုမိုခြင်းမရှိချေ၊ စိတ်ထဲ၌ တစ်စုံတစ်ရာ ပိုမို၍ပင်လာစေကာမူ အမူအရာမျက်နှာ၌ မပြဘဲ မောင်နှမများနေသလိုသာ နေရှာလေ၏။

ဆရာဝန်ကလည်း ထိုနည်းအတိုင်းပင် နေသော်လည်း စိတ်ထဲ၌ သူငယ်မကလေးကို နေရာတိုင်း၌ စောတင်နှင့်ယှဉ်ပြိုင်၍ နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



စောတင်နှင့် ယှဉ်ပြိုင်တိုင်း သူငယ်မကလေးမှာ ဆရာဝန်၏စိတ်ထဲ၌ အနိုင်ရ၍ နေလေသတည်း။

တစ်နေ့သ၌ ခါတိုင်းနှင့်မတူ အလုပ်ပါးသဖြင့် ညနေအချိန်၌ ဆရာဝန်သည် မော်တော်ကားနှင့် လည်ပတ်ရန် စိတ်ကူးလေ၏။ သူငယ်မကလေးသည်ကား အိမ်တွင်းကား ဆရာဝန်၏ အဝတ်အစားများကို မီးပူတိုက်၍နေလေ၏။

ဆရာဝန်သည် အခန်းထဲသို့ဝင်သွားရာ သူငယ်မကလေးသည် ထိတ်လန့်သလိုဖြစ်ကာ အလုပ်ကိုရပ်လျက် ဆရာဝန်၏မျက်နှာကို ကြည့်၍နေလေ၏။

"အလည်လိုက်မလား၊ အင်းလျားဘက်ကို သွားမယ်" ဟု ပြောလေ၏။

သူငယ်မလေးသည် ရှပ်အင်္ကျီတစ်ထည်ကို ခေါက်မည်အကြံနှင့် ကိုင်လျက် ဆရာဝန်၏ မျက်နှာကို ကြည်ဖြူစွာ မရဲတရဲကြည့်ကာ လိုက်ချင်လျက် မပြောဝံ့သော အမူအရာတစ်မျိုးကို မျက်နှာ၌ပြလေ၏။

ဆရာဝန်က "ဩော် ... ဒါတွေထားခဲ့ပါ၊ မင်း တစ်နေ့လုံးမအားဘူး မမောဘူးလား၊ သွား ... ကောင်းကောင်းမွန်မွန် ဝတ်ချေ၊ ဆံပင်များကိုလည်း ဖြီးပါ လိမ်းပါဦးကွဲ့" ဟု ပြောကာ ကျောကို ကိုင်လျက် အလုပ်လုပ်သောနေရာမှ ဖယ်ရှားလိုက်လေ၏။

သူငယ်မကလေးသည် ဆရာဝန်၏မျက်နှာကို ပြုံးချိုသောအမူအရာနှင့် လှည့်၍ကြည့်ရင်း ဖြီးလိမ်းသော မှန်ဗီရိုရှေ့သို့ ရောက်သွားလေ၏။ ဆရာဝန်လည်း အိမ်ပေါ်မှဆင်းကာ ကားပေါ်မှာထိုင်လျက် သူငယ်မကလေးကို စောင့်၍နေလေသတည်း။

မကြာမီ သူငယ်မကလေးသည် ကားပေါ်သို့ရောက်ပြီး နှစ်ယောက်သား ယှဉ်၍ထိုင်ကာ မောင်းနှင်၍ သွားကြလေ၏။

အင်းလျားအနီး လေပြည်အေးချမ်း ပက်ဖျန်းသောနေရာတစ်ခု၌ ကားကိုရပ်ကာ နှစ်ယောက်သား စကားပြောကြရာတွင် ဆရာဝန်သည်



အင်္ကျီအိတ်ထဲမှ သတင်းစာတစ်ပိုင်းကို ထုတ်ယူကာ သူငယ်မကလေးအား ပြလေ၏။ ထိုသတင်းစာမှာ အခြားမဟုတ်။ ငွေစက္ကူလုပ်မှုနှင့် မြဘူး သည် မိမိနှင့် ငွေစက္ကူလုပ်ဖော်ဖြစ်သောသူကို သတ်ပစ်သဖြင့် ၎င်းအပေါ် လူသတ်မှု၊ ငွေစက္ကူလုပ်မှု နှစ်မှုနှင့် ပုလိပ်ကစွဲဆိုပြီး ရုံးသို့တင်ကြောင်း သတင်းဖြစ်လေရာ သူငယ်မကလေး၏ မျက်နှာသည် လင်း၍လာပြီးလျှင် သက်မကြီးချလိုက်လေသတည်း။

ထို့နောက် မကြာမီ နေဝင်၍သွားပြီးလျှင် မှောင်ကျ၍လာလေ၏။

ဆရာဝန်သည် သူငယ်မကလေး၏ လက်နှစ်ဖက်ကို ဆိုင်ဆွဲကာ "မင်းပျော်ရဲ့လား" ဟု မေးလေ၏။ သူငယ်မကလေးက ဆရာဝန်၏ မျက်နှာကို ချစ်ခင်သော မျက်လုံးများနှင့် မော်ကြည့်ကာ "ကျွန်မ နတ်ပြည်ကို ရောက်နေတယ်လို့ ထင်တာပဲ" ဟု ပြောလေ၏။

"မင်း ကြောက်စရာရန်သူ တစ်ယောက်မှ မရှိတော့ဘူး၊ ဘယ်ကိုမှ သွားဖို့မလိုတော့ဘူး၊ ငါ့ကို အရင်မိန်းမတစ်ယောက် စွန့်ပြေးတယ်၊ မင်းကော စွန့်ပြေးမှာလား" ဟု ပြောကာ သူငယ်မကလေး၏ကိုယ်ကို ရင်ခွင်သို့ ဆွဲသွင်းလေ၏။

နောက်တစ်လလောက် ကြာသောအခါ ဘစိုးနှင့်နေရခြင်း၌ မှန်းသလောက် စိတ်လက်မပျော် မချမ်းသာသဖြင့် ဖခင်ထံ ပြန်နေရာ ကျော်ဒင် ရန်ကုန်ကိုပြောင်း၍နေပါမည်ဟု ကတိထားလျှင် ပြန်၍လာမည်ဟူသော စာတစ်စောင်ကို ပေးလိုက်သော စောတင်၏စာကို ရရှိလေ၏။

ကျော်ဒင်သည် စာကို ဆုပ်၍ပစ်ပြီး "ပြုပြင်ပြောင်းလဲခြင်းအသစ်ဖြစ်ပြီ၊ မဖြစ်နိုင်တော့ဘူး၊ ကျေးဇူးတင်ပါ၏" ဟူသော သံကြိုးကို စောတင်ထံသို့ ရိုက်ကြားလိုက်လေတော့သတည်း။

၁၉၃၀ ခုနှစ်၊ နိုဝင်ဘာလ၊ ကဝိမျက်မှန်မဂ္ဂဇင်း၊ ၄/၈

❑

www.burmeseclassic.com

www.burmeseclassic.com

# ထင်မိယောင်မှား

မြသိန်းသည် စာပို့ကုလားလာ၍ပေးသော စာတစ်စောင်ကို ဖောက်ပြီး ပက်လက်ကုထားထိုင်၌ ထိုင်ကာဖတ်လေ၏။ ထိုနောက်စာကိုလက်ထဲ၌ ကြေအောင်ဆုပ်ကိုင်ချေမွလေ၏။ မျက်လုံးများကိုမှိတ်ကာ စဉ်းစား၍နေပြီး သက်မကြီးချလိုက်လေ၏။ ထိုနောက်တစ်ဖန် စာကိုပြန်၍ဖြန့်ကာ ဖတ်ပြန်လေ၏။ တစ်ဖန် စဉ်းစားပြန်၏။ ၎င်းနောက် ရုတ်တရက် ထကာ အံကြိတ်လျက် "သူတော်ကောင်းမျိုးတွေ၊ အမျိုးမြတ်တွေ နည်းနည်းပါးပါး သောက်ရင် လူယုတ်မာထင်တာပဲ။ မသောက်ဘဲ ဟန်ဆောင်ရင် သူခိုးကို တောင် ဘုရားထင်တယ်။ ဒီလိုအမျိုးထဲဝင်ရောက်လို့ ဘာအကျိုးလဲ" ဟု တစ်ယောက်တည်း မိမိကိုယ်ကို မိမိပြောကာ ကြေမွသောစာကို စက္ကူခြင်းထဲသို့ ပစ်ချလိုက်လေ၏။ ထိုနောက် ဒရိုင်ဘာကို ကားပြင်ရန်အမိန့်ပေးပြီး အဝတ်များလဲ၍ အိမ်ရှေ့ခန်းမှ ဆင်းသွားလေ၏။ ၎င်းည၌ ဂလုပ်ရုပ်ရှင်မှ ထွက်၍လာရာ ၉ နာရီကျော်ကျော်ခန့် အချိန်ဖြစ်လေ၏။ မိုးသည် သည်းထန်စွာ ရွာ၍နေလေ၏။

မိမိ၏ကားသို့ ရောက်ဖို့ရန်ကား သည်းထန်သော မိုးရေထဲကို ဝါးတစ်ရိုက်သာသာ ဖြတ်ကူးရဖို့ရှိလေ၏။ သို့ဖြစ်၍ ကူးရမည် မကူးရမည်ကို ချိန်ဆရင်း ခဏကလေးရပ်ကာ မိုး၏အရိပ်အဆင်ကို ကြည့်ခိုက်တွင်



မွေးကြိုင်သောရေမွေးပေါင်ဒါနံ့နှင့် ငွေဖလားထဲသို့ ကရားဖြင့်ရေကို လောင်းချလိုက်ရာ ထွက်ပေါ်သည့် သာယာသောအသံနှင့်တူသော ရယ်မောသံကလေးကို နံဘေးနားမှ ရရှိကြားမိသဖြင့် လှည့်၍ကြည့်လိုက်ရာ ရေထိလျှင် ပျက်စီး၍သွားလိမ့်မည်မှတ်ရလောက်အောင် နူးညံ့လှပသေးငယ်သော ပိုးဖဲထီးကလေးအောက်၌ မိန်းမပျိုနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် ပူးကပ်စွာရပ်လျက် ရယ်မောစကားပြောဆိုနေကြသည်ကို မြင်ရလေ၏။ တစ်ယောက်သော မိန်းမပျိုမှာ အသက်နှစ်ဆယ်ကျော်ခန့်ရှိ၍ လွန်စွာလည်ပတ်ပါးနပ်သောအသွင်ရှိလေ၏။ ရွှေခြေချင်း ဝါဝင်းဝင်းများနှင့် ဖြူစင်သောခြေခုံခြေမျက်စိ ပွတ်တိုက်ထားသလို မှတ်ထင်ရသော ဖြူဝင်းလှပပြေပြစ်သော ခြေသလုံးများပေါ်အောင် ပန်းနားနှင့်ထဘီအပြာကို လက်ကလေးတစ်ဖက်နှင့်ပင့်ကာ ဒူးကလေးနှစ်ဖက်ထိစေအောင်ကပ်၍ရပ်နေသော အလွန်လှပသော မိန်းမပျိုကလေး၏ မျက်နှာသည်ကား အလွန်ရိုးသား၍ အပြစ်ကင်းစင် ချစ်ဖွယ်သော အသွင်ရှိလေရာ ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ်ထက် မကျော်သေးဟု မြသိန်း၏ စိတ်၌ မှတ်ထင်ကာ နှလုံးသွေးလှုပ်ရှား၍ သွားလေ၏။ ၎င်းမိန်းမပျိုကလေးသည်ကား လှပဖြူဝင်းသော သွားကလေးများပေါ်အောင် ပြုံးလျက် ဝါဝင်းသော မျက်နှာကလေးကို ခပ်မော့မော့ကလေးထားပြီး မည်းမှောင်သော မိုးကိုကြည့်၍ နေလေ၏။ အကြီးမိန်းမပျိုသည်ကား "ငါ့ ညီမကလေးကို ထိတဲ့အကောင်ပါးကျိုးမယ်" ဟူသောမျက်နှာမျိုးကို ဆောင်လျက် နီး၍လာသော ယောကျ်ားဟူသမျှအပေါ်မှာ ရန်ထောင်လိုသော အသွင်ရှိလေ၏။ ထိုအသွင်သည် တကယ့်အသွင်ဖြစ်လေသလားဟု မည်သူမျှ မပြောနိုင်ချေ။ မြသိန်းသည်ကား အငယ်မိန်းကလေးနှင့် အကြီးမိန်းမပျိုကို ယှဉ်ပြိုင်ကာကြည့်လျက် အကဲခတ်၍နေလေ၏။ အခြားယောကျ်ားများသည်လည်း မိုးရေထဲသို့မထွက်ဘဲ ရပ်ရင်း ၎င်းလှပသော မိန်းကလေးကို အစိမ်းသားတော့ မလိုကြည့်ကြလေ၏။ အကြောင်းမူကား ဖဲစီးကြိုးပန်းရောင်နက်မှောင်ရှည်လျားသော ဆံပင်၊ ၎င်းဆံပင်အောက်ရှိ မကြော့ရှင်းသော

www.burmeseclassic.com



ကျောနှင့် ခါးတင်တို့သည် အလှဆုံးရုပ်ရှင်မင်း သမီးကလေးထက် လှပလေ၏။ အရှေ့တိုင်းသူကလေးများ၏ အလှသည် တကယ်လှသောအခါ ကျောက်ရုပ်နှင့်တူသော အနောက်တိုင်းသူမကလေး၏ အလှမျိုးကို ညှိုးမှိန်ခြင်းသို့ ရောက်စေလေ၏။

အတန်ငယ်ကြာသောအခါ မိုးသည် လုံးလုံးမစဲသော်လည်း သွန်းလောင်းခြင်းအား အရှိန်မှာ နည်းပါးဆုတ်ယုတ်၍သွားလေ၏။ စောင့်၍နေသောလူထုသည်လည်း ထို့အတူနည်းပါး၍သွားလေ၏။ မြသိန်းသည်ကား ရှုပါရုံငါးမြားကြီးနှင့် ချိတ်မိသောကြောင့် မိမိ၏ကားရှိရာသို့ မသွားနိုင်သေးဘဲနေလေ၏။ မိန်းပျိုနှစ်ယောက်သည်ကား ဖဲထီးကလေးကို နှမြောသောကြောင့်လားမသိ မထွက်သေးဘဲ နေလေ၏။

သို့နေခိုက်တွင် မြသိန်းသည် ကောင်းကင်ကို တစ်ဖန်မော့ကြည့် ပြီး "ဟင် ... လာပြန်ပြီ တော်တော်နဲ့ ရပ်မယ့်မိုးမဟုတ်ပါဘူး ထင်ပါရဲ့"ဟု ပြောလေ၏။ မိုးသည် မြသိန်း၏စကားကို တအားဆင့်ကာ ထောက်ပံ့ပြန်လေ၏။

"ကိုင်း ... ဘယ့်နှယ်လုပ်မလဲ လာပြန်ပြီ၊ မင်းတို့ဘယ်သွားမလို့လဲ" ဟု ပြုံးရယ်ကာ မေးလေ၏။ မိန်းမပျိုကလေးသည် ရိုးသားသော မျက်နှာနှင့် မြသိန်းကိုကြည့်ပြီး မိမိအဖော်၏မျက်နှာကို ကြည့်လေ၏။ အဖော်ဖြစ်သူက "ဘယ့်နှယ်လူကြီးပါလိမ့်" ဟု ပြောသောကြည့်ပုံမျိုးနှင့် ကြည့်ပြီး စကားပြန်၍မပြောဘဲ သူငယ်မကလေး၏ ပခုံးကိုကိုင်ကာ မြသိန်းနှင့် ခပ်ဝေးဝေးကလေးသို့ ရောက်အောင် နံဘေးရွှေ့လိုက်လေ၏။

မြသိန်းသည်ကား တစ်ခုခုကို စမိလျှင် လျှော့တတ်သူမျိုး မဟုတ်ပေ။ စကားတစ်လုံးထပ်၍ ပြောခြင်းကြောင့် မိမိမှာတစ်စုံတစ်ရာဖြစ်ဖို့ မရှိသည်ကို တွေးဆကာ မိုးရေပက်မှာကိုစိုးသဖြင့် တစ်လှမ်း ခပ်ဖွဖွကလေး ဆုတ်လိုက်ရာ၊ ပေတင်သားရေဖိနပ် နက်နက်ပြောင်ပြောင် သေးသေးချွန်ချွန်ကလေးသည် ချော်သလိုဖြစ်၍သွားပြီး ၎င်းတို့၏ အနီးသို့ ရောက်၍သွားလေ၏။ မိန်းမပျိုနှစ်ယောက်သည် အသံထွက်အောင် ကျိတ်



ကာ ရယ်ကြလေ၏။ မြသိန်းသည် ရှက်ကိုးရှက်ကန်းပြုံးကာကြည့်လိုက်ရာ မိမိဘက်သို့ စူးစိုက်လျက်နေရာမှာ တစ်ဖက်သို့ သိမ်းရုတ်လိုသော အငယ်မကလေး၏ မျက်လုံးများကို သိမြင်လိုက်ရလေ၏။

"မကြောက်ပါနဲ့ အစ်ကိုကြီးမှာကားနဲ့ပါ။ မင်းတို့နေရာကို လိုက်ပို့နိုင်ပါတယ်" ဟု မိမိ၏ကားဘက်သို့ မေးငေါ့ကာ ပြောလိုက်လေ၏။ ထိုအခိုက်တွင် လူအနည်းငယ်တို့သည် မြင်းရထားနှင့်ရောက်လာ၍ လက်မှတ်ရောင်းရာသို့ ပြေးကပ်လာကြ၏။ ၎င်းတို့မှာ ကပြားအဖိုအမများဖြစ်ကြလေ၏။

အကြီးမိန်းကလေးသည် သားနားသစ်လွင်လျက် ခတ်မီးရောင်နှင့် မိုးရေတွင် တောက်ပြောင်၍နေသော ကားကို မြင်ရသောအခါ မျက်လုံး မျက်နှာ ပျောင်းပျော့ သိမ်မွေ့၍သွားလေ၏။

"ဟိုဟာ ရှင့်ကားလား" ဟု ပြုံးကာ မေးလေ၏။

မြသိန်းသည် ခေါင်းညိတ်လိုက်ပြီး "လာလေ ဘယ်မြို့ပို့ရမလဲ"ဟု မငြင်းနိုင်အောင် ရှင်ပျစိတ်ချ ရိုးသားသော အမူအရာနှင့်ပြောပြီး မိုးရေကို ဖြတ်ကူးပြီး ကားသို့ရောက်သွားလေ၏။ မိန်းမပျိုနှစ်ယောက် တိုင်ပင်ကာ လိုက်ရကောင်းမည် မကောင်းမည်ကို တိုင်ပင်ကြဟန်တူလေ၏။ မြသိန်းသည် ကားကိုနှိုး၍ ၎င်းတို့အပါးကပ်လာပြီး "လာလေ ကြောက်စရာမရှိပါဘူး။ တက် ... မိုးဒီထက်သည်းလာရင် မင်းတို့ ခွကျနေမှာ" ဟု အမိန့်ပေးသလိုပြောရင်း တံခါးကိုလှည့်ကာ လှမ်းဖွင့်၍ ပေးလေ၏။ မိန်းမပျိုနှစ်ယောက်သည် မကြာမီ ကားပေါ်သို့ရောက်ကြလေ၏။ မိန်းမပျိုအကြီးက "အီဒင်လမ်း" (ဗိုလ်တထောင်ဈေးလမ်း) ဟုပြောလေ၏။ ကားလည်းထွက်လေ၏။ ဆူးလေဘုရားလမ်းမှ ဘားလမ်း (မဟာဗန္ဓုလပန်းခြံလမ်း) ဘက်သို့ရောက်လေ၏။ အရှေ့ကိုမောင်း၍သွားရာ စပတ်လမ်း (ဗိုလ်အောင်ကျော်လမ်း) ဘက်သို့ ရောက်လျှင် မိုးစဲ ၍သွားလေ၏။ လရောင်နှင့် ခတ်မီးရောင်များဖြင့် လမ်းများသည် လင်းပြောင်၍ နေလေ၏။ မြသိန်းသည် ကားကို နှေးနှေးမောင်းရာမှ နောက်သို့လှည့်ကာ အိမ်မသွားခင်

www.burmeseclassic.com



ဘယ်သွားချင်ကြသေးသလဲ။ ကန်တော်ကြီး ပတ်မလား"

မိန်းမပျိုနှစ်ယောက်သည် ပြုံးလျက် ရှက်ကိုးရှက်ကန်းနေလေ၏။ အငယ်မကလေးက "အားနာစရာကြီး အစ်ကိုကြီးအိမ်က ဘယ်မှာလဲ"

"မောင်ဂိုမာရီလမ်း (ဗိုလ်ချုပ်အောင်ဆန်းလမ်း)မှာ အစ်ကိုကြီး ရှိနေတယ်။ ကိစ္စမရှိပါဘူး။ ကံထူးလို့အစ်ကိုကြီးနဲ့ တွေ့ကြတာပဲ။ အစ်ကိုကြီးက လူရိုးပါ။ မကြောက်ပါနဲ့။ အားလည်း အားပါတယ်။ မင်းတို့က ဆူမယ့်လူမရှိရင်တော့"

"အမယ် အစ်ကိုကြီးက ကျွန်မတို့မှာ ဆူစရာ ဘယ်သူမှ မရှိပါဘူး"

"ကိုင်း၊ ဒီလိုဖြင့်ပြော၊ ဘယ်ကိုလဲ"

"ကျွန်မတို့တော့ လေကလေးခံရရင် တော်ပါပြီ။ ရှင်သဘောရှိရာ မောင်းပြီးတော့ ကျွန်မတို့ကို အိမ်အရောက်ပို့ရမယ်နော်" ဟု အကြီးက ပြော၏။

"အို ... စိတ်ချ အစ်ကိုကြီး အိမ်ရောက်ရင် အလကားပျင်းနေမှာစိုးလို့ပါ။ မင်းတို့မပါရင် အင်းလျားကန်ပေါင်ပတ်မလို့၊ အစ်ကိုကြီးက တစ်ယောက်တည်း ကားနဲ့လည်ပတ်တတ်တယ်"

"ကားကလေးက သိပ်သွားတာပဲ၊ ငြိမ့်က ငြိမ့်နဲ့နော်" ဟု မိမိ၏ အဖော်အား ပြောလေ၏။ မြသိန်းသည် ၎င်း၏ သာယာသောအသံကလေးကို နားထောင်၍ မငြီးနိုင်အောင် ရှိလေ၏။ ကန်တော်ကြီးသို့ရောက်ပြီးနောက် အင်လျားကို တစ်ပတ်လှည့်ကြလေ၏။ ထိုနောက် ပြန်ကြလေရာ အီဒင်လမ်းထိပ်သို့ ရောက်သောအခါ မိန်းမပျိုအကြီးက "ကျွန်မတို့ ဒီကပဲ ဆင်းပါရစေတော့"ဟု ပြောလေ၏။ မြသိန်းလည်း ရပ်ပေးလေ၏။ ထိုနောက် မိမိတို့အိမ်ကို အဝေးမှ လှမ်း၍ပြကာ နံပါတ်ကို ပြောလေ၏။ မိမိတို့၏နာမည်များကိုလည်းပြောပြီး အသိမိတ်ဆွေဖြစ်ကြလျက် မြသိန်း ပြန်၍ လာလေ၏။ ထိုညဉ့်၌ ကြင်လှ၏ မျက်နှာကိုသာ ထင်မြင်၍ အိပ်မက်အောင်စွဲကာ နေလေသတည်း။

နံနက်မိုးလင်းအားကြီးမှ ကောင်းစွာအိပ်ပျော်လေရာ အိပ်ရာမှ



မထမီ သူငယ်ချင်းဘမြိုင်မှ မောင်သစ်တို့ရောက်၍ လာကြပြီးလျှင် အိပ်ရာထဲမှ ဆွဲ၍ ထူကြလေ၏။

"အိုင်ဆေး အိပ်လှချည်လား၊ ညက မအိပ်ရဘူးထင်တယ်၊ အဟုတ်ပြောစမ်း ဘယ်ကိုသွားသလဲ" ဟု ဘမြိုင်က မေးလေ၏။

မြသိန်းသည် မျက်နှာကိုပွတ်သပ်ကာ လူး၍ထပြီး "ဘယ်မှမသွားရပါကလား၊ ညက စာဖတ်ရင်း မျက်လုံးကျယ်သွားလို့ လင်းအားကြီးမှ အိပ်ရတယ်" ဟု မျက်တောင်စင်းစင်းနှင့် ၎င်းတို့ကို မကြည့်ဘဲ တစ္ဆေပူးသလို သမ်းဝေလှုပ်ရှားကာ ပြောလေ၏။

"အိုင်ဆေး ညာလို့မရဘူး၊ တို့များက 'အနန္ဒါဆင်"က ထွက်အလာမှာ မြင်ရတယ်၊ တို့က မနှောင့်ယှက်ချင်လို့ မင်းကို ချမ်းသာပေးလွှတ်လိုက်တာသိလား။ ဘယ်က မြာကလေးလဲ၊ ပြောစမ်း" ဟု မောင်သစ်က ခါးထောက်ကာ ရပ်လျက် မေးလေ၏။

မြသိန်းသည် အိပ်ရာမှ ယခုမှ နိုးသလိုဖြစ်၍လာပြီး မျက်လုံးများကျယ်လေ၏။ ၎င်းတို့ကို နားမလည်သော အမူအရာနှင့် ကျီးကန်းကိုကြည့်လေ၏။ ထိုနောက် စကားပြန်၍မပြောဘဲ လျင်မြန်စွာ အိပ်ရာမှ ခုန်၍ချပြီး ရေချိုးခန်းသို့ပြေးရင်း "ဟေ့ ... ဘိုးညွန့် လက်ဖက်ရည် ထပ်ပြင်ဟေ့" ဟု အစေခံအား အော်ပြော၍ သွားလေ၏။

ရေမိုးချိုးပြီးနောက် စားပွဲ၌ထိုင်ကာ လက်ဖက်ရည်သောက်ကြလေ၏။ သူငယ်ချင်းနှစ်ယောက်သည် ၎င်း၏အကဲကိုကြည့်ကာ စကားမပြောဘဲ နေကြလေ၏။ မြသိန်းမှာမူကား မိမိတွေ့ရသောအကြောင်းကို ပြောချင်လှသဖြင့် အသည်းယား၍နေ၏။ မိတ်ဆွေများကလည်း ထိုအကြောင်းကို ဆက်၍မမေးဘဲ အခြားအကြောင်းကိုပြော၍နေလေ၏။ ထိုနောက် ဆက်လက်ကာ သည်းမခံနိုင်သဖြင့် "နေပါဦးကွယ်၊ မင်းတို့ ဟာတွေထားလိုက်ပါဦး၊ မင်းတို့ တကယ်မြင်သလား" ဟု မြသိန်းက မေးလေ၏။

"ဘာကိုလဲ" ဟု မောင်သစ်က သတိမေ့ဟန်ဆောင်၍ မေးလေ၏။

"ဟင် ... မင်းအဖေ ငါ၊ နို့ ... မင်းတို့မြင်တယ်ဆို၊ အပ[illegible] မင်းတို့

www.burmeseclassic.com

www.burmeseclassic.com



အန်ဒါဆင်မှာလား'

ဘမြိုင်က ပြုံးလျက် ဘိုးသစ်ကို မျက်စပစ်၍ ပြလေ၏။

"မြင်ပါတယ်ဗျာ၊ အဟုတ်ပါပဲ၊ အန်ဒါဆင်ကို ငါတို့က အဝင်"

"မင်းတို့ ခုတင်က ပြောတော့ အထွက်ဆို။ ဘာသဘောလဲ"

"ထွက်ထွက်ဝင်ဝင်ကွယ်။ မြင်တယ်ဆို ပြီးရောပေါ့"

"မင်းတို့ ဘာသဘောက်သလဲ"

"မိုးအေးလို့ ဘရန်ဒီကလေး တစ်ခွက်စီသောက်ပြီး ထွက်လာတယ်၊ မင်း ကားနဲ့ ဆူးလေဘက်ကိုသွားတယ် မဟုတ်လား"

မြသိန်းသည် သဘောကျလျက် ပြုံးကာ လက်ဖက်ရည်ကို မွှေ၍ နေလေ၏။

အတန်ငယ်ကြာစွာ ဆိတ်ငြိမ်၍ နေကြပြီးမှ မြသိန်းက မေးလေ၏။

"ဘယ့်နှယ်လဲ ဖြောင့်ရဲ့လား"

"ဖြောင့်ပါရဲ့ဗျာ၊ ဘယ်လိုများ တွေ့လာသလဲ၊ မင်းတို့သိတာ ဘယ်လောက်ကြာပြီလဲ"

မြသိန်းသည်တွေ့ပုံကို အားရပါးရမြိန်ယှက်စွာ ပြော၍ပြလေ၏။ သူငယ်ချင်းနှစ်ယောက်လည်း ထောက်ခံချည်တစ်လှည့် ဖြည့်စွက်သည် တစ်ခါ မေးခါတစ်လှည့် သေချာစွာနားထောင်ကြလေ၏။ "ငါ ဒီလောက် ချောတဲ့ ကောင်မကလေးမျိုးကို မမြင်ဖူးသေးဘူး။ အခုမှ တွေ့ဖူးတာပဲ" ဟူသော စကားဖြင့် အဆုံးသတ်လေ၏။ ဘမြိုင်က "ရိုးတိုးယားတားနဲ့ အဟုတ်ဖြစ်သွားမယ်နော်၊ မင်းက တွေ့ဖူးတာမဟုတ်ဘူး"

မြသိန်း။ ။ "မင်းက အရှုးအမဲသားကျွေးတာမျိုးလို ထင်လို့လား ဟေ့၊ ဒီအရာမျိုးမှာ အံ့ချွနေပြီမှတ်ပါ"

သစ်။ ။ "ကိုယ့်လူ ဒါလောက်တောင် မည့်ပါဘူးကွယ်၊ ဒီလိုဟာမျိုးအတွက် စိတ်ပူစရာ ရှိမယ်မဟုတ်ပါဘူး"

သိန်း။ ။ "ကိုရင်တို့ သတိထားပြောကြနော်။ ဒီကောင်မကလေးဟာ ကိုရင်တို့ထင်တဲ့အစားမျိုးထဲက မဟုတ်ပါဘူး"



မြိုင်။ ။ မဟုတ်ရင်တော်ပါရဲ့ သူငယ်ချင်း။ ဟုတ်နေမှာစိုးလို့ ပြောတာပါ"

သိန်း။ ။ "ဘယ်လိုအစားထဲကဆိုတာ ကိုရင်တို့သိစေမယ်။ ဒီလောက်တော့ နားလည်ပါတယ် သူငယ်ချင်းရယ်"

ထိုနောက် အတန်ကြာ ဆိတ်ငြိမ်၍နေကြလေ၏။ မြသိန်းသည် အိပ်ရာထဲသို့ စီးကရက်ဘူးနှင့် မီးခြစ်ယူရန်သွားပြီး ပြန်လာသောအခါ ဘမြိုင်နှင့် မောင်သစ် စကားပြောနေရာမှ တစ်ယောက်ကိုတစ်ယောက် လက်ကုတ်ကာ စကားရပ်လိုက်သည်ကို မြင်လိုက်ရလေ၏။သို့သော်လည်း မမြင်ဟန်ဆောင်၍ ၎င်းတို့အား စီးကရက်များထုတ်၍ပေးပြီး တအောင့်တနား စကားဆက်လက်၍ ပြောပြီး အလည်အပတ်သွားဖို့ အကြောင်းများကို တိုင်ပင်ပြီးနောက် သူငယ်ချင်းနှစ်ယောက်ထွက်၍ သွားကြလေ၏။

မြသိန်းသည် တစ်ကိုယ်တည်းစဉ်းစား၍နေလေ၏။ ဒီကောင်မကလေးကို ဘမြိုင်သိဖူးလို့လား၊ ပိုးများနေသလား စသည်ဖြင့် စဉ်းစားနေပြီးနောက် သစ္စာရှိသော သူငယ်ချင်းမိတ်ဆွေဟောင်းများပဲဟု စိတ်ချကာ ရောက်လာသော စာများကိုကြည့်လေ၏။ ထိုနောက် နံနက်ဘက်ဆိုင်ရာ အလုပ်အနည်းငယ်ကို လုပ်လေ၏။ သို့သော်လည်း ၎င်း၏စိတ်သည် အလုပ်ထဲသို့မဝင်။ လှပသော မိန်းမပျိုကလေး၏ထံသို့သာ ရောက်၍ နေလေသတည်း။ သို့ဖြစ်သောကြောင့် အဝတ်အစားများကိုလဲပြီး အရေးတကြီးလုပ်ကိုင်စရာ တစ်စုံတစ်ရာမျှမရှိသည်နှင့် ဒရိုင်ဘာအားကား အပြင်ခိုင်းပြီး နံနက်လေကို ခံရင်း အီဒင်လမ်း(ယခု ဗိုလ်တထောင် ဈေးလမ်း) ဘက်သို့ရောက်၍သွားလေ၏။ သို့သော်လည်း အိမ်၌မည်သူကိုမျှ မမြင်ရ။ ပြတင်းတံခါးများလည်း ပိတ်၍ထားသည်ကို မြင်ရသဖြင့် အိမ်သို့ပြန်၍ လာလေ၏။ တစ်ဖန်ညနေဘက်၌ အီဒင်လမ်းဘက်သို့ ရောက်၍သွားပြန်ရာ ပြတင်းပေါက်မှမျှော်၍နေသော မိန်းမပျိုကလေးကို မြင်ရလေ၏။ မိန်းမပျိုကလေးက ချက်ချင်းမှတ်မိ၍ အားရဝမ်းသာ အိမ်ကိုလာစေချင်သောအမူအရာကို ပြလေ၏။ မြသိန်းလည်း နေးနေး မောင်းလာသော

www.burmeseclassic.com

www.burmeseclassic.com



ကားကိုရပ်ကာဆင်းပြီး လျင်မြန်သောခြေလှမ်းဖြင့် အိမ်ဘက်သို့သွားလေ၏။ ပြတင်းပေါက်မှ ဝင်းဝင်းတောက် ထက်သန်သော စိတ်အရောင်ဖြင့် ငုံ့ကာကြည့်၍နေသော မျက်နှာကိုမော်ကြည့်ကာ အိမ်လှေကားသို့ ပြေးနင်း၏။ လှေကားထစ်ကို နင်းမိသောအခါ လျင်မြန်သော အရှိန်ကို လျှော့လိုက်လေ၏။ ၎င်းနောက် ဖြည်းညင်းစွာ နင်းတက်၍သွားလေ၏။ အိမ်ပေါ်သို့ မရောက်မီ အိမ်ရှေ့ခန်း၌ အရေးကြီးသော ဧည့်သည်ကို ဧည့်ခံရန်အတွက် အလုပ်များ၍နေခြင်း၏ အမှတ် လက္ခဏာဖြစ်သော လှုပ်ရှားသံများကို ကြားရလေ၏။ မကြာမီ စားပွဲဝိုင်းကြီး၌ မြသိန်းသည် အိမ်သားများနှင့်ဝိုင်းကာ ထိုင်လျက်ရှိလေ၏။ အိမ်သားဆိုသည်ထက် အိမ်သူဟုဆိုလျှင် သာ၍မှန်ပေမည်။ အကြောင်းမူကား အဒေါ်ကြီး တစ်ယောက် သူငယ်မနှစ်ယောက်အပြင် အစေခံမိန်းမပျိုတစ်ယောက်သာ ရှိလေရာ ထိုအစေခံမကလေးမှာ လူမမယ် အရွယ်မရောက်သေးသူကလေး ဖြစ်လေ၏။ မြသိန်းက ဒုက္ခမရှာဖို့ပြောသော်လည်းမရ။ အစေခံကလေးကို အလုပ်ပေးကြ၏။ လက်ဖက်ရည်များ၊ မုန့်များ စားပွဲ၌ ပြည့်၍နေ၏။ မြသိန်းအိမ်၏ ပြင်ဆင်ခြင်း၌ နွမ်းပါးသော သားနားခြင်း အခြေအနေကို မြင်ရ၏။ အတော်ကျယ်သော ဘုရားစင်၌ တင်ထားသော ပန်းသည် အလတ်ဆတ်ဆုံး အသစ်ဆုံးဖြစ်လေ၏။

"တူမများက မနေ့ကတည်းက ပြောတယ်။ မိုးရွာလို့ မောင်ရင်က ကားနဲ့ လိုက်ပို့လိုက်သတဲ့။ ဒီတော့ အဒေါ်က အိမ်ကိုရောက်အောင် ဘာပြုလို့မခေါ်သလဲလို့တောင် ပြောလိုက်ရသေးတယ်။ မောင်ရင်က ဘယ်မှာ အလုပ်လုပ်သလဲ"

မြသိန်းသည်ကား လွန်စွာ ဝင့်ဝါခြင်းမရှိဘဲ ကိုယ်ပိုင်အလုပ်ကို လုပ်သူဖြစ်ကြောင်း ပြောလေ၏။

မြသိန်းသည် အပြောနည်း၏။ များစွာ နားထောင်၏။ အဒေါ်ကြီးက နွမ်းပါးသောအခြေအနေကို မြသိန်းမြင်မှန်းသိသောအခါ ဒေါ်ဒေါ်တို့လည်း အရင်ကတော့ ဒီလိုမဟုတ်ပါဘူး။ ဒေါ်ဒေါ့်ယောက်ျား ဝန်ထောက်



မင်း မရှိကတည်းက ပျက်စီးဆုံးပါးပြီး ဘဝပြောင်းသလို ဖြစ်တာပါပဲ။ ဒီတူမကလေးက မောင်က မွေးတာပါ။ အခုတော့ မရှိကြဘူး။ ငယ်ကတည်းက အဒေါ်နဲ့နေခဲ့ရတော့ သားအမိဖြစ်နေတော့တာပဲ"

မြသိန်းက ဇာတိဇာမြစ်ကို မေးလေ၏။

"အဒေါ်တို့ ရန်ကုန်ဌာနေပါပဲ။ အစိုးရအမှုထမ်းအလုပ်နဲ့ နေခဲ့တော့ အရပ်ရပ်နဲ့နေတာပေါ့လေ။ အခုတော့ ဝန်ထောက်မင်းမရှိတော့မှ ကိုယ့်အရပ်မှာ ပြန်ပြီး အခြေစိုက်ရတော့တာ၊ တောင်ငူမြို့မှာ ခြံတစ်ခုနဲ့ အိမ်တစ်ခု သာယာဝတီမှာ အိမ်တစ်လုံး၊ ပုသိမ်မှာ လယ်ပစ္စည်းအနည်းအပြား ဖြစ်နေလေတော့ အကုန်ထုခွဲရောင်းချပြီး ငွေကလေး ဘာကလေးချေးပြီး နေရတာပဲမောင်။ မဆိုးမကိုး။ သူရှိတုန်းကတော့ အခိုင်းအစေနဲ့ အေးအေး ထိုင်စားရတာကလားမောင်။ ပူရမှန်းပင်ရမှန်းမသိ။ သားထောက် သမီးခံကလည်း မရှိလေတော့ အခုလိုအဖြစ်မျိုး ရောက်လိမ့်မယ်ဆိုတာ ဘယ်တွေးမိမလဲ။ အခုတော့ လောဘ မာနတွေလည်း မရှိတော့ပါဘူး။ ရှာချင် ဖွေချင်လိုချင် လောဘများလည်း ကုန်ခန်းပြီး ဒီတူမကလေးများနဲ့ ထမင်း တစ်ဝမ်း အေးအေးစားနေရရင် ရောင့်ရဲပြီး၊ အားရင် ပုတီးစိပ်၊ နံနက် အရုဏ် ဆွမ်းကပ်၊ ဘုရားရှိခိုး၊ ဒီအလုပ်ရှိတော့တာပဲ" စသည်ဖြင့် ပြော၏။ မြသိန်းလည်း ကြင်နာသနား အားပေးထောက်မသည့် စကားများကိုသာ ပြောရလေ၏။ နောက်ပြန်ခါနီးသောအခါ မိန်းမကြီးက မကြာမကြာ လာလည်ရန်မှာလေ၏။ ကြင်လှကလည်း လှေကားသို့ရောက်အောင် လိုက်လာပြီး "ကိုကို လာလည်နော်၊ ဆက်ဆက်၊ ဘယ်တော့လာဦးမလဲ" ဟု ချစ်ဖွယ်သောအမူအရာ၊ မျက်လုံးများနှင့် ပြောလေ၏။ လှေကားထိပ်၌ မြသိန်းသည် ခေတ္တရပ်လျက် နှုတ်ခမ်းပါးစပ်နှင့်မပြုံး၊ မျက်လုံးဖြင့် ပြုံးသော မျက်နှာကလေးကို စိုက်ကာကြည့်ပြီး "နောင် ကိုကို လာအားကြီးလို့ မုန်းနေမှာလား" ဟု ခပ်တိုးတိုးပြောလေ၏။

"အမယ် ... ကိုကိုက ဒီလိုမဟုတ်ပါဘူး။ ဘယ်အခါမဆို လာနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးကလည်း ခေါင်းရင်း ဘုရားစင်ကို မီးထွန်းဖို့သွားရာမှ နောက်ကို လှမ်းကြည့်ပြီး "အရီးသားချင်းလို သဘောထားပြီး ဘယ်အခါမဆို အဒေါ်ရှိရှိ မရှိရှိ လာနိုင်ပါတယ်" ဟု ပြောလေ၏။

"ကိုကို နက်ဖြန်ညနေဘက်လာဦးမယ်" ဟု ပြောပြီး ဆင်းတော့မည်ပြုလေ၏။

မယ်သစ်လည်း မလှမ်းမကမ်းမှနေ၍ "မကြင်လှရေ အခန့်သင့်ပဲ၊ ဗြိတိသျှဘားမား‌က မနက်ဖြန့်ကားသစ်လဲမယ်လို့ ကြော်ငြာထားတယ်"

"ဟုတ်တယ် ကိုကို၊ လှသိပ်ကြည့်ချင်တာပဲ။ အင်္ဂလိပ်ရုပ်ရှင်ကနားမလည်ဘူး"

"ကောင်းပြီ၊ နက်ဖြန်ခါ ကိုကိုလာမယ်၊ ဘယ်မှမသွားကြနဲ့နော်" ဟုပြောပြီး ဆင်း၍လာခဲ့လေ၏။

မြသိန်းသည် ကြင်လှကို တိုး၍စွဲမက်ခြင်းဖြစ်လေသတည်း။

နောက်တစ်နေ့ မြသိန်းရောက်၍သွားသောအခါ အိမ်၌အဒေါ်ကြီးမရှိ။ အစေခံမကလေးနှင့် ကြင်လှ၏အဖော်ကိုသာ တွေ့ရလေ၏။

ကြင်လှ၏အဖော်သည် မြသိန်းကို တစ်ယောက်တည်း ဧည့်ခံလေ၏။ ကြင်လှကို မြင်ချင်ဇောနှင့် မေးရကောင်းမလား။ မမေးဘဲနေရ တော်မလား စသဖြင့်တွေးဆကာ ဣန္ဒြေမရနိုင်အောင်ဖြစ်၍ နေလေ၏။

မြသိန်းက "အဒေါ်ကြီးရှိသလား"ဟုမေးရာ အဒေါ်ကြီး အသိတစ်ယောက်အိမ်သို့သွားနေကြောင်း ပြောလေ၏။ ထိုနောက် ကြင်လှ၏အကြောင်းကို မေးမည်ပြုပြီးမှ မမေးသေးဘဲ အိမ်အတွင်းသို့ အမှတ်မဲ့ လှမ်းကြည့်လိုက်လေ၏။ မိန်းမပျိုက

"ရှင် ဘာပြုလို့လာသလဲ၊ ကြင်လှကို လိုချင်လို့လား။ ကြင်လှကို မကြံပါနဲ့။ ကျွန်မ ညီမကလေးအရင်းလို သူ့ကိုချစ်နေမိလို့ပါ။ ကျွန်မကတော့ ဘာမှကိစ္စမရှိပါဘူး။ ကြင်လှကိုတော့" ဟု ပြောခိုက်မှာ ကြင်လှအိပ်ရာခန်းထဲမှ ဆံပင်ကပိုကရိုနှင့် ထဘီကို ပြင်၍ဝတ်ရင်း ထွက်ကာနောက်ဖေးသို့သွားသည်ကို ရိပ်ခနဲမြင်လိုက်ရလေ၏။ သို့မြင်ရုံမျှနှင့်



ရင်ထဲမှာ ဖိုထိုးသလိုဖြစ်၍ သွားလေ၏။ အစွဲသည် လွန်စွာပြင်းထန်၍လာလေ၏။

"အခုမှ အိပ်ရာကနိုးရတယ်" ဟု မိန်းမပျိုက မြသိန်းအား ပြောလေ၏။

မြသိန်းမှာကား ထိုစကားကို ကြားရသောအခါ အံ့အားသင့်၍ သွားလေ၏။ ဒင်း ... ဘာစကားကို ပြောလိုက်ပါလိမ့်မလဲ။ ဘယ့်နှယ် မိန်းမလဲ ဟု စဉ်းစားလေ၏။

ထိုနောက် "ဟင် ... ငါ့ကို ဘယ်လိုလူထင်လို့ ဒီစကားပြောတာလဲ" ဟု မြသိန်းက မေးလေ၏။

"ဘယ်လိုလူလို့ ထင်ရမလဲရှင်။ ရှင်တို့ ယောကျ်ားဆိုတာ မိန်းမကလေးများကို အလကားကုသိုလ်ဖြစ် သဘောထားပြီး မော်တော်ကားနဲ့လိုက်ပြီး တင်ပို့နေသလား။ ရှင်တို့ တစ်ခုခုအလိုရှိလို့ပေါ့" ဟု ပြန်၍ပြောလေ၏။

မြသိန်းမှာ မျက်နှာပျက်၍ သွားလေ၏။ စိတ်လည်းဆိုး၍လာ၏။ ကြင်လှဟာ ဒီလိုမိန်းမနဲ့နေတာ တော်ရဲ့လား။ ပျက်စီးသွားမှာပါလား။ ကြင်လှရဲ့အဒေါ်ဟာ ဒီကောင်မအကြောင်းကို မသိလို့ ထားတာ ထင်ပါရဲ့။ အဲလေ ငါလည်း ဒီကောင်မထက် မသာလှပါကလား။ ဘာပြုလို့ သူတို့ကို ကားနဲ့တင်ပြီး ရုပ်ရှင်ကို ခေါ်ချင်ရသလဲဟု မိမိကိုယ်ကို တွေးဆစစ်ဆေးသောအခါ မိမိမှာ ထိုမိန်းမထက် ပိုမို၍မမြတ်သော ရည်ရွယ်ချက်ရှိသည်ကိုသိရလေ၏။ သို့သော်လည်း ကြင်လှကိုစွဲသော ရမ္မက်သည်ကား ထိုစကားကြောင့် လျော့၍မသွား၊ စိုးရိမ်ကြောင့်ကြ ပူပန်ခြင်းဖြစ်ကာ တိုး၍ပင် ခိုင်မာ၍လာလေ၏။ သို့ခိုင်မာခြင်းသည် ထူထဲသောအမှောင်ကဲ့သို့ဖြစ်၍လာလေ၏။ မိန်းမကြီးက ဝန်ထောက်ကတော် ကြီးဖြစ်သဖြင့် ဤတူမကလေးသည် သာလွန်၍အဖိုးတန်လေ၏။ ကြင်လှ၏ရိုးသားသော ကလေးအသွင်သည်လည်း ၎င်းအဖော်၏ သိနားလည်သော အသွင်နှင့် မတူ၊ ကွဲပြားလွန်းစွာပင် ခြားနားသည်ကို သိရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ကြင်လှ၏ခြေသံကို ကြားရလေ၏။ ကြင်လှသည် ဆံပင်ကပိုကရိုနှင့်ပင် ပြုံးပြုံးကလေး ကြည့်ပြီး "သြော် ... ကိုကို ရောက်နေပြီကိုး၊ ကျွန်မအိပ်ပျော်နေတယ်" ဟုပြောပြီး ပြန်၍ဝင်သွားလေ၏။

သြော် ... အင်မတန်မှ ရိုးသားတဲ့စိတ်ကလေးပါပဲဟု မြသိန်း၏စိတ်၌အောက်မေ့သော်လည်း ငါဘယ်အတွက် သည်ကိုလာသလဲဟု တွေးလိုက်သောအခါ အဘယ်ပုံအယူရှိရမည်ကို ဝေခွဲ၍မရဘဲ နေလေ၏။ မယ်သစ်ပြောသော စကားကိုထောက်လျှင် ဒင်းကလေးဟာ ယခုထက်ထိ အပြစ်ကင်းစင်သူကလေး ဖြစ်မှာပဲ။ သည်မျှလောက်ချောမောလှပ ယဉ်ကျေးနူးညံ့သူကလေးတစ်ယောက် မတော်တဆ မိုက်တုန်းရူးတုန်းမှာ ပျက်စီးသွားရင် အင်မတန်မှနမြောစရာ ကောင်းမှာပဲဟုအောက်မေ့လေ၏။

မကြာမီ ကြင်လှ ပြုပြင်ဖြီးလိမ်း၍ ထွက်လာသောအခါ တွေ့စကနှင့်မတူ၊ အထူးပိုမိုလှပအထူးချစ်ဖွယ်ရာကောင်းသည်ဟု မှတ်ထင်လေ၏။

ကြင်လှထွက်လာပြီးနောက် မကြာမီ ကားနှင့်ထွက်ကြလေ၏။ ဗြိတိသျှဘားမားရုပ်ရှင်ကို သုံးယောက်အတူ ကြည့်ကြလေ၏။ ကြင်လှမှာ ထိုညနေ၌ အထူးရွှင်ပျ၍နေလေ၏။ ကြင်လှ၏အသောခန်း တစ်ခု၌ရယ်မောကာ မြသိန်းသည် မိမိ၏ပေါင်ကို လက်ဝါးနှင့်ရိုက်ပြီး ကြင်လှ၏ပေါင်ကိုလက်နှင့်ပုတ်ကာ ပြောလိုက်လေ၏။ ပေါင်ကိုပုတ်ရာ၌ ကြင်လှ၏လက်ကို ဆုပ်မိလေ၏။ ကြင်လှသည် ငြင်းဆန်ခြင်းမပြုဘဲနေလေ၏။ ထိုအခါ နူးညံ့သောလက်ကလေးကို ဆုပ်ကိုင် ဖျစ်ညှစ်ကာနေလေ၏။ ထိုနောက် မြသိန်း၏ လက်သည် ကြင်လှ၏ခါးကိုဖက်မိလေ၏။ မိမိဘက်သို့ဆွဲယူလိုက်ရာ အနည်းငယ် ငြင်းဆန်ဟန်နှင့် ကပ်ပါ၍လာလေ၏။ ထိုနောက် မှောင်တိုင်းနှစ်ယောက်သားနီးကပ်၍ နေကြလေတော့သတည်း။ သို့သော်လည်း ချစ်စကား ကြိုက်စကားများကိုမူကား မည်သူကမျှ စ၍မပြောချေ။ ပွဲပြီးသောအခါ မြသိန်းသည် အိမ်ပေါ်သို့အရောက် လိုက်၍ပို့ပြီး ပြန်၍လာသောအခါ ကြင်လှမှာ ဝမ်းနည်းသောမျက်နှာနှင့် ကျန်ရစ်လေ၏။



မြသိန်းအိမ်သို့ရောက်သောအခါ ငါချက်ချင်း ပြန်လာတာ မှားလေခြင်း၊ သူတို့အိမ်မှာ ယောကျ်ားလည်းမရှိ။ စောင့်ရှောက်တဲ့အနေနဲ့ ငါအိပ်၍နေရလျှင် သူတို့အခွင့်ပြုမှာပဲဟု အောက်မေ့လေ၏။ ထိုကဲ့သို့ အတန်တန်တွေးပြီးနောက် ဟိုတယ်သို့ ညစာစားရန်သွားလေ၏။ ဟိုတယ်မှ အပြန်၎င်းတို့၏အိမ်ဘက်သို့ ကားကိုလှည့်၍ မောင်းလာလေရာ အိမ်ရှေ့သို့မရောက်မီ လမ်းထောင့်မှာပင် ခပ်နှေးနှေးမောင်း၍လာလေ၏။ အိမ်ရှေ့သို့ရောက်သောအခါ ကြင်လှတို့၏ အခန်းနှင့်တည့်တည့် မှောင်ရိပ်၌သဏ္ဌာန်နှစ်ခုတွေ့ရလေ၏။ ထိုသဏ္ဌာန်နှစ်ခုမှ အိမ်ပေါ်က ဆင်းလာကြသလား၊ အောက်ခန်းတစ်ခုမှထွက်၍လာကြသလားဟု သေချာစွာမသိရချေ။ မြသိန်းသည် တစ်ခုသောမှောင်အရိပ်၌ ကားကိုရပ်ကာ ကြည့်၍နေလေရာ ထွက်၍လာသော သဏ္ဌာန်နှစ်ခုသည် ခါတ်မီးတိုင်တစ်ခုဘက်သို့ ကပ်ရောက်၍သွားလေရာ ဘမြိုင်နှင့်မောင်သစ်ဖြစ်သည်ကို သိ ရလေ၏။ ထိုအခါ မျက်လုံးများပြာလျက် မော်တော်ကားစောင်းပြီး မှောက်လုခမန်းဖြစ်သည်ကိုဟု စိတ်၌မှတ်ထင်မိလေ၏။ ၎င်းတို့ အတော်ဝေး၍သွားသောအခါ ကားကိုနောက်သို့ ပြန်လှည့်ပြီး အခြားသောလမ်းဖြင့် အိမ်သို့ မောင်း၍ပြန်ခဲ့လေ၏။ အိမ်သို့ရောက်သောအခါ တစ်ညလုံးမအိပ်နိုင်ဘဲဒီအကောင်နှစ်ယောက် ဘယ်အတွက် ဟိုနေရာကို ရောက်သလဲ။ ကြင်လှကို ပိုးပန်းရန် သွားတာပဲထင်ပါရဲ့။ ငါက သူတို့ကို သူငယ်ချင်းအစစ်လို့အောက်မေ့ခဲ့တယ်။ အခု သူတို့ဟာ သူငယ်ချင်းမဟုတ်၊ ငါ့ရန်သူတွေပါကလားဟုတွေးမိလျက် များစွာဝမ်းနည်းခြင်း ဖြစ်လေ၏။

သို့သော်လည်း နောက်တစ်နေ့ ဘမြိုင်နှင့် မောင်သစ်လာကြသောအခါ ထိုအကြောင်းနှင့်ပတ်သက်၍ စကားတစ်စုံတစ်ရာမပြော၊ တဖြည်းဖြည်း သိသာအောင် စုံစမ်းဦးမည်ဟု အောက်မေ့ကာသာနေလေ၏။

မြသိန်းသည် နေ့စဉ် ကြင်လှတို့၏အိမ်ကို သွားလေ၏။ ကားနှင့်လည်ပတ်လေ၏။ ကြင်လှကို တစ်နေ့မတွေ့ရလျှင် မနေနိုင်ချေ။ သို့သော်လည်း ကြင်လှအဖော်ဖြစ်သူမှာ အဘယ်အခါမျှ ကြင်လှနှင့်မခွာ၊

www.burmeseclassic.com

www.burmeseclassic.com



သွားရာကိုလိုက်ပါခဲ့လေ၏။

ညတစ်ညဥ့်မှုကား ရပ်ရှင်မှထွက်ပြီးနောက် အင်းလျားဘက်သို့ သွားရာ မယ်သစ်သည် ကားပေါ်၌အိပ်ပျော်လေ၏။ စော်ဘွားကလေး ကုန်းနှင့် အင်းလျားကန်ကြီးစပ်ကြား၌ လရောင်တွင် လေပြေနှင့် လှုပ်ရှား ကစား၍နေသော အင်းလျားရေပြင်၏ တောက်လွှင်သာယာသောအဆင်း ကို ရှုကြည့်ရင်း လေပြည်ကိုခံယူကာ တစ်ခုသောမှောင်ရိပ်၌ ကားရပ်၍ နေသည်ကို မယ်သစ်မသိချေ။ ထိုမျှလောက် အိပ်မောကျ၍နေလေ၏။ မြသိန်းနှင့် ကြင်လှသည်ကား တစ်ယောက်ခါးကို တစ်ယောက်ဖက်ကာ ကြင်လှက မြသိန်း၏ရင်ခွင်၌ ကပ်မှီလျက် ဦးခေါင်းကိုတင်၍ နေလေ၏။ တောက်ပလျက်နေသော ကန်ရေနှင့် နောက်ခံကြယ်ရောင်တို့၏ ပြန့်ဟပ် ခြင်းသည် အထူးကြည်နူးဖွယ်သော အဆင်းကို ဖြစ်စေလေသတည်း။

အတန်ငယ်ကြာစွာ ရပ်၍နေပြီး တစ်ဖန်မြို့ဘက်သို့လှည့်၍ မောင်း လာကြလေသတည်း။

မြို့ထဲမှ စားစရာ သောက်စရာများကို ဝယ်ခြမ်းပြီး အီဒင်လမ်း အတိုင်းအိမ်သို့ ရောက်လာကြလေ၏။ ကားကို အိမ်ရှေ့၌ရပ်၍ထားပြီး အတော်ညဉ့်နက်စွာနေလေ၏။ ဆယ့်တစ်နာရီခန့် အချိန်လောက်တွင် ပြတင်းပေါက်မှ အိမ်ရှေ့ကို ကြည့်လိုက်ရာ မနီးမဝေးနေရာ၌ မယောင် မလည်ရပ်ရင်း အိမ်ကိုလှမ်းကြည့်ပြီး၍ လန်ချားတစ်စင်းကိုခေါ်၍ အမြန် ပြန်သွားသော ဘမြိုင်ကို မြင်လိုက်ရလေ၏။

ထိုအခါ မြသိန်း၏စိတ်၌ မသင်္ကာဖြစ်ခဲ့ခြင်းမှာ အခြေခိုင်လုံ၍ သွားလေ၏။

ဘယ်အတွက် ဒီအကောင် ဒီအိမ်အနီးမှာ တရစ်ဝဲဝဲနေသလဲ။ ကြင်လှနဲ့ သိဖူးကြိုက်ဖူးသဖြင့် ငါ့အပေါ်၌ မနာလိုသောစိတ်ဖြစ်နေတာ အမှန်ပဲ။ ကြင်လှအကြောင်းပြောစဉ်ကလည်း သူ၏အမူအရာတစ်မျိုး ဖြစ်၍ စကားတစ်မျိုးပြောသည်။ သူ့အကြံကို မောင်သစ်လည်း သိမှာပဲ။ သူတို့နှစ်ယောက် ငါ့ကို မကောင်းကြံနေကြသည်ဟု ပုံသေစိတ်ချခြင်း



အဖြစ်သို့ ရောက်လျက် သစ္စာဖောက်သော သူငယ်ချင်းအတွက် ကြီးစွာ ဝမ်းနည်းခြင်းဖြစ်မိရှာလေသတည်း။

အတော်ညဉ့်နက်သောအခါ မြသိန်းသည် အိမ်သို့ပြန်လေ၏။ လှေ ကားအတက်တွင် ဦးခေါင်းကို အရိုက်ခံရလျက် လျှပ်စစ်ဓာတ်လိုက်သလို ဖြစ်၍ သွားပြီး မည်းမှောင်သော ချောက်ကြီးထဲသို့ နက်စွာကျသွားသကဲ့ သို့ဖြစ်ပြီး မေ့လျော့၍သွားလေသတည်း။ ထိုနောက် ဆေးရုံကျမှ သတိရ လေ၏။

သတိရသော်လည်း ဒဏ်ရာမှာ အတော်ပြင်းထန်သဖြင့် မည်သူ မည်ဝါလာရောက်ကြည့်ရှုသည်ကို အမှတ်မထားနိုင်ဘဲနေလေ၏။ မြင်ရ သော သူငယ်ချင်း မိတ်ဆွေများကိုလည်း အိပ်မက်၍ မြင်ရသည်ဟု မှတ် ထင်လေ၏။

နောက် ၇ ရက်လောက်ကြာ၍ ညနေအချိန် အိပ်ပျော်နေရာမှ နိုး လာသောအခါ အပါး၌ ထိုင်၍နေသော ဘမြိုင်ကို မြင်ရလေ၏။ မြသိန်း သည် ဒေါသထွက်လေ၏။ အကြောင်းမူကား မိမိကိုရိုက်သူမှာ အခြားလူ မဟုတ်။ ဘမြိုင်ပင်ဖြစ်သည်ဟု စိတ်ချယုံကြည်ပြီးသား ဖြစ်လေ၏။ ပြုံး ရွှင်ချစ်ခင်သောမျက်နှာနှင့် မြသိန်း၏ လက်တစ်ဖက်ကို ဆုပ်ကိုင်ကာ မြသိန်း၏မျက်နှာကို ကြည့်လျက် "ဘယ့်နှယ်လဲ သူငယ်ချင်း၊ တော်တော် သက်သာပလား၊ ဒဏ်ရာတော်တော်ကြီးသွားတာပဲ။ သူငယ်ချင်းရယ်" ဟု ပြောလိုက်လေရာ မြသိန်း၏ မိုးကြိုးသွားဒေါသသည် ပျောက်ကွယ်၍ သွားလေ၏။ သို့သော်လည်း ရန်သူကို ဟက်ဟက်ကြီး စကားမပြောချင် သောစိတ်သည် ပျောက်ပျက်၍မရနိုင်သော စိတ်ဖြစ်၏။ သို့ဖြစ်သော ကြောင့် ဘမြိုင်၏ပြုံးသောမျက်နှာကို ရှောင်လွှဲကာ နာကျင်သောအမူအရာ ဖြင့် ရှုံ့လျက်စုတ်သပ်ရင်း ဒဏ်ရာရှိသော ဦးခေါင်းကိုလက်နှင့် စမ်းသပ် ယောင်ပြုကာ အိမ်ရှေ့တည့်တည့်ကို ကြည့်လျက် "သေတော့မသေပါဘူး ထင်ပါရဲ့ သူငယ်ချင်းရယ်" ဟု ပြောကာ မျက်ရည်လည်၍ လာလေ၏။ ထိုမျက်ရည်သည်ကား ငါ၏သူငယ်ချင်း ငါ့ကိုလုပ်ရက်လေခြင်း လုပ်ပြီးပါ

www.burmeseclassic.com

www.burmeseclassic.com



လျက် ပရိယာယ်ဆင်ကာ ငါ့အားအဘယ်အခါမျှထပ်မံ အသေသတ်ရန် ကြံခြင်းဖြစ်ပါသလဲဟု တွေးတောဝမ်းနည်းကာ ဝမ်းနည်း ခြင်းဖြစ်လေ၏။

ဘမြိုင်သည်ကား စကားတစ်ခွန်းမျှ ဆက်လက်၍မပြောဘဲ အတန်ကြီးကြာစွာနေလေ၏။ မိမိ၏အပြစ်မကောင်းမှုကိုသိသဖြင့် ရှက်ကြောက်၍နေသောသူ၏ အသွင်ရှိလေ၏။ မြသိန်းသည် အမှတ်တမဲ့ ဘမြိုင်၏ မျက်နှာကိုကြည့်လေ၏။ ဘမြိုင်၏မျက်နှာပျက်၍နေသည်ကို သတိထားမိလေ၏။

ဟန်ဆောင်လေသလား။ ငါယခုမသေသဖြင့် နောင်သတ်ရန် အယုံသွင်းခြင်း ဖြစ်လေသလားဟု တွေးကာမြသိန်းသည် တစ်စုံတစ်ရာမျှ မေးမြန်းခြင်းမပြုဘဲ ဆိတ်ငြိမ်စွာ တစ်ချက်တစ်ချက် စုတ်သတ်ရင်း ဦးခေါင်းကိုသာ လက်တစ်ဖက်နှင့် စမ်းသပ်ယောင်ပြုလေ၏။

ဘမြိုင်သည်ကား မြသိန်း၏စိတ်၌ မည်သူကို မည်သို့အယူရှိနေသည့်အကြောင်းကို သိလေ၏။

"ငါ သိပ်ပြီးအံ့သြတာပဲ။ ငါ့ကို မုန်းတဲ့ရန်သူလည်း ဘယ်မှာမှမရှိဘူး။ ဘယ်သူနဲ့မှ ခိုက်ရန်ဖြစ်ဖူးတာလည်းမဟုတ်ဘူး"

"ရန်သူဆိုတာ ဘယ်သိနိုင်မလဲသူငယ်ချင်း၊ မင်းအိဒင်လမ်းကိုသွားတာသိတဲ့သူသိမှာပဲ။ သိကြတဲ့အထဲမှာ ဟိုကောင်မလေးကို တိတ်တဆိတ်ကြိုက်နေတာ ရှိချင်ရှိမှာပဲ"

မြသိန်းသည် ဘမြိုင်၏မျက်နှာကို လျင်မြန်စွာကြည့်လေ၏။ ဘမြိုင်သည်ကား အခြားကိုငေး၍ နေလေ၏။

"ငါအခုလိုဖြစ်တာ သူတို့မသိကြသေးဘူးထင်တယ်၊ မင်းတို့ အိဒင်လမ်းကို မရောက်ဘူးလား"

"ရောက်တယ်၊ သူတို့မရှိကြတော့ဘူး။ ကျောက်မြောင်းဘက်ကို ပြောင်းသွားကြပြီ"

"ဟင် ... ဘာဖြစ်လို့လဲ၊ ကျောက်မြောင်းဘယ်နေရာမှာလဲ"

"အိမ်လခမပေးနိုင်လို့ ပြောင်းသွားကြတာပဲ။ ကျောက်မြောင်း သူတို့နေတဲ့ နေရာကိုတော့ ငါတို့ ရောက်သွားတယ်"



"နို့ ပြောမပြဘူးလား"

"ပြောလို့ ဘာအကျိုးလဲ သူငယ်ချင်း။ မင်းကဒီကောင်မကလေးကို တကယ်ယူမယ်ကြံနေသလား။ မင်းမယူရဘူး၊ စိတ်သာချပါ"

မြသိန်းသည် ဒေါသဖြင့် တောက်လျှံသောမျက်လုံးများဖြင့် ဘမြိုင်ကိုကြည့်လေ၏။ ထိုနောက် နှုတ်ခမ်းတွေ လက်တွေတုန်လှုပ်လျက် "မင်းဘာစကားကို ပြောတာလဲ။ မင်း ငါ့ဆီလာမတွေ့နဲ့တော့၊ မင်းကောင်းတဲ့အကောင်မဟုတ်ဘူး။ တကယ်ဆိုရင် သူတို့မှာ အိမ်လခမရှိ။ အင်မတန်ကျပ်နေရင် ငါ့မျက်နှာကိုထောက်ပြီး သူတို့ကိုကြည့်ရှုလို့ မင်းတို့ငွေကို ငါပြန်မပေးဘဲ နေမှာလား။ ဟိုအကောင်လည်း မကောင်းဘူး။ မင်းတို့နှစ်ယောက် ငါ့ရန်သူတွေပဲ။ မင်းတို့မျက်နှာကို ငါမကြည့်ချင်ဘူး။ အခုဆင်းသွား" ဟု ကြိမ်းလေ၏။ မြသိန်းသည် ကျန်းမာချေက ဘမြိုင်ကို ထိုးကြိတ်ကန်ကြောက်၍ ပစ်မည်အမှန်ဖြစ်လေ၏။ သို့ဖြစ်၍ ဒေါသကို မနည်းချုပ်တည်း၍ ထားရလေ၏။

ဘမြိုင်သည်ကား အပြုံးမပျက်ချေ။ ထိုအခိုက်တွင် လုပသောမိန်းမပျိုတစ်ယောက်သည် ခုတင်အနီး၌ရပ်လာလေ၏။ မြသိန်းသည် အံ့အားသင့်၍ နေလေ၏။

"ဘယ့်နှယ်လဲကိုသိန်း၊ ရှင့်သူငယ်ချင်း ကိုသစ်ထံကစာရလို့ ကျွန်မလိုက်လာခဲ့တယ်။ အခုဘယ့်နှယ်နေသလဲ" ဟု ပြောကာ ခုတင်ပေါ်၌ထိုင်လေ၏။

မြသိန်းသည် မနု၏မျက်နှာကို စိုက်ကာကြည့်၍သာ နေလေ၏။ ထိုနောက်မှ "အင်မတန် ကျေးဇူးတင်တယ် နုနုရယ်၊ ငါ့ကို မင်း ဒီလောက်ဂရုစိုက်မှန်း မသိဘူး"

"ရှင်က တလွဲထင်တာကိုး။ ဖေဖေက ရှင်တို့သောက်တာ စားတာကို သဘောမကျလို့ စာပေစာယူတောင် မလုပ်ရဘူးလို့ ကျွန်မကိုပြောထားတယ်။ နို့ပေမဲ့ ကျွန်မကမရေးဘဲ မနေနိုင်ဘူး။ ရေးပေမဲ့အင်မတန်

www.burmeseclassic.com

www.burmeseclassic.com



သတိထားရတယ်။ အခုတော့ ရှင်ဖြစ်ပျက်တဲ့အကြောင်းကိုကြားတော့ ဘယ်လိုပဲဖြစ်ဖြစ်လို့ အောက်မေ့ပြီး ဖေဖေ့စကားကို နားမယောင်ဘဲ လိုက်လာခဲ့တယ်။ ကျွန်မကြားရပါတယ်။ ရှင့်အကြောင်းတွေကို ရှင့်သူငယ်ချင်းက ပြောပြပါလိမ့်မယ်”

“ဘာလဲ နုနုရယ်၊ ငါ့အတွက် စိတ်ပူလို့လာတာလား။ ရန်တွေ့ချင်လို့ လာတာလား။ မင်းတို့ တစ်မျိုးလုံးက ငါတစ်ခါတလေ နည်းနည်းအလေး သောက်တတ်တဲ့အတွက် ငါ့ကို ပစ်ပစ်ခါခါ လုပ်ထားတယ်။ မင်းတို့က အမျိုးမြတ်မျိုး။ ဘုရားနဲ့ တရားနဲ့ လူစုတွေပါ နုနုရယ်။ တို့ကတော့ မင်းတို့တစ်တွေလို သူတော်ကောင်းတွေ မဟုတ်ဘူး။ နည်းနည်းပါးပါးတော့ အပေါင်းအသင်းနဲ့တွေ့တဲ့အခါ သောက်မိတာပဲ။ ဘယ်သူ့ကိုမှတော့ မတရားမလုပ်ဘူး။ ငါမှသူတော်ကောင်း၊ တခြားလူတွေ ငါ့လောက် သူတော်မကောင်းဘူးဆိုတဲ့ စိတ်မျိုးလည်း မထားဘူး။ မင်းဖေဖေကတော့ အသောက်အစားမရှိ။ ကျယ်ကျယ် ဘုရားရှိခိုးရင် လူကောင်းလို့ အယူရှိ တာကလား။ ဒီတော့ ငါတို့လိုလူမျိုးနဲ့တွေ့ရရင် တစ်သက်လုံး စိတ်ဆင်းရဲမှာပဲ။ သည်အတွက်မင်းကို တမင်သက်သက် မတွေးတော့ပါဘူးဆိုပြီး စိတ်ကို ဖြတ်ထားရတာပါ” ဟုပြောလေ၏။

နုနုသည် မျက်ကွင်းများနီလျက် “ကျွန်မကတော့ ရှင့်ကိုမဖြတ်နိုင်ဘူး။ တစ်ယောက်ဆို တစ်ယောက်ပဲ” ဟု မျက်ရည်သုတ်ကာ ပြောလေ၏။

ဘမြိုင်။ ။“ကျွန်တော်ပြောပြမယ်။ မနု ... မနုအကြောင်းကိုတော့ သူ ခဏခဏပြောတာပဲ။ ဟိုကောင်မလေးနဲ့တွေ့ပြီးမှ အပြောရပ်တော့တာပဲ။ ဒီတော့ ကျွန်တော်နဲ့ ကိုသစ်နဲ့ သိသမျှကို ချက်ချင်းပြောပြရမှာ အခက်ဖြစ်နေတာပေါ့။ သူက အင်မတန်စွဲနေတာသလား ခင်ဗျာ့။ မပြောဘဲနေရင်လည်း တကယ်ဖြစ်သွားမှာ စိုးရသည့်အတွက် တနင်္ဂနွေတစ်ပတ်နှစ်ပတ်လောက် တစ်ယောက်ကိုတစ်ယောက် မတွေ့ဘဲနေရရင် သူ့စိတ်ထဲမှာလည်း ပြတ်သွားမှာပဲ။ ကျွန်တော်တို့လည်း စိတ်ချလက်ချ ကောင်မကလေးအကြောင်း စုံစမ်းခွင့်ရမှာပဲလို့ သဘောထားပြီး ကြံခဲ့ရ



တာပါ။ ကျွန်တော်ဂဟ လူရိုက်မှုးတာမဟုတ်တော့ လက်မှန်းချိန်သားမရသည့်အတွက် ဒဏ်ရာပြင်းသွားတယ်။ တနင်္ဂနွေနှစ်ပတ်လောက် ဆေးရုံမှာနေရရုံ ဒဏ်ရာမျိုးကို မှန်းလိုက်တာပါ။ အခုတော့ လက်လွန်သွားတယ်။ ရှင်မှ ရှင်ပါဦးမလားဆိုတာ စိတ်ပူလိုက်ရတာလည်း မနည်းပဲ”

မြသိန်းသည် အံ့အားသင့်လျက် မျက်လုံးပြူးကာ ဘမြိုင်ကို ကြည့်၍နေလေ၏။ ဘမြိုင်သည်ကား နုနုကိုသာ ကြည့်လျက် စကားဆက်ကာ

“သူ့အဒေါ်က ဝန်ထောက်ကတော်လေး ဘာလေးဆိုတာ အလကား၊ ခေါင်ကြားမကြီးအစစ်ခင်ဗျာ့။ ကိုသစ်ကိုယ်တိုင်သွားကြည့်ပါ တယ်။ ကျွန်တော့် နုမကို မရှိသေလို့ ပြောတာလည်း မဟုတ်ပါဘူး။ ငွေ ၅၀ကျပ်ကုန်ပါတယ်။ ကောင်မလေးကိုတော့ သနားလို့ပယ်လိုက်တယ်။ ငြင်းတော့ ဘယ်လူကမှ မငြင်းပါဘူး။ သူငယ်ချင်းက တကယ်အကောင်း ထင်ပြီး ချစ်နေတဲ့ဟာကလေးဖြစ်လေတော့ သဘောမထားရက်နိုင်ပါဘူး လို့ ကိုသစ်စိတ်မှာ ဆင်ခြင်ပြီး ...”

မြသိန်း။ ။နို့ ... ဘယ်သူနဲ့ ဖြစ်သလဲ။

ဘမြိုင်။ ။အကြီးမပေါ့။ လူတော့ နှစ်ယောက်စလုံး လုကျတာ ပဲ။ အဲဒါကျုပ်တို့ လက်တွေ့ စုံစမ်းသိရတာပဲ။ စိတ်မကျေနပ်သေးရင်လဲ ဟုပြောပြီး ဆေးပြင်းလိပ်ကိုဖွာရင်း ခုတင်အနီး၌ ဦးခေါင်းစိုက်ချကာ လမ်းလျှောက်၍နေလေ၏။

မြသိန်းနှင့်နုနုသည် တစ်ယောက်ကို တစ်ယောက် ကြည့်၍နေကြလေ၏။ နုနုက “ဟင်” ဟု နှုတ်မှ အသံထွက်ပြီး ဖြုံးလျက် အံ့သြခြင်း၏ အမှတ်ဖြင့် မြသိန်း၏မျက်နှာကိုကြည့်ရင်း ခေါင်းညိတ်လေ၏။ မြသိန်းကလည်း မျက်နှာပျက်လျက် ရှက်ပြုံးပြုံးပြီးလျှင် နုနု၏လက်တစ်ဖက် ကို ကိုင်ဆုပ်၍ထားလေ၏။

ဘမြိုင်ကလည်း “ကိုင်း ... သူငယ်ချင်း အလင်းရလောက်ပြီ၊ ငါလည်းသွားဦးမယ်။ မသေပါဘူးသူငယ်ချင်းစိတ်ချပါ” ဟုပြောကာ ရယ်မောလျက် နုနုကိုနှုတ်ဆက်ပြီး ထွက်၍သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"နုနု မင်းအဖေ စိတ်ဆိုးမှာကို တကယ်ခံဝံ့ပါ့မလား"

"စိတ်ဆိုးရုံမက အမွေပါဖြတ်ပစ်ကိစ္စမရှိပါဘူး။ သိပ်ပြီး အယူသီးတာတော့ ဘုရားသံ၊ တရားသံနဲ့လာလာ စကားပြောတဲ့ဘုန်းကြီး လူထွက်တစ်ယောက်ကိုတော့ဖြင့် သိပ်အထင်ကြီးနေတာပဲ။ ကြာကြာနေရင် ကျွန်မကို ဒီဘုန်းကြီးလူထွက်နဲ့ ပေးစားမှာ"

"ဒီလိုဖြင့် မင်းပြန်ဖို့ မလိုတော့ပါဘူး"

"ကျွန်မ ညီမ ကျောင်းဆရာမကလေးရှိပါတယ်။ သူနဲ့အတူတူနေမှာပေါ့ ရှင်မာမှ ..."

"မာရင် ..."

"ဒါတော့ ..."

"ဒါတော့ ဘာဖြစ်သလဲ"

"ဘာဖြစ်ဖြစ်" ဟု နုနုက နီမြန်းသောမျက်နှာနှင့် ပြောလေ၏။

အချစ်ဖြင့် ပြည့်ဝထက်သန်သော မျက်လုံးလေးလုံးတို့၏ အရှိန်သည် ဓားသိုင်းကစားသလို အချစ်သိုင်းရိုက်၍ နေကြလေသတည်း။

၁၉၃၁ ခုနှစ်၊ နိုဝင်ဘာ၊ သူရိယမဂ္ဂဇင်း ၁၅/၉

□

# သမီးကြောင့်လော – ငါးပိကြောင့်လော

မောင်စိန်သည် ရုပ်ရည်သားနား၊ သနားကမား သန့်သန့်ရှင်းရှင်းမို့ ရှာထဲ၌လူပေါ်ကြော့ဟူသော နာမည်ကိုရလျက် အတော်ပင်ထင်ရှားသူဖြစ်လာ၏။

စွပ်ကျယ် အင်္ကျီလက်တိုကလေးတစ်ထည်မှာ တစ်ရက်တခါ နှစ်ရက်တခါလျှော်ရဖွပ်ရသဖြင့်၊ ရင်ဘတ်က အပေါက်နှစ်ပေါက်မှာခုံညင်းလောက် ကျယ်လျက်နေသော်လည်း ကိုယ်ပေါက်ကိုယ်ရေခံ ကြော့ရှင်းပြေပြစ်ခြင်းကြော စုတ်နွမ်းသည်မထင်ရ၊ ကိုယ်၏အဖွဲ့သာ၍ ပေါ်အောင်ပြသည်နှင့် တူလေ၏။

နာဂလုံချည်လေးနှစ်ထည်ကိုလည်း ထပ်တလဲလဲလျှော်၍ ဝတ်ရာ အဆင်တူ၍ တစ်ထည်ကိုသာ တွေ့၍ ဝတ်ရသကဲ့သို့ ဆင်းအရောင်မှိန်သော်လည်း မျက်နှာ၏ရွှင်ပျခြင်းကြောင့် ၎င်းမှာစိုပြေသည်ဟု မှတ်ထင်ရလေ၏။

ဆံပင်မှာ ရောင်ထုံးကြီးကြီးထွားကြီး ဖြစ်လောက်အောင်မများ၊ တစ်ထုံးနိုင်ရုံကလေးမျှရှိလျက် ချိုစောင်းနောက်ချေးပုံ အငယ်စားကလေးကို ထားသည်နှင့်တူသော်လည်း လှပသောနဖူး နှာတံ၊ နှုတ်ခမ်း၊ မျက်ခုံး၊ မျက်လုံး ဤအချိုးအစားကျခြင်းကို မထိမခိုက်။

www.burmeseclassic.com

www.burmeseclassic.com



ငှင်းမျက်နှာမှာ ပှုပင်သောက အငွေ့အသက်မရှိ၊ အရောင်းအဝယ်ကျင်လည်၍ အဖေကြီးကို လုပ်ကိုင်၍ ကျွေးကြသော အစ်ကိုတစ်ယောက်နှင့်အစ်မကြီးတစ်ယောက် အရိပ်ကိုခိုလျက်၊ အဖေအိုကြီးနှင့်အတူနေလေရာ ထမင်းနှစ်နပ်ကို မှန်မှန်စားရ၍ ကျေနပ်လျက်နေသူဖြစ်လေ၏။

သရေစာအတွက် ပူစရာမရှိ။ ရွာ၌ရှိအကြမ်းဝိုင်းထိုင်သမားများသည် မောင်စိန်ကိုလမ်း၌မြင်ကြလျှင် သူ့ထက်ငါအရ ခေါ်၍တိုက်ကြကျွေးကြလေ၏

ထိုနည်းဖြင့် နံနက်မှာ ပဲပြုတ်နှင့် ထမင်းကြမ်း ရွှေဖီမိုးလွတ်အတွင်းထောင်နေ့ရည် နေ့လယ်မှာ အတွင်းထောင် အနုရည်ရွှေဖီးမိုးလွတ်နှင့် ငါးပိဖုတ်၊ တစ်ရံတစ်ခါ ငါးရံ့ခြောက် တစ်ရံတစ်ခါ ပဲလှော်သုတ်တစ်ရံတစ်ခါ တရုတ်မုန့်။ အခါများစွာ ဓမ္မာရုံ၌ဆွမ်းတော်တင်ပွဲကြီးသည့်အခါ ဘုန်းကြီးကြိုက်၊ မင်းကြိုက်၊ ကာလသား မောင်စိန်တို့နှင့် လားလားမျှ မထိုက်သောဘီစကွတ် ဟာလဝါ သီဟိုဠ်အုန်းဆီနှင့် ချက်သည့်ဆန့်ွင်းမကင်း သရက်နိုင်းချင်းယို ဝမ်းတင်းအောင် သောက်ရစားရလေ၏။

သို့ဖြစ်လေရာ မိဘအတွက် သားမယားအတွက် ပူစရာမရှိသောလူပေါ်ကြော့ မောင်စိန်မှာ စည်းစိမ်နှင့် စိုပြေပြောင်လက် အမြဲအရောင်တက်၍ နေလေ၏။

ထိုကဲ့သို့ စားစရာသောက်စရာ မရှားသည်မှာလည်း အခြားကြောင့်မဟုတ်၊ ရွာပေါ်၌ သတင်းစာ မဂ္ဂဇင်း အဖတ်ဆုံးသူက၊ နဂိုက အသောအပြောင်နှင့် ဘာမဆို နားထောင်ကောင်းအောင် ပြောတတ်ပြောင်တတ်ရွှတ်တတ်သူဖြစ်ရကား နေ့စဉ် တွေ့မရှောင်တတ်သော စာများကြောင့်အာဝဇ္ဇာန်း ရွှင်သူဖြစ်သည့်ပြင် ရပ်ပေါ်ရွာပေါ်၌ အရေးကိစ္စရှိသမျှ အခါတိုင်း မောင်စိန်ကို တိုင်ပင်ကြရလေ၏။ ဗဟုသုတများပေသကိုး။

သို့သော်လည်း ခါးကိုချိုး၍ ဘာကိုမှလုပ်ကိုင်အသက်မွေးမည့်ပုဂ္ဂိုလ်မဟုတ်သဖြင့်၊ မောင်စိန်ကို အတင့်ရဲ၍ ယူဝံ့သူဖြစ်က ဈေးတောင်းခေါင်းရွက်၍ကျွေးရမလား။ ငါးပိနှင်း၍ကျွေးရမလား။ ငါးခုတ်သည့် ကုလီမ



အလုပ်နှင့်ကျွေးရမလား အနည်းနည်းနှင့် လင်ကိုလုပ်ကျွေးရမှာပဲ ဟူသောအနာဂတ်စကားသည် ရွာပေါ်၌ အလိုလိုဖြစ်ပေါ်၍နေခြင်းကြောင့် ငှင်းနှင့်ချစ်သူ မိန်းမမှန်က တစ်ပါးသူနှင့်ညား၍ သွားရသည်သာများခဲ့ လေ၏။

ရုပ်ကို သွေးသောက်ရတာမဟုတ်ဘူး၊ နောင်ညားပြီးတော့ ရိုးသွားမှာ လုပ်ကျွေးနိုင်သူမှလင် ဒီငစိန်ကိုယူရင် ကျွေးမှာမဟုတ်ဘူးစသည်ဖြင့် သမီးရှင်များကပြောကြလေ၏။ ထိုသို့ ပြောကြသူများအထဲတွင် မဓမြ၏ အမိဒေါ်မိကြီးလည်း တစ်ယောက်ပါဝင်လေ၏။

ဒေါ်မိကြီးသည် အလွန်တရာစိတ်ကြီးဝင်သဖြင့် မိမိ၏ သမီးအတွက် အမြဲစိုးရိမ်ခဲ့၏။ ငစိန်ဆိုတဲ့ အကောင်ဟာ တလစ္ဆတ်ဘအကောင် ရုပ်ရည်က ချောချောအသံကလေး ဘာကလေးနဲ့ အဆိုအပြောလည်း မညံ့ဘူး၊ မတော်တဆ ငါ့သမီးနဲ့များ တစ်နေရာရာမှာ တွေ့ရင်ဇကန်ကြိုက်ဖြစ်တော့မှာပဲ။ ဒီအကောင် ဒီရွာမှာပဲရှိတာဟာ တယ်ခက်ပါကလား၊ ငါ့သမီးကိုများတော့ မှစမ်းလေနဲ့၊ စမ်းရင်ဆီစိုစိုနဲ့ ကျွဲချိုနားဒေါင်းကလေးလွှင့်ထွက်အောင် ပါးသွယ်ကို နှက်လိုက်မယ်ဟု အမြဲကြိမ်း၍နေလေ၏။ တစ်နေ့သ၌ ဆယ်အိမ်ခေါင်း ကိုကြွက်နီ၏ မဿာအိမ်တွင် မောင်စိန်သည် မြေအား စိမ်းစိမ်းစိုက်၍ ကြည့်မိသည်ကို ဒေါ်မိကြီးမြင်လေရာ အတော်ပင်အသည်းယားနေတော့၏။

"ငစိန်တော့ ဓမြနဲ့ချိတ်ပြန်သတဲ့တော့" သတင်းသည် နောက်တစ်နေ့တွင် ဘယ်သူက လွှင့်လိုက်လေသည်မသိ။ ဒေါ်မိ၏နားသို့ရောက်လေ၏။ ထိုအခါ ဒေါ်မိမှာများစွာ ထိတ်လန့်လာ၏။ ထိတ်လန့်ဒေါသဖြစ်၏။ ဒေါသဖြစ်ပြီး မီးဖို၌ ဓမြ ထမင်းရည်ငှဲ့ခိုက် ကျောဉ္ဇအုံးခနဲ အုံးခနဲနေအောင် သုံးချက်တိတိထုပြီး ငစိန်၏အဖေကြီး၊ အစ်မကြီး အစ်ကိုကြီးတို့ကိုတွေ့တိုင်း ကြက်မကြီးခွပ်လက်ပြင်သလို လုပ်လေ၏။

လူပေါ်ကြော့၊ အလကားအကောင် တစ်သက်လုံး ဟေးလားဝါးလားနဲ့ စာရေးယောင်ယောင် ခွေးယောင်ယောင် သတင်းစာကလေးကိုထောင်နေမှာ မိန်းမပေါ့ရင်မုန်ထောင်တာ၊ ယောကျ်ားပေါ့ရင် သတင်းစာ

www.burmeseclassic.com

www.burmeseclassic.com





ထောင်တာ။ ဒီအကောင်မှာ ဘာများမက်စရာ မြင်လို့လဲစသည်ဖြင့် သမီးကို ကြိမ်းလေ၏။

နောက်တစ်နေ့၌ ဒေါ်မိကြီး၏ ကြုံးဝါးဆူပူသော သတင်းသည် မောင်စိန်၏ နားသို့ရောက်လာ၏။

အင်း တယ်လည်း အထင်သေးကြတာကိုး။ ငါဘာများ ခါးချိုးရင်း



လုပ် ရပ့ါမလဲဟု စဉ်းစားရာ။ ငါးပိ၊ ငါးခြောက်လုပ်သောအရပ်၊ ငါးပိနင်းခြင်း ငါးခြောက်ခွဲခြင်း၊ ငါးဆီထုတ်ခြင်း၊ ယောကျ်ားများမှတပါး အခြားအလုပ် မရှိသဖြင့် ကြံရာမရဘဲ နေလေ၏။

တစ်နေ့သ၌ ငါးပိနင်းသူများကို ထိုင်ကြည့်လျက် စဉ်းစား၍နေလေ၏။

မောင်စိန်မှာ သတင်းစာ မဂ္ဂဇင်းဟောင်းအမျိုးမျိုး ဘုန်းကြီးကျောင်းမှနိုင်သလောက် အမြဲဖတ်သူဖြစ်ရာ မိမိတတ်သမျှသောအကြောင်းအရာဟူသမျှကို ပြန်၍ စဉ်းစားလေ၏။ ဤမျှလောက်ဇာတ်ခုံ ပေါလျက်၊ အကျိုးတစ်ခုခုမှမခံစားရရင် စာဖတ်ကြိုးစားဘယ်မှ နပ်ပါမည်လား၊ ငါဖတ်သော စာများအထဲမှာ အကြံကောင်းတစ်ခုမရနိုင်ဘူးလား စသည်ဖြင့် တွေးတောရင်း ငါးပိနင်းသူတို့ကို ကြည့်၍နေခြင်းဖြစ်လေ၏။

သို့ကြည့်နေခိုက် ငါးပိနင်းသောမိန်းမကြီး တစ်ယောက်က "ငါ့တူ ဒီကနေ့ မှိုင်ပုံတယ်ထူးပါကလား။ မောင်စိန်ရဲ့" ဟု ပြောလေ၏။

(အခြားတစ်ယောက်) "ဒေါ်မိကြီးကို လန့်နေလို့ပေါ့ မဆုံ"ရဲ့

ဒေါ်မိကြီး "လန့်စရာမရှိပါဘူး။ မောင်စိန်နဲ့ဧမြနဲ့ ဖြစ်တာဟာ ဧမြ ယောကျ်ားရတော့မယ်ဆိုတဲ့ နိမိတ်ပါ၊ မောင်စိန်နဲ့ ညားမယ် နိမိတ်မဟုတ်ပါဘူး"

"ညည်းကအေ၊ ငါ့တူကို ညည်းတို့က ဒီလောက်တောင်ညံ့တယ် မထင်ပါနဲ့အေ ဘယ့်နှယ်လဲ မောင်စိန်ကြားရဲ့လား"

"ကြားပါတယ်ဗျာ၊ ချိန်တန်တော့ နွားပိန်ကန်ပြရင် သိရောမဟုတ်လား အဒေါ်ဟိုတုန်း ဟိုတုန်းကလိုမထင်ပါနဲ့"

"အဲလေ ဒင်းကြောင့်အဒေါ်က ပြောတာကဘယ်လိုလဲ အခုပြောပြော။ သူ့သမီးကိုရပြီးရင် ဒင်းကြည့်ရှုရမှာပဲ။ ဒီလောက်ပစ္စည်းတွေပေါနေတာ။ သမက်ချော့ကလေး တစ်ယောက်ကို လယ်ထွန်ခိုင်းနေရဦးမှာလား"

"အခုအနေ အလုပ်တစ်ခုခုကို ထိထိရောက်ရောက်လုပ်ပြလိုက်ရင် ဒေါ်မိ

www.burmeseclassic.com

www.burmeseclassic.com



ကြီး သဘောကျမှာပေါ့”ဟု တစ်ယောက်က ပြောလေ၏။

(ဒေါ်ဆုံ)“အလုပ်ကိုအခုမှလုပ်နေရကြာတယ်။ မမိကြီးကာ အကဲခတ်နေဦးမှာ အရအမိ ဦးအောင်သာ ကောင်မကလေးကို ဆော့င်ကြဉ်းလိုက်။ ကိုယ့်လက်ထဲရောက်ရင် ဒင်းဘာမှ တတ်နိုင်မှာမဟုတ်ဘူး” မောင်စိန်သည် ထိုစကားများကို စဉ်းစား၍ နေလေ၏။

“ဒေါ်ဆုံ ဦးနှောင်းဆီမှာ အလုပ်တောင်းပေးပါ”

“ဦးနှောင်းက ငါ့တူကို ဘာအလုပ်များပေးနိုင်မှာလဲ။ ဟောဟို မှျင်ငါးပိတွေကို မင်းသယ်ပြီး အိမ်ပို့ဖို့အလုပ်တော့ရမှာပေါ့ ငွေတစ်မတ်လောက်တော့ရမှာပဲ”

“ငွေတစ်မတ်ကော နည်းသလား။ ဒေါ်ဆုံရဲ့ပြောသာပြောပါ။ ကျွန်တော်ထမ်းပို့မယ်”

“ဟုတ်မှလုပ်ပါ ငါ့တူ၊ ခါချဉ်မာန်ကြီးလို့ဆိုတာကျနေမယ်။ ငါးပိတောင်းက အလေးသား။ အဒေါ်တူက ခါးသေးရင်ချီ ပဒုမ္မကြာဆိုတာမျိုးမို့ အဒေါ်က မကြည့်နိုင်လို့ပြောတာ။ ငါးပိသယ်တဲ့ ကူလီအလုပ်နဲ့ ဧမြကို ရမှာမဟုတ်ဘူး။ စိတ်ပျက်ပြီး မြန်မြန်ကြီး တခြားလူနဲ့ လိုက်ပြေးစိုးရသေးတယ်”

“ကိစ္စမရှိပါဘူးအဒေါ်၊ ဦးနှောင်းကိုသာပြောပါ၊ ကျွန်တော်အရသယ်မယ်”

“ကိုင်း ဒီလိုဖြင့် ပြောဖို့မလိုပါဘူး။ အဒေါ်က သူ့ကိုယ်စားလည်လိုပါပဲ၊ ငါ့တူဒီလောက်အစွမ်းပြချင်ရင် လုပ်လေ၊ သယ်ခ တစ်မတ်တော့ရမှာပါ။ တစ်တောင်းတစ်ပဲ”

“ကိုင်း စိန်လိုက်”

ဒေါ်ဆုံက တဲတစ်ခုအောက်၌ရှိသော ငါးပိတောင်းများကိုပြလေ၏။ မောင်စိန်သည် လှည်းတစ်စီးမှ ကောက်ရိုးများကို ယူ၍မီးရှို့ပြီး မျက်နှာကို ပြာများဖုတ်များရော၍ သုတ်လိုက်ရာ ညစ်ပေလျက် မောင်စိန်ရုပ်ကွယ်ပျောက်၍ အမည်မသိ ကူလီတစ်ယောက်အဖြစ်သို့ ရောက်လေ၏။





ငါးပိများ သယ်၍ပို့ရာ ဒေါ်မိကြီး၏အိမ်သို့ရောက်လေလျှင်၊ ဧမြကိုယ်တိုင် ငါးပိများကို နေရာချထားလေရာ ၎င်းနေရာချထားခြင်း အလုပ်၌ မောင်စိန်က ကူညီသယ်ပိုးလုပ်ကိုင်၍ပေးရလေ၏။ ထိုနေရာမှာ မီးဖိုချောင် ဖြစ်လေရာ နံ့ဘေးတံခါးဖြင့် ဝင်ရလေ၏။ တံခါးမင်းတုန်းမှာ နဘေးပြတင်းပေါက်မှ ဆွဲနိုက်၍မလျှင် လွယ်ကူစွာပွင့်နိုင်ကြောင်း တွေ့ရှိရလေ၏။ ဧမြထံကို တိတ်တဆိတ်လာဖို့ရန် အဘယ်မျှလောက်လွယ်ကူသည်ကို သိရလေ၏။ မီးဖိုကိုရောက်လျှင် တစ်အိမ်လုံးသွားချင်သလို သွားနိုင်ဖို့ရှိသည်ကို သိရလေ၏။

နောက်ဆုံးတောင်းကို ပို့ပြီးသော အခါ ဧမြက ပိုက်ဆံတစ်မတ်ကို ထုတ်၍ပေးလေ၏။ သို့ပေးရင်း မောင်စိန်၏ မျက်နှာကိုစိုက်ကြည့်ရာ မမြဟု မောင်စိန်ကခေါ်လေလျှင် ဧမြမှာ အံ့အားသင့်၍နေလေ၏။

“ကျုပ်အလုပ်လုပ်တာကို လူများမသိကြလို့ လူပေါ်ကြော့လို့ ပြောကြတာပါ”

“ပေါ်ကြော့ဖြစ်ရင် အခုလို ကြိုးကြိုးနွံနွံလုပ်မတဲ့လား။ မမြရယ် အခုတော့ အခလိုချင်လို့ မဟုတ်ပါဘူး။ အကြံရှိလို့လုပ်တာ ညကျရင် ကျုပ်လာခဲ့မယ်။ မမြကဒီအကြံမှာ ကျုပ်ကို ကူညီပါ။ ဘယ်သူ့ဘာပြောပြောဂရုမစိုက်ပါနဲ့။ တစ်နေ့ကျတော့သိမယ်”ဟုပြောပြီး ပိုက်ဆံတစ်မတ်ကို ပြန်၍ပေးလေ၏။

“နို့ ဘာလို့ ညလာချင်ရတာလဲ။

“အို နောက်တော့သိမယ်၊ စိတ်ချလက်ချသာ တံခါးဖွင့်ပေးပါ”

www.burmeseclassic.com

www.burmeseclassic.com



ဓမြမှာ အုံအားသင့်လျက်၊ ခေါင်းညိတ်မှန်းမသိ ညိတ်လိုက်ရ၏။

"ဒါထက် ဒီငါးပိတွေက ဘယ်ကလဲ"

"အင်းရဲ ငါးပိအကောင်းဆုံးပေါ့၊ ရန်ကုန် အသိတစ်ယောက်ကမှာလို့ အင်္ဂလိပ်အိမ်တွေမှာ သုံးတဲ့ဘလချိုက်ဆိုလား အဲဒီဟာမျိုးသိပ်ကောင်းတာပဲတဲ့"

"အော် အော်, ဟုတ်တယ်။ ဟုတ်တယ် လုပ်နည်းဆိုတဲ့ မဂ္ဂဇင်းတစ်ခုထဲမှာ အဲဒီဘလချောင်လုပ်နည်း တွေ့ရဖူးတယ်။ ဘလချိုက်မဟုတ်ပါဘူး မမြရဲ့။ ဘလချောင်ခေါ်ပါတယ် ဒီငါးပိမျိုးဒါပဲလား။

"ထပ်မှာရင်တော့ ရမှာပဲ။ အခုတော့ လေးတောင်းပဲရှိတယ်"

"ရန်ကုန်ကိုပို့မှာက ရောင်းတာလား။ ရောင်းတာမဟုတ်ပါဘူး။ နမူနာပါ။ နောက်မှ အများအပြားကျမှ အတိုးအစနဲ့ ရောင်းမယ်လို့ အမေပြောတာပါပဲ"

"ဒီလိုဖြင့် အလကားပေးရမှာကိုး၊ အင်းရဲကြီး ငါးပိဆိုတာ ရန်ကုန်ဘက်မှာ သိပ်နာမည်ကြီးတယ် ပြောတာပဲ"

"ကျွန်မတော့ အစစ်မထင်ဘူး၊ ဦးနှောင်းဒီမှာ လုပ်တယ်လို့ ထင်ပါတယ်။ ဒီမှာလည်း ငါးမှုန်ကလေးတွေအပေါသားကိုး"

ထိုည၌ မောင်စိန်သည် ဓမြသို့ မီးဖိုဆိုင်ချောင်အနီးကိုရောက်၍ သွားလေ၏။ တံခါးကို ကိုင်လိုက်သောအခါ အလွယ်တကူပွင့်၍ သွားလေ၏။ အတွင်းသို့ရောက်လျှင်ရောက်ချင်း မှောင်ထဲ၌ ဓမြကပ်၍လာပြီး "သတိထား အမေမအိပ်သေးဘူး၊ အခု ဘုရားရှိခိုးနေတယ်"ဟု နားနားကပ်၍ ပြောလေ၏။

အတန်ကြာ တီးတိုးစကားပြောနေကြပြီးနောက် မောင်စိန်သည် ပစ္စည်းတစ်ခုကို မှောင်ကြီးထဲ၌ ထမ်း၍ ကပျာကရာထွက်သွားလေ၏။

နံနက်မိုးလင်းသောအခါ ဒေါ်မိကြီးသည် ဓမြကို ကြိမ်းမောင်း ဆူပူနေလေ၏။

မီးဖိုတံခါးကို ဓမြလုံအောင် မပိတ်သောကြောင့်သာ ငါးပိတစ်



တောင်းကို သူခိုးဝင်ခိုးတာပဲဟု ပြောလျက်ဆဲဆိုရေရွတ်လေ၏။ ဒေါ်မိကြီးမှာ အတော်နှမြော စစ်စီသော မိန်းမကြီးဖြစ်လေ၏။

နောက်တစ်နေ့ မောင်စိန်သည် မြစ်ဆိပ်အသနော်ရွာကလေးမှာ အိုးသစ်နှစ်လုံးကို ရှေ့နောက်ထမ်းလျက် မီးရထားလမ်းမြို့ကလေးသို့ တက်၍လာပြီး အသိမိတ်ဆွေတစ်ယောက်၏ အိမ်သို့ရောက်သွားကာ ခေတ္တမျှ ထိုင်နားပြီး ဈေးသို့တိုက်ရိုက်သွားလေ၏။

ဈေးကောက်အား နှစ်ပြားပေးပြီး ဆိုင်အနီးမှာ အိုးနှစ်လုံးကိုချလျက် လမ်းမှာ လက်တန်းရေးပ်၍ လာသော ဈေးခေါ်ဂါထာကိုရွတ်ကာ ရွှမ်းပျက်ပျက်မျက်နှာနှင့် မရှက်မကြောက် ပတောက်ပရွတ်ဆို၍ အင်းရဲ ထော်ပတ်ငါးပိချက် (ဝါ)အေဝမ်းဘလချောင်ဟူသော နာမည်နှင့် ပန်းကန် လေးပြားနှစ်ပန်းကန်ခုနှစ်ပြား၊ သုံးပန်းကန်ဆယ်ပြားစသည်ဖြင့် ခေါ်ကာ အော်ကာ ရောင်းလေရာ ပထမနေ့တွင်အိုးနှစ်လုံးကုန်သဖြင့် ငွေတစ်ဆယ်ကျော်ကျော်ရလျက် ညတွင်းချင်း လှည်းကြုံနှင့် အိုးနှစ်လုံးကို ပြန်ဆောင်၍ မြစ်ဆိပ်ရွာကလေးသို့ပြန်၍ သွားလေ၏။

နောက်တစ်နေ့ ငါးပိစိမ်းများကိုးတောင်းနှင့် မြို့သို့ဆောင်ယူ၍လာပြီး အသိအိမ်၌ တည်းခို၍ကိုယ်တိုင် မြို့ပေါ်မှာ ချက်လုပ်၍ရောင်းလေ၏။

ထိုနည်းဖြင့် တစ်လတောင် ကြာသောအခါ ဆိုင်ကလေးတစ်ဆိုင်ဖြစ်လျက် တံဆိပ်များကပ်သော ငါးပိပုလင်းများကိုထောင်ခါ လက်လီရောင်းရန်အတွက် အိုးနှစ်လုံးကိုလည်း ရှေ့၌တည်၍ရောင်းလျက်နေသော လူပြောင်လူရွှမ်းဖြစ်သူ မောင်စိန်၏ ဆိုင်သို့ ဟင်းချက်၍မစားနိုင်သူပေါင်းများစွာတို့ လာရောက်ဝိုင်းအုံ၍နေသည်ကို တွေ့မြင်နိုင်လေ၏။

တစ်နေ့သ၌ ဓမြတို့ သားအမိသည် ထိုဆိုင်သို့ရောက်၍လာရာ မောင်စိန်က ခရီးဦးကြိုပြုပြီး နေရာများခင်းကျင်း၍ မေးလေ၏။ ငွေ ၁၅ ကျပ်ထုတ်ကာ၊ အဲဒါငါးပိဖိုးအဒေါ်ဟုပြော၍ ဒေါ်မိကြီးအား ပေးလေ၏။

"ဘယ်ကငပိဖိုးလဲ"

"အဒေါ့အိမ်မီးဖိုထဲက အရင်က ကျွန်တော်တိတ်တိတ်ယူပြီး မမြ

www.burmeseclassic.com

www.burmeseclassic.com



ဆီက အကျွေးဝယ်ယူတဲ့ ငါးပိဖိုးပဲ။ ယူသာယူပါ၊ အတိုးတွက်နဲ့ပေးတာပါ၊ များလွန်းတယ်မထင်ပါနဲ့"

"ဟုတ်တယ် အမေ။ ကိုစိန်က သူ့ကိုလူများက ဘော်ကြော့လို့ ခေါ်တာမခံချင်လို့ အမေ့အင်းရဲငါးပိတွေကို အကြွေးရောင်းပါဆိုလို့ ကျွန်မ ပထမတစ်တောင်း ရောင်းလိုက်တယ်။ နောက်တစ်တောင်းထပ်ရောင်းတယ်။ အမေရန်ကုန်ကို နှစ်တောင်းသာပို့လိုက်ရတယ်မဟုတ်လား။ ပိုက်ဆံလည်း မရဘူး။ ကျွန်မရောင်းတာ ရပြီမဟုတ်လား။

"ငွေမလိုချင်ရင်လည်း ငါးပိအစားရနိုင်ပါတယ်။ ထားဝယ်ငါးပိအကောင်းဆုံးလည်း ရှိပါတယ်။ ရွှေပုစွန်ခြောက်ထောပတ်အစုံ ကျွန်တော်က လက်ကားဝယ်ပြီး အကြီးအကျယ်လုပ်ပါတယ်။ ရန်ကုန်ဆိုင်ကြီးတစ်ဆိုင်က သုံးမတ် တန်ပုလင်းများကို သွင်းနိုင်သလောက်ယူမယ်လို့ အခုအကြီးအကျယ် စပြီးလုပ်နေတယ်။ အဒေါ်တို့ သားအမိတောထဲမနေပါနဲ့မြို့ကို ပြောင်းကြပါ၊ ကျွန်တော်အရှိသားပဲ" ဟုပြောလေ၏။

"ဟုတ်တယ်အမေ၊ လူဆိုးသူဆိုးတွေလည်း ကြောက်ရတယ်။ ပြောင်းပါလား အမေ၊ ပြောင်း နော် နော် ..."

"သမီးမောင်ကိုပဲ သေသေချာချာမေးပါ၊ ပြီးတော့လည်း နေရာထိုင်ခင်း စီမံဦးမှပေါ့"ဟု မိခင်ဖြစ်သူကပြန်၍ ပြောပြလေ၏။

**နိုဝင်ဘာလ၊ ၁၉၃၅ခုနှစ်၊ ဆယ်သန်းဂဇင်း**

❑

# သိုက်တူးသူမဟုတ်

မီးရထားပေါ်မှ သဘော်ပေါ်သို့ကူးသော ကူးတို့သဘော်ပေါ်၌ မော်လမြိုင်မြို့ရေကစားပွဲကိုသွားသော လူတို့၏ အရေအတွက်သည် ပြည့်နှက်၍နေလေ၏။

မောင်ဘသန်းနှင့် အဖော် မော်လမြိုင်သားနှစ်ယောက်တို့သည် လက်ဖက်ရည်ဆိုင်သို့သွားရာ ပင်နီအင်္ကျီကိုဝတ်သော လှပသောမိန်းမပျိုသုံးယောက် လက်ဖက်ရည်သောက်၍နေသည်ကို မြင်ကြလေ၏။ ၎င်းမိန်းမပျိုအနက် ပင်နီရောင်သွေးနှင့် ရွှေဒင်္ဂါးတိုက်တံဆိပ်သွေးဟု ထင်ရသော မျက်နှာပေါ်ပေါ်ဝိုင်းဝိုင်းလုံးလုံး။ မျက်ခုံးကိုင်းကိုင်း မျက်လုံးဝင်းဝင်းနှာတံစင်းစင်းနှုတ်ခမ်းပြည့်ပြည့် ရင်အိအိနှင့်တင်ပြည့်ပြည့် မိန်းမပျိုအငယ်စား ၁၈နှစ် အရွယ်မကလေးသည် မောင်ဘသန်းနှင့် လုံးလုံးချင်းတော့ဆိုင်မိလေ၏။

မင်းကလေးသည်ကား အလွန်လှသော မိန်းမပျိုသုံးယောက် အထဲတွင် အလှဆုံးသော မိန်းမကလေးပေတကားဟူသော ဆုံးဖြတ်ချက်ကို လျင်မြန်စွာ ချပြီး ယောကျ်ားပျို သုံးယောက်သည် မိန်းမပျိုသုံးယောက် အကြောင်းနှင့် ပတ်သက်၍ ဆွေးနွေးခန်းဖွင့်ကြလေ၏။ သို့ ဆွေးနွေးခန်းဖွင့်ခိုက်မှာ မောင်ဘသန်းသည် အမှတ်တမဲ့မော်၍ ကြည့်လေလျှင် အငယ်

www.burmeseclassic.com

www.burmeseclassic.com



စား ရွှေဒင်္ဂါးသွေးမကလေး၏ မျက်လုံးများနှင့် တပ်လျက်သားဖြစ်၍ နေလေ၏။

၎င်းမိန်းမပျိုတို့မှာ ယောထဘီနှင့်ပင်နီအဝါကိုဆင်တူဝတ်ကြလေ၏။

ထိုအခါ အင်္ဂလန်သွား ဒေလီကိတ်ကြီးတွေ ပထမပြန်၍ လာပြီးနောက် ယောထမီပင်နီ ခေတ်ဖြစ်လေ၏။

၎င်းတို့သည် နေရှင်နယ်လပ်မတွေပဲလား။ ထီးဒါးကတော်လောင်းကလေးတွေပဲလား၊ ဝံသာနုတရားဟော ဆရာမကလေးတွေပဲလား။ သထုံမြို့က တောင်သူမကလေးတွေပဲလား၊ ရန်ကုန်မြို့က ကမ်းကုန်တဲ့ ဂျမ်းဘုံတို့ပဲလားစသည်ဖြင့် ဆွေးနွေးတွေးတော နှီးနှောခြင်း ပြုကြလေ၏။

မော်လမြိုင်မြို့သို့ ရောက်ကြသောအခါ မိတ်ဆွေတစ်ယောက်က ရထားပိုင်တစ်စင်းနှင့် ဆီးကြိုသဖြင့် မောင်ဘသန်းနှင့် အဖော်နှစ်ယောက်တို့သည် ပုရိသခေတ်ထဲတွင် ကွယ်ပျောက်၍သွားသော မိန်းမပျိုကလေးတွေကို ရှာဖို့ရန်လမ်းအခွင့်မရဘဲ၊ ညောင်ညိုပြင်စခန်းက လမ်းခွဲ၍သွား ကြရရှာလေသတည်း။ မောင်ဘသန်းသည်ကား ပင်နီရောင်သွေး ဝါဝါဝင်း ကောင်မကလေးကို၊မတွေးလည်းမြင် တွေးလည်းထင်ဆိုသလိုဖြစ်ကာ မျက်လုံးထဲမှ ထုတ်၍မရ။ မည်းနက်သော ယောလုံချည်အနား အောက်မှ ပြူ၍ထွက်သော ဖြူစင်သန့်ရှင်းသော ခြေထောက်ကလေးများမှစ၍ ချောညက်ကြော့ရှင်းသောလည်တိုင်ကိုကျော်၍ ဝိုင်းစက်လှပ နူးညံ့လှသော နဖူးသို့တိုင်အောင်မြင်၍သာ ထင်၍သာ ခင်၍သာ ဝိညာဉ်ဓာတ်အစွမ်းဖြင့် ကြင်၍သာ နေရှာလေသတည်း။

မရမ်းကုန်းရပ်၌ မောင်ဘသန်း အဖော်သုံးယောက်တို့ တည်းခိုပြန်လေ၏။ သို့တည်းခိုရာ၌ အိမ်ရှင်များညဉ့်၌ မီးရထားပေါ်တွင် အိပ်ပျက်လာကြသူတို့အား၊ ထမင်းစားသောက်ပြီး၊ အိပ်ဖို့ရန်နေရာများပြင် ၍ နေလေ၏။ ထိုသို့ ပြင်၍ပေးသော်ငြားလည်း မောင်ဘသန်းသည်ကား အိပ်၍မပျော်၊ တောင်သူမကလေးကို ငါဘယ်မြင်၍တွေ့ရမလဲဟူ၍သာ စိတ်လက်ပူရလေ၏။ ထိုမိန်းမကလေးတို့သည် တောင်သူမကလေးဟူ၍



စိတ်ထဲရှိတာထစ်ချ မှတ်ယူစွဲပိုက်၍ ထားလေသည်။ ထိုကဲ့သို့ မှတ်ယူခြင်းမှာ အခြားကြောင့်မဟုတ် ဤမျှလောက်ကြော့ရှင်းလှပသန့်ရှင်းလှ၍ ကွင်းကွင်းကွက်ကွက်မြင်ရသော ထိုမိန်းမချောကလေးများသည် တောင်သူများသာဖြစ်ရမည်ဟုအယူစွဲပိုက်မိလေ၏။ ထိုပြင် မောင်ဘသန်း၏စိတ်၌ တောင်သူမ ကလေးတစ်ယောက်ယောက်ကို ချစ်ရကြိုက်ရခြင်းမှာ ထူးခြားသော အရသာရှိသည်ဟု မှတ်ထင်ရင်းရှိသူ တစ်ယောက်ဖြစ်လေ၏။

တည်းသောအိမ်ခေါင်းရင်း တောင်ခေါင်ပင် အောက်ရှိ ခုတင်ပေါ်တွင် ပက်လက်လှန်ကာ နဖူးပေါ်လက်တင်ပြီး အေးမြစိုပြေသော မန်ကျည်းကိုင်းများထဲသို့ စိုက်ကာကြည့်၍ နေခိုက်တွင် မောင်ဘသန်း၏ စိတ်သည်၊ သုဝဏ္ဏဘုမ္မိသထုံပြည်တစ်လျှောက်လုံးကို အနှံ့အပြားသွားလာပြီး။ တောတွေတောင်တွေ မြစ်ချောင်းရေတံခွန်တွေထဲမှာ လှည့်လည် အဆိုပါ တောင်သူမယ် ရွှေသွေးကလေးကို လိုက်လံရှာဖွေ၍ နေရရှာလေသတည်း။

နောက်တစ်နေ့နံနက်စောစော ဘသန်းသည် ဒေါက်ကပ်နှင့် တောင်ဝိုင်းသို့သွားကြလေ၏။ သွားရာလမ်းတွင် ကျောင်းတိုက်တစ်တိုက်သို့ ရောက်သောအခါ ထန်းရည်ဝင်၍သောက်ကြလေ၏။ ထန်းရည်သောက်ပြီး ဆက်လက်၍သွားကြရာ မိမိတို့၏နောက် မြင်းလှည်းကလေးတစ်စီးမှ သာယာသောတေးဆိုသံများကို ကြားရသဖြင့်လှည့်၍ ကြည့်ရာ ဝါကျင်ကျင်စုကိုမြင်ရလေ၏။ ထိုအခါ မောင်ဘသန်း၏ ရင်ထဲ၌ဖိုလှိုက်၍ သွားလေ၏။

ထိုလမ်း၌ မောင်ဘသန်း၏ အဖော်နှစ်ယောက်အနက် တစ်ယောက်သာပါလေ၏။ အခြားတစ်ယောက်မှာ အခြားကိစ္စတစ်ခုနှင့် အခြားနေရာတခုသို့သွားနှင့်လေ၏။ ၎င်းတို့မှာ မော်လမြိုင်သားများဖြစ်လေရာ မိမိတို့ကိုယ်တိုင်လည်းပတ်ရန်များစွာမလို၊ ရန်ကုန်သား မောင်ဘသန်းကိုသာ လိုက်လံပြဖို့လိုလေရာ ဒေါက်ကပ်နှင့်လိုက်၍ပြသော အဖော်တစ်ယောက်ရှိသဖြင့် အခြားတစ်ယောက်မှာ မိမိသွားလိုသောနေရာသို့ သွားခွင့်ရ၍သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အိုင်ဆေးကိုမောင်ကြီးရဲ့၊ ခင်ဗျားမြင်းကပြေးလိုက်တာဗျာ၊ နည်းနည်း ဆွဲစမ်းပါဦး"

"ဒီနေရာ ဒီတောစခန်းတွေကို ခင်ဗျားကြည့်စေချင်လို့၊ တမင်သက်သက် ကျွန်တော် နှေးနှေးကလေးမောင်းနေတာပဲ" ဟုပြောကာ မြင်းကို သာ၍ချုပ်ပြီး နှေးနှေးမောင်းလေ၏။ ကိုမောင်ကြီးသည် နောက်လာသော မြင်းလှည်းကို ပြန်၍ကြည့်ရင်း မောင်ဘသန်း၏ ယက်သန်သော မျက်နှာကို မြင်သဖြင့် ပြုံးပြီး "ကိုင်းမီလာကြပါပြီခင်ဗျာ" ဟု ပြောလေ၏။

မြင်းလှည်းပေါ်က မိန်းမများသည် ၎င်းတို့ဒေါက်ကပ်အနီးသို့ ရောက်သောအခါ တေးဆိုခြင်းကို ရပ်ကြလေ၏။ ထိုမခင်ကြီးကနောက်ကို တစ်ဖန်လှမ်းကြည့်ကာ "အိုင်ဆေး ကိုဘသန်း ကျုပ်ဒေါက်ကပ် မြန်တယ် ထင်ရင်း နှေးတဲ့မြင်းလှည်းလိုက်ပါလား"ဟု၊ ပြောပြီးမိန်းမများကို တစ်ဖန် ပြန်၍ ကြည့်လေ၏။ ထိုသို့ကြည့်ပြီး "အလိုကို ဘသန်းသူတို့ပါလား ဗျို့"ဟု ပြောလေ၏။

မောင်ဘသန်းသည် မောင်ကြီးပြောသောစကားကို မကြားဟန်ဆောင်ကာ အမှတ်တမဲ့ ကြည့်လေရာ မိမိကို စိမ်းစိမ်းကြည့်၍နေသော တောင်သူမကလေးကို မြင်ရသဖြင့် ရင်အုံမှာ မြေလျှင် လှုပ်သလိုသိမ့်သိမ့် တုန်၍ သွားလေ၏။

လှည်းနှင့်ဒေါက်ကပ်သည် ရှေ့နှင့်နောက်နီးကပ်စွာသွားကြလေ၏။

မောင်ဘသန်းက"ဘယ်အရပ်ကလာကြပါသလဲ" ခင်ဗျာဟုမေးလေ၏။

"ကျွန်မတို့ နတ်ပြည်ကရှင့်"ဟု မိန်းမတစ်ယောက်က ပြန်၍ပြောလေ၏။

"ဒါဖြင့် ခင်ဗျားတို့ နတ်သမီးတွေပေါ့လေ"ဟု မောင်ဘသန်းက ပြန်၍ ပြောလေ၏။

မောင်ဘသန်းသည် သောက်ပြီးစဖြစ်သော ထန်းရည်သည် ဝမ်းဗိုက်တွင် ပြည့်ရှိသာပြည့်သေးလေရာ ရတ်တရက်မမူးသေးချေ။



အတန်ငယ်ကြာသောအခါ မှိုင်းဝေဝေဖြစ်၍လာလေ၏။

ထိုအခိုက်တွင် တစ်ဦးနှင့်တစ်ဦး အချေအတင် စကားပြောရင်း ရဲ၍လာသော မိန်းမကလေးများအနက် ခပ်ပြောင်ပြောင်မိန်းမတယောက်သည် သီချင်းဆိုလေရာ မောင်ဘသန်းသည် နဂိုကတေးအဆိုကောင်းသဖြင့် တစ်ကြောင်း၊ထန်းရည်ကမူးသဖြင့် ရမ်းချင်သလိုလိုဖြစ်၍လာသောကြောင့် တစ်ကြောင်း ဘိုစိန်စခန်းသွားတီးလုံးများကို နေရာတကျဆိုလေ၏။ မောင်ဘသန်းသည် နဂိုက အပြောင်အပျက်လည်း အတော်ဝါသနာပါသဖြင့် တေးဆိုရင်း ဝါဝါဝင်းမကလေးကို မျက်စပစ်၍ပြလေ၏။ ထိုအခါ ၎င်းမိန်းမကလေးသည် နှုတ်ခမ်းစူကာ မောင်ဘသန်းကိုမကြည့်ဘဲ မျက်နှာလွှဲ၍နေလေ၏။

သို့သော်လည်း ရဲတင်းသော ဘသန်းတယောက်က အပြန်အလှန် တေးဆိုသဖြင့် မောင်ဘသန်းသည် အရက်မူးမူးနှင့် ဆက်ခါဆက်ခါ လက်တန်းစ၍ တေးဆိုလေရာ အဆိုပါ မိန်းမကလေးသည် ရှက်ကိုးရှက်ကန်းဖြစ်သော်လည်း ၎င်းကိုမကြည့်ဘဲမနေနိုင်အောင်ဖြစ်ပြီး တစ်ခါတစ်ခါ မျက်နှာကိုလွှဲခါ ခေါင်းငုံ့ကျိတ်ကာရယ်သည်ကို မောင်ဘသန်း မြင်ရလျှင် အောက်ပါတေးကိုပင် တန်းဆိုလေ၏။

မသိသူဘွဲ့တေးထပ်

မျက်နှာတော်ကြင်သိသွေ့ငယ်နှင့် ပင်နီကလေ သူဘင်ခင်မဒီ တမေ့
ဖြူစင်စင်ငယ်။ ဆူဘဝင်လောင်သို့ မြင်ရသူတဦးမျှှင်အောင် အရှုးသွင်
ဖြစ်ရတာမို့၊ ပြုံးစနဲ့ငို့၊ မလိုနှယ်။ အို့တအိုချိုလို့ပျို့အပျို ဟိုကာရိုငယ်တို့။
ဘိုကရို့တာမင်။ ယောထဘီပင်နီသွေးငယ်နှင့်။ မင်းရည်ဆေးမှုံးခြယ်သည့်
သွင်၊ ဘယ်ရပ်က ဘယ်နတ်ခင်ငယ်၊ ဘယ်ဇာတ်ဝင် ဘယ်သူတုံး ရယ်လို့
မူတန်းကွဲသို့ရန် တွေးဆလျက်ကြီး လေးနမ လှမျက်ပျံငယ်၊ စခက်ဟန်ထူး
ပါဘိလေး။

ထိုတေးကို ဆိုလိုက်သောအခါ ဝါဝါဝင်းမကလေး၏ မျက်နှာမှာ တိုး၍ ထိန်လင်းပြီး နှုတ်ခမ်းကလေးမှာ ချစ်စဖွယ်ရာဖြစ်အောင်စူပြီး

www.burmeseclassic.com

www.burmeseclassic.com



ဝင်းတောက်သော မျက်လုံးကြီးများနှင့် မောင်ဘသန်းကို မျက်စောင်းကြီး ထိုးလိုက်လေ၏။

ထိုမျက်စောင်းသည် လွန်စွာထက်သော မျက်စောင်းဖြစ်လေရာ၊ မောင်ဘသန်း၏အသည်းနှလုံးကို ဝင်ရောက်ခါစူး၍သွားလေ၏။ အကြောင်းမူကား ထိုမိန်းမကလေး၏ မျက်စောင်းသည် အခြားများစွာသော မိန်းမတို့၏ ပြုံးရယ်ခြင်းထက် ထူးကဲပိုမိုချစ်ဖွယ်ရာကောင်းသည်ဟု မောင်ဘသန်း စိတ်၌ မှတ်ထင်ရလေ၏။

တောင်ပိုင်းဝင်္ကပါသို့ ရောက်သောအခါ လှည်းရော ဒေါက်ကပ်ရော ရပ်ပြီး ဝင်္ကပါထဲသို့ ပြေးဝင်ကြလေ၏။

ထိုအခါ မိန်းမပျိုလေးများနှင့် ယောကျ်ားပျိုများသည် အတော်ကလေး အကျွမ်းတဝင်ဖြစ်ကာ ပြောရဲခေါ်ရဲနှုတ်ဆက်ရဲဖြစ်လာကြလေ၏။

ဝင်္ကပါသို့ ပြေးရာတွင် မောင်ဘသန်းသည် ထိုမိန်းမပျိုကလေးနှင့် ရင်ဆိုင်တွေ့ဖို့ ရန်ကိုသာ အားပြုကြံစည်လေသည်။ ထိုကြံစည်သော်လည်း ဝေး၍ဝေး၍သာသွားလေ၏။ ဝေးရာမှ တစ်ခါတစ်ခါ ရင်ဆိုင်များ တွေ့ရတော့မလို မှတ်ထင်ရအောင် နီး၍ လာဟန်ရှိလေ၏။

ထိုအခိုက်တွင် ကိုမောင်ကြီးမှာ ပိန်ပိန်ရှည်ရှည်မိန်းမတယောက်နှင့် ရင်ဆိုင်တွေ့ပြီး မောင်ကြီးမောလို့ ဟိုက်ဟိုက်ခင်လေးထွေးလို့ ပိုက်ပိုက်လို့သာဆိုလိုက်ချင်တော့တာပဲဟု ပြောကာ အုတ်တံတိုင်းနံရံကိုမှီ၍နေလေ၏။ မိန်းမ ပိန်ပိန်ရှည်ရှည်သည်လည်း ၎င်းနှင့် မနီးမဝေးတွင် အုတ်တံတိုင်းကိုမှီခါ မောလိုက်တာရှင် ခင်လေးမောလို့ ဟိုက်ဟိုက်၊ မောင်ကြီးဆီးလို့ ပိုက်ပိုက်လို့သာ ဆိုလိုက်ချင်တော့တာပဲဟု ကိုမောင်ကြီးကို မကြည့်ဘဲ တောင်ပေါ်သို့လေဖော့သဖြင့် လှုပ်ရှား၍နေသော ဝါးပင်များကို ကြည့်ကာပြောလေ၏။

ထိုအခိုက်တွင် မြင်းလှည်းမောင်းသော လူနှင့်အခြားမိန်းမပျို ပင်နီမတယောက်သည် ဝင်္ကပါမှ ထွက်ကာ၊ မြင်းလှည်းအနီး၌ စကားပြော၍နေကြလေ၏။ မောင်ဘသန်းနှင့် ရွှေဒင်္ဂါးသွေးမကလေးမှာမူကား အခြားသူ



တွေ တွဲဖက်စုံကာ မြုံ၍နေသည်ကို သတိမထားဘဲ ဖတ်ဖတ်မောအောင် ပြေးပြီး နောက်ဆုံးကျမှ အပြင်သို့ရောက်သွားကြလေ၏။

ထိုနောက်တောင်ပေါ်ရှိ ကျောင်းများကို အတူတကွ လှည့်လည်ကြည့်ရင်းဘုရားဖူးကြပြီးနောက် တစ်ဖန်ဆက်လက်လှည့်လည် ကြည့်ရှုကြရာ မောင်ဘသန်းသည် တစ်ယောက်တည်းကွဲပြီး တန်ဆောင်းတစ်ခု၌ ရုပ်ပွားတော်တစ်ခုကို ကြည့်ကာငေးစိုက်၍နေလေ၏။

၎င်း၏ မျက်လုံးများသည်ကား ရုပ်ပွားတော်ကိုမမြင်၊ ဝါဝင်း ရွှေသွေးကညာကလေး၏ သဏ္ဌာန်ကိုသာ မြင်၍နေလေ၏။

စာကလေးများသည် တန်ဆောင်းထဲ၌ ပျံသန်းကာ ကြိုးကြိုးကြိတ် ကြိတ်မြည်၍ နေကြလေ၏။ စာကလေးနှစ်ကောင်သည် မျက်နှာကြက် အနီးတန်းပေါ်၌ နပန်းလုံး၍နေကြလေ၏။ အဝေးတောင်ထိပ်မှ ဥဩငှက် တစ်ကောင်သည် သာယာသောအသံနှင့်မြည်အော်လေ၏။ မောင်ဘသန်း သည် ထိုအသံကို နားစိုက်၍နေလေ၏။ ၎င်းအသံသည် အကောင် အထည်မရှိဘဲ လေထဲတွင် တစ်ကိုယ်တည်းလေလွင့်၍နေဟန်ရှိလေ၏။ သို့ဖြစ်၍ မောင်ဘသန်း၏စိတ်၌ ၎င်းအသံသည် တစ်ကိုယ်တည်းလေလွင့် ခြင်း၏ နိမိတ်ကို ပြသသကဲ့သို့ မှတ်ထင်ရလေ၏။

မိမိ၏နောက်နားမှ ချောင်းဟန့်သော အသံကိုကြားရလေ၏။ နောက်သို့ လှည့်ကြည့်လိုက်သောအခါမိမိအားရှုံ့စူးစိုက်၍နေသော မိန်းမကလေး၏ မျက်နှာကိုမြင်ရလေ၏။ ထိုမျက်နှာသည် မိမိဘက်သို့လှည့်၍ မနေ၊မိမိကဲ့သို့ရုပ်ပွားတော်ကိုသာကြည့်၍နေသောမျက်နှာဖြစ်၍နေလေ၏။

တမင်သက်သက် သူငါနဲ့တွေ့အောင်များ လာလေသလား။ မတော် တဆလာ၍ တွေ့လေသလားဟု စိတ်ထဲက တွေးဆဆင်ခြင်ကာ နှလုံး တည်းဟူသော ကြေးနန်းရုံ၌အချစ်၏ ကြေးနန်းသည် ကတ္တု ကတ္တု ကရကတ္တု ဟု လာရောက်ရိုက်ကြားကာ မြည်လေ၏။

ဟော့ ဟော့-အဟန်း ဟု မောင်ဘသန်းသည် ဗွန့်စားယောင်ယမ်းခါ ပြောပြီး စကားကိုဆက်၍ မပြောနိုင်အောင် လည်ချောင်းတွင် တစ်စုံတခု

www.burmeseclassic.com

www.burmeseclassic.com



သောအရာတစ်ခု လာရောက်ကာ ဆို့လေ၏။

ဟော့ ဟော့ ဒီမှာလေဟု တစ်ဖန်ကြိုးစား၍ ပြောပြန်လေ၏။ ထိုအခါ မိန်းမပျိုကလေးသည် ၎င်းဘက်သို့လှည့်ကာ မျက်စောင်းထိုးလျက် "လူကို ဟော့နဲ့ ဘာနဲ့ ဘာမှတ်လို့လဲ"ဟု မျက်နှာထားနှင့် ပြောပြီး အခြားဘက်သို့ မျက်နှာကို လှည့်၍သွားလေရာ၊ မောင်ဘာသန်းသည် မျက်နှာကိုလိုက်၍ ကြည့်လေ၏။ ထိုကြည့်သောအခါ မချိုမချဉ်ဖြစ်၍နေသည်ကို မြင်ရသဖြင့် အလွန်တရာ မောပန်းသောခရီးသည် သစ်ရိပ်ရေချမ်းစင် အနီး၌ နားရသလို အပန်းပြေ၍သွားပြီး ဟော့ဆိုတာ မင်းကနာရသလား ချစ်လို့ခေါ်တာ ပေါ့ကွယ်။ "မင်းနာမည်ကိုသိရရင် ဟော့ လို့မခေါ်ပါဘူး"ဟု အပါးသို့ ခြေအလှမ်းတိုး၍ ကပ်ပြီးပြောလေ၏။

"အလိုဘယ့်နဲ့ လူပါလိမ့်။ ရဲကရဲတင်းနဲ့။ ရှင်ကျွန်မကို ဘာမှတ်လို့လဲ"ဟု မျက်နှာကိုတည့်တည့်ကြည့်၍ ပြောပြီးထွက်သွားတော့မည် အပြုမှာ မောင်ဘာသန်းသည် နူးညံ့သောလက်ကလေးကိုဆွဲကိုင်၍ထား လိုက်လေ၏။ ထိုကိုင်ထားခိုက်တွင် ထိုနူးညံ့သိမ်မွေ့တင်းကျပ်လုံးချော သော လက်ကလေးသည် အလွန်တရာမှ အဆိပ်ပြင်းသော လက်ကလေး ပါတကားဟု မှတ်ထင်မိလေ၏။ အကြောင်းမူကား ၎င်းလက်ကလေးကို ကိုင်ဖြစ်ရုံမျှနှင့် တစ်ကိုယ်လုံးမှာ ချမ်းစိမ့်စိမ့်ဖြစ်ကာ ယောကျ်ားတန်မဲ့နှင့် ရင်ထဲချမ်းသလို ဖြစ်သွားလေ၏။

"မိန်းမပျိုကလေးသည် ဝင်းလှုံတောက်ပသောမျက်လုံးများနှင့် ကြည့်ကာ ရှင်ဘယ့်နှယ်လုပ်တာလဲ။ လွှတ် ကျွန်မလက်ကို မကိုင်နဲ့"

"မင်းနာမည်နဲ့ နေရပ်ကိုပြောရင် ငါလွှတ်မယ်။ မင်းငါ့ကို တလမ်း လုံး အရူးဖြစ်အောင်လုပ်ခဲ့တဲ့ မိန်းကလေးပဲ"

"ရှင့်ဘာသာရှင် ရူးချင်လို့ ရူးတာ ကျွန်မနဲ့ ဘာဆိုင်သလဲ။ လွှတ်ပါ ရှင် တကတဲ လူတွေမြင်ကုန်တော့မယ်"

"မမြင်ရင်ဆွဲစေသား၊ ငါမင်းကို သင်္ဘောပေါ်မှာ မြင်ကတဲကစပြီး ချစ်ခဲ့တယ်၊ နောက်မင်းကိုမမြင်ရတော့ ငါမင်းကိုကြိုက်မိကြောင်းသိရော၊



အခုတစ်ခါပြန်ပြီးတွေ့ရတော့။ မင်းကိုဒီဘဝမှ မရရင်မနေဘူးလို့ ကြံလိုက် မိတယ်။ မင်းဒီနေရာမှာ၊ ငါရှိတယ်ဆိုတာ အသိသားနဲ့လာပြီး၊ အခု ဘာပြု လို့ ဒီလိုလုပ်ရတာလဲ"

"ရှင့်ကို ကျွန်မကရစိုက်နေလို့၊ ရှင်ဒီမှာရှိတာကိုသိရမှာလား၊ ကျွန်မ ဘာသာကျွန်မလာတာပါ။ လွှတ်ပါတော့ တကတဲ။ ဟိုကလာကုန်ပြီ" ထို အခိုက်တွင် ခပ်လှမ်းလှမ်းမှ "မဝင်းမြိုင် မဝင်းမြိုင်" ဟု ခေါ်သော အသံ တစ်ခုကို ကြားရလေ၏။

ထိုအခါ ဘာသန်းသည်၊ ဤမျှလောက်လှပသော အဖိုးထိုက် ရတနာ ကလေးကို ကိုင်မိမှဖြင့် ထောင့်တစ်သက် လွှတ်ရက်မရှိဘဲဖြစ်စေတော့ဟု သဘောထားကာ သူ့ကိုလည်းလွှတ်ရက်မရှိဘဲ ကိုင်၍ထားချင်၏။ သို့သော်လဲ သူ့ဂုဏ်အသရေကို ထောက်ရှုသဖြင့် မဝင်းမြိုင်နေရပ်ကို တစ်ဆိတ်ပြောစမ်းပါကွယ်ဟု တောင်းပန်အသနားခံသည့် ညှိုးငယ်သော မျက်နှာနှင့်ကြည့်၍ ပြောရင်း လက်ကိုဖြည်၍လွှတ်လေ၏။ ထိုအခိုက်တွင် မဝင်းမြိုင်သည် မောင်ဘာသန်းကို သနားသောမျက်နှာ အကဲခတ်သော မျက်လုံးများနှင့်ကြည့်ရင် အတန်ကလေး မျက်နှာချင်းဆိုင်ကာ ငေးပြီး ကျွန်မကြည့်မြင်တိုင်မှာနေပါတယ်ဟု ရွှေသမင်မကလေးလို ကုန်းအနိမ့် အမြင့်တို့ကို ကူးရန်တန်းကျော်၍ လျှင်မြန်ပေါ့ပါးသော ခြေများတို့ဖြင့် ထွက်ပြေး၍ သွားလေသတည်း။

ညဥ့်အခါ ကြက်ကိုခိုး၍ ချက်စားရန် အမေးနုတ်နေခိုက်မှာ မှောင် ရိပ်မှ ကြက်ကောင်ကို တစ်ဝက်လာ၍ လုသွားသဖြင့်၊ လက်နှစ်ဖက်ကို ပွတ်ကာငေးလျက် သွားရည်ကျ၍နေရစ်ရသော လက်နှစ်ဖက်ကို ပွတ်ကာ သွား ရှာလေသူကလေးကို နောက်ကနေ၍ ငေးမောစိတ်စောအား မွှတ်သိပ် သော မျက်လုံးများနှင့် ကြည့်ရစ်ရှာလေသတည်း။

ထိုနောက် တောင်ခြေရင်းမှ တွေ့ဆုံကြပြီး မောင်ကြီးနှင့် မောင်ဘာသန်းက ဒေါက်ကပ်ကိုစီး မိန်းမပျိုများက မြင်းလှည်းကိုစီးကြပြီး မြို့သို့ ရှေ့ဆက် ပြန်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင်ကြီး သူတို့ဘယ်မှာ တည်းသလဲမမေးမိဘူးလား"

"ဘာမေးစရာရှိသလဲ။ ဟိုဘုံပြတ်မောင်းတဲ့ ဆရာအရှိသားပဲ။ သူက ငါ့ကိုအကုန်ပြောပြီးပါပြီ။ စစ်ကဲကုန်းမှာ တည်းကြတယ်။ နက်ဖြန် ရေလောင်း ထွက်ပြီးခံကြဦးမယ်။ ခင်ဗျားဘာပြုလို့ မေးသလဲ"

"ဘာမှမဖြစ်ပါဘူး။ ကျွန်တော်တော့ မရတော့ဘူး၊ ကိုမောင်ကြီးရဲ"

"ဒီလိုဖြင့် အိမ်ရောက်မှ၊ ဆေးဆရာခေါ်ရတာပေါ့ အခုတော့မသေပါနဲ့"

"အိမ်ရောက်အောင်ကြိုးစားပြီး လိုက်ပါဦး"

"ကျွန်တော့်ကို ချမ်းသာအောင်ကုနိုင်မယ့်ဆရာဟာ တစ်ပါးတည်း ရှိပါတယ် ကိုမောင်ကြီးရဲ့၊ ဒီဆရာမကလေး ရန်ကုန်ကို ဘယ်တော့ပြန်မယ်ဆိုတာ ကိုမောင်ကြီး၊ ကျွန်တော့်ကို ပြောနိုင်ရင်ဖြစ်တာပဲဟာ၊ ကျွန်တော် သက်သာတော့မှာပဲခင်ဗျာ"

"ဒါတော့ ကျုပ်လည်း မမေးမိပေဘူးခင်ဗျာ။ မောင်ကံနဲ့ မောင့်အကြောင်းပဲဆိုသလို မောင်သေရင်လည်း မောင်အကြောင်းကြောင့်ပဲလို့ ဆိုရတော့မှာပဲ ဦးမောင်"

"ဒီလိုဖြင့် ကျွန်တော် ဒုက္ခဖြစ်တော့မှာပဲ။ တစ်ဆိတ် ဟိုမြင်းလှည်းဆရာကို မေးကြည့်ရရင် မသိပေဘူးလား"

"အောင်မယ်မင်း။ ညီရယ်။ မြင်းလှည်းဆရာကို ဘာမေးဖို့ရှိသတုန်း ကျုပ်တို့မရဲလို့ အသိမိတ်ဆွေဖြစ်ကြမှ ဘယ်တော့ပြန်မယ် ဘယ်ကိုသွားမယ်ဆိုတဲ့ အကြောင်းများသာမက၊ မောင့်ကို တကယ်ဟိုက မေတ္တာရှိရင် ဝင်ပါထွက်ပါ၊ လာပါသွားပါဆိုတဲ့ စကားတွေကို ပြောမှပေါ့၊ လှည်းဆရာမေးဖို့မလိုပါဘူး။ သူတို့ကို တိုက်ရိုက်မေးလိုက်တာပေါ့ဟု ပြောပြီး နောက်သို့လှည့်ကာခင်ဗျားတို့ ဘယ်တော့ရန်ကုန်ပြန်ကြမလဲဟုမေးလိုက်လေ၏။

ပိန်ပိန်ရှည်ရှည် မိန်းမတစ်ယောက်က "ကျွန်မတို့ အတက်နေ့မှ ပြန်ရမယ်ရှင့်"

ကိုင်း အတက်နေ့မှာတဲ့၊ ညီမောင်ဘယ့်နှယ်ရှိစ၊ ပြန်တဲ့နေ့ဟာ



အတက်နေ့ပဲ ညီမောင်က မှီအောင်ကြိုးစားနော် အတက်နေ့ အတက်နေ့"

ထိုသို့သွားကြရာ မြို့သို့ရောက်ကြလေ၏။ ရောက်လျှင်ရောက်ချင်း ကိုမောင်ကြီး၏ သားကလေးက ကိုကိုဘသန်း-ကိုကိုဘသန်းဆီကို တေးနန်းတိုးတထုရောက်လာတယ်ဟုပြောလေ၏။

ထိုအခါ ဘသန်းသည် ထိတ်လန့်ကာ ခေါင်းနပန်းကြီး၍ သွားလေ၏။ ကြေးနန်းကို ကြည့်သောအခါ မိခင်အနိစ္စရောက်ပြီ။ မြန်မြန်ပြန်ခဲ့ဟုပါရှိသဖြင့်၊ မောင်ဘသန်းသည်ဘာကိုမှ သတိမရဘဲ အရူးလိုဖြစ်၍သွားလေ၏။

မောင်ဘသန်း၏ မိခင်သည် နာတာရှည်ဖြစ်၍နေသည်မှာ နှစ်နှစ်ကျော်ကြာခဲ့လေ၏။ မောင်ဘသန်းသည် တစ်ဦးတည်းသောသားဖြစ်သဖြင့် မိခင်မုဆိုးမကို အမြဲကြည့်ရှု၍လာလေ၏။

ထိုနှစ် နွေဦးပေါက်အခါကစ၍ အတော်သက်သာခွင့်ရခဲ့ရာ၊ ငါ့သားအမေ့အတွက် ပင်ပန်းခဲ့တာကြာလှပြီ။ မင်းအဒေါ်များလည်း မန္တလေးက ရောက်လာကြတယ်။ ငါ့သားအလုပ်လည်းအားတာမို့ အလည်အပတ်များသွားလာနိုင်ပြီ။ မေမေ့အတွက်မပူနဲ့တော့။ ဒီတောင်ကိုဖြင့် မေမေကျော်ပြီ။ မေမေမသေနိုင်တော့ဘူးဟု ပြောသဖြင့် အလုပ်အားသည့်အခါ၌ အဘယ်ကိုမှ အလည်အပတ်မသွားဘဲနေခဲ့သည်မှာ အတော်ကြာသဖြင့် မော်လမြိုင်ရေသဘင်အခမ်းအနားကို ရှုစားရန် လာရောက်ခဲ့ခြင်းဖြစ်လေရာ။ ထိုကြေးနန်းကို ဖတ်ရသောအခါ ဦးခေါင်းကို မိုးကြိုးမှန်သလိုဖြစ်၍သွားလေ၏။

သို့ဖြစ်၍ တောင်ပိုင်း၌ မြင်ခဲ့ရသူ ရွှေလိုဝင်းမကလေးကိုပင် သတိမရနိုင်ဘဲ မေမေ ကျွန်တော်လာပြီဟူသော ကြေးနန်းကို ပြန်၍ရိုက်လိုက်လေ၏။

နက်ဖြန် နံနက်စောစော ကိုမောင်ကြီးက သင်္ဘောအရောက်လိုက်၍ ပို့လိုက်လေရာ ထိုနေ့ညဥ့်အချိန်တွင် ရန်ကုန်သို့ရောက်၍ လာလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



မောင်ဘသန်းသည် မိခင်၏ ရှာပနကိစ္စပြီးမှ တစ်ကိုယ်တည်း တောင်မြောက်လေးပါးကို မျှော်ကာတွေးတောရာတွင် သုံးနှစ်လေးနှစ် ငါးနှစ် ကျော်ကျော်လောက်က မော်လမြိုင်မြို့၌ တွေ့ခဲ့ရသည်နှင့်တူသော မိန်းမပျိုကလေး၏ မျက်နှာကိုထင်မြင်မိလေ၏

လူတို့သည် အာရုံတစ်ခုနှင့်တစ်ခုစပ်ကြား အခြားပိုမိုကြီးမား ထင်ရှားသော စိတ်အာရုံတခုနှင့် တွေ့ကြုံရသည့်အခါ၌ ပထမအာရုံကို ဝေးသည်ဟု မှတ်ထင်တတ်ကြ၏။ ဥပမာဆိုသော် လွန်ခဲ့သောနေ့၌ တစ်စုံတစ်ရာ ဖြစ်ပျက်ခဲ့ပြီး နောက်ထိုနေ့ညဥ့်မှာ တစ်ညဥ့်လုံးမအိပ်ဘဲ ပွဲကြည့်၍နေခဲ့လျှင် ပွဲမကြည့်မီနေ့အချိန်၌ တွေ့ကြုံဖြစ်ပျက်ခဲ့ရသော အကြောင်းအရာတို့ကို လွန်ခဲ့သောနေ့က ဖြစ်ပျက်သည်ဟု မှတ်ထင်ခြင်း မရှိ။ လွန်ခဲ့သောရက်အများကြီးက တွေ့ကြုံဖြစ်ပျက်ခဲ့သလိုစိတ်၌ မှတ်ထင်တတ်လေ၏။ ထိုအတူ မောင်ဘသန်းသည် မော်လမြိုင်မြို့၌ မိန်းမချောကလေး တစ်ယောက်ကိုတွေ့ခဲ့ရပြီးသည်နောက် မိခင်ကွယ်လွန် နိစ္စရောက်ခြင်း အရေးကဝင်၍ နောက်လိုက်သောအခါ မိခင်၏အရေးက သာလွန်ကြီးလေး၍နေလေရာ ၎င်း၏စိတ်သည် မဝင်းမြိုင်ကလေး အကြောင်းကို မတွေးအားဘဲနေခဲ့လေ၏။ သို့သော်လည်း ကွယ်လွန် အနိစ္စ ရောက်သူ မိခင်၏အရေးကိစ္စကုန်လွန်သည်နှင့် တစ်ပြိုင်တည်း မဝင်းမြိုင် ကလေးကို ပြန်၍သတိရလေ၏။ သို့သတိရသောအခါ လွန်ခဲ့သောရက် များမကြာမီက တွေ့ခဲ့သည်နှင့်မတူ လွန်ခဲ့သောနှစ်များ မကြာမီက တွေ့ခဲ့ ရသလို ဖြစ်၍နေလေ၏။

ထိုအခါ စိတ်ပြေလက်ပျောက်ဆိုသလို ၎င်းမိန်းမချောကလေး၏ အကြောင်းကိုသာ တွေးတောရင်း သူကလေးကို ငါပြန်၍တွေ့ရအောင် အဘယ်ပုံကြံရမည်ဟူ၍သာ တွေးကြံ၍နေလေ၏။

တစ်နေ့သ၌ မွန်းလွဲအချိန် မောင်ဘသန်းသည် တစ်ယောက်တည်း ကံတိုမင်ရပ်ဘက်သို့ စိတ်လေလေ ဝေတေတေနှင့် လည်ပတ်ရင်းလျှောက် သွားရာ နေဝင်ဆည်းဆာအချိန်တွင် ဝင်ဆာလမ်းဘက်သို့ ရောက်သွားပြီး



လေပြေကအေးအေးမို့ မတ်တတ်ရပ်ကာ ခမ်းနားသောအိမ်တစ်ဆောင်နှင့် ခြံကြီးကိုကြည့်၍ နေလေ၏။

သို့ကြည့်၍ နေခိုက်တွင် ထိုအိမ်ရှေ့သို့ ကားတစ်စင်း ဆိုက်လာလေ ၏။ ထိုကားကိုကြည့်လိုက်သောအခါ မိန်းမပျိုတစ်ယောက်သည်၊ ကား တံခါးဖွင့်ပြီး ကပျာကယာဆင်း၍ ခဏကလေး မောင်ဘသန်းဘက်သို့ လှည့်ကြည့်ပြီး ချာခနဲလှည့်၍ သွားလေ၏။

မောင်ဘသန်း၏ နှလုံးသည် ရင်အတွင်း၌တိုးဝှေ့လှုပ်ရှားခါနေ လေ၏။

အကြောင်းမူကား ထိုအိမ်ကြီး၏ လှေကားဖြင့် အပေါ်ထပ်သို့ အပြေးကလေးတက်၍သွားသော မိန်းပျိုချောချောလှလှကလေးသည် အခြားမဟုတ်၊ မဝင်းမြိုင်ဖြစ်၍နေလေ၏။

ထိုအခါ ဝါခေါင်လဖြစ်လေ၏။ အနောက်ဘက်မှ မိုးတို့သည် မည်းမှောင်လျက် တက်ကြွ၍ လာလေ၏။ ဒီကောင်မကလေး ငါ့ကိုဧကန် မှတ်မိလို့ကြည့်တာပဲ၊ ခုအနေမိုးတွေများရွာလာရင် ငါဒီအိမ်ကြီးကို ဝင်ပြေး မှာဘဲ။ ဝင်ပြေးရင် သူ့ကိုတွေ့ရမှာပဲ အော်ငါက ဒီမဝင်းမြိုင် ကလေးဟာ အပျော်အပါး အစားထဲကများဖြစ်လေသလားလို့၊ ငါ တစ်ခါ တစ်ခါတွေးမိ သည်မှာ မှားလေပြီ မဝင်းမြိုင်ဟာ ဒီအိမ်ကြီးမှာနေသူဖြစ်ရင် အတော်ဟန် ကျ ဟန်ကျမိန်းမထဲကပဲ။ ဒီလိုသားသားနားနား မိန်းမများဟာ မော်လမြိုင်မြို့ ရေလောင်းပွဲကို ဒီလိုဘဲသွားပြီးပျော်ပါးတတ်ပါ့မလား၊ မပြောတတ်ဘူးလေ၊ လောကမှာအကြောင်းဆိုတာ အများကြီးရှိတာပဲ၊ ဘယ်လိုနည်းနဲ့ သူပါလာတယ်ဆိုတာ နောင်ခါမှ သိရမှာပဲ။ သူ့ဝတ်ပုံ စားပုံကိုထောက်ကြည့်ရင်၊ အလွန်သားနားပါပေတယ်။ အခုတော့ ယောထဘီပင်နီနဲ့ မဟုတ်ပါတကား။ ဟိုတုန်းက ဘယ်လိုဖြစ်လာပါလိမ့် မတုန်း စသည်ဖြင့် တွေးတောကာနေလေ၏။

ထိုအခိုက်တွင် မိမိမျှော်လင့်သည်အတိုင်း မိုးသည် ဆိုင်းမဆင့် ဗုံမဆင့် မိုးတိမ်တွေရှိသမျှ တစ်ခါတည်းပြို၍ ကျသလို သွန်းလောင်း၍

www.burmeseclassic.com

www.burmeseclassic.com



ချလေရာ မောင်ဘသန်းသည် မိုးကိုကောင်းချီးမင်္ဂလာပေးလျက် ကောင်းလေစွ ကောင်းလေစွဟု စိတ်၌အောက်မေ့ကာ ထိုအိမ်ကြီးကိုဝင်၍ ပြေးလေ၏။

ထိုသို့ဝင်၍ပြေးရာ ဆင်ဝင်အောက်ကိုလည်း ရောက်ကရော၊ ကျားဟိန်းသလို ဟိန်းသည့်အသံကြီးတစ်ခုကို အတွင်းမှ ကြားရလေ၏။ မကြာမီ ဟိန်းဟောက်ကာ ခွေးသမင်ကြီးတစ်ကောင်သည် ပြေးထွက်၍လာလေ၏။ မောင်ဘသန်းမှာ ကြောက်ခြင်းမလှ ကြောက်၍သွားလေ၏။ ခဏချင်းတွင် ဘော်ဘော်ဟုခေါ်သော သာယာသောအသံတစ်ခုနှင့် ပြေး၍လာသော ခြေသံကိုကြားရလေ၏။ ခွေးသည် မောင်ဘသန်းကို ကြည့်ကာ ရပ်တန့်လေ၏။ မဝင်းမြိုင်သည် ခွေးအပါးသို့ရောက်၍လာပြီး မောင်ဘသန်းကို မကြည့်ဘဲခွေး၏ဦးခေါင်းကို ပွတ်သပ်ကာ တစ်အောင့်ကလေးကြာစွာ ခွေးနှင့်စကားပြောပြီးမှ မောင်ဘသန်းကို မမှတ်မိ မသိသော မျက်လုံးများနှင့် မော်၍ကြည့်ပြီး ဘာကိစ္စလဲရှင်၊ ဘယ်သူ့ကိုတွေ့ချင်ပါသလဲဟု မေးလေ၏။

"ဘယ်သူ့ကိုမှ တွေ့ချင်လို့ မဟုတ်ပါဘူး။ မိုးရွာလို့ ကျွန်တော်ပြေးဝင်လာပါတယ် မင်း ဝဝင်းမြိုင်မဟုတ်လား"

မဝင်းမြိုင်သည် အံ့အားသင့်သော မျက်လုံးများနှင့်ကြည့်ပြီး "ရှင်ဘယ်သူလဲ အော်အော် ကျွန်မမှတ်မိပြီ။ ဟိုမော်လမြိုင်မှာ တန်ခူးလတုန်းက ... ရှင်ကျွန်မနေတဲ့အိမ်မှန်းသိသလား"

"ဟင့်အင်းမသိပါဘူး။ လည်ရင်းပတ်ရင်း ဒီလမ်းကိုရောက်လာတာပဲ"

"အော်ဒီလိုလား။ ဒီလိုဖြင့် အင်မတန်ထူးဆန်းတာပဲ၊ ကျွန်မလည်း အိမ်မှာတစ်ယောက်တည်းရှိတယ်။ တစ်အိမ်လုံးမြို့ထဲကို ကိစ္စရှိလို့သွားကြတယ်"

"ထိုင်ပါဦးလား"ဟု ပြောကာ ကြိမ်ကုလားထိုင်ကြီးတစ်ခုကို ဆွဲ၍လာလေ၏။



"ရှင်ဘယ်မှာနေသလဲ"

"ရွှေတောင်တန်းမှာနေတယ်"

"ဘယ်မှာအလုပ်လုပ်သလဲ"

"ကျွန်တော် ဟိုက်ကုတ်မှာ လုပ်ပါတယ်။ ဟိုတုန်းက တောင်ပိုင်းကပြန်ပြီး တည်းတဲ့အိမ်ကိုလည်း ရောက်ကရော ကျွန်တော့် မိခင်အနိစ္စရောက်တယ်ဆိုတဲ့ ကြေးနန်းကိုရတာနဲ့၊ နောက်တစ်နေ့ ကျွန်တော်ပြန်လာခဲ့ရတာပဲ။

"အော် အော် ဖြစ်မှ ဖြစ်ရလေ"ဟု ကြင်နာသောမျက်နှာထားနှင့် ပြောလေ၏ ထိုနောက်အခန်းထဲကို ဝင်သွားပြီး ဆေးလိပ်မီးခြစ်ကို ယူခဲ့လေ၏။

၎င်းနောက် နှစ်ယောက်သားစကားမပြောပဲ အိမ်မိုးပေါ်မှကျသော ရေပေါက်ရေစက်များကို ကြည့်ရင်း ငြိမ်သက်စွာနေကြလေ၏။ အတန်ငယ်ကြာသောအခါ ဒါမဝင်းမြိုင်အိမ်ပဲနော်ဟု မောင်ဘသန်းသည်မဝင်းမြိုင်၏ မျက်နှာကို မော်ကြည့်ကာ မေးလေ၏။

မဝင်းမြိုင်သည် ၎င်း၏မျက်နှာကိုမကြည့်ဘဲ ကာစက်ကြောင်း၌ ခုန်ပေါက်လှိုင်းထ၍နေသော ရေများကိုကြည့်ကာ ပြုံးပြုံးကလေးနေလေ၏။

"ရှင်ဘာပြုလို့ မေးသလဲ"

"စိတ်ထဲမှာ အမြဲမမေ့နိုင်ဘဲ ဂရုစိုက်နေရသူတစ်ယောက်အကြောင်းကို မမေးဘဲနေနိုင်ပါ့မလား"

"ရှင်ကျွန်မကို တကယ်မမေ့ဘူးလား"

"အဟုတ်ကိုမမေ့ပါဘူး။ အခုလည်း မှန်တာပြောရမှာဖြင့် မင်းကိုပဲမြင်နေလွန်းလို့ စိတ်ထဲမှာ လေလွင့်ပြီး၊ လမ်းထွက်လာခဲ့တာပဲ။ ဒီလောက်တောင်အစွဲသန်သူတစ်ယောက်ကို မဝင်းမြိုင်မသနားဘူးလား"

မဝင်းမြိုင်သည် စားပွဲအနားသို့ကပ်ကာ စားပွဲပေါ်မှာ လက်ကိုထောင်ပြီး "အော် ဒုက္ခ ဒုက္ခ တကယ်ပဲ ရှင်ကျွန်မကိုချစ်သလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟောအခု ချုန်းတဲ့မိုးကြိုး ..."

"အို မကျိန်ပါနဲ့ ကျိန်ဖို့မလိုပါဘူး၊ တကယ်ချစ်တဲ့ စိတ်ဟာ စကားထက် သိသာထင်ရှားပါတယ်။ ကျွန်မသိပါပြီ"

"ဒီလိုဖြင့် မင်းငါ့ကို မချစ်ဘူးလား"ဟု မောင်ဘသန်းက မေးရင်း စားပွဲပေါ်မှာ တင်၍ထားသော လက်ကလေးကို ကိုင်မိလေ၏။

မဝင်းမြိုင် စကားပြန်၍ မပြောဘဲစဉ်းစား၍ နေပြီးမှ မောင်ဘသန်း၏ မျက်နှာကို ဖြည်းဖြည်းကလေး လှည့်ကြည့်ပြီး မျက်တောင်မခတ်ဘဲ ဝင်းမြိုင်၏ မျက်လုံးများသည် ဘသန်း၏ မျက်လုံးအရှိန်တို့ကို စုပ်ယူမျိုသောက်သကဲ့သို့ဖြစ်ပြီး မျက်တောင်စင်း၍ နေလေသတည်း။

"ပြောပါမဝင်းရဲ့ ဘာစဉ်းစားနေစရာရှိသလဲ"ဟု လက်ကလေးကို သာ ကျစ်တင်းစွာဖျစ်၍ မေးလေ၏။

ထိုအခါ ခေါင်းကိုညင်သာစွာညိတ်လျက် နီဝင်းသော မျက်နှာကို ချကာ "ကျွန်မလည်း ရှင့်ကိုတစ်နေ့မှမမေ့..."လေသံကလေးနှင့် ပြောလေ၏။

ထိုအခါ မောင်ဘသန်းသည် ၎င်း၏ခါးကိုပွေ့ယူကာ မိမိ၏ရင်သို့ မဝင်းမြိုင်ကို ကပ်လိုက်လေ၏။ မိုးသည် သည်းထန်စွာရွာလေရာ အိမ်ကို မိုးကန့်လန့်ကာနှင့် ကာသလို လုံခြုံ၍နေစေသဖြင့် ဘော်ဘော်ဟုခေါ်သော ခွေးသမင်ကြီးသာ ၎င်းတို့နေပုံကို အကဲခတ်ကာကြည့်လျက် အမြီးနန့်ကာ သဘောကျ ပြောပြ၍ နေလေသတည်း။

"မင်းတို့ ဘာလုပ်စားကြသလဲ"ဟု မောင်ဘသန်းကမေးလေ၏။

"ကျွန်မတို့ ထမင်းချက် ခံတမာလုပ်စားတာပေါ့"

"မင်းက ငါ့ကို လှောင်မနေစမ်းပါနဲ့ ဝင်းရယ် ကောင်းကောင်းပြောစမ်းပါ"

"အဟုတ်ပြောတာပါရှင်၊ ကျွန်မအမေက ခံတမာ ကျွန်မကဘာမှ မလုပ်ဘူး၊ အဟုတ်ပြောတာ ဘုရားကို ဆူးရပါစေရဲ့"

"အဟုတ်လား မမြိုင်"



"ရှင့်ကို ကျွန်မအလကား လိမ်နေပါ့မလား"ဟု မဝင်းမြိုင်က ပြန်၍ ပြောလေ၏။

"နို့ ဒီအိမ် မင်းတို့အိမ် မဟုတ်ဘူးလား"

"ကျွန်မတို့ ဒီလိုအိမ်မျိုးနဲ့ နေရရ အခုလိုဘာနေမှာလဲ"

"နို့မင်း မော်တော်ကားကြီးနဲ့ လာတာလား"

"မော်တော်ကားနဲ့ လာတာကို မြင်ရသလား"

"မပုလိပါနဲ့ မဝင်းရယ်၊ ကျွန်တော်ကို မြင်ရပါတယ်"

"ကျွန်မ ရှင်မှန်းမသိဘူး။ အိမ်နား ယောင်ပေယောင်ပေ မြင်တော့ သူခိုးလက်လားလို့ ကြည့်မိပါရဲ့"

"မင့်အမေဘယ်မှာလဲအခု"

"ကျွန်မတို့ သခင်မများနဲ့ မြို့ထဲလိုက်သွားတယ်။ ကျွန်မတို့ သခင့်ဆွေမျိုးများ မြို့ထဲမှာ ဘုရားကိုးဆူလုပ်တယ်။ ကျွန်မအမေက ခြေသည်း လက်သည်းလုပ်ဖို့ လိုက်သွားရတယ်"

"နို့မင်းကဘာပြုလို့ ဒီမှာနေရစ်လဲ"

"ကျွန်မဒီကနေ့ ညနေ ဖနေမကောင်းလို့ ကျွန်မသခင့်ကားနဲ့ ပြန်လာတာ တို့သခင်က အငြိမ်းစားအရေးပိုင်ကြီးရှင့် ... အခုတော့ မရှိဘူး။ သခင်မသာရှိတော့တယ်။

"သခင်မက အင်္ဂလိပ်လား၊ မြန်မာလား"

"မြန်မာပါပဲ၊ ကျွန်မကားပေါ်ဆင်းတော့ ရှင်ဘာကိုမှ သတိမထားဟုတ်ဘူးလား"

"ဘာကို သတိထားရမှာလဲ မဝင်းမြိုင် အချောအလှကလေးဟာ ကားပေါ်ဆင်းလာကိုသာ မြင်ရတာပေါ့"

"ကျွန်မဆင်းတော့ ကားတံခါးကို ဘယ်သူဖွင့်ပေးသလဲ"

"အော်၊ ဟုတ်တယ်။ အေး အေး မင်းဘာသာမင်းဖွင့်ပြီး ဆင်းလာခဲ့ရတယ်"

"အော်ဒါကို မြင်သလား။ ဒရိုင်ဘာဟန်ကြီးပန်လုပ်တာရှင့်၊ သူတို့

www.burmeseclassic.com

www.burmeseclassic.com



သခင်မများကိုသာ တံခါးဖွင့်ပေးချင်မယ်။ ကျွန်မတို့ကို အစေခံမဆိုတော့ ဂရုမစိုက်ချင်ဘူး။ ဒါလည်း စိတ်ဆိုးစရာမရှိပါဘူးရှင်။ ကားမောင်းသမား က လစာ ၅၀– ၆၀ ရတာ၊ ပြီးတော့ သူ့ထမင်းကိုသူစားတယ်။ ကျွန်မတို့ သားအမိနှစ်ဦးကတော့ ဒီမှာစားပြီး လခ၅၀သာရတာပဲ၊ သည်တော့ ကားမောင်းသမားက ကျွန်မတို့ တံခါးဖွင့်ပေးမယ်ဆိုတာနဲ့၊ မြို့ထဲက အိမ် အလာဆင်းပေးရတာတောင် အင်မတန်နှာတယ်လို့ ထင်နေမလားမသိဘူး" ဒါတွေထားလိုက်ပါ မဝင်းမြိုင်ကို နောက်တစ်ခါ ဘယ်တော့ တွေ့မလဲ"

"ရှင်လာတဲ့အခါတွေ့ရမှာ၊ နို့ပေမဲ့ အိမ်ရှေ့ကမလာနဲ့နော် ကျွန်မ တို့ရဲ့ သခင်မများတွေ့ရင် ရှင့်ကိုခြောက်လုံးပြူးသေနတ်နဲ့ ပစ်သတ်လိမ့် မယ်"

"နို့ဘယ်ကလာရမှာလဲ မဝင်းရဲ့ နောက်ဖေး မီးဖိုချောင်ကို လာမှ ပေါ့၊ ကျွန်မအမေလည်း မီးဖိုချောင်မှာပဲအိပ်ရတယ်၊ ကျွန်မလည်း မီးဖိုချောင်ပဲ။

ထိုနောက် ဆက်လက်စကားပြောပြီး အတန်ငယ်ကြာသောအခါ မိုးစဲ၍သွားလေ၏။

"မိုးစဲပြီ၊ သူတို့မတော်တဆ ပြန်လာရင်မကောင်းဘူး။ ကျွန်မမှာ လည်း အိမ်ပေါ်မှာသိမ်းဆည်းဘို့ တံမြက်စည်းလှည်းဖို့ အလုပ်တွေရှိသေး တယ်။ "နောက်မှတွေ့ကြသေးတာပေါ့ရှင် ဘယ်တော့လာမလဲ"

"နက်ဖြန်ခါ ကိုးနာရီလာမယ်၊ အခု မင်းက နှင်ရင်လည်း သွားရ တာပေါ့ မဝင်းရယ်ဟုပြောကာ မဝင်း၏လက်ကိုဆွဲကာ လှေကားအကွယ် သို့ ခေါ်သွားလေ၏။ မဝင်းသည် မငြင်းမဆန်ဘဲ လိုက်ပါ၍ သွားလေ၏။ မောင်ဘသန်းသည် ပျော့ပျောင်းသော မဝင်း၏ ကိုယ်ခန္ဓာကလေးကို ပွေ့ယူကာ အားရပါးရနမ်းရှုပ်ပြီး၊ အကလေး၏လေးပမာ မိမိ၏ သန်မာ သောလက်များပေါ်၌ ပွေ့ချီ၍ ထားပြီးမှ သမံတလင်းပေါ်သို့ ပြန်၍ချပြီး "ကိုင်း မဝင်းသွားတော့မယ်နော်။ နက်ဖြန်ခါ ည ၉နာရီတိတိမှာလာမယ် မင်းစောင့်နေနော်"ဟု ပြောပြီး မောင်ဘသန်းသည် ထွက်သွားလေ၏။



နက်ဖြန်ညနေ၌ မောင်ဘသန်းသည် အိမ်ကြီးအနီးသို့ရောက်၍ လာလေ၏။ ၎င်း၏စိတ်၌ မဝင်းနေသော မီးဖိုကလေးကို နန်းတော်ကြီး မှတ်ထင်လေ၏။ အကြောင်းမူကား ထိုသိမ်ငယ်သော မီးဖို၌နေသောသူ သည် အဖိုးတန် ရတနာကလေးတစ်ဦး ဖြစ်သည်ဟု၊ စိတ်၌ယုံကြည်လေ ၏။

ခြံကြီးထောင့် မီးဖိုနှင့်မနီးမဝေးနေရာ မှောင်ထဲတွင် ဘသန်းသည် ရပ်ကာ တစ်စုံတစ်ယောက် လှုပ်လှုပ်ရှားရှားလာသည်ကို မြင်ရလေမလား ဟု ကြည့်ရှုနေလေ၏။ ဘသန်းသည် အဝေးကိုသာ လှမ်းမြင်၍နေလေ၏။

သို့နေခိုက်တွင် မိမိ၏ အနီးပန်းရုံတစ်ခုသည် လှုပ်ရှား၍လာသဖြင့် ကြည့်လိုက်သောအခါ အနား၌ မဝင်းရောက်နေသည်ကို တွေ့ရသဖြင့် တစ်ခါတည်း ပွေ့ယူကာ "မင်း ... မင်းဒီမှာမနေနဲ့. ငါ့ဟိုက်ကုတ်မှာ လခ ၂၅၀ ရတယ်။ မင်းဘာပြုလို့ သူတပါးအစေခံလုပ်နေရမှာတုန်း။ လာအခု လိုက်မလား"ဟု မေးလေ၏။

"ကျွန်မအစေခံဖြစ်ပေမယ့် အရင်က ချမ်းသာဖူးပါတယ်။ ကျွန်မတို့ အမျိုးကောင်း အဆွေကောင်းပါ။ ကျွန်မခိုးရာကို မလိုက်ဝံ့ဘူး။ ကိုဘသန်း ရိုးရိုးကြံရင် တော်ပါရဲ့ မတော်တဆ ...."

"ကျုပ်ကို မကြောက်ပါနဲ့ဝင်းရယ် ကျုပ်ဟာသိုက်တူးသမားလည်း မဟုတ်ဘူး၊ အပျော်သမားလည်း မဟုတ်ပါဘူး။ မဝင်း အစေခံမကလို့ သူဌေးသားပင် ဖြစ်စေကာမူ ကျုပ်တော့ဒီတစ်သက်မှာ မဝင်းကိုရမှ အေးဖို့ ရှိပါတယ်။ ကျုပ်ကိုသိုက်တူးသမား အပေါစားလို့မထင်လိုက်ပါနဲ့။ ကျုပ်ကိုယ်တိုင်က အစွမ်းသတ္တိရှိတဲ့ လူတစ်ယောက်ပါ။ ဥစ္စာရှိတဲ့ မိန်းမကို ရှာနေဖို့မလိုပါဘူး ကျုပ်က ကျုပ်ကိုမှီခိုမယ့် မိန်းမကိုသာ လိုချင်ပါတယ် ကျုပ်ကမှီခိုရမယ့် မိန်းမကိုမလိုချင်ပါဘူး။ ကျုပ်ဟာလခငယ်တဲ့သူ မဟုတ် ပါဘူး။ ရှေ့ကိုလည်းကြီးမြင့်မို့ လမ်းတွေအပုံကြီးရှိပါတယ်။ မိန်းမချောကို မလိုပါဘူး။ မင်းထက် ဥစ္စာပေါတာလည်း ကမ္ဘာပေါ်မှာ မရှိပါဘူး"

"ကျွန်မအစေခံမကလေးပါ၊ ကျွန်မမှာဘာဥစ္စာရှိမှာတုန်း ကိုသန်းရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အို ... မင်းက နားမှမလည်ဘဲကိုးကွယ့် ဝင်းရဲ့။ မိန်းမတို့မှာ အဆင်းသည် ဥစ္စာမည်တယ်လို့ လူကြီးသူမများ ပြောခဲ့တယ်မဟုတ်လား"

"ဆရာကြီးပီမိုးနင်းကတော့ အဆင်းသည် ယခုကာလမှာ ဥစ္စာမဟုတ်ဘူးတဲ့ အုပ်စားမည်တယ်တဲ့။ ဘာပြုလဲဆိုတော့ လှတဲ့ချောတဲ့ မိန်းမကလေးတွေကို ငွေရှိတဲ့လူတွေက အုပ်အုပ်ပြီးစားကြတယ်လို့ ဂျာနယ်တွေထဲမှာရေးတယ်ရှင့်။ ကျွန်မကိုများ ဒီလိုအုပ်ပြီးစားဖို့ကြံသလား ကိုသန်းရဲ့"

"အမယ်လေး ဝင်းရယ်။ မင်းဒါတွေကို မေးနေဖို့ မရှိပါဘူး။ မင်းကို ဂျူဘလီဟောမှာ ကြော်ငြာရိုက်ပြီး အကြီးအကျယ်မင်္ဂလာပွဲသဘင် ကျင်းပပြီး ယူပါ့မယ်။ ခိုးရာကို မလိုက်ချင်ရင်နေပါတော့"ဟု ပြောလေ၏။

"ဒီလိုဖြင့် ကျွန်မအမေနဲ့ ကိုသန်းစကားပြောရင် သာပြီး မကောင်းဘူးလား။ ကျွန်မဘာသာ ကိုသန်းနဲ့ တိတ်တဆိတ်လိုက်သွားရင်၊ ကျွန်မအမေမုဆိုးမမှာ သူတပါးကဲ့ရဲ့ရှုတ်ချခြင်းကို ခံရပါလိမ့်မယ်"

"ကောင်းပြီ။ လာရတာပေါ့။ မင်းအမေက ငါ့ကိုမြင်ရင် မင်းကိုများ ဆူနေမှာလား"

"မဆူပါဘူး၊ ကိုသန်းအကြောင်းကို ကျွန်မပြောထားပြီးပါပြီ"

"ဘယ်တုန်းကပြောထားသလဲ"

မဝင်းသည်၊ ခဏကလေး ရှက်ကိုးရှက်ကန်းဖြစ်ကာ၊ ဆိတ်ငြိမ်၍နေပြီးမှ "ကျွန်မ မော်လမြိုင်က ပြန်လာကတည်းက ပြောပြထားတာပေါ့" ဟု ပြန်ပြောလေ၏။

"ကိုင်း ဒီလိုဖြင့်သွားမယ်"ဟု ပြောကာ နှစ်ယောက်သား ရှင်းလင်းသပ်ရပ်ဆိတ်ငြိမ်ကာလျက် ပန်းပင်တွေညှပ်၍နေသော လမ်းကြားကို နှစ်ယောက် တွဲယှက်ကာ သွားကြလေ၏။ အနီးရှိခရေပန်းပင်ကြီးမှ ခရေပန်းနံ့တို့သည် လေကို ပန်းဆီ ပန်းနှစ်ဖြင့် ဖြေကာလှောက်သည့်အလား ခြံထဲ၌သင်းပျံ့ မွှေးကြိုင်၍နေလေ၏။

ထိုနေရာ၌ လွန်စွာဆိတ်ငြိမ်လျက်လေသံနှင့် ပိုးမွှားတိရစ္ဆာန်တို့၏



အသံကို ကြားရလေ၏။

မကြာမီ မီးဖိုသို့ ရောက်သွားကြလေလျှင် ရုပ်ရည်သားနားလျက် ဖြူစင်သန့်ရှင်းသော အသက် ၄၀ ကျော်ခန့်ရှိသူ မိန်းမကြီးတစ်ယောက်ကို တွေ့ရလေ၏။ မဝင်းအား "မေမေ ကိုကိုသန်းဆိုတာလေ"ဟု ပြောပြီး မီးဖိုအနီး မိခင်အနား၌ရှိသော ကုလားထိုင်ဟောင်းတစ်ခုကိုယူ၍ ပေးပြီး "ကိုကို လက်ဖက်ရည်သောက်နော်။ ဝင်း လက်ဖက်ရည်ဖျော်မယ်ဟု ပြောလေ၏။

"အမယ်လေး ဒုက္ခမရှာပါနဲ့ကွယ်၊ ကိုကိုသောက်လာခဲ့ပါပြီ"

"သောက်လာကော ဘာဖြစ်သလဲကွယ်။ မြန်မြန်ဖျော်အေ"ဟု၊ မိခင်ဖြစ်သူကပြောပြီး မောင်ဘသန်းနှင့် စကားပြောလေ၏။ မောင်ဘသန်း၏ အလုပ်အကိုင် အမျိုးအဆွေများကို မေးလေ၏။ ထိုနောက် မိမိတို့မှာ သူဆင်းရဲဖြစ်ကြောင်း မောင်ဘသန်းက သဘောကျရင်ကောင်းမယ့်အကြောင်း၊ သဘောရိုးမကြံက အများကဲ့ရဲ့ ရှုတ်ချခြင်းများကို ခံရမည်အကြောင်းများ ပြောပြပြီး ကိုင်း မင်းတို့ မောင်နှမစကားပြောကြဦး ဒေါ်ဒေါ်က ဒေါ်ဒေါ် ကျေးဇူးရှင် သခင်မကြီး ဘုရားကိုသွားပြီး ပြောရဦးမယ်။ မင်းနှမကို သခင်မကြီး ဘုရားက ဂရုစိုက်ရှာတယ်။ သူမသိဘဲ ဒေါ်ဒေါ်လဲနေရာမချ ထားဝံ့ဘူးဟု ပြောပြီး ထွက်သွားလေ၏"

မောင်ဘသန်းသည်ကား ဆင်းရဲပေမဲ့ သူတို့သခင်မက သူတို့ကို ဂရုအစိုက်သားပါကလားဟု တွေးပြီး လက်ဖက်ရည်သောက်ရင်း နှာရိုဝက် လက်ခံ စကားပြောကြလေ၏။

သို့စကားပြောနေခိုက်တွင် အစေခံတစ်ယောက်ဝင်၍လာပြီး "သခင်မကြီးဘုရားက မဝင်းနဲ့ မဝင်းမောင်ကို တွေ့ချင်တယ်လို့ ပြော တယ်။ မြန်မြန် မြန်မြန်"ဟု ပြောပြီးပြန်သွားလေ၏။

"မောင်ဘသန်းက ဟော့ မဝင်းကျုပ်ရှက်တယ်ကွဲ့။ မင်းတို့သွားမိကြည့်ပြီးပြောပါ။ ကျုပ်မလိုက်ပါရစေနဲ့"ဟု ပြောလေ၏။ "ကိုကိုသန်း မလိုက်ရင် ဘယ်ကောင်းမလဲ ကိုကိုသန်းကို မရှိမသားဘူးထင်မှာပေါ့

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသန်း၌ ရိုးရိုးကြံရင်လာပါ။ ကျွန်မနဲ့သွားမယ်။ ရှက်စရာ ကြောက်စရာမရှိပါဘူး"ဟု ပြောလေရာ မောင်ဘသန်းသည် အိမ်ကြီးပေါ်သို့ လိုက်သွားရလေ၏။

ထိုအိမ်ကြီး၌ ပြင်ဆင်ထားသော ပစ္စည်းများမှာ လွန်စွာခမ်းနားလေ၏။ ခင်း၍ထားသောကော်ဇောမှာ ရေမြုတ်လုဂမန်းထူထဲနူးညံ့လေ၏။ ကုလားထိုင်စားပွဲ မှန်ဗီရိုတို့မှာ လွန်စွာကြီးကျယ်ခမ်းနား၍ ထူထဲသော ဖုံများနှင့်ကုလားထိုင်ကြီးများမှာ မြန်မာပြခန်း၌ အကောင်းဆုံးသော ပန်းပုဆစ်တို့၏ လက်ရာဖြင့် တင့်တယ်စွာ စီရင်၍ထားသည်နှင့်တူလေ၏။

လေးပွင့်ဆိုင် ဓာတ်မီးနှင့် ပန်ကာကြီးအောက်၌ ကတ္တီပါဖုံတို့ဖြင့် ခင်းထားသော ကုလားထိုင်တန်းရာ ဆိုဖာပေါ်၌ နှစ်ယောက်သားထိုင်၍ နေကြလေ၏။ ၎င်းတို့ရှေ့၌ရှိသော ကျယ်သော အိမ်ရှေ့ခန်းဟောကြီးမှာ မူကား ပန်းအိုးတွေနှင့် ပြည့်နှက်လျက် ပန်းခြံကြီးဖြစ်၍နေလေ၏။ မဝင်းလည်း ထိုင်ရာထ,ပြီး "ကျွန်မသခင်မကြီးဘုရားနဲ့ မေမေကိုသွားပြီး အကြောင်း ကြားလိုက်ဦးမယ်"ဟု ပြောပြီး တစ်ခုသောအခန်းကို သွား၍ ခေါက်လေ၏။ သို့ခေါက်လိုက်ရာ အတွင်းမှ ဝင်လာရန် အသံပြုသဖြင့် မဝင်းမြိုင်သည် ဝင်၍သွားလေ၏။

မောင်ဘသန်းသည်ကား အဘယ်သို့သောနေရာကိုရောက်၍ လာသည်ဟု တွေးတောကာ အိပ်မက်သလိုဖြစ်၍နေလေ၏။

မကြာမီ အလွန်ခံ့ညားလျက် ကြမ်းခင်းကို ပွတ်တိုက်၍လာသော ဘလာထဘီကို ဝတ်ကာထွက်၍ လာသော သခင်မကြီးဘုရားကို မြင်ရလေရာ ထိုင်ရာမှထလေ၏။ မဝင်းမြိုင်သည် သခင်မကြီး ဘုရားအနီးမှ မောင်ဘသန်းထံသို့ အပြေးကလေးလာပြီး ဒါသခင်မကြီး ဘုရားပဲကိုကိုဟု ပြောပြီး အတူယှဉ်ကာ ရပ်၍နေကြလေ၏။

သခင်မကြီးဘုရားသည် ၎င်းသို့အနား၌ရှိသော ကုလားထိုင်တစ်ခုပေါ်တွင်လာ၍ထိုင်ပြီး "မောင်သန်းဆိုတာ မောင်ရင်ပဲလား၊ သခင်မကြီးမှာ သားယောက်ျားမရှိဘူး။ သမီးတစ်ယောက်သာရှိတယ်။ ဒီမဝင်းကလေး



ပဲဟု ပြောလေရာ မောင်ဘသန်းသည် သခင်မကြီး၏ မျက်နှာကို သေချာစွာ ကြည့်လေ ထိုသို့ကြည့်လိုက်သောအခါ မီးဖို၌တွေ့ခဲ့သော မဝင်း၏ မိခင် ခံတမာဆိုသူပင်ဖြစ်လေရာ အံ့သြ၍နေလေ၏။

ထိုနောက်ဆက်ကာ စကားပြောကြရာ မောင်ဘသန်း၏ စိတ်ကို စမ်းဖို့ရန် မဝင်းဉာဏ်ဆင်ကြောင်း မဝင်းအရေးပိုင်ကတော် ဒေါ်မြညွန့်နှင့်မဝင်းသားအမိနှစ်ယောက်တို့နေသော အိမ်ဖြစ်ကြောင်းကို သိရလေ၏။

မော်လမြိုင်၌ မဝင်းကို တွေ့ရသည်မှာ အခြားကြောင့်မဟုတ် မော်လမြိုင်မြို့သည် ဒေါ်မြညွန့်၏ဖွားရာဇာတိအရပ်ဖြစ်သဖြင့် တန်ခူးလ၌ မဝင်းသည် ၎င်း၏ ညီအစ်မတော်များကလာ၍ ခေါ်သဖြင့် ရေလောင်းခံရသည့်အခါ ပဒုမ္မာအင်္ကျီများကို ဖန်ပေါင်းချောင်မဖြစ်ရအောင် ပင်နီနှင့် လာကြကြောင်း သိရလေ၏။

**ဖေဖော်ဝါရီလ၊ ၁၉၂၇ ခုနှစ်၊ လန်ဒန်အတ် မဂ္ဂဇင်း**

❑

www.burmeseclassic.com

www.burmeseclassic.com

# ကောင်ကလေးနှင့် ကောင်မလေး

ဘအောင်သည် ငွေမြခေါ်သော သမီးအချောကလေးရှိသော အိမ်ကို မိမိ၏သူငယ်ချင်းမောင်ထိုက်၏ အိမ်ခွေးကတက်ကို ထိုင်ကာကြည့်လျက်သာနေလေ၏။

"ရှင့်သားကြီးပါပြီ။ အလုပ်လုပ်ဖို့ အရွယ်ပါ။ ပညာသင်ဖို့ အရွယ်မဟုတ်ပါဘူး၊ ကျွန်မသားမှာ ပညာသင်တဲ့ အရွယ်ဖြစ်တဲ့အတွက် ကျွန်မသား သန်းဖေသာ ကျောင်းထားဖို့ တော်ပါတယ်။ ရှင့်သားဘအောင်မှာ ပညာသမား အင်္ဂလိပ်ရုပ်ကို ကျုပ်တော့မမြင်ဘူး။ နှစ်ယောက်စလုံးထားရရင်လည်း တစ်လလေးငါးခြောက်ဆယ်ကုန်မှာ"ဟု ပြောသော မိထွေး၏ စကားကို ပြန်လှန်စဉ်းစား၍ နေလေ၏။

ဘအောင်မှာ အသက်ဆယ့်ခြောက်နှစ်အရွယ်ရှိရာ ဘုန်းကြီးကျောင်းမှာသာ ပညာသင်ခဲ့ရ၏။

ဖခင်ဖြစ်သူ လယ်သူကြီး ကိုသာဦးကလည်း အလွန်ကောင်း ပထွေးဟူသော နာမည်ကောင်းကိုရလိုသဖြင့် သားရင်းဖြစ်သူ ဘအောင်ထက် မယားပါသား သန်းဖေကိုပိုမို၍ ဂရုစိုက်လေ၏။ ထိုသို့ဂရုစိုက်ရာ သန်းဖေ၏ မိခင် ဘအောင်၏မိထွေးကလည်း တတွတ်တွတ်ပြောသဖြင့် သန်းဖေကို ရန်ကုန်မြို့အစိုးရကျောင်းသို့ ပို့လိုက်ရလေ၏။ ဘအောင်မှာ ကား မိထွေး၏



ထင်မြင်ချက်အတိုင်း သစ်နှင်းသစ်ကျိုး၊ ဝါးနှင်းဝါးကျိုး၊ အလုပ်ကြမ်းအလုပ်မျိုးနှင့်သာတော်သည်။ ပညာနှင့်မသက်ဆိုင်ဟူသော အနေနှင့် နွားများကို ထိန်းကျောင်းခြင်း ရေသယ်ခြင်း ထင်းပေါက်ခြင်း အလုပ်များကိုလုပ်ရန် အိမ်မှာနေရလေ၏။

ဘအောင်မှာ ပညာမသင်ရသော်လည်း အကြံဉာဏ်ကင်းသူမဟုတ် မိထွေးခိုင်းစေရာကို လုပ်မည့်အစား ဘာကိုလုပ်ရမလဲဟူ၍သာ ရှာကြံ၍ နေရလေ၏။

ဒင်းသားတော့ပညာတတ်မှာပဲ။ ပညာတတ်ပေမဲ့ ကိုယ့်ထမင်းကိုယ် ဝဝရှာမစားနိုင်တဲ့ပညာဖြစ်ရင် ဘာအကျိုးလဲ၊ လောကမှာ ကိုယ်တိုင်လုပ်ကိုင်ရှာကြံ အသက်မွေးနိုင်မှ လူစွမ်းကောင်းဖြစ်တာပဲ။ ပညာသင်ပြီး မိဘက မွမ်းမံနေရရင် ဘာလုပ်မလဲ။ သူကြီးကိုအောင်လှသား ဖိုးတုပ် ဘီအေအောင်လို့ သမြသီး မြို့အုပ်ဆိုလားဖြစ်သတဲ့၊ ပြီးတော့ သူ့အဖေ တစ်လှည့် သူ့ယောက္ခမတစ်လှည့် အမြဲငွေကြေး ထောက်နေရသတဲ့။ တစ်ခါတစ်ခါသူတို့လင်မယားအိမ်ကိုလာတဲ့အခါလည်းမင်းနဲ့မင်းကတော် မို့ ထင်ပါရဲ့မိဘများက အရေးယူလိုက်ရတာ မိဘကတောင် အရိုအသေ ပေးရဦး မလိုလိုဖြစ်နေတာပဲ။

သန်းဖေလည်း ဘယ်လိုလာမလဲမသိဘူး ငါ့ဖေဖေစိတ်အေးရင် ပြီး တာပဲလေ။ သူတို့ဘယ်လို စီမံစီမံ ခရုအဆံ လူမှာအကြံတဲ့ သင်းတို့လို အင်္ဂလိပ်ကျောင်းနေရမှ လူဖြစ်မှာလား။ ဖေဖေ့မှာ လယ်သူကြီးပေမဲ့ ကြွေးတွေပိုင်းလို့ နှစ်ယောက်စလုံးကိုလည်း ကျောင်းမှာမထားနိုင်ရှာပေ ဘူး။ တစ်နှစ်နဲ့ တစ်နှစ်အလျှင်မီရုံကလေးရှိတာပဲ၊ ဒီလယ်အလုပ်ကို လုပ် နေရင်လည်း စားရင်းငှားလောက်မှ ငါရမှာမဟုတ်။ သားမို့ ခိုင်းရုံခိုင်းပြီး ထမင်းကျွေး ရုံကျွေးမှာပဲ။ ဒင်းဆယ်တန်းအောင်မအောင် ငါလူချမ်းသာ ဖြစ်အောင် ဘာကိုလုပ်ရမလဲ စသည်ဖြင့် တွေးတော၍နေလေ၏။

ဖခင်ဖြစ်သူအားပြောလျှင် အကျိုးရှိမည်မဟုတ်၊ ငွေရင်းကြေးရင်း နှင့်လုပ်ကိုင်ကြံစည်ဖို့အရေးမှာ ဖြစ်နိုင်ဖို့ နည်းလမ်းမရှိ။ ဖခင်မှာ ထုတ်၍

www.burmeseclassic.com

www.burmeseclassic.com



ပေးစရာမရှိ၊ မိထွေးမှာလည်းနားကပ်တစ်ရန် ကျားခေါင်းလက်ကောက်ကြီးတစ်ရန် ကြိမ်ခြင်းစတီးလက်ကောက်ငါးရံရှိသည်ကားမှန်၏။

ငါအမေရှင်းသာဖြစ်ရင် အမေကျွန်တော်ဘာလုပ်ချင်တယ်။ ငွေလိုလို့ ပေးပါဆိုပြီး ပွတ်သီးပွတ်သပ် တစ်ခါနှစ်ခါလုပ်ရင်း လက်ကောက်တစ်ရံနှစ်ရန်တော့ အမှန်ပြုတ်ထွက်မှာပဲ၊ မိထွေးဆိုတော့ ပွတ်သီးပွတ်သပ် လုပ်လို့လည်းမဖြစ် ရမှာလည်းမဟုတ်ပါကလားစသည်ဖြင့်ဆင်ခြင်လျက် ဝမ်းနည်း၍နေလေ၏။

နေ့ရှိသမျှ မိမိ၏ သူငယ်ချင်းအိမ်ခွေးကတက်မှနေ၍ ငွေမြတို့အိမ်ကိုသာ ကြည့်လျက်နေလေ၏။

ငွေမြမှာ သူကြီးဟောင်း စပါးကုန်သည် ဦးရွှေခိုင်၊ ဒေါ်မှုံးတို့၏ တစ်ဦးတည်းသော သမီးကလေးဖြစ်ရာ ရုပ်ချောဥစ္စာပေါဆိုလျှင် မှားမည်မဟုတ်၊ ပထမတန်းဖြစ်လေ၏။

ဘအောင်မှာ တစ်နှစ်နှင့်တစ်နှစ် အလျှင်မီသော လယ်သူကြီး၏သားပညာ၊ဥစ္စာ၊ နတ္ထိ၊ ရုပ်ဆိုရာမှာ ကျောက်ပေါက်အပြည့်မို့ ကုသ၏ညီတော်ဟု ခေါ်လောက်လေ၏။ အသားမှာ ညိုညစ်ညမ်း ကိုယ်ပေါက်ကိုယ်ရောက်မှာ ကြီးခိုင်တုတ်၍ ရုပ်မလှသူဖြစ်လေရာ၊ တွေ့ရာရှစ်သောင်းကို ကြားသူတိုင်း တအုံးအုံးနေအောင် ပြောတတ်ခြင်းမှ တစ်ပါးအခြားဂုဏ်ဟူ၍ တစ်စုံတရာမျှမရှိ။ ၎င်းအိမ်၌ကာလသား အဖော်များနှင့်တဟားဟားနေခြင်းဖြင့် အချိန်ကိုကုန်လွန်စေ၏။

သို့ဖြစ်သောကြောင့် ငွေမြကို ပိုးသလိုနေရာမှ မခွာနိုင်ဘဲ ရှိနေသည်မှာ အများပြောစရာဖြစ်၍နေလေ၏။

ထိုနေ့၌ကား ငွေမြတို့၏ ကျယ်သောခြံကြီးနှင့် မောင်းတက်တပ်၍ထားသော ရေတွင်း၏ ရိပ်ငြိမ်သာယာပုံကိုကြည့်ကာ ဘာတွေကိုတွေးသည်ဟု မည်သူမှမသိရ။ ခွေးကတက်တိုင်ကိုမှီကာ၊ ထိုင်လျက်သာနေလေ၏။

"ဟေ့ ဘအောင် မင်းဘာအညှော်ခံပြီး သွားရည်ကျနေသလဲ" ဟု



သူငယ်ချင်း တစ်ယောက်ကပြော၍ သွားသည်ကို သတိမထား အကြောင်သား ကြည့်၍နေလေ၏။

သို့နေခိုက်တွင် မိထွေးနှင့်အဖေရောက်လာလေ၏။

အဖေ "နင်ဒီမှာဘာလုပ်နေသလဲ၊ အိမ်မှာကူဖော်လောင်ဖက်ဖြင့်မရဘူး၊ နင့်လိုရုပ်မျိုးနဲ့ ငွေမြကိုပိုးနေလို့ ရမယ်ထင်လို့လား" ဟုပြောလေ၏။

မိထွေး "တိုးတိုးပြောပါတော်၊မတော်လို့ ဟိုကကြားမှဖြင့် ခက်တော့မှာပဲ၊ တကတည်း အမဲရိုးနှယ် ဟင်းအိုးမှအားမနာဆိုတာကျနေတာပဲ"

ဘအောင်သည်ကား စကားပြန်၍မပြော၊ ထိုင်ရာမှထပြီး ဦးခေါင်းငိုက်စိုက်ချလျက် လိုက်ပါ၍သွားလေ၏။

ငွေမြသည် အိမ်ပေါ်မှရပ်ကာ ဇာထိုးရင်းကြည့်၍ နေလေ၏။ ဘအောင်ကလည်း ငွေမြတို့အိမ်ဘက်သို့လှည့်ကာ အသက်ရှိုက်ရှုပြီး လျှောက်၍သွားလေ၏။

သန်းဖေဆယ်တန်းမအောင်မီပညာမသင်ဘဲချမ်းသာဖို့ နည်းလမ်းမှာ အခြားမရှိ၊ ငွေမြတို့အိမ်နှင့် ငွေမြတို့ခြံကြီးမျိုးမှာ တက်စီးထိုင်ရမှသာ ချမ်းသာဖို့ရှိလေ၏။

ဘအောင်အတွက် ဤသိုက်တူးနည်းမျိုးသည် ဖြစ်နိုင်ပါမည်လော။

အိမ်သို့ရောက်သောအခါ ရေကလေးသုံးလေးထမ်း စိတ်မပါ့တပါထမ်းပေးပြီး ထင်းကလေးများကို ခွဲလေ၏။ ထိုနောက် တက်တိုး၊ ကျားမောင်၊ အယ်ရိုပလိန်း၊ စံရှားခေါ်သည့် နွားလေးကောင်နှင့်နွားမတစ်ကောင်နွားကလေးတစ်ကောင်ကို အိမ်သို့မ,ရန် လယ်ပြင်သို့ထွက်၍သွားလေ၏။

ထိုညနေ ထမင်းစားပြီးသောအခါ ငွေမြ၏အိမ်ကို မျှော်ဖို့ရန် သူငယ်ချင်း မောင်ထိုက်၏ အိမ်ကိုပြန်၍လာပြန်လေ၏။

အဖော်များနှင့် တေးဆိုသူကဆို တီးသူကတီး၊ ရယ်စရာမောစရာပြောသူကပြော မနည်းကြီး ညဥ့်နက်၍အဖော်များ ပြန်ကြသောအခါ ဘအောင်မှာ အိမ်ကိုမပြန်ဘဲ ခွေးကတက်တိုင်မှာမှီရင်း ရုပ်ပွလျှော့ မပြု

www.burmeseclassic.com

www.burmeseclassic.com



မပြင်ဖြစ်ချင် သလိုဖြစ်၍နေသော ငွေမြတို့၏ ခြံကြီးကိုသာ စိုက်ကာကြည့်၍နေလေ၏။

သို့နေရင်းအိပ်ပျော်၍သွားရာ သူကြီးခေါင်းချ အချိန်လောက်ကျမှ နိုးလေရာ အိမ်ခေါက်တံခါးများပိတ်လျက် အပြင်၌ မိမိတစ်ယောက်တည်းသာ ရှိနေသည်ကို တွေ့ရလေ၏။

ငွေမြတို့အိမ်ကို တစ်ဖန်ဆက်လက်၍ မျှော်ပြန်လေ၏။ သေးငယ်သော အိမ်ရှေ့ပြတင်းပေါက် တစ်ပေါက်မှာ ပွင့်လျက်နေရာအတွင်း၌ မီးရောင်ကို မြင်ရသဖြင့် မအိပ်သေးဘူးထင်ပါရဲ့ဟု တွေးကာ ခြံကြီးဘက်ကိုကြည့်ပြီး သက်မကြီးချလိုက်လေ၏။

ဤခြံကြီးနဲ့ ဤအိမ်ကြီးနဲ့ ဤရေတွင်းနဲ့ ပန်းပင်တွေဝေနေအောင် စိုက်ပြီး…အော် ငွေမြ ငွေမြ ဘယ်လောက်များ လှမယ်ဆိုတာ ငါသာ ပိုင်ရင် မြိုင်မြိုင်ပြလိုက်ချင်ပါရဲ့ဟု တွေးလေ၏။

ထိုနောက် ခြံဝင်းကို ပတ်လည်၍ ဟိုထောင့်ကချောင်း သည်ထောင့်မျှော်အပေါ်ကိုလည်း လှမ်း၍ကြည့် ခြံတွင်းနေရာ ရှိသမျှကိုလည်း သတိနှင့်မှာလေ၏။

ထိုကဲ့သို့ အသည်းနှလုံးမှာ စွဲလမ်းကြီးသလောက် ခြံထဲသို့အပေါက် တစ်ပေါက်မှဝင်ခါ တောင်ကိုလျှောက် မြောက်ကိုလျှောက် စိတ်ရှုးပေါက်တိုင်း သွားလာနေလေ၏။

ရေတွင်းကို ကပ်ကာ ငုံ့၍ကြည့်ရာ ဖိုးလမင်းကြီး ရေတွင်းထဲကျ၍နေသလို မြင်ရလေ၏။ ရေမှာလက်လှမ်းလျှင် ထိလုနီးနီးပြည့်၍ နေလေ၏။ ရေတွင်းမှ ထွက်ပေါ်လေ့ရှိသော အေးသောရေနှင့် ရေညှိအနံ့အသက်များသည် ကြည်နူးသာယာဖွယ်သော အငွေ့သက်ကိုဆောင်ကာ နှာခေါင်းမျက်နှာတက်၍ဟပ်လေ၏။

ညမှာဆိတ်ငြိမ်လျက် အေးချမ်းလေသည် အလေ့ကျပေါက်သော ဘိစပ်ပင်၊ ပန်းထိမ်ငိုစသည့်ခြံနှင့် မကြည့်မရှုစွန့်ပစ်၍ထားသော နှင်းစံပယ်ရုံများ၏အကြား၌ လေသည် ညီးညူ၍နေလေ၏။



ငွေမြ၏ ဖခင်မှာ အတော်ခက်ထန်သူဖြစ်လေ၏။ သို့သော်လည်း ဘအောင်မှာ ရုပ်မလှသော လူရိုးဖြစ်သဖြင့် ယုံကြည်လျက် နောက်ပိုးတတ်မယ့် သူငယ်မဟုတ်ဟု သဘောရသဖြင့် သမီးပျိုကလေး၏ အဖေဖြစ်သော်လည်း ဘအောင်ကို အရောတဝင်စကားပြောလေ့ရှိ၏။ အခြားသားနား သားယောကျ်ားပျိုကလေးများကိုကား များစွာ အရောဝင်လေ့မရှိချေ။

သို့ပင် ငွေမြ၏ ဖခင်က အရောတဝင်လုပ်သော်လည်း ဘအောင်မှာ ဂုဏ်ရေချင်းမတူသည်ကတစ်ကြောင်း၊ လူကြီးနှင့်လူငယ်ဖြစ်ခြင်းကြောင့် တစ်ကြောင်း၊ နဂိုက ကြောက်တတ်သောကြောင့်တစ်ကြောင်း၊ ခွေးကလေး အရောဝင် ပါးလျက်နားလျက်ဆိုသည့် စကားလိုမဖြစ်ရအောင် အရောဝင်တိုင်းပြန်၍ အရောမဝင် သိတတ်သူတယောက်၏ အမူအရာမျိုးနှင့်နေလေ၏။ သို့ဖြစ်သောကြောင့်လည်း ရုပ်ရည်မသားမနားဘဲလျက် အများချစ်ခင်ခြင်းကို ခံရလေ၏။

သို့အတန်ကြာ လှည့်လည်၍နေပြီးနောက် ပြန်၍ထွက်ပြီး သူငယ်ချင်းအိမ် ခွေးကတက်သို့မပြန်ဘဲ အိမ်ကိုပြန်၍သွားလေ၏။

နံနက်ခင်းလုပ်ကိုင်စရာရှိသည်ကို လုပ်ပြီး နံနက်စာစားလေ၏။ ထိုနောက်သူငယ်ချင်း၏အိမ်သို့ရောက်၍ လာလေရာမည်သူကိုမျှမတွေ့ရ။ သူငယ်ချင်း၏ အရီးဖြစ်သူ ဒေါ်မယ်ကိုသာတွေ့ရလေ၏။

ဒေါ်မယ် "မင်းသူငယ်ချင်း မသာအိမ်ကိုသွားတယ်" ဟု ပြောသဖြင့် ခွေးကတက်မှာထိုင်ပြီး ငွေမြတို့အိမ်ကို ခဏမျှကြည့်၍နေလေ၏။

အိမ်မှာ ဆိတ်ငြိမ်သည့်အသွင်ရှိလေ၏။

အောင်။ ။"အိမ်ရှေ့အိမ်လည်း အင်မတန်တိတ်ဆိတ်ပုံရပါကလား အရီးရဲ့"

"တိတ်ဆိတ်မှာပေါ့ ငွေမြတစ်ယောက်တည်းရှိတာပဲ။ သူ့အဖေနဲ့ တခြား အိမ်သားများလည်း မသာကိုသွားကြတာကိုး"

"အော် – ငွေမြတစ်ယောက်တည်း ရှိသလား"

"အေး ခုတင်က အိမ်ရှေ့ထွက်ပြီး စပါးလှမ်းနေတာ အရီးမြင်လိုက်

www.burmeseclassic.com



ရတယ်”ဟု အဒေါ်ကြီးကပြောလေ၏။

ဘအောင်သည် အတန်ကြာစဉ်းစား၍နေလေ၏။ ငွေမြတစ်ယောက်တည်းရှိသတဲ့။ သူ့အဖေမရှိ သည်လိုလွတ်လွတ်လပ်လပ် တွေ့ကြုံဖို့ အခက်သားပဲ၊ သည်လိုနေရင် သည်လိုနေမည်။ သည်လိုမနေမှ သည်လိုမနေမည် (ကြောက်လွဲ ရဲမင်းဖြစ်သတဲ့ စွန့်မှစားရသတဲ့) ယနေ့လို အခန့်သင့်ပုံမျိုး ဟန်နင်တော်တော်နဲ့ ကြုံကြိုက်ချင်မှကြုံကြိုက်မှာ သူဘာသာ တစ်ယောက်တည်း၊ဘယ်ကိုမှထွက်တာမဟုတ်ဘူး။ တော်လှပြီ ငွေမြကို ယနေ့အချက်ကျ တွေ့ရမှတော်မည်။ မတွေ့ရရင် ငါအခုလို တရစ်ဝဲဝဲနဲ့ ဘယ်လောက်ကြာ ကြာနေရမလဲမသိဘူး။ သူ့အဖေကို ငါတိုက်ရိုက်မပြောဝံ့ သူကမှ တစ်ဆင့် ပြောလျှင်ပြော ဖြစ်နိုင်မှာပဲစသည် ဖြင့် တွေးတောရင်း အရဲစွန့်၍သွားလေ၏။

အိမ်ခေါင်းရင်း အဖီကလေးအောက် ကွပ်ပျစ်ပေါ်တွင် ငွေမြ ဇာထိုး၍ နေသည်ကို တွေ့ရလေ၏။ ဘအောင်ကို ငွေမြလှည့်၍ မကြည့်သဖြင့် မမြင်ရပေ။ ဘအောင်သည် မရဲတရဲကပ်၍သွားပြီး အဖီ၏ ပကာတိုင်ကို ဖက်ကာ ဘယ်လိုများစ၍ နှုတ်ခွန်းဆက်ရပါမည်နည်းဟု တွေးတောရင်း ရက်ကြောက်လျက် တွန့်လိမ်၍နေလေ၏။

အတန်ငယ်ကြာသောအခါ အဟဲ့ဟု ချောင်းဟန့်လိုက်ရာ ငွေမြက ရုတ်တရက်လှည့်ကြည့်ပြီး“အမယ်လေးတော့ အလန့်တကြား”ဟု ပြောပြီး ဘအောင်၏ မျက်နှာကို ကြည့်၍နေရာ ဘအောင်ခမျာ အရှက်အကြောက်ကြီးသူဖြစ်ရာ ရယ်တော့မလို၊ ငိုတော့မလိုတိုင်ကိုဖက်ကာ ငါးမွေ့လိမ် ငါးရှဉ့်လိမ်တွန့် လိမ်လျက်ပြုံးသလိုပြုံသလို မဲ့သလိုလို ရွဲ့သလိုလိုဖြစ်၍နေလေ၏။

“ရှင်ကျွန်မကိုလာပြီး ပြောင်ပြနေတာလား၊ ဘာလုပ်မလို့လဲ”ဟု ဒေါသကိုရယ်ချင်စိတ်က လွှမ်းမိုးသဖြင့် နှုတ်ခမ်းကိုကိုက်ကာရယ်လေ၏။

အမြဲလိုလို ဘအောင်၏ အကြောင်းအဖြစ်များကို ကြားရခဲ့လေရာ လူပြောင်တစ်ယောက်ဖြစ်ကြောင်းကိုလည်း ငွေမြသိလေ၏။



“ရှင်တမင် လုပ်နေတာလား ပြောင်တာလား”

“လှောင်ဖို့လာတာမဟုတ်ပါဘူး၊ ငွေရယ် အတည်ပြောဖို့ စွန့်ပြီး လာတာပါ”

“ရှင်ကဘာများ အတည်ပြောဖို့လာတာတုံး ဖေဖေပြန်လာလို့ တွေ့ရင် ရှင့်ကိုဟောဟို တံမြက်စည်းနဲ့ရိုက်လိမ့်မယ်”

“ဒါတော့ မငွေသာ ပဓာနပါ မငွေပြောရင်ပြီးပါတယ်”ဟု ပြောကာ တွန့်ကာနေလေ၏။

“ဘာပြောရမှာလဲ အလိုခက်ခက်ချည်သေးတယ်၊ အလိုအလို ဘယ့်နှယ်ဖြစ်တာလဲ အကြောဆွဲနေသလား။ ရှင်ကျွန်မကို တဆွေခြောက်ပြနေတာလား ဘာလိုချင်သလဲ”

ထိုကဲ့သို့နေရာမှ ကြောက်စိတ်ကိုဖျောက်ကာ အံကြိတ်လျက် တင်းပြီး

“ဒီခြံကြီးဟာ မငွေတို့ ဟိုဒင်း ....

ဘာမှလည်းမလုပ်ဘူးလား”

“ဘာဖြစ်လို့လဲ”

“ဒီလိုပဲ ရှုပ်နေတာမြင်ရတာ သုံးနှစ်လောက်ရှိပြီ”

မငွေသည် ၎င်း၏မျက်နှာကိုစိုက်ကာ စဉ်းစားသလိုကြည့်ပြီး

“ရှင်ပြောစရာရှိတာပြောပြီး သွားရှင့်၊ ဖေဖေမိနေမယ်”

“အဲဒါအတွက်ပေါ့၊ မငွေရဲ့ဖေဖေကို တိုက်ရိုက်မပြောဝံ့လို့ပါ”

“ဘာကိုမပြောဝံ့တာလဲ”

“အဲဒီခြံပေါ့၊ အလကားထားမယ့်အတူ ကျုပ်ပန်းစိုက်ပါရစေ၊ အိမ်လည်းလှ မငွေတို့လည်းသုံးချင်သလိုသုံး ပန်းတွေကို ကျုပ်ကတော့ အတော်အတန် နေ့စဉ်ဈေးဖိုးရရင် တော်ပါပြီ”

“အောင်မယ်လေး ကိုဘအောင်ရယ် ဒါနဲ့များ အရေးကြီးနေလိုက်တာ ရှင်သဘောရှိလုပ်နိုင်ပါတယ်။ ရေတွင်းကလည်းရေအပြည့်နဲ့”

“ဒါကြောင့်ပေါ့ ကျုပ်တို့အိမ်နေရာက ကျဉ်းတယ်။ ရေလည်းမရှိဘူး သည်အတွက် ဒီခြံကို မျက်စောင်းထိုးနေတာကြာလှပြီ”

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဘာပန်းစိုက်မှာလဲ"

"စံပယ်၊နှင်းဆီ၊နှင်းပန်းပေါ့၊ရောင်းလို့တွင်မယ့်ပန်းပေါ့၊ လယ်လုပ်ရတာပင်ပန်းတယ်မငွေ၊ သူတို့ကခိုင်းပြီး စာရင်းငှားလောက်မှ မပေးဘူး သူ့မယားအတွက် ရှေသာဝယ်တာပဲ"

"ဒီလိုဖြင့် ကောင်းပါပြီရှင်၊ ကျွန်မဖေဖေကိုပြောပါမယ် ရှင့်သဘောရှိ ဘယ်အခါမဆို လုပ်နိုင်ပါတယ် ကျွန်မတို့က သာသာယာယာ နေရရင် တော်ပါပြီ"

ဘအောင်သည် အားရဝမ်းသာထွက်၍လာလေ၏။ နောက်တနင်္ဂနွေတစ်ပတ်အတွင်း ကုလီကုလားနှစ်ယောက်နှင့် ခြံတစ်ခုလုံးကို ရှင်းလင်းတူးဆွလုပ်ကိုင်ပြုလေ၏။ နှစ်လသုံးလအတွင်း ငွေမြတို့ခြံမှာ ရွာထဲတွင် အလှဆုံးဖြစ်လေ၏။

အခြားမြေရာလွတ်ရှိသော အိမ်များသည် ထိုခြံကို မြင်ကြသောအခါ "မောင်ဘအောင် ကျုပ်တို့ခြံကိုလည်း စီမံပေးပါ။ မင်းသဘောရှိ မင်းမြေပိုင်လိုလုပ်ပါ။ ငါတို့က ရေတောင်ကူလောင်းပေးပါဦးမယ်။ တို့ကအစောင့်ပေါ့ကွဲ့" စသည်ဖြင့် တောင်းပန်ကြလေ၏။

ဘအောင်မှာ မြေပိုင်တစ်ဖျာရာမှ မရှိဘဲလျက် ပန်းခြံများတို့၏ ပိုင်ရှင်ဖြစ်၍နေလေ၏။ နံနက်မှည့နေအထိ နောက်ပါ မာလီကုလား ခြောက်ယောက်၏ ရှေ့၌မယ်ဇလီခေါင်းကဲ့သို့ ကြိမ်လုံးကိုကိုင်ကာ စီမံခိုင်းစေရုံသာခိုင်းစေရတော့၏။ အစဉ်သာ ကိုယ်တိုင်အနည်းငယ် ပင်ပန်းလေ၏။ ယခုမှာကား နေ့စဉ်ပန်းများကို ဈေးသို့ပို့ရာ မာလီကုလားများအား နေ့စဉ်အခကိုပေးရ၏။ သို့ပေးရပြီးနောက် မိမိအတွက် တစ်ဆယ်ကိုးကျပ်မနည်းလက်ကျန်ငွေရှိလေရာ၊ ထိုရွာမှာလည်း ရွာအပေါင်းတို့တွင် အထူးသာယာလျက် ပန်းတွေနှင့်ဝေ၍နေသည်ကို အနီးအပါးရွာများက မြင်ကြရသောအခါ ဘအောင်ကိုလာ၍ခေါ်ကြ၊ မိမိတို့၏အိမ်ပတ်ဝန်းကျင်ရှေ့နောက်နေရာများကို ခြံလုပ်ဖို့ရန် အပ်နှံလေ၏။

ဘအောင်မှာ အလုပ်တိုးသလောက် ဝင်ငွေတိုးလျက်၊ ရွာထဲတွင်



လူချမ်းသာတစ်ယောက်ဖြစ်၍ နေလေ၏။ ညီဖြစ်သည် ဆယ်တန်းအောင်၍ ရွာသို့ပြန်သောအခါ ဘအောင်၏ထံ ပန်းစားလုပ်၍ နေရလေ၏။

ဒီဇင်ဘာလ၊ ၁၉၃၅ ခုနှစ်၊ ဆယ်သန်းမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com





# ဆရာဝန်ကတော်လုပ်ချင်လို့

ထဘီရင်ရှားနှင့် မိန်းမပျိုကလေးတစ်ယောက်သည် ကန်တော်ကြီးအနီး ဆေးဆိုင်တစ်ဆိုင်ထဲသို့ ဝင်၍သွားပြီး တံခါးကိုကျောမှီကာ နောက်ပြန်ပိတ်၍ထားလေ၏။ သို့နေရင်း ဆရာဝန်ကလေး မောင်စောအား တောင်းပန်သောမျက်နှာထားနှင့် ကြည့်၍နေလေ၏။ ၎င်းသည် ကိုယ်အင်္ဂါ သေးသွယ်ပြေပြစ်သော၊ အသွင်ရှိလေ၏။ အသားမှာ ဝင်းဝင်းရှိနေ၏။ ဆံပင်မှာ အညွန့်အခက်ဝေဆာသကဲ့သို့ နဖူးအထက်၌ ကွေ့လိမ်လျက်ရှိနေ၏။ ထဘီဝါဝါလေးမှာ ဒူးအထက်သို့ရောက်လုခမန်းရှိလေ၏။ ရှေ့ထိုးဖိနပ်ကလေးတစ်ရံကိုလည်းစီး၍ ထားလေ၏။ ထိုနေ့မှာမူ တိတ်ဆိတ်ငြိမ်၍နေလေ၏။ အကြောင်းမူကား ဆရာဝန်ကြီးနှင့် ကွန်ပေါင်ဒါမှစ၍ ဘောဂရောင်းထဲ၌ရှိသော ကုလားတရုပ်ဘန်းပွဲသို့ ရောက်၍နေကြလေ၏။ ဆရာဝန်ကလေး မောင်စောကား အပြင်ကိုမထွက်ပေ။ ၎င်းသည် အပျော်ပါးကို လိုက်စားသူမဟုတ်။ ၎င်းသည် သေးငယ်သော အလုပ်ခန်းကလေး၌ ထိုင်လျက်နေလေ၏။ ၎င်းသည် စိတ်ရောဂါတခုကို ခံစား၍နေရသူဖြစ်လေ၏။ ထိုစိတ်ရောဂါသည်ကား စိတ်နှလုံးကို သွေးနောက်စေသော ရောဂါဖြစ်လေ၏။ ထိုရောဂါကား တင့်စိန်ခေါ်သော **မိန်းမပျိုကလေး** တစ်ယောက်နှင့် ချစ်ခင်ခဲ့သည့်အကြောင်းကို မေ့လျော့အောင် ကြိုးစားနေရ



သော ရောဂါဖြစ်လေသည်။

ထိုနေ့မွန်းလွဲအချိန်၌ တင့်စိန်ဟုခေါ်သော မိန်းမပျိုကလေးတစ်ယောက် မိမိအလုပ်ခန်းထဲသို့ ထဘီရင်ရှားနှင့်ရောက်၍ လာလိမ့်မည်ဟု ဗေဒင်ဆရာတစ်ယောက်က ဟောပြောလျှင် ဆရာဝန် မောင်စောသည် ရယ်မော၍ ပစ်ပေလိမ့်မည်။ ထဘီရင်ရှားနှင့် မိန်းမပျိုကလေးကား တင့်စိန်အစစ်ပင်ဖြစ်လေ၏။ ဆရာဝန်ကလေးသည် တင့်စိန်ကိုတင့်စိန်ပင်ဖြစ်လေသလားဟု မယုံတဝက် ယုံတဝက်နှင့် ကြည့်၍နေလေ၏။

"တင့်စိန်"ဟု ခေါ်လိုက်ပြီးနောက် မိမိနှင့် တင့်စိန်သူစိမ်းပြင်ပြင်ဖြစ်၍နေသည်ကို မေ့လျော့၍နေပြီး သတိရလေ၏။ ထိုအခါ ထိုင်ရာကထပြီး သူစိမ်းများကို နှုတ်ဆက်သကဲ့သို့"ကိစ္စရှိရင်ပြောပါ"ဟု ပြောလေ၏။

မိန်းမပျိုကလေးသည်ကား ပြေး၍လာရသဖြင့် မောဟိုက်၍နေသောကြောင့် စကားပြန်၍ မပြောနိုင်ပေ။

"ရေကူးမလို့လား"ဟု ဆရာဝန်မောင်စောက မေးပြန်၏။

မိန်းမပျိုကလေးက "မဟုတ်ပါဘူး အဝတ်အစားပျောက်နေလို့ပါ" ဟု ပြောလေ၏။

ဆရာဝန်မောင်စောသည် ဦးခေါင်းကိုညိတ်လေ၏။ ခေါင်းညိတ်ပုံမှာ မိန်းကလေးတစ်ယောက်သည် မိမိအခန်းထဲသို့ ပြေးဝင်၍လာပြီး အဝတ်အစားပျောက်သည်ဟူသောအကြောင်းကို ပြောပြသည်မှာ ဦးနှောက်မနှံ့သကဲ့သို့ဖြစ်လေ၏။ ထိုနောက် မိန်းမပျိုကလေး ပြောမည့်စကားကို နားစွင့်၍နေလေ၏။

"ဒီနေ့ မူဆာကြီးတို့ ဘတ်စ်ကားနဲ့ ကန်တော်ကြီးမှာ ရေချိုးဖို့လိုက်လာတယ်။ ရေချိုးနေရင်း ကန်တော်ကြီး ကမ်းပါးနားမှာ အင်္ကျီထဘီများကို ပုံထားခဲ့တယ်။ ရေချိုးပြီးတက်လာတော့ ဒီအဝတ်တွေကိုမတွေ့ဘူး။ ကျွန်မဘာကိုလုပ်ရမှန်းမသိလို့ ဒီကိုပြေးလာတာပဲ။ ဆရာလည်း ဒီမှာ ရှိလိမ့်မယ်ထင်တာမို့ ပြေးလာခဲ့တာပါ၊ ဒီနေရာဟာ အနီးဆုံးနေရာပဲ"

"မင်းငါ့ကိုဘယ်တော့မှ မတွေ့ချင်ဘူးလို့ပြောဖူးတယ် မဟုတ်လား"

www.burmeseclassic.com



"ကျွန်မဒီကို လာရတာတော့ အရပ်ထဲမှာ ထမီရင်ရှားမသွားနိုင်လို့ လာပါတယ်၊ ဆရာဓောက နည်းနည်းအဆန်း ဖြစ်နေမှာပေါ့လေ"ဟု ပြောလေ၏။

"ခွကျတာပဲ။ မင်းအလုပ်ကို မင်းဂရုစိုက်ရမှာပဲ။ တစ်နေ့နေ့ ဆရာမကြီး ဖြစ်ချင်ဖြစ်မှာကိုး"

ထဘီရင်ရှားနှင့် မိန်းမကလေးသည်ကား ခိုက်ခိုက်တုန်၍နေလေ၏။ သို့ချမ်း၍နေသည့်အခါ ဆရာမနှင့်လားလားမျှမတူပေ။ စကားများရန်လည်းစိတ်မရှိပေ။

"ဆရာ ကျွန်မကို တစ်နည်းနည်းနဲ့ မကူညီနိုင်ဘူးလား"ဟု မေးလေ၏။

"မင်းအဝတ်များကို သူတို့တွေသလားလို့ ငါတယ်လီဖုန်းနဲ့ ဂါတ်ကို မေးလိုက်မယ်လေ"

"မလုပ်ပါနဲ့"ဟု မိန်းမပျိုကလေးက ကြောက်ရွံ့စွာပြော၏။ "ဒီအကြောင်းကို ဘယ်သူမှမသိစေချင်ဘူး။ ကျွန်မကျောင်းမှာနေရတာပါ။ ဆရာမကြီးမအေးမေဟာ ကျောင်းသူအားလုံးကို ခေါ်ပြီး နပန်းပွဲကို သွားတယ်။ ကျွန်မကျောင်းစောင့်နေရရစ်တယ်။ သို့သော်လည်း ဒီကနေ့ဟာ အိုက်လွန်းလို့ ရေကူးချင်တာနဲ့ ဆရာမကြီးနဲ့ ကျောင်းသူတွေ ပြန်မရောက်မီ ကျွန်မကျောင်းကို ပြန်နိုင်လိမ့်မယ် မှတ်ထင်ပြီး ဘတ်ကားစီးကာ ကန်တော်ကြီးကို လာခဲ့တယ်။ ဒီနောက် အဝတ်တွေပျောက်သွားတော့ မကြံတတ်လို့ ဒီနေရာကလည်း အနီးဆုံးဖြစ်တာနဲ့ ဆရာလည်း ဒီမှာရှိလိမ့်မယ် ထင်လို့ ပြေးလာခဲ့တာပဲ"

"နို့ ငါဘာလုပ်ပေးရမလဲ"

"အဝတ်တစ်ခုခုရအောင် မကြံနိုင်ဘူးလား"

"ဒီဟာဆေးဆိုင်။ အပ်ချုပ်ဆိုင်မဟုတ်ဘူး"

"ဈေးလည်းရှိပါတယ်၊ ဘီလူးမဈေးဖြစ်ဖြစ် တာမွေဈေးဖြစ်ဖြစ်ပေါ့"

ဆရာဝန်မောင်စောသည် ရှက်သကဲ့သို့ဖြစ်ပြီး မျက်နှာနီမြန်း၍



သွားလေ၏။ ထိုနောက် "မင်းအဟုတ် ငါ့ကို ဈေးသွားစေချင်သလား။ ငါဈေးကိုသွားပြီး မိန်းမအဝတ်ကို ဝယ်ရင် လူတွေကဘာပြောမလဲ။ တွေ့ကရာတွေကို ထင်တိုင်းပြောနေကြတော့မှာပဲ။ မင်း ငါ့ကိုစော်ကားပြီး အခုဒါကို ခိုင်းတာလား"

"ကျွန်မ မစော်ကားပါဘူး။ စော်ကားတာက ရှင်ပါ"

"ငါကလားကွယ်"ဟု ဆရာဓောက ပြောလေ၏"

"ဆရာက ကျွန်မကိုထောင်လွှားတယ်။ အသုံးမကျဘူးလို့ ပြောတယ်မဟုတ်လား။ ကျွန်မဟာ မိန်းကလေးတွေကို ခိုင်းနေကျသည့်အတွက် လူတိုင်းခိုင်းနိုင်တယ်လို့ ထင်နေတယ်၊ ဆရာပြောတယ် မဟုတ်လား"

ဆရာဝန်ကလေးသည် တင့်စိန်ကို စိုက်ကာကြည့်လျက် ဒီလောက်လှတဲ့ နှုတ်ခမ်းကလေးက ဒီလိုစကားမျိုးကို ပြောတတ်သလား"ဟု မေး၍နေလေ၏။ "အေးငါဒါကိုပြောတာလား။ မင်းအလုပ်ဟာ ငါ့ထက်အရေးကြီးတယ်လို့ မင်းကပြောလို့ပါကွယ်"

"ပြောမှာပေါ့လေ"

"မင်းအခုတောင် ခေါင်းမာတုန်းပါလား"

"အခု ကျွန်မ သေမလောက်ချမ်းနေတဲ့အထဲမှာ ဆရာက အေးအေးဆေးဆေး မတ်တတ်ရပ်ပြီး စကားပြောနေတာများဟာ အံ့သြပါရဲ့ ဆရာ ကျွန်မကိုမကူညီချင်ရင် ထွက်သွားပါတော့မယ်"

ဆရာဝန်သည် တင့်စိန်ကို မကြည့် အခြားကိုကြည့်နေ၏။ အကြောင်းမူကား တင့်စိန်ကို ဆက်လက်၍ကြည့်နေချေက ၎င်းကို နမ်းရှုပ်မိလေမလား။ သို့မဟုတ် တစ်ခုခုလုပ်မိလေမလားဟု စိုးရိမ်မိလေ၏။ မိမိချုပ်တည်း၍ထားသော ချစ်စိတ်ပြန်၍ပေါ်လာမည်ကို ကြောက်လေ၏။ မျက်နှာမှာ အလွန်စိတ်ဆိုးသောအသွင်ကို တမင်ဆောင်၍ထားလေ၏။

"ငါမင်းကိုကူညီရင် မင်းကူညီရန် ထိုက်သင့်လို့မထင်ပါနဲ့။ ငါ့ဆရာကြီး ယနေ့ဒီအချိန်မှာ လာလိမ့်မယ်ထင်လို့ ကူညီတာပါ။ သူလာရင် မင်းကို မြင်သွားလိမ့်မယ်။ မြင်ရင်ငါ့ကို ဘယ့်နှယ်ထင်မလဲ။ ဒီလို မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေကို အလုပ်ခန်းထဲမှာ လက်ခံတတ်တယ်လို့ထင်မှာဘဲ ဒီလိုထင်ရင် ငါ့အများကြီး နစ်နာလိမ့်မယ်"

တင့်စိန်သည် ၎င်းအားဒေါသနှင့် ကြည့်လေ၏။

တင့်စိန်သည်စကားမပြောပေ။ ပြောဖို့ရန်လည်း ထိုအခါ၌စိတ်မရှိ။ သို့သော်လည်း အဝတ်များရ၍ အချမ်းပြေလျှင် အများကြီးပြောစရာရှိသည် ဟူသော မျက်နှာကိုထားလေ၏။

"ဒီအဝတ်များအတွက် အတိုင်းပြောဖို့လိုသေးသလား"ဟု ဆရာဝန်ကမေးလေ၏။

"ကျွန်မ အဝတ်တစ်ခုခုကိုသာ လိုချင်တယ်။ အတိုင်းအထွာအတွက် အရေးမကြီးပါဘူး"

"ငါရှာကိုယူလာခဲ့မယ် ငါပြန်လာသည့်တိုင်အောင် စောင့်နေ။ တစ်စုံတစ်ယောက် ဒီအခန်းကို ဝင်မလာနိုင်အောင် သော့ခတ်ထားခဲ့မယ်နော်" ဟု ဆရာဝန်က ပြောပြီးထွက်၍သွားလေ၏။

ဆရာဝန်သည် စိတ်လက်လေးလံစွာနှင့် လျှောက်သွားလေ၏။

တင့်စိန်ကို ဘယ်သောအခါမျှ တွေ့ရတော့မည်မဟုတ်ဟု မျှော်လင့်ခဲ့၏။၎င်းတို့နောက်ဆုံးတွေ့ခဲ့စဉ်က ပြောကဲ့သည့်စကားများကိုသတိရလေ၏။ ၎င်းတို့သည် ကွဲ၍နေမှကောင်းမည်ဟု နှစ်ယောက်စလုံးပြောခဲ့၏။

ဤကဲ့သို့ ကွဲကွာလာရသည်မှာ ဆရာမကြီးမအေးမေ၏ ပယောဂဖြစ်လေသည်။၎င်းဆရာမကြီးသည် အချစ်အကြောင်းကို နားမလည်သဖြင့် မိမိ၏လက်ထောက်ဆရာမများမှာ ယောကျ်ားသူငယ်များမရှိရဟု ကျပ်တည်းစွာ ပညတ်၍ထားလေ၏။ ထိုကဲ့သို့ ပညတ်သောအချိန်၌ ဆရာဝန် မောင်စောရောက်၍ လာသောအချိန်ဖြစ်လေ၏။ ထိုအချိန် တင့်စိန်၏စိတ်တွင် မိမိ၏အလုပ်၌ ဆရာဝန်မောင်စောသည် အရေးကြီးသည်ဟု စိတ်ကိုပိုင်းလိုက်သောအခါ ဖြစ်လေ၏။

ထိုအကြောင်းများကို တွေး၍သွားစဉ် အထည်ဆိုင်များကို ရောက်၍သွားလေ၏။ ထိုနေ့မှာ အထည်များ စောစောပိတ်သောနေ့ဖြစ်လေ၏။



ဆိုင်အားလုံးပိတ်၍ထား၏။

တင့်စိန်အား အဝတ်ဝယ်၍မရကြောင်း ပြန်၍ပြောရလျှင် နေရာကျမည်မဟုတ် အဝတ်များကို ဝယ်ပေးမည်ဟူသော ကတိနှင့်လာသူဖြစ်လေရာ ဝယ်ပြီးမှသာပြန်မည်ဟု အောက်မေ့လေ၏။

ထိုနောက် မိမိထမင်းလခပေး၍ စားသော မခင်ကို သတိရပြန်၏။

မခင်သည် တင့်စိန်ထက် ကိုယ်လုံးကိုယ်ထည် သုံးဆခန့်ကြီးလေသည် အာပေါင်အာရင်း နှုတ်လျှာကြမ်း၏။ စိတ်ကောင်းသည့်အခါလည်း ကောင်း၏။ မောင်စောသည် စိတ်အားထက်သန်စွာနှင့် မခင်အိမ်ကိုသွားလေ၏။ မခင်အိမ်ကိုသွားသောအခါ မခင်လည်း နပန်းပွဲကိုသွားသည်။ တံခါးအနီး၌ကပ်၍ ထားသောစာသားအရ ဆရာစော သိရလေ၏။ ဆရာဝန်က ထိုအပြင်မှ ထိုစာကိုဆွဲစုတ်ကာ ချေမွပစ်၏။

အခန်းထဲသို့ဝင်၍ သွားလေ၏။ မီးဖိုသို့ရောက်၍ သွားသောအခါ အခစား ဘောင်တွင် ချိတ်၍ထားသော လုံချည်အဝါကွက်ကြီး တွေ့သဖြင့် အံ့အားသင့်၍ သွားလေ၏။ ထိုအဝတ်ကိုဖြုတ်၍ ယူလိုက်သောအခါ အကျီတစ်ထည်ကို ထိုလုံချည်အောက်တွင်ရှိလေ၏။ "ငါမခင်ကို နောက်တော့ပြောပြဟု စိတ်၌အောက်မေ့ကာ ထိုဆရာဝန်သည် ထိုလုံချည်နှင့်အကျီကို ယူ၍ဖြန့်ကြည့်ကာ တင့်စိန်နှင့်တော်လိမ့်မည်ဟု ဆရာစော လက်မောင်းအောက်၌ညှပ်၍ဆင်းသွား၏။ မိမိ၏ ဆေးတိုက်အလုပ်ခန်းသို့ရောက်လေ၏။တင့်စိန်သည် မိမိစောင့်လျက်နေရာ၌ အချမ်းပြေအောင် ကိုယ်လက်လှုပ်ရှား၍နေသည်ကို မြင်ရလေ၏။ ဆရာဝန်လေးသည်ကြည့်၍ကောင်းသဖြင့် မော့၍ကြည့်သည်တိုင်အောင် စိုက်၍ကြည့်နေလေ၏။

"တကယ်တည်းကြာလိုက်တာ"ဟု တင့်စိန်ပြောလေ၏။

ဘိုးစောသည် ယက်မောင်းအောက် လုံချည်နှင့်အကျီကို တင့်စိန်အနီးရှိသောအပေါ်၌ ချ၍ထားခဲ့လေ၏။

တင့်စိန်သည် အကျီနှင့်လုံချည်ကိုကြည့်ပြီး

"ဒါဘယ်ကရသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဒါပဲ ဝတ်ရလိမ့်ထင်တယ်" ဟု တင့်စိန်က ပြောလေ၏။ "ကျွန်မ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အပွင့်ဝါဝါတွေက ကြောက်စရာကြီးတွေပဲ၊ အရောင်မတောက်ရင်ကောင်းမှာပဲ။ ဆရာကြီး မအေးမေ ဒီလုံချည်ကိုဝတ်လာတာမြင်ရင် သိပ်ပြီးလန့်သွားမှာပဲ။ ဒီလိုအဝတ်မျိုးကို ကျွန်မ တစ်ခါမှ မဝတ်ဘူးဘူး"

ထိုအတွင်း၌ ကားတစ်စင်းဆိုက်လာသော သံကိုကြားရလေ၏။

ဆရာဝန်ဘိုးစောသည် မြတင်းပေါက်မှ အပြင်သို့ပြူ၍ကြည့်လေ၏။

"အလို ဒေါက်တာကြီးပါလား။ မင်းအပြင်ကို ထွက်သွားရလိမ့်မယ်ထင်တယ်" ဟု တင့်စိန်က ပြောလေ၏။

"ဘယ်ကိုသွားရမလဲ"

ဆရာစောသည် တင့်စိန်ကို ကြည့်လျက်နေလေ၏။ အတင်းနှင်ရန်လည်းမဖြစ်နိုင်။ နှင်ထုတ်၍ထွက်သွားရလျှင်လည်း ဆရာကြီးမြင်ဖို့သာရှိ၏။ ဆရာကြီး ဦးသာလှသည် ဝဖိုင့်ဖိုင့် ကိုယ်နှင့်တောင်ရှည်ပုဆိုးကြီးကို ခါး၌ပတ်လျက်ကားပေါ်မှ ဆင်း၍လာလေ၏။ ဆရာစောက တင့်စိန်အား "မင်းငါ့စားပွဲအောက်ကိုဝင်ပုန်းမှဖြစ်မယ်ထင်တယ်၊ အသံမပြည်စေနဲ့နော်။ အသံပြည်ရင် ငါတော့သွားရလိမ့်မယ်။ ဒီဆရာကြီးထံမှာ တပည့်ခံရတာဟာ အင်မတန်ကံကောင်းတာပဲ။ ကျောင်းကထွက်စဉ်က သူ့တပည့်ခံချင်တို့ ဘယ်လောက်ကြိုကြတယ်ဆိုတာသိရဲ့လား" စားပွဲမှာ အတော်ကြီးသော စားပွဲဖြစ်၏။ ထိုစားပွဲအောက်၌ ကျဉ်းကျဉ်းကျပ်ကျပ်ပင် ဖြစ်သော်လည်း တင့်စိန်သည်မမြင်ရအောင် ဖုံးကွယ်၍နေနိုင်၏။ ဆရာကြီးဦးသာလှသည် စိတ်လက်သာကြည်စွာနှင့် "(ပွတ်အာဖတာနွန်း)" ဟု နှုတ်ဆက်၍ ဝင်လာလေ၏။

"အလုပ်၊ လုပ်တုံးပဲလားကွဲ့" ဟု ကြည်ဖြူ ခင်မင်သော အသံနှင့် ဆရာကြီး ဦးသာလှက ပြောလေ၏။ ထိုနောက်စကားဆက်ကာ "မင်းလည်း တခြားလူများလို ဝမ်ဘောက်ချောင်တို့ကို သွားကြည့်ချင်လိမ့်မယ်



လို့။ ဒါကြောင့် ငါဝင်လာတယ်။ မင်းအလုပ်ကောင်းတဲ့လူပဲ။ ဒီအတွက် ငါသဘောကျတယ်။ ငါ့အခန်းသော့ကိုခတ်မယ်" တင့်စိန် ထိတ်လန့်၍သွားသည်ကို ဆရာစောသိရလေ၏။ ၎င်းသည် ဆရာစော၏ခြေသလုံးကို ကြောက်အားလန့်အားနှင့် အတင်းဆွဲပိုက်လေ၏။

"မသွားဘူးဆရာ။ ကျွန်တော် ဒီမှာပဲအလုပ်ကိုပြီးအောင်လုပ်မယ်။ ဒီလိုပွဲမျိုးတွေကို ကျွန်တော်မကြိုက်ဘူး။ ဘာပွဲမှမကြိုက်ဘူး စိတ်ကူးပြီးကြည့်လိုက်ရင် မြင်သားပဲ"

"မင်းသဘောပဲကွယ်" ဟု ဆရာဦးသာလှကပြောလေ၏။ ထိုနောက် တစ်စုံတစ်ရာ ရှုးစိုက်ကာကြည့်ပြီး "ဟိုဟာဘာလဲ" ဟု မေးလေ၏။ ဆရာကြီး ကြည့်သောနေရာကို ဆရာစော ကြည့်လိုက်သောအခါ ကုလားထိုင်ပေါ်၌ လွှားထားသော လုံချည်အဝါကြီးကိုမြင်ရသဖြင့် အံ့အားသင့်၍နေ၏။ တင့်စိန်သည် ထိုအဝတ်အစားများကိုမေ့လျော့ပြီး မဖုံးမကွယ်ပဲထားမိလေ၏"

"ဟိုဟာလား လုံချည်အကျီတွေပါ"

"ငါလည်းဒီလိုထင်တာဘဲ" ဟုပြောကာ ထဘီကိုကိုင်လျက် မသင်္ကာသောမျက်နှာထားနှင့် ကြည့်၍နေလေ၏။ "ဘယ်နည်းနဲ့ဒီအဝတ်ဟာ ဒီကိုရောက်သလဲ၊တစ်ယောက်ယောက် မေ့ထားပစ်ခဲ့တာလား။ဆေးအဝယ်လာသူတစ်ယောက်ယောက်ဖြစ်မှာပဲ ကိုယ့်အဝတ်များကို မေ့ကျန်ရစ်တာ တော်တော်ဆန်းတာပဲ"

"ဟုတ်ကဲ့ဆရာ၊ အဝတ်ကတော့ဝယ်ပြီးစ အသစ်ပဲ"

"ကျောင်းဆရာမတစ်ယောက်ပါပဲ"

"ဘယ်ကျောင်းကလဲ" ဟု ဆရာ ဦးသာလှက မသင်္ကာသောမျက်နှာနှင့်မေးလေ၏။

"ကန်တော်ကလေး မိန်းကလေးကျောင်းက"

တင့်စိန်သည် ဆရာစော၏ ခြေသလုံးကို လိမ်ဖက်၍နေလေ၏။ "ကိစ္စမရှိပါဘူး။ ကျွန်တော်ပြန်ပေးလိုက်ပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါလား"ဟု ဆရာ ဦးသာလှက မျက်မှောင်ကုတ်၍ ပြလေ၏။ "ကိုယ့်အဝတ်အစားကို မွေထားတဲ့မိန်းမဟာ ဂရုမမွကင်းတဲ့ မိန်းမမျိုးပဲ ဆရာမ မအေးမေဆိုတာမဟုတ်လား။ငါသိပါတယ်။ အတော်ကြောက်စရာကောင်းတဲ့မိန်းမ"

"ကျွန်တော် ပြန်ပေးလိုက်ပါမယ်"ဟု ဆရာစောက ပြောလေ၏။

တစ်ဖန် တင့်စိန်က ဆွဲဖက်ပြန်လေ၏။ မျက်နှာကို လက်ကိုင်ပဝါနှင့်သုတ်လေ၏။ "ဆရာ စိတ်သာချပါ" ကျွန်တော် တော်သလို လုပ်လိုက်ပါမယ်"ဟု ဆရာစောကပြောလေ၏။

"ကိစ္စမရှိဘူးလေ။ မင်းနပန်းပွဲကို မသွားချင်ရင် ငါပဲသွားမယ်။ ဆရာမ မအေးမေကလဲ သူ့တပည့်တွေနဲ့ ဟိုမှာရှိတယ်လို့ ကြားရတယ်။ ဒီအဝတ်တွေကို ငါယူသွားပြီး သူ့ကိုပေးမယ်။ အလုပ်ခန်းထဲမှာ တွဲလွဲကြီးချိတ်ထားတာမကောင်းဘူး"ဟု ဦးသာလှက ပြောလေ၏။ ဆရာစောက တစ်စုံတစ်ရာပြောမည်အပြုတွင် "ကိစ္စမရှိဘူးငါ့ကားကို ဒီထားပစ်ခဲ့ပြီး ခြေလျင်လျှောက်သွားမယ်။ နောက်မှ ငါမင်းဆီကို ပြန်လာမယ်"ဟု ဆရာကြီးကပြောလေ၏။ ဆရာဦးသာလှသည် အဝတ်ကို စက္ကူနှင့်ထုတ်ပြီး လက်မောင်းအောက်၌ ညှပ်၍ယူသွားလေ၏။ ဆရာစောကား အံ့အားသင့်လျက် စကားမပြောနိုင်ဘဲ ထိုင်လျက်ပင်ကျန်ရစ်လေ၏။ တံခါးသော့ခတ်သံကြားရသောအခါ တင့်စိန်ထွက်၍လာလေ၏။ သို့ထွက်၍လာပြီး ဆရာစောနှင့် မျက်နှာချင်းလာ၍ထိုင်ပြီး "ဘဲ့နှယ်လုပ်လိုက်တာလဲ။ ခုသူယူသွားပြီး ဆရာမ မအေးမေကို သွားပေးမယ်လို့တဲ့။ ခက်တော့တာဘဲ"

"ဘယ်တတ်နိုင်မှာလဲ၊ ဒီအခန်းရောက်လာလာချင်း၊ မင်းပြေးပြီး သူမလာမီသွားလိုက်ရင် အခုလိုဖြစ်ပါ့မလား"

"ဆရာဘာပြုလို့ ကျောင်းက အဝတ်လို့ပြောရသလဲ"

"တစ်ခုခုပြောမှာပေါ့။မပြောဘဲရေငုံနေလို့ ဖြစ်မှာလား။သူဆရာမကြီးကို သူသိကြောင်း ဘယ်သူသိနိုင်မှာလဲ"

တင့်စိန်သည် စားပွဲအနားမှာ ထိုင်လျက်နေလေ၏။



ဆရာစောသည် ငှင်းအား ဖျားသလား၊ ငိုချင်သလားဟူ၍ ဝေခွဲမရအောင် ဖြစ်နေလေ၏။ ထိုနောက် ဆရာစောမှာ စိတ်ပျော့၍လာပြီး။ မိမိသက္ကလပ်အင်္ကျီကို ချွတ်၍ပေးလေ၏။

"မလိုချင်ပါဘူး" ဟု တင့်စိန်က ပြောလေ၏။

တင့်စိန်သည် ကျေးဇူးတင်သော အမူအရာဟု ပြုံးလိုက်လေ၏။

ဆရာစောက ပြန်၍ပြုံးလေ၏။ ထိုအတွင်းငြိမ်သက်စွာ ပြန်လာခဲ့သည်မှာ မိမိ၏အပြစ်ဖြစ်သည်ဟု ဆရာစော တွေးမိလေ၏။ အကြောင်းမူကား တင့်စိန်သည် အလွန်ချောမောလှပသူကလေးဖြစ်လေ၏။ ကျောင်းဆရာမ မဖြစ်နိုင်အောင်လှ၏။ သို့သော် ကျောင်းဆရာမအလုပ်ကို သူလုပ်လိုက မိမိတားမြစ်ဖို့မရှိဟု တွေးမိလေ၏။

"အခုမင်းဘာလုပ်မလဲ" ဟု တင့်စိန်အား ဆရာစောကမေး၏။

"ကျွန်မ မသိဘူး၊ အခုဟိုဆိုးဝါးတဲ့ ထဘီတောင် ဝတ်စရာမရှိတော့ဘူး။ မကြာမီအတွင်း ကျောင်းကိုပြန်မရောက်ရင်လည်း ဆရာမ မအေးမေ ကျောင်းကိုပြန်ရောက်ရင် သိလိမ့်မယ်။ ဆရာမကြီးစော မရောက်နေရင် ဒုက္ခပဲ"ဟု တင့်စိန်က ပြောလေ၏။

ဆရာစောသည် ပြတင်းပေါက်မှ အပြင်ကို ကြည့်လေ၏။ "ငါတို့ဆရာကြီးကားကိုငှားပြီး မြန်မြန်နပန်းပွဲကို သွားတာပေါ့။ သူသိမှာမဟုတ်ဘူး။ မင်းကိုလည်း ဘယ်သူမှကားထဲမှာ သေသေချာချာ လိုက်ကြည့်မှာမဟုတ်ဘူး။ ငါမခင်ကိုလိုက်ရှာမယ် ပြီးတစ်ခြားအဝတ်များကို ငှားဖို့ပြောမယ်။ ဒီနောက် ကျောင်းကိုအရောက်ပို့ပြီး ဆရာမကြီး ပြန်မလာမီ ဒီကိုအရောက်ပြန်လာမယ်"

"ဒါလည်းအကောင်းသားပဲ"

"နေရာကျမှာပဲ"

"ကျွန်မသိပ်ပြီး ကျေးဇူးတင်တာပဲ၊ ဆရာမကူညီရင် ကျွန်မဘယ်လိုဖြစ်မယ်လို့ မသိဘူး"

ဆရာစောသည် တင့်စိန်၏ မျက်နှာကိုစိုက်ကြည့်ရာ တင့်စိန်၏

www.burmeseclassic.com

www.burmeseclassic.com



အနားမှခွာ၍ မသွားနိုင်အောင်ဖွဲ၍နေလေ၏။ သို့ဖြစ်လေရာ စကားကို ဆက်၍ ပြောချင်၏။ သို့သော်လည်း စကားပြော၍နေရန် အချိန်မရှိသည့်အတွက် တံခါးကိုဖွင့်ပြီး ဆရာဦးသာလှ၏ ကားရှိရာသို့ဆင်းသွားလေ၏။ တင့်စိန်လည်းလိုက်၍ သွားလေ၏။

ကားနှင့်သွားစဉ် ၎င်းတို့ကို မည်သူမျှ မမြင်ရချေ။ မကြာမီ ဘောဂရောင်း အပြင်ဘက်သို့ မောင်းနှင်၍သွားကြလေ၏။ ထိုခရီးအတွင်း၌ စကားမပြောကြပေ။ ကားကို ဘောဂရောင်းအပြင်နား၌ ရပ်ကြလေ၏။

"မင်းဒီမှာခဏနေဦး ငါဝင်ကြည့်လိုက်ဦးမယ်"ဟု ပြောပြီး တင့်စိန်ကို ကားနှင့်ထားခဲ့၍ ဆရာစောသည် ဘောဂရောင်းသို့ ဝင်ပြေးလေ၏။

ဘောဂရောင်းထဲသို့ ရောက်သောအခါ ဆရာဝန်ဦးသာလှကို လူစုလူဝေး၏အထဲ၌ ပထမစ၍မြင်ရလေ၏။ ထိုလူစုဝေးမှာ ငြင်းခုံပြောဆိုနေသော လူအစုအဝေးဖြစ်လေ၏။ ဆရာစောသည် ဆရာကြီးမြင်မည်စိုးသောကြောင့် ဆိုင်တစ်ဆိုင်၏နောက်နား၌ ခိုကပ်၍နေလေ၏။ ငြင်းခုံပြောဆို၍နေသူကား မျက်မှန်နှင့်မိန်းမပိန်ပိန် တစ်ယောက်ဖြစ်လေ၏။ ၎င်းမိန်းမသည် ဆရာမကြီးမအေးမေဖြစ်လေ၏။ ဆရာမကြီးသည်လုံချည်အဝါကို ကိုင်၍ကြည့်လျက် စိတ်ဆိုးဟန်နှင့် ပြောဆို၍နေလေ၏။ အပြောခံရသူကား ဆရာဦးသာလှဖြစ်လေ၏။ "ဒီလုံချည်ဟာ ကျွန်မလုံချည်လို့ ရှင့်ကိုဘယ်သူပြောသလဲ၊ ဒီလောက်ဆိုးတဲ့ လုံချည်မျိုးကို ကျွန်မဘယ်သောအခါမှ အသုံးမပြုခဲ့ဘူး။ ကျွန်မတပည့်တွေ အားလုံးရှေ့မှာ ကျွန်မကို ဒီထဘီပေးပြီး လှောင်လား ပြောင်လားလုပ်တာလား"

"လှောင်တာမဟုတ်ပါဘူး၊ ခင်ဗျားလုံချည်ကို ကျုပ်အလုပ်ခန်းထဲမှာ မေ့ထားခဲ့လို့ပါ"

"ရှင့်အလုပ်ခန်းကို ကျုပ်ဘယ်တုံးကမှ မရောက်ဖူးပါဘူး"

"ခင်ဗျားရောက်လို့သာ ဘီထဘီကို ထားပစ်ခဲ့တာပေါ့"

"ကျုပ် ဒီလုံချည်ကိုမထားခဲ့ပါဘူး။ ဒီလုံချည်ကို တစ်ခါမှလည်း မမြင်ဖူးပါဘူး"



"စဉ်းစားစမ်းပါဦး။ ခင်ဗျားကျုပ်အလုပ်ခန်းထဲကို ဆေးဝယ်ဖို့လာပါတယ်။ ဒီအဝတ်ဟာလည်း ခင်ဗျားဝယ်ပြီးခါစ အဝတ်ဖြစ်တယ်။ ဒါကို ထားပစ်ခဲ့တယ်"

"မဟုတ်ပါဘူး၊ ကျုပ်ဝယ်လည်းမဝယ်ဘူး။ ရောက်လည်း မရောက်ဘူး"

ကျောင်းသားကလေးများကလည်း ရယ်မောလျက် ဝိုင်းကြည့်နေကြ၏။ ဆရာစောသည် ဆရာကြီးမြင်မှာစိုးသဖြင့် ဆိုင်တစ်ဆိုင်၏နောက်ကိုဝင်၍နေလေ၏။ ရန်တွေ့၍နေသော မိန်းမသည်ကား ဆရာမ မအေးမေပင်ဖြစ်လေ၏။

"သူမဟုတ်ပါဘူး"ဟူသော အသံတစ်သံ လက်ဝဲဘက်နားအနီး၌ကြားရသဖြင့် ဦးသာလှလှည့်၍ ကြည့်လိုက်ရာ ကြီးကြီးမားမား ကြမ်းတမ်းပုံရ သူကိုတွေ့ရလေ၏။ ဆရာဦးသာလှလည်း ထိုမကို မမြင်ဖူးပေ။ ဆရာစောကား မခင်ဖြစ်ကြောင်းကိုသိလေ၏။ ၎င်းမခင်က ဆရာမဘက်သို့လှည့်ကာ လက်ပိုက်လျက် "မဟုတ်ပါဘူးလို့ ကျုပ်ပြောတာပါ"ဟု ပြောလေ၏။ သူဝယ်ဆိုတာ မဟုတ်ဘူး ကျုပ်ပြောတာပါ"

မခင်မှာ ဒေါသနှင့် တုန်လှုပ်လျက်နေ၏။ ထိုနောက်ဆက်လက်၍ ပြောသည်ကား "ဘာအရှက်မရှိတဲ့မိန်းမ ဒင်းခိုးတာပဲ" မခင်ကပြော၏။

"အမယ်လေး ကျုပ်လိုအခြေအနေနဲ့ တစ်ယောက်ကို စော်ကားတာပဲ။ အခုလိုအစော်ကားခံရလေချင်းရှင် ဘယ့်နှယ်စွပ်စွဲတာလဲ"ဟု ဆရာမကြီးကပြော၏။

မခင်က ပြန်၍အော်သံကား "ဒါကို မြင်မြင်ချင်း ကျုပ်အဝတ် မှတ်မိတယ်။ကျုပ်သမီးအငယ်ဆုံးမကို အိမ်လွှတ်ပြီး အကြည့်ခိုင်းလိုက်တာ အကြည့်ခိုင်းတော့ အိမ်မှာဒီလုံချည်မရှိတော့ ဘာဖြစ်လို့မရှိသလဲ။ ရှင်ခိုးလို့ပေါ့"

ဆရာမ မအေးမေသည် မိမိ၏တပည့်များ ကြည့်၍နေသည်ကို သိလေ၏။ ကျုပ်ပုလိပ်ကိုတောင် ခေါ်ချင်တော့တာပဲ။ ဒီဟာမတရားစွပ်စွဲ

www.burmeseclassic.com

www.burmeseclassic.com

တာ အရှက်တကွဲအကျိုးနည်း ဒီလုံချည်ဟာ ရှင်လုံချည်ဖြစ်ရင်ခိုးတဲ့ လုံချည်ဆိုရင်ခိုးတာဟာ ကျွန်မမဟုတ်ဘူး။ ရှင့်အနားမှာရပ်နေတဲ့ လူဘဲ"

"အော်ဟုတ်သား"ဟု ဆရာ ဦးသာလုသည် ပြောပြီးလှည့်၍ ကြည့်လေ၏။

"ကျုပ်ဒီနေရာမှာ အစော်ကားမခံဘူး"ဟု ဆရာမကပြောပြီး အဝတ်ကို မခင်၏လက်မောင်းအောက်သို့ ထိုး၍ပေးပြီး ကျောင်းသားများကို စီတန်းခိုင်းကာ မိမိက ရှေ့ဆုံးမှာရပ်၍ မြန်မြန်လာကြဟု ပြောပြီးထွက်၍ သွားလေ၏။ ဆရာ ဦးသာလုလည်း ကျီးကြည့်ကြောင်ကြည့်နှင့် ကျန်ရစ်လေ၏။

"အဲဒါခက်တာပဲ။ ငါဒီဟာကို နားမလည်ဘူး။ ဘိုးစောကလည်း သေသေချာချာ ပြောတာပဲ"ဟု ဆရာဦးသာလုက ပြောလေ၏။

"ဘယ်သူပြောတာလဲ"ဟု မခင်က မေးလေ၏။

"ဆရာစော ကျုပ်ဆေးတိုက်က မန်နေဂျာဒေါက်တာကလေးပါ"

"အော်သူလား" ရှင်ဟာသူပြောတဲ့ ဆိုင်ရှင်ဆရာကြီးလား သူ ကျွန်မဆီမှာ ထမင်းလခနဲ့စားတယ်"

"အော်ဒီလိုဖြင့် ဒီကိစ္စရှင်းတော့မှာလား။ ကျုပ်ဆရာစောနဲ့ စကားပြောရဦးမယ်"

ထိုအခိုက်တွင် ဆရာစောသည် လစ်မှတော်မယ်ဟု အောက်မေ့ကာ လစ်၍သွားပြီး ကားပေါ်ကို တက်လေ၏။

တင့်စိန်က "ဆရာ အဝတ်မရသေးဘူးလား၊ မခင်ကိုမတွေ့ဘူးလား"ဟု မေးလေ၏။

"တွေ့တော့ တွေ့ပါတယ် သူတို့ဆူနေကြတယ်"ဟု ပြောကာစက်ကို အသော့အမြန်နှိုးလေ၏။ "ဆရာမကြီးပြန်သွားပြီ။ သူစိတ်ဆိုးပြီးကျောင်းကို ပြန်သွားတယ်။ မင်းအဝတ်ရှိရှိမရှိရှိ ငါကျောင်းကို အမြန်ပို့ရလိမ့်မယ်။ သို့မဟုတ် သူကျောင်းကိုအရင်ရောက်ပြီး မင်းမရှိတာကို မိသွားလိမ့်မယ်။ ဆရာကြီးဦးသာလုနှင့်မခင်တို့ တံခါးမှာရှိနေခိုက် ကားသည်တစ်ရှိန်ထိုး



ငင်းတို့၏ အနီးကိုဖြတ်၍သွား၏။ ကားကိုအရမ်းမောင်းတဲ့ အကောင်ပဲ။ ငါ့ကားမျိုးပဲ။ ဒီနံပါတ်လဲ ငါမြင်ဖူးပါတယ်။ ဟိုက် ငါ့ကားပါလား"ဟု ပြောပြီးပုလိပ်ကိုခေါ်လိုက်လေ၏။ ဆရာဦးသာလုသည် ကားကို လက်ညှိုးညွှန်လျက် ပုလိပ်အကြီးစား ၂ကောင်နှင့် လိုက်၍လာသည်ကို ဆရာစော မြင်ရလေ၏။ ငင်းတို့၏ ကားနီး၍ လာသောအခါ ဆရာစောနှင့်တင့်စိန် ကားပေါ်မှခုန်၍ ဆင်းပြေးလေ၏။

"အခုပြောချင်ရင် ပြောပြတော့ ကိစ္စမရှိတော့ဘူး"ဟု တင့်စိန်က ဆရာစောကို ပြောလေ၏။

ပုလိပ်အုရာရှိတစ်ယောက်က "ဒီသူငယ်မအဝတ်တွေ ပျောက်သွားတဲ့ သူငယ်မ မဟုတ်လား" ယနေ့မီးရထားရုံကရတဲ့ အဝတ်မှာ သူ့အဝတ်ဖြစ်ချင်ဖြစ်မှာပဲ"ဟု တစ်ယောက်ကပြော၏။

"ဒီလိုဖြင့် သူတို့ပြောတာဟာ အမှန်အတိုင်းလား။ မင်းလည်း ငါ့ကို မခင်နဲ့ရန်ဖြစ်အောင် လုပ်ပေးတဲ့ အကောင်ပဲ။ မင်းငါ့ကားကို ခိုးတယ်လို့ စွဲမယ်လို့တောင် အောက်မေ့တယ်။ ဒါမှကလဲ့စားချေမှာ"

"ဒါသူ့အပြစ်မဟုတ်ပါဘူး။ ကျွန်မကြောင့်ဖြစ်တာပါ။ ကျွန်မအတွက် သူဒါတွေကိုလုပ်တာပါ"ဟု တင့်စိန်က ပြောလေ၏။

"မင်းပြောတာမှန်တယ်" ဆရာဦးသာလုသည် တင့်စိန်ကို ကြည့်ကာပြုံးလျက်ပြော၏။ "ဒီလုံချည်ကို ယူပြီးမသွားရင် မင်းအလုပ်ပြုတ်မှာမဟုတ်ဘူး၊ တို့အတွက်ဖြစ်တာပဲ ဒီအတွက် မင်းကို (တိုက်ပစ်) အလုပ်ကိုပေးပြီး ဆိုင်မှာ ထားမယ်လုပ်မလား"

"ကျွန်မလုပ်ချင်ပါတယ်"

"အင်္ဂလိပ်လို တတ်တယ်မဟုတ်လား"

"ဆယ်တန်းနှင့် ဆရာဖြစ်တန်းအောင်ပါတယ်"

"မောင်စောလည်း မခင်နဲ့နေရတာမကောင်းပါဘူးထင်ပါရဲ့၊ မင်း ငါ့ကားနဲ့ဂါတ်ကို အဝတ်ယူအောင်သွားပေတော့"ဟု ပြောလေ၏။ ဂါတ်ကို သွားရာ၌ ဆရာစောကတင့်စိန်အား "ဆရာကြီးပြောသမျှကို အမှတ်မထား

www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့၊ ဆရာကြီးလွန်စွာကောင်းတဲ့လူပဲ မင်းနဲ့ငါလက်ထပ်တော့မယ့်အကြောင်းကို သူသိဟန်မတူဘူး။ မင်းဆရာမ လိမ်မယ်ဆိုတာကိုလဲမသိပါဘူး"

"ကျွန်မ ကျောင်းဆရာမ မလုပ်တော့ဘူး။ ကျွန်မ ကျောင်းဆရာမလုပ်တာထက် ဆရာကတော်လုပ်ရတာက သာပြီး အရာရောက်မှာပဲ" ဟု ပြောလေသတည်း။ ။

ဖေဖော်ဝါရီလ၊ ၁၉၃၉ ခုနှစ်၊ ကြီးပွားရေး မဂ္ဂဇင်း။

□

# ဒဂုန်ထီး

## အခန်း(၁)

"မေမေရယ် ဒီလောက်တောင် ပူပင်နေဖို့မရှိပါဘူး။ ကျွန်မတို့မှာ သဘောကျ လှူဒါန်းခဲ့တဲ့ အသုံးများများမပါလာလို့ အခုလိုအရေးမှာ ကုသိုလ်ပါဝင်ချင်ပါလျက် မပါဝင်ပဲနေရတာပါ။ ဒီအရေးမှာ မလှူရရင် နောင်များစွာနှင့် လှူဒါန်းဖို့ အခါအခွင့်များ ပေါ်လာပါလိမ့်ဦးမယ်" ဟု ပြောကာ မလှကလေးသည် မျက်နှာမသာမယာနှင့် ဆေးပေါ့လိပ်ကို ဖွာကာ ခွေလျက်ထိုင်၍နေသော မိခင်အပါးသို့ကပ်ကာ ပြောရှာလေ၏။

မိခင်ဒေါ်မြ လှူဖို့တန်းဖို့ အခြားအရေးတွေ ပေါ်မယ်ဆိုတာကို မေမေသိပါတယ် သမီးရယ်... နို့ပေမဲ့ အလွန်တရာတန်ခိုးကြီးတဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေထီးတော်ငှက်မြတ်နားပြင်ရာမှာ ရွှေဆွဲလွဲကလေးတစ်လုံးမျှ ကုသိုလ်မပါ ဝင်လိုက်ရရင် မေမေဖြင့် စားလို့တောင် မဝင်နိုင်ရှိတော့မှာပါပဲ။ တစ်ကယ်ဆိုတော့ ရွှေဒင်္ဂါးကလေးတစ်ပြား၊ နှစ်ပြားရရင် ဆွဲလွဲကလေးတစ်လုံးတော့ဖြစ်မှာပါပဲ။ များတာလည်း မဟုတ်ပါဘူး"

မလှကလေး။ ။ "သိပါတယ် မေမေ၊ မေမေကလည်း ရှာနိုင်ဖွေနိုင်တာမဟုတ်။ လှကလည်း မိန်းမသားမို့ ဒီစက်ကလေးကို လေ့ထွက်ကနေဝင်ထိုင်ပြီး တွင်တွင်ကြီးနင်းနိုင်မှ သားအမိနှစ်ယောက်သုံးဖို့စားဖို့ကို

www.burmeseclassic.com

www.burmeseclassic.com



အနိုင်နိုင်ရပါတယ်။ လုဖြင့် မကြဲတတ်အောင်ရှိတာပါပဲ"

မြ။"ဘယ်တတ်နိုင်မလဲ သမီးရယ်။ လှုဖို့ရန်သဒ္ဓါတရားစိတ်အားထက်သန်ပါလျက်အကြောင်းမညီညွတ်လို့ မလှူရတာကိုသမီးကလေးစိတ်ပူစရာမရှိပါဘူး။ မေမေက ငွေရအောင် ရှာရကောင်းစေလို့လည်း မပြောပါဘူး။ မလှူရသည့်အတွက် မေမေစိတ်မကောင်းတာတစ်ခုပါပဲ"

ဒေါ်မြသည်မုဆိုးမဖြစ်၍ အသက်၁၆ နှစ်ခန့်ရှိသောသမီးပျိုကလေးမလုကလေးနှင့် ဒီစကြိတ်မြို့နယ် တစ်ခုမှာနေလေရာ ခေတ်ကာလကျပ်တည်းခက်ခဲခြင်းကြောင့်၊ မြို့ငယ်များမှာ အရှာရ အဖွေရ၊ ငွေအရမလွယ်သည်အတွက် "ချုံကိုတိုးက ပုဆိုးစုတ်သည်ဟူသော စကားအရဆင်းရဲသူတို့မှာ ကျေးရွာမြို့ငယ်မှာနေခြင်းသည် သာလွန်ဆင်းရဲဖို့သာရှိသည်။ ရန်ကုန်မြို့ကြီးကိုမှီမှ ဝမ်းခါးလှုဖို့ရှိသည်ဟုဆိုကာ" ရန်ကုန်မြို့အနောက်ပိုင်းသို့ ပြောင်းရွှေ့လာကြပြီးလျှင် သေးငယ်သော အခန်းတစ်ခုကိုငှားကာ အပ်ချုပ်စက်ကလေးတစ်လုံးနှင့် အသက်မွေးကြရရှာလေ၏။

အဆိုပါ ညနေအချိန် အိမ်ခန်းမီးရောင်မှိန်လျက် အိမ်ရှေ့ခပ်လှမ်းလှမ်းမှ ဖြူဝင်းတောက်ပစွာ ထွန်းလင်း၍နေသော ဓါတ်မီးတိုင်မှ မိမိတို့၏ အခန်းသို့ ရိုက်ဆင်းသည့် ဓါတ်မီးရောင်တွင် သားအမိနှစ်ယောက်ယှဉ်ကာထိုင်လျက် ငေးမှိုင်တွေဝေကာနေကြလေရာ မလုကလေးသည် မိမိထံသို့ လာရောက်ဖူးသော မောင်မောင်ကလေး၏မျက်နှာကို ကွင်းကွင်းကွက် ကွက်ထင်မိမြင်မိလေ၏။

ငှင်းမောင်မောင်ကလေးသည် အိမ်မက်တွင် ပေါ်ပေါက်သော နတ်သားပမာ ယခုမှ လုံးလုံးကြီးမခေါ်လေဘဲ ဆင်းရဲသော မလုကလေးကို မျက်နှာလွှဲ၍ နေလေ၏။ ရန်ကုန်မြို့သို့လာပြီးနောက် လပေါင်းများမကြာမီအတွင်း မလုကလေး၏လှပသောရုပ် ပြေပြစ်သောအမူအရာဣန္ဒြေလက္ခဏာတို့နှင့် ပိပိပြားပြား အိမ်၌အလုပ်လုပ်ကာ မိခင်ကိုကြည့်ရှုကျွေးမွေး၍နေသော အခြင်းအရာတို့သည် ပန်းသတင်း လေညှင်းဆောင်လူသတင်း လူချင်းဆောင်ဟူသော စကားအရ သတင်းပျံ့နှံ့၍ သွားလေရာ



မည်သူ မည်ဝါ မည်သို့သော အမျိုးအနွယ်ဟူသော သေချာစွာသိရသောမိမိနှင့်ရွယ်တူ ယောကျ်ားကလေးတစ်ယောက်သည် မလုကလေး၏အိမ်ရှေ့တွင် တစ်နေ့လျှင် နံနက်တစ်ကြိမ် နေ့လယ်တစ်ကြိမ် ညနေတစ်ကြိမ် သုံးကြိမ် တိတိလျှောက်သွားလေ့ရှိ၏။ ထိုကဲ့သို့ လမ်းလျှောက်ခြင်းသည် အစာစားပြီးမှ လျှောက်လေသလား မစာမစားရသေးမီ လျှောက်လေသလား မသိရချေ။ ရောဂါဝေဒနာတခုခု စွဲသည့်အတွက် တစ်နေ့ သုံးကြိမ်ဆရာဝန်က ဆေးမသောက်နိုင်းဘဲ၊ မလုလေး၏အိမ်ရှေ့တွင် တစ်နေ့သုံးကြိမ်လျှောက်ရမည်ဟူ၍ အမိန့်ပေးထားလေသလားဟူ၍ တွေးထင်စရာ ဖြစ်လောက်အောင် အချိန်မှန်သူတစ်ယောက်ဖြစ်လေ၏။

လုကလေးသည်ကား ယောကျ်ားကလေးလုလှကို နေ့စဉ် မိမိ၏ရှေ့၌မြင်ရသောကြောင့် နဂိုစိတ်ရင်းကပင် မကမြင်းခြင်း၊ နန့်ခြင်း၊ လော်မာခြင်း မရှိငြားသော်လည်း ငယ်ရွယ်သူတို့၏ သဘောတရားအတိုင်း သူငါ့ကို ကြိုက်၏ဟူ၍ သိသည်နှင့်အညီ ထိုအသိသဘောသည် ချိုနှစ်သိမ့်မွယ်သော စတုမဓုအိုးနှင့်တူလေရာ လုကလေး၏ အသိစိတ်ဉာဏ်သဘောသည် ငှင်းအိုးသို့ ကျဆင်းအပ်သော အချိုကြိုက် ပိုးပုရွက်ကဲ့သို့ဖြစ်ပြီးလျှင် နှစ်သိမ့်ကြည်လင်လျက် များစွာအလုပ်တွင်ခဲ့လေ၏။

တစ်နေ့သော နံနက်ခင်းအချိန် အိမ်နီးချင်းမပုကရုပ်အင်္ကျီတစ်ထည်ချုပ်ဖို့ရန် လာ၍အပ်လေ၏။ ရုပ်အင်္ကျီအတိုင်းနမူနာ တစ်ပတ်နွမ်းလည်းပါလာလေရာ ထိုအတိုင်း ရုပ်အင်္ကျီမှာ မွေးကြိုင်သော အနံ့များစွဲ၍နေသည်ကို တွေ့ရှိသေး၏။

လုကလေးသည် အလုပ်ကိုလက်ခံရင်း မချိုမချဉ် မျက်နှာထားနှင့်၊ အင်္ကျီကိုအပ်သော မပုအား "ဘယ်သူ့အင်္ကျီလဲ"ဟု မေးလိုသော်လည်း မေးသင့်သောအရာမဟုတ်ပါလေဟု စက်ကိုချုပ်ကာ မမေးဘဲအလုပ်ကိုလက်ခံရင်း မပုနှင့်အတူ မိခင်ပါသုံးယောက်သား ကွမ်းစားလျက် သင်ဖြူးချောချောထက်တွင် စကားပြောနေပြီးမှ အတန်ကြာသောအခါ မပုက "သေသေသပ်သပ်ချုပ်ပေးပါတူမရယ်" ဒီအင်္ကျီဟာ အစ်ေတူ ကလေး

www.burmeseclassic.com



တစ်ယောက်အကျီပါ။ သူက အင်မတန် ဇီဇာကျယ်လွန်းလို့ပါ" ဟုပြောပြီး မလှကလေးအား တစ်စုံတစ်ခုသော အကြောင်းအရာကို တိုးတိုးတိတ်တိတ်ကြိတ်ကာအလွန်တရာပြောလိုသောလက္ခဏာနှင့်ပြန်သွားရာလေ၏။

လှကလေးသည်ကား စိတ်ထဲ၌ ယီးတီးရားတားဖြစ်၍နေပြီးနောက် မပုထွက်သွားသောအခါ ရုပ်ကျီ စကလေးကို အုပ်လိုက်ပိုက်ကာ အတိုင်းဖြစ်သော တာဖက်တာ ရုပ်အကျီဝါကျင်ကျင် မွှေးမွှေးကြိုင်ကြိုင်ကို ပခုံးထက်တွင်တင်လျက် အိမ်အခန်းထဲသို့ဝင်ကာ"သည်ရုပ်အကျီဟာ ဘယ်သူ့ဟာပါလိမ့်မလဲ။ ရေမွှေးအနံ့ကလေးကလည်း မွှေးပါဘိသနဲ့။ အင်မတန်ချစ်စရာကောင်းတဲ့အနံ့ကလေးပါပဲ။ ရုပ်အကျီကိုယ်ထည်ကဖြင့် လွန်စွာမကြီး၊ပိန်ပိန်ပါးပါးမို့ သူကများလာပြီး အအပ်ခိုင်းလေသလဲ"ဟုတွေးတောကာ ရုပ်အကျီကအမွှေးနံ့ကို ခံယူရှုရှိုက်ရင်း မိမိအိမ်ရှေ့၌ တစ်နေ့လျှင်သုံးကြိမ်လျှောက်လေ့ရှိသော ယောကျ်ားပျို လူချောညိုစိမ့်စိမ့် ကလေး၏ မျက်နှာကို ထင်မိမြင်မိလေ၏။

ထိုကဲ့သို့ ထင်မိမြင်မိသည်အခါ ရင်ထဲမှာ လှိုက်ဖိုလျက်နေလေ၏။ ရုပ်အကျီပြီး၍၊ မပုအားပြန်၍အပ်လိုက်ပြီးနောက် နောက်တစ်နေ့အိမ်ရှေ့တွင် အကျီချုပ်လျက်နေလေရာ လမ်းလျှောက်သမား ယောကျ်ားပျို၏ကိုယ်ပေါ်၌ ထိုရုပ်အကျီကိုတွေ့ရလေရာ အံ့အားသင့်လျက် ရှက်လည်းရှက်နှင့် ၎င်းယောကျ်ားပျို၏ မျက်နှာကို မော်၍မကြည့်ဝံ့အောင်ရှိလေ၏။

ထိုနောက် တစ်စတစ်စ မပုကအကြောင်းပြု ဆက်လက်၍ နေကြလေရာ တစ်နေ့သ၌ ရဲတင်းသော ယောကျ်ားကလေးသည်။ အိမ်နောက်ဘေးမှ တိတ်တိတ်တက်ကာ လှကလေးကိုလာ၍ စကားပြောလေ၏။

လှကလေးသည် ရဲသူကိုအချစ်ဝင်ပြီး ပျိုရွယ်သူတို့ဘာဝမဆင်ခြင်ဘဲအကြင်နာစောမိလေရာ ပိုးထိသောသတ္တဝါကို အဆိပ်မွှန်ပြီးလျှင် အဆင်ခြင် တရားကင်းပြီး မှားယွင်းခြင်းသို့ရောက်ရာခဲ့လေရာ ထိုအကြောင်းအရာများ တစ်စတစ်စ ပျံ့နှံ့၍သွားသဖြင့် ယောကျ်ားပျို မောင်မောင်ကလေး၏ မိဘများသိကြလေ၏။



ထိုအခါ အမိအဖများသည် မိမိတို့၏ သားကိုဖြားယောင်းနားချလျက် အခြားဂုဏ်အသရေရှိ မိန်းမပျိုတစ်ယောက်နှင့် ပေးစားရန် စီမံကာ မောင်မောင်ကလေးအပေါ်၌ ကြပ်တည်းစွာစောင့်ကြပ်ထားကြလေရာ မောင်မောင်ကလေးမှာ မလှကလေးကို မမုန်းသော်လည်း မိဘစကားကို နားထောင်ပါတော့မည်ဟု သဘောပိုက်ခြင်းကြောင့်တစ်ကြောင်း ဂုဏ်သရေရှိ မိန်းမပျိုက မြူချိုကာယုယလျှင် ချစ်ကြောကို မကြာခဏဆွသောကြောင့်တစ်ကြောင်း မလှကလေးကို မေ့မေ့လျော့လျော့ဖြစ်၍နေလေရာ လှကလေးမှာ ရုပ်ရည်လှပါလျက် ဓနဂုဏ်ကင်းမဲ့သောကြောင့် ဖျက်ဆီးကာ ကြောခြင်းကို ခံရသည်ဟု ယူကြုံးမရဖြစ်ကာ မပျက်သည့်အချစ်ဟာက မကြာခဏနိုးလာ၍ဆွသောကြောင့် မိမိကိုစွန့်ပစ်ခါ အခြားမှာပျော်ပိုက်၍နေရှာသူအတွက် ချမ်းသာစေကြောင်း ပန်းသပြေနှင့် ညောင်ရေလောင်းလျက် တသက်တသက်နှင့် တမက်မက်တွေးကာ "သူငါ့ကိုမုန်းမှာမဟုတ် သူငါ့ကိုချစ်ရက်နဲ့မတတ်နိုင်လို့ ခွဲရတာပါပဲ။ အခုဖြင့်သူ့စိတ်ဟာပြောင်းပြီး ဟိုလက်ကိုရောက်နေပြီ ထင်ပါရဲ့။ ဂုဏ်ရှိတဲ့အမျိုးသမီးက အဖိုးကြီးတဲ့အခါမို့ ငါ့ကိုယခုလို စွန့်နိုင်ရှာတာပါပဲ"စသည်ဖြင့် မိမိပိုင်ဖူးသောအချစ်ဟာ မိမိထက်ဂုဏ်ကြီးသော အမျိုးသမီးတစ်ယောက်၏ထံသို့ရောက်၍နေသည်အကြောင်းကို တွေးတောအသည်းကို ဆားနယ်သကဲ့သို့ ဖြစ်ရှာသော်လည်း မိမိ၏ဝိဘာဂ ကံကြမ္မာကိုသာ အပြစ်တင်လျက် မောင်မောင်ကလေးကို လုံးလုံးကြီး အပြစ်မတင်ဘဲ သနားလျက်သာ နေရှာလေသတည်း။

မပုမှာမူ တတ်အားသမျှလှကလေးနှင့် တွေ့သည်အခါ အားပေးလျက်နေရှာလေ၏။

မိခင်သည်ကား သမီးကလေးမှာ အဘယ်သို့သောအမှုရှိသည်ကို တစ်စတစ်စ သိရှာလေ၏။ သို့ဖြစ်သောကြောင့် သမီးကလေးအတွက် ပူရတက်ပွားရသည့်အရေးကို ကုသိုလ်ကောင်းမှုပြုခြင်းဖြင့် ပြေပျောက်အောင် ကြံစည်မည်ဟု အကြံပြုကာ အဘယ်ပုံကြံစည်၍ ပြုရမည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေးတောကာ အဆိုပါ ညနေချမ်းအချိန်တွင် သားအံမိနှစ်ယောက် စိတ်အားငယ်ငယ်နှင့် ယှဉ်ကာထိုင်ရင်း မှိုင်လျက်နေကြလေ၏။

လှကလေး ။ "မေမေ ဒီလောက်တောင်ပူမနေပါနဲ့ မေမေရယ်၊ လှ ကြံပါဦးမယ်"

မိခင်သည် အံ့အားသင့်သော အမူအရာနှင့် သမီးကိုကြည့်ကာ မသက်သောလက္ခဏာကိုပြရင်း "ညီးလင်ဆီကိုသွားပြီး တောင်းမလို့လား။ ညီးလင်ကို စိတ်မကုန်သေးဘဲ ယခုထက်တိုင်အားကိုးပြီး နေသေးသလား"

လှ ။ ။ "မဟုတ်ပါဘူး မေမေရယ်။ သူ့အကြောင်းကိုမပြောပါနဲ့ မေမေ။ လှမှာရှိတဲ့အနာကို အင်မတန်တုတ်နှင့် ဆွချင်တာကိုး။ လှသူ့အပေါ်မှာ ဘယ်လိုမှ သဘောမထားတော့ပါဘူး မေမေရဲ့။ စိတ်သာချပါ မေမေရဲ့။ လှမှာ ချစ်ခင်တဲ့ မိန်းမအသိမိတ်ဆွေ ရှိပါသေးတယ်။ သူတို့ဆီမှာ လှငွေကလေးလှည့်ရရင် ရမလားလို့ စိတ်ကူးတာပါ"

မိခင် ။ ။ "အေး အေး သည်သူငယ်အကြောင်းကို မတွေးပါနဲ့တော့ သမီးရယ် မမှားသောရှေ့နေ မသေတဲ့ဆေးသမားတဲ့။ ငယ်ရွယ်သူဆိုတာ မှားတတ်တာလား။ မှားပြီးလို့ မကောင်းမှန်းသိရင် စွန့်လိုက်တာပေါ့သမီးရယ်။ အခုခေတ်ကာလ ယောကျ်ားကလေးတွေဟာ ဆင်းရဲတဲ့အမျိုးသမီး လှလှချောချောကလေးများကို မြင်ရင် နှမချင်းမစာနာ မိခင်ချင်းမစာနာ ခေတ်ကာလယဉ်ကျေးခြင်းဆိုတဲ့ နှုတ်ခမ်းကလေးပလီပလာနဲ့ လှည့်စားဖျက်ဆီး သဘောထားကြတာပဲ။ ဒီတော့ဆင်းရဲသူ မိန်းကလေးများမှာ ရပ်ရည်ချောလေ ရန်သူများလေဖြစ်ပြီး မြန်မာမျိုးချစ် ယောကျ်ားတို့က ဖျက်ဆီးလို့ အားရပြီဆိုမှဖြင့် လူမျိုးကွဲတရပ် ကုလား ဗိုလ်ကပြားများက ဆယ်ယူ ကြရတာသာများတော့တာပဲ။ အဲသည်လို မျိုးချစ်မြန်မာလူမျိုးများ၏ စော်ကားဖျက်ဆီးခြင်းကိုဖြင့် ငါမခံလူမျိုးကွဲကိုပဲ ကြံဖါတော့မည်ဟု စိတ်အကြံပြုမိပါလျှင်လည်း မျိုးဆွေမစောင့်သူ မိန်းမယုတ်လို့ကဲ့ရဲ့ခြင်းများကို ခံကြရပြန်တာပဲ။ ဒီတော့ ဆင်းရဲတဲ့ မိန်းမလှကလေးများ ဘဝဟာ အလွန်တရာမှ အားကိုးရာမဲ့တဲ့ ဘဝဖြစ်နေတော့တာပါတဲ့။"



လှ ။ ။ "ဒီလိုပါမေမေရယ်။ ယောကျ်ားကလေးတွေကိုလည်း များများကြီးအပြစ်တင်ဖို့မသင့်ပါဘူး။ အပြစ်တင်စရာရှိတာက ယောကျ်ားကလေးများရဲ့ မိဘဆွေမျိုးဖြစ်ပါတယ်။ ကိုမောင်ကလေးစိတ်ကို လှသိပါတယ်။ သည်လောက်တောင်ရိုင်းပျရက်စက်တဲ့ စိတ်မဟုတ်ပါဘူး မေမေ။ သူ့မိဘများက ပညတ်လို့နဲ့တူပါတယ်။ နို့ပေမဲ့လေ သူ့ ကိုယ်တိုင်ကလည်း မျက်နှာများတတ်လို့ ထင်ပါရဲ့မေမေရယ်"ဟု စိတ်လျှော့သော **အမူအရာ**နှင့် ပြောလေ၏။

မိခင် ။ ။ "ဒါပေါ့သမီးရယ်။ သူ့ကိုယ်တိုင်ကလည်း စိမ်းကားရက်စက်လို့ ဒီလိုနေနိုင်တာပေါ့။ နောက်ကို ဒီအရေးမျိုးမှာ လူကြီး မိဘကို မတိုင်ပင်ဘဲ မိဘကအခွင့်မပေးဘဲနဲ့ ကိုယ်ဘာသာ တိတ်တိတ်ပုန်းအလိုတူမယ်ဆိုရင် အခုလို အရှက်ကွဲအကျိုးနည်းဖြစ်မယ်ဆိုတာ အမြဲမှတ်ပါသမီးရယ်။ အခုလူသူလေးများစွာ မသိကြသေးလို့ တော်ပါသေးရဲ့။ နောင် မတော်တဆ လူသိနတ်ကြား ထပ်မံဖြစ်ပွားမယ်ဆိုရင် မေမေရင်ကွဲပြီးသေဘို့သာ ရှိတော့တာဘဲ။ မှားပြီးတာ မှားပါစေတော့ သမီးရယ် နောက်ထပ်ပြီးမမှားရအောင်သာ ကြပ်ကြပ်ကြီးသတိထားပါသမီးရယ်။ ဒါထက်ဘုရားကြီး ထီးတော်ရေးမှာ မေမေထက်သန့်ထားတဲ့ စေတနာကလေး အထမြောက်သွားရင် အင်မတန်ကောင်းမှာပဲ"

လှ ။ "လှကြိုးစားပါ့မယ် မေမေရယ်၊ သည်လောက်တောင် စိတ်မပူပါနဲ့ သူတပါးဆင်းရဲသားများမှာ နေ့ဖို့ညစာမလျှင်အမိမှာအတွက် ပူကြပင်ကြရပါတယ်။ မေမေမှာတော့ကာ လှူဖို့ပူနေရတာပါ"ဟုပြောပြီးထိုင်ရာမှထ၍သွားပြီးလျှင် အိမ်မှုကိစ္စလုပ်ငန်း အတိုအစတို့လုပ်ကာနေလေ၏။

ထိုကဲ့သို့ လုပ်ကိုင်၍နေရင်း ရန်ကုန်မြို့၌ သားအမိနှစ်ယောက် ဆင်းဆင်းရဲရဲနေရသည့်အကြောင်းကို တွေးမိသောအခါ ဖခင်မသေမီက သင်ပေးခဲ့တဲ့ ပညာကလေးကိုများ အသုံးချလိုက်ရလျှင် မကြာမီ သားအမိနှစ်ယောက်အနေချောင်ပြီး ပြည်ဘောင်မှာ သတင်းမွှေးလျက် ဆွေတွေ စိန်တွေလက်လက်နှင့် မိခင်စိတ်ကျေနပ်အောင် လှူတန်းရမှာပဲလို့ စိတ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



အောက်မေ့လေ၏။

ထိုပညာသည်ကား အခြားမဟုတ်ကွယ်လွန်သူ ဖခင်စောင်းဆရာကြီး သင်ပေးခဲ့သော အဆိုအက အတတ်ဖြစ်လေသည်။ မလှကလေးသည် အခါများစွာ အငြိမ့်ပွဲများကြည့်သည့်အခါ ဤ အငြိမ့်သမများလောက်ဖြင့် ငါလည်းဖြစ်ရဲ့ဟုစိတ်ထဲမှာ မှတ်ယူမိသည် သာမက ထို အငြိမ့်သမတို့၏ မတော်သောအမူအရာ အသုံးအနှုန်းများစွာတို့ကိုပင် သတိထားမိလေ၏။

သို့သော်လည်း ၎င်းစိတ်အကြံသည် အဘယ်သောအခါမှ အထမြောက်နိုင်ဖို့မရှိသကဲ့သို့ဖြစ်လေ၏။ အကြောင်းကိုဆိုသော် မိခင်သည် ၎င်းအကြံကို သဘောမတူသည့်ပြင် အရပ်သူဘဝမှ ကချေသည်ဘဝသို့ ရုတ်တရက်ကူးရမည်ဆိုလျှင် ဘဝသစ်ကူးသကဲ့သို့ ဖြစ်မည် ဟု စိတ်၌ မှတ်ထင်ကာနေလေ၏။ သို့သော်လည်း တစ်ရံတစ်ခါ အလွန်တရာ ဆင်းရဲသောဘဝကို ဆင်ခြင်မိသည်အခါ၌၎င်း "ငယ်ကချစ်အနှစ်တစ်ရာမမေ့သာ ငယ်ကပေါင်းအနှစ်တသောင်းမမေ့ကောင်း"ဟူသော စကားအရပျိုရွယ်ခိုက်မှာ တွေးပြီးနောက် ပူပူနွေးနွေးအချစ်အရှိန်အရသာ ဖမ်းစားသည့်ပီတိဟာ တရှိန်ရှိန် ကိုယ်မှာခံစားလျက်ပင် နေရသကဲ့သို့ဖြစ်သောကြောင့် တရေးရေးတမက်မက် စားရာမှာတစ်မက်မက် စက်ရာမှ တစ်သက်သက် နိုးရာမှာတစ်လက်လက် မျက်နှာကိုသာလျှင် မပျက်မကွက် အမြဲထင်မြင်လျက်နေသောကြောင့် စိတ်လက်မှုကြေစေတော့ အပူကိုအပျော်နှင့်ဖျော်ကာဖြေရအောင် အငြိမ့်ဇာတ်ထဲကိုသာ ဝင်လိုက်ချင်တော့တာပဲဟု စိတ်ထဲတွင် အောက်မေ့ကြံစည်မိလေ၏။

## အခန်း (၂)

တစ်နေ့သ၌ ညနေချမ်းအချိန် မလှကလေးသည် မိမိ၏ သူငယ်ချင်းတစ်ယောက်၏အိမ်သို့ စိတ်လက်မကြည်မသာနှင့် ငွေစကြေးစ ချေးငှားရန်သွားလေရာ ငွေကိုမရ လမ်းမတော်ရပ်၌ အပြိုင်ကလျက်ရှိသော အငြိမ့်ပွဲတစ်ခုသို့ လိုက်ရမည်ဟု မိမိသူငယ်ချင်း မိန်းမဖော်ကအတင်း



ခေါ်သောကြောင့် စိတ်လက်မသာမယာနှင့်ပ[illegible]ိုက်[illegible] သွားရလေ၏။

အကြောင်းမှုကား ၎င်းသူငယ်ချင်း မိန်း[illegible] ယ[illegible]ညအငြိမ့်ပွဲကို လိုက်မှသာ နက်ဖြန်ကာငွေ ၃ဝိ ချေးမည်ဟု အတင်းအကျပ်ပြောလေ၏။ သို့ဖြစ်သောကြောင့် လမ်းမတော်ရပ်တွင် ထိုနေ့ည၌အပြိုင်ကလျက်ရှိသော အငြိမ့်ဆုပွဲကြီးသို့ မလှကလေးသည် မိမိ၏အဖော်နှင့် သွားရောက်ကြည့်ရှုလျက်နေလေ၏။

ထိုအငြိမ့်ပွဲသည် ရန်ကုန်မြို့ရှိအငြိမ့်ဇာတ် ကချေသည်အပေါင်းတို့ စုံပြိုင်ကပြသော အပြိုင်အငြိမ့်ပွဲဖြစ်လေရာ တရုပ်သူဌေးမင်းဆောင်တစ်ဦးက ငှား၍ကပြသော အငြိမ့်ပွဲကြီးဖြစ်သဖြင့် လွန်စွာကြီးကျယ်လေ၏။ အငြိမ့်သည် ဇာတ်မင်းသမီးတို့သည်လည်း အစွမ်းကုန်ကပြကြလေ၏။ မလှကလေးသည်ထိုအငြိမ့်သည်တို့ကို မြင်ရသောအခါ ငါအဘယ်အတွက် သူတို့ထက်မဆိုမကနိုင်ရမည်နည်း၊ ၎င်းတို့ကပုံဆိုပုံ အမူအရာသည် အဘယ်မှာ ခက်ခဲပါဘိသနည်းဟု စိတ်ထဲတွင်အောက်မေ့ကာ အားကျလျက် စိတ်ထဲတွင်တရွရွဖြစ်ကာ မခံချင်သောစိတ်လည်း ပေါ်ပေါက်လာလေ၏။

ထိုကဲ့သို့ပေါ်ပေါက်၍လာသည်အတွင်း အကောင်းဆုံးအငြိမ့်မင်းသမီးမှာ အများဆုံး ဆုတော်လာဘ်တော်များရမည်ဟူသော အကြောင်းကို သိရလေ၏။

ထိုအခါ 'ရွှေတိဂုံဘုရားကြီး၏ ငှက်မြတ်နားကြီးအတွက် အလှူတော်ပါဝင်ချင်သော မိခင်၏ စိတ်စေတနာအဘယ်မျှလောက် ထက်သန်၍နေသည်ကို တွေးမိသဖြင့် မိခင်၏အလိုကိုပြည့်စုံစေရလျှင် တော်ပြီဟု အောက်မေ့ကာ အလှူအတွက် မိမိပါစိတ်အားထက်သန်၍ လာလေ၏။

ထိုကဲ့သို့ စိတ်အားထက်သန်၍ လာသောအခါ ငါ၌ရှုံးသွပ်သော စိတ်ပေါ်ပေါက်၍လာလေပြီ ဟု မှတ်ယူကာ တက်ကြွ၍လာသော စိတ်ကို ဖိနှိပ်၍ထားလေ၏။ သို့သော်လည်း ဓွဲရင်းတိုင်း ဝါသနာတတ်ကျွမ်းသည့် ပညာဟာ ထက်သောသဒ္ဒါနှင့်ပေါင်းစပ်မိလေရာ နှိပ်ကွပ်၍မရနိုင်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏အဖော်၊ မိန်းမပျို မသိန်းအား မေးလိုသဖြင့် လက်နှင့်ကုတ်လေရာ ၎င်းမိန်းမပျိုက "ဘာလဲအေ့ ဟိုအကောင်ဟာလား အသာနေပါ ငါသိပါတယ်" ဟု ပြန်ပြောကာ လုကလေးကို လှည့်၍မကြည့်ဘဲ ဘီအေပေါင်းနှင့် မိမိဘက်သို့ တစ်ခါခါ စောင်းငဲ့ကာကြည့်သော ယောကျ်ားကို တချက်တချက်စောင်းငဲ့ကာ ကြည့်ရင်း သိမ်သရေ မနည်းရအောင် သိမ့်ကြီးချေး ဖွင့်လှစ်ကာထားလေ၏။

လှ။ ။ "ညီးလင်။ တကတည်း ဘယ်အကောင်ဟာလဲ ငါမေးစရာရှိလို့ပါအေ"

သိန်း ။ ။ "အသာနေပါအေရဲ့ ဣန္ဒြေမဲ့တာလိုဖြစ်သွားပါမယ် ညီးကြည့်တာလား ငါ့ကြည့်တာလားအေ့"

လှ။ ။ "အို ဒီအကောင်မဟာ ဘာများဖြစ်နေပါလိမ့်မလဲ။ တကတည်း ဒီမှာမေးစရာရှိလို့ပါ"ဟုပြောသော်လည်း မသိန်း၏စိတ်သည် တကြိတ်ကြိတ် ပွစိပွစိနှင့်၊ ငွမ်းဆီထိ ရွှမ်းရွှမ်းပိုကာ မြင်ရုံနှင့်အလွမ်းပို၍နေလေရကား မလှကလေးပြောသောစကားများကို ဆိုင်းသံဗုံသံကြောင့် များစွာမကြားရဘဲနေလေရာ ထပ်ခါထပ်ခါ တကျော်ကျော်မေးနိုင်မှ မသိန်းကလှည့်ကာကြည့်ပြီး "ဘာလဲအေရဲ့ တကတည်းမှပဲ၊ ဒီလောက်တောင်မနေနိုင် မထိုင်နိုင်ဖြစ်ရတဲလဲ။ ညည်းကိုကြည့်တာ မဟုတ်ပါဘူး ငါ့ကိုကြည့်တာပါ၊ သူ့ဘာသာသူကြည့်လို့၊ ပဲ့ပါသလားအေရဲ့"ဟု ပြောလေ၏။

လှ။ ။ "အို ဒီဟာကို ပြောတာမဟုတ်ပါဘူး၊ မသိန်းရဲ့ ဒီအကောင်မဟာ ဘာဖြစ်ဖြစ်နေပါလိမ့်မလဲ။ သူ့ဝါသနာပါတာကို ချည်းတွေးနေတာပဲ။ တစ်နေ့နေ့တော့ရမှာပဲအေ့။ ဒါထက် ငါမေးချင်တာက ဒီလိုပါ ဒီအငြိမ့်ဟာ အပြိုင်အငြိမ့်ဆိုရင် ဘယ်သူမဆို တက်ပြီး ကနိုင်မယ်မဟုတ်လား"

သိန်း။ ။ "အငြိမ့်သည်ဆိုရင် ကနိုင်တာပေါ့"

လှ ။ ။ "အငြိမ့်သည် မဟုတ်ဘူးအေ ငါတက်ပြီးကမယ်ရမလား"

ထိုအခါ မသိန်းသည် အံ့အားသင့်သော မျက်နှာနှင့်ကြည့်လျက် "ညီးတက်ပြီး ကရင် ငါဝေးဝေးက ကြည့်ပါစေအေရဲ့။ နေရာပြောင်းဖို့ အချိန်ပေးပါဦး" ဟု ပြောလေ၏။



လှ ။ ။ "ဘာဖြစ်လို့လဲအေ့"

သိန်း။ ။ "အုတ်ခဲတို့၊ ပုလင်းတို့ စက်ပြီးမှန်မှာစိုးလို့ပါ။ ချမ်းသာပေးပါ မင်းကြီးမရယ်၊ ဒီနေ့ ညကြည့်တဲ့သူများ ချောချော မောမော ကြည့်ကြပါစေ"

လှ ။ ။ "အိုညီးက ငါ့ကို သည်လောက်တောင် အထင်သေးသလားအေရဲ့၊ ငါ့အငြိမ့်သမတွေကို တစ်ယောက်မှမကြောက်ဘူး။ ငါ တက်ပြီး ကချင်တယ် ညီးကြံမပေးနိုင်ဘူးလား"

သိန်း ။ ။ "ဟုတ်မှ လုပ်ပါအေရဲ့။ ညီးတကယ်ကတတ်သလား သည်ပွဲဟာ ဘယ်သူစီမံတယ်ဆိုတာ ငါသိတယ်။ ငါပြောလိုက်ရင်ပြီးမှာပဲ"

လှ ။ ။ "ပြောသာပြောပါ။ ညည်းသိရပါလိမ့်မယ်။ ငါ့စိတ်ထဲမှာ ရိုးရိုးရွရွ ဖြစ်လွန်းလို့ပါ"

မသိန်းသည် အနီးအပါးရှိ အိမ်ကြီးတစ်အိမ်ပေါ်သို့ တက်သွားပြီးလျှင် အသိမိတ်ဆွေ မိန်းမယောကျ်ားတွေနှင့် အကျိုးအကြောင်းကို ပြောပြ တရုတ်ရုတ် ဆင်းတက်မေးမြန်း ကူးသန်းသွားလာကြပြီးနောက် အငြိမ့်ပွဲရှင် ယောကျ်ား မိန်းမတို့သည်၊ မလှကလေးကို အိမ်ပေါ်သို့လာရန် အခေါ်လွှတ်ကြလေ၏။ မလှကလေးသည် အနည်းငယ်ရှက်သော်လည်း ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ထီးတော်ငှက်မြတ်နား ရွှေဆည်းလည်းကို ထင်ရမြင်ရသောကြောင့်တစ်ကြောင်း၊ အိမ်ပေါ်သို့ရောက်သွားပြီးလျှင် ပရိသတ်အလယ်၌မတ်တတ်ရပ်လိုက်သောအခါ မပြုမပြင်ဘဲ ရိုးရိုးကလေးပကတိမူ အလှအယဉ်သည် ဓါတ်မီးရောင်တွင် ကြော့ရှင်းပြေပြစ်စွာ ခပ်ရှည်ရှည် ခပ်မားမားဖြစ်၍ လာလေကြောင်းမြင်သမျှသော ယောကျ်ားမိန်းမတို့သည် အံ့အားသင့်လျက် စုတ်သတ်ကြလေ၏။ မကြာမီ အငြိမ့်ဆရာများနှင့် စီစဉ်ကြပြီးနောက် အခြားအငြိမ့်သည်တို့၏ အဝတ်များကို ခေတ္တဝတ်ဆင်၍ ပေးကြလေ၏။ ထိုအခါမူလနဂိုအလှ အယဉ်သည်၊ ကြည်လင်တောက်ပသော မီးရောင်အလာ အဝတ်တည်းဟူသော ထင်းနှင့်ညားလေရာ တဖြာ

www.burmeseclassic.com

www.burmeseclassic.com



ဖြာ ဝင်းဝင်းတောက်ပြီး၊ အသစ်ဖန်ဆင်းလိုက်သလို တစ်မျိုးဖြစ်၍ လာလေ၏။ ထိုအခါ မြင်ရသူအပေါင်းတို့က "အဆိုအကသာ အဘယ်ပုံ နေမယ် မသိဘူး၊ ရုပ်ကဖြင့် ထူးပေတာပဲ။ ရုပ်နဲ့ပင်ပွဲကျလောက်ပြီ"ဟု ပြောကြလေ၏။

မသိန်းကလည်း မလှကလေးမှာ ဆင်းရဲလို့ ကပြခြင်းမဟုတ်။ ဝါသနာပါသဖြင့် ပျော်ပျော်ပါးပါးနေတတ်သူဖြစ်ကြောင်း အလွန်တရာ ဂုဏ်အသရေ သိက္ခာရှိကြောင်း မိမိနှင့်ကောင်းစွာသိ၍ ချစ်ကျွမ်းဝင်သဖြင့် မိမိက အတန်တန်တိုက်တွန်းသောကြောင့် ယခုညကမည်ဟု အကြံပြုကြောင်းများကို ပြောပြလေရာ မလှကလေးမှာ အတော်ကလေးအားတက်၍ လာလေ၏။ မကြာမီ အငြိမ့်ဆရာများက စိတ်အားထက်သန်စွာ ဆောင်ကြဉ်း၍ သွားကြပြီးလျှင် အငြိမ့်စင်ပေါ်သို့ တင်ကြလေရာ။ ကျီးငှက်ထက်ထက် ဥဇျိုင်းတို့၏ အလယ်မှာ ရွှေဥဒေါင်း ရွှေဟင်္သာကျဆင်း၍ နားလာသကဲ့သို့ ထွက်ပြီးသမျှသော အငြိမ့်သည်တို့မှာ လင်ပုပ်ဖမ်း၍သွားကြလေ၏။ မထွက်ရသေးသော အငြိမ့်သည်တို့မှာလည်း သိန်းငှက်၏ ရှေ့၌ စာသူငယ်အနေမတတ်သလိုဖြစ်ကာ အနေကျုံ့လျက် မျက်နှာငယ် ဖြစ်ကြလေ၏။ သီချင်းတစ်ပုဒ် နှစ်ပုဒ်ကို ခန့်ညားသော မျက်နှာနှင့်ဆိုပြီးနောက် အကလက် အမူအရာမပါဘဲ ငြိမ်သက်စွာ တစ်ပတ်နှစ်ပတ် ကလိုက်သောအခါ အဆုံး၌ အသက်မရှူဘဲအောင့်၍ ထားသော ပရိသတ်တို့သည် ဟီးချကာ သက်မကိုချလိုက်ရာ ပထဝီမြေအောက်၌ရှိသော ဂလိုဏ်ကြီးတစ်ခုမှ ပျားအုံကြီး လှုပ်ရှားသကဲ့သို့ တသဲသဲ အသံများဖြစ်၍ သွားလေ၏။

ထိုအခါ သူသူငါငါ အားကျမခံ ဆုလာဘ်များကို ချကြလေရာ လှကလေးသည် ထိုဆုများကို ယူရမည်ရှက်သောကြောင့် လှုပြက်က စုဆောင်းပြီးလျှင်အတင်းပေးလေရာ ငွေစက္ကူတစ်ရာဖိုးကျော်ကျော်ရှိသဖြင့် လှကလေးသည် ၎င်းတို့ကို လှုပြက်အားပြန်၍ အပ်ပြီးလျှင် ကမြဲတိုင်း ဆက်လက်ကဆိုလေ၏။





ထိုကဲ့သို့ကပြ၍နေရာ မျက်စောင်းထိုးအိမ်တစ်အိမ်၏ အိမ်ရှေ့က လသာခန်း၌ ယောကျ်ားပျိုတစ်ယောက်နှင့် မိန်းမပျိုတစ်ယောက်သည် အတူယှဉ်ကာ ကြည့်နေကြလေ၏။ ယောကျ်ားပျိုသည်ကား မောင်မောင် ကလေးဖြစ်၍ မိန်းမပျိုသည်ကား ၎င်းနှင့်ပေးစားမည်ဖြစ်သော မိန်းမဖြစ်

www.burmeseclassic.com



လေ၏။ ကလျက်ရှိသော အငြိမ့်သည်၏ မျက်နှာကိုယ်ဟန်အသံ အမူအရာတို့သည် ကြိမ်လုံးစကြာဝင့်သည်နှင့် တူလေရာ မောင်မောင်ကလေး၏ စိတ်သည်အပါး၌ရှိသော ချည်တိုင်မှ ရုန်းပြန်ကာလွတ်မြောက်လျက် ဇာတ်စင်ပေါ်က ရုပ်ရုံသို့ တစ်ခါတည်းရောက်၍နေရာ မင်းသမီးယိမ်း သမ္ဗယိုင်သမ္ဗတွင်ရော လိုက်ခါသတိလစ်ပြီး ကြိုးတတ်၍ ဆွဲသည့်ပမာ ယိမ်းယိုင်ငေးမော၍နေသည်ပြင် အပါး၌ရှိသော မိန်းမပျိုကို လုံးလုံးသားမေ့ပြီး ပါးစပ်ဟကာ မျက်လုံးပြူးကာ လည်တိုင်စန့်ကာ ရှေ့သို့ယိမ်းထိုးကာ မဲ့ကာရွဲ့ကာရှုံ့ကာ ပြုံးကာ တစ်ချက်တစ်ချက် သက်မကြီး ရှိုက်ခါချ၍ နေလေ၏။

ထိုအခါ မိန်းမပျိုက မကြည်ညိုသောမျက်နှာ စိတ်ဆိုးသောအမူ အရာ လမင်းမှာအိုးမည်းပေတာလို အလွန်တရာမှ မကြည်သာ မောင်မောင်ကလေးကိုသာ စိုက်ကာကြည့်ရသောကြောင့် အငြိမ့်ကိုမကြည့်တာပဲ ဒေါသမာန်ပွား၍ နေလေ၏။ ထိုနောက်မှ တောင်သွားမလိုလို မြောက်သွားမလိုလိုနောက်ဖေးကိုဝင်သလိုလိုနှင့် မောင်မောင်ကလေးသည်ရုတ်တရက်ထကာ၊ "မမလေးခဏနေဦးနော် ဟိုအနားကလေးတင်" ဟု ဆိုပြီးနောက် ချက်ချင်း ထသွားလေရာ မမကလေးမှာ စကားတစ်လုံးမှ မေးခွင့်မရဘဲ ငေးမော့မော့ကျန်ရစ်လေ၏။

မောင်မောင်ကလေးသည်ကား ဤအငြိမ့်သည်မသည် လှကလေးနှင့်တူသည်။ လှကလေးထက်ပို၍သာလျှင် အမူအရာအသံမှာလည်း လှကလေးနှင့်များစွာ တူပေသည်။ လှကလေးများ ဖြစ်ကရော့လား လှကလေးဖြစ်ရင်လည်း သဘင်အတတ်ကို တတ်တယ်လို့ ငါမသိရပါ တကားစသည်ဖြင့် တွေးတောကာ မသင်္ကာသောကြောင့် တစ်ကြောင်း အလွန်တရာ ဖွဲ့ညီသောရမ္မက်ကြောင့်တစ်ကြောင်း အိမ်ပေါ်မှဆင်း၍လာခြင်းဖြစ်လေ၏။

အတန်ကြာသောအခါ ခပ်လှမ်းလှမ်း ကြည့်လို့အားမရ လှကလေးနှင့်တူလှသောကြောင့် တစ်စတစ်စအနား တိုးတဲ့၍ မျက်လုံးကိုပြူးကာ



သဲသဲ မဲမဲကြည့်ရှုလေ၏။ ယင်းကဲ့သို့ ကြည့်လာသောအခါ လှကလေး၏ မျက်နှာကို မငြင်းနိုင်သိသာအောင် သေချာစွာမြင်ရလေလျှင် မိမိနှင့်ပေးစားရန်ရှိသော မမကလေးမှာ လှကလေး၏ရှေ့၌ ဟင်္သာနှင့်ယှဉ်ပြိုင်အပ်သော လင်ကောင်ပိုးကဲ့သို့ဖြစ်၍နေသည်ဟု မောင်မောင်ကလေးသည် မှတ်ထင်လေ၏။

အကြောင်းမူကား လှကလေးသည် အထက်ထက်ကထက် ပိုမို၍ လှသည့်ပြင် ပျော့ပျောင်းဖော့ဖောင်းသော ခါးတင်၊ ရင်စသည်တို့သည် မောင်မောင်ကလေး၏ စိတ်၌မနိုးဖူး မကြွဖူးသော စိတ်မျိုးကို ထိုးဆွ နိုးကြွစေလေသတည်း။ ထိုအခါ မျက်လုံး မျက်ဆံပြူးကာ လက်တစ်ဘက်နှင့် ရင်ကိုနှိပ်ရင်း အပါး၌ရှိသူ ပရိသတ်တို့ကို ရှိသည်မှမထင်ဘဲ "အမယ်လေး လှကလေးပါလားကွဲ့၊ မလှကလေးရဲ့ ငါမှားလေခြင်း၊ ငါဘာပြုလို့ သူ့ကို ပစ်ထားမိပါလိမ့်မလဲ။ အမယ်လေးဟဲ့ ကောင်မကလေး။ နင် ဟိုအရင်က ဘာပြုလို့သည်လောက်တောင် ငါ့ကို၊ လှပြီးမပြရသလဲ။ ငါ ပြန်ပြီးကပ်မယ်။ မရမကအရတွယ်မယ်။ လှကလေးရဲ့။ မင်းကျုပ်ကို လက်ခံပါဦးမလား။ မရင်ရင်ခြေကိုဖက်ပြီး၊ ထဘီနှင့်မျက်ရည်သုတ်ကာ ဖုတ်ထဲမှာ လူး၍ တောင်းပန်မယ်။ လှကလေးရဲ့ ကျုပ်အပြစ်ကို အခွင့်လွှတ်ပါ။ အမယ်မင်း လှကလေး။ လမုန့်ပြားမကြီးရဲ့၊ မုန့်လုံးကြီးမကြီးရဲ့၊ မုန့်ဖက်ထုပ်မကြီးရဲ့၊ ကော်ပြန့်ကြော်မကြီးရဲ့။ အထဲမှာ ထာပနာရှိတာကို အခုမှ ထုတ်ဖော်၍ပြလေခြင်း။ ငါ့နဲ့မင်းနဲ့ နှစ်ယောက်တည်း တွေ့ရတုံးက အခုလိုအမြူအမူ၊ အဆူထာပနာတွေမပြ စူလျှာ တုံကင်းမကြီးလိုရိုးတာတာ လုပ်၍နေသည့်အတွက် ကျုပ်စိတ်က နှစ်နှစ်ကာကာ အခုလို မစွဲမမက်ဘဲ ခွဲရက်မိပါတယ်။ တစ်သားတည်းကပ်ပြီး အထပ်ထပ်ဝန်ချပါမယ်။ ပြန်၍ မပါ၊ ပြန်၍ချမ်းသာပေးပါ" စသည်ဖြင့် ပါးစပ်က တတွတ်တွတ် ပုတီးစိပ်သည့်ပမာ ရွတ်ဆို၍နေလေ၏။

မောင်မောင်ကလေး၏အနီးရှိ ပွဲရှုသူ ပရိသတ်တို့သည်ကား မောင်မောင်ကလေးကို ကြည့်ကာ ပြုံးရယ်၍ နေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်မောင်မောင်ကလေးသည် တစ်ရာတန်ငွေစက္ကူတစ်ချပ်ကို ထုတ်ကာ မြှောက်၍ပြလေရာ၊ လူပြက်ကပြေး၍လာပြီး ငွေစက္ကူကို လှမ်း၍ယူလျက် "ဟော့ တစ်ရာတန်ကြီးဟော့၊ တစ်ရာတန်ကြီး မောင်မောင် ဘိုကေ ရွှေဘသိန်းတံကလေးရဲ့ နာမည်က ဘယ်လိုပါတဲ့တုန်း ဆိုတာကို အမိန့်တော်မြတ်ရှိတော်မူပါမည်အကြောင်း။ ရှိခိုးသံတော်ဦးတင်ဝံ့ပါသည်။ အုံးကနဲပွဲကျ၍ သွားလေ၏။ ပြန်၍ပေးလိုက်ဖို့ရန် စကားတစ်ခွန်း နှစ်ခွန်းကိုပြောလေရာ လူပြက်သည် ဝမ်းနည်းသော အမူအရာနှင့် မောင်မောင်ကလေးအား ငွေစက္ကူကို ပြန်၍ပေးရလေရာ ပွဲကြည့်သူ ပရိသတ်တို့သည် အုံအားသင့်၍နေကြလေ၏။ မောင်မောင်ကလေးမှ၊ ဤမျှလောက်ရှုတ်ချခြင်းကိုခံရသောအခါ စိတ်မနာသည်သာမက သာလွန်၍လေးမြတ်လျက်၊ မနေတတ်မထိုင်တတ်ဖြစ်ကာ လူထူသောနေရာတစ်ခုသို့ ဆုတ်ခွာ၍ သွားလေ၏။

ထိုနေ့ညမှစ၍ မောင်မောင်ကလေး၏စိတ်သည်၊ လှကလေး၏ထံသို့ လုံးလုံးကြီးရောက်လျက် သူငါ့ကိုစိတ်နာ၍နေပြီး ငါအဘယ်ပုံ ကြံစည်ရပါမည်နည်းဟူ၍သာ စိတ်အကြံစည်ပြုပြီးလျှင် မိဘများ အဘယ်လိုပင် အတင်းခိုင်းစေကာမူ၊ မမကလေးကို ငါမယူ။ လှကလေးကိုသာ အရကြံပါတော့မည်ဟု ခိုင်မြဲသော အကြံကိုပြုလေ၏။

ထိုညဥ့်သန်းခေါင်ကျော်အချိန်၌ လှကလေးသည် အားရဝမ်းသာ ငွေများကိုပိုက်၍ မသိန်းနှင့်အတူ အိမ်သို့ပြန်၍လာလေရာ သမီးမပေါ်လာသောကြောင့် ကြီးစွာသော ပူပန်သောကနှင့် စောင့်စား၍နေသူ မိခင်မှာ များစွာအမျက်ထွက်လျက် စိတ်ထဲကမသက်သာကြောင့် ညီးဘယ်ကိုသွားနေသလဲ။ လင်ရှာသွားနေသလား။ ဘာပြုလို့ ပြန်ပြီး လာသေးသလဲ။ ငါ့ကိုဘယ်လိုမိန်းမမှတ်သလဲ။ ငါနှင့်အရင်ထမင်းစားတာ။ နင်ဟာ ငါမွေးလို့ကြီးတာ။ နင်ဘယ်လို အကြံကို ကြံပြီးနေတယ်ဆိုတာ ငါမသိဘူးမှတ်သလား။ အခုပြော နင်ဘယ်ကလာသလဲ"ဟု မေးလေ၏။

သိန်း။ ။ "အို အရီးကလည်း အချိန်မတော်ဆူလို့ လူကြားကုန်ပါ



မယ်။ ကျွန်မခေါ်လို့ အငြိမ့်ပွဲကိုလိုက်ပြီး ကြည့်နေပါတယ်။ ဘယ်ကိုမှ မသွားပါဘူး၊ ကျွန်မတို့နဲ့သွားရင်စိတ်ချရပါတယ်။"

မြ ။ ။ "ဒါတော့ မသိနိုင်ဘူးအေ။ နောက်ဆုံး တစ်နေ့ကျရင် အရင်းမထုတ်စီးပွားလုပ်တဲ့ အချုပ်သည်ဆိုတာမျိုးဖြစ်တတ်လို့ပါ"

လှ ။ ။ "အို ... မေမေကလည်း ဘာတွေကို ပြောနေပါလိမ့်မလဲ မေမေရယ်။ ဘုရားကြီး ထီးတော်ငှက်မြတ်နားအတွက် လှူချင်တယ်ဆို"

မြ ။ ။ "ဪ ငါအလှူဝင်ဖို့ ညီးကသန်းခေါင်ကျော်အချိန်မှာ လယ်ပြီးကြေးငွေရှာတာပေါ့လေ။ တော်လိုက်သမီးရယ်။ သာဓု သာဓု သာဓု။ နို့ဗွာန်ကို တော်တော် မျက်မှောက်ပြုပြီး လာခဲ့ရပေါ့လေ။"

လှ ။ ။ "အို ... သည်မေမေဟာ အဲဒါမျိုးတွေ ခက်တာဘဲ။ ရော့ မေမေ လှူချင်တဲ့ ငွေရရင်ပြီးရောမဟုတ်လား။ ဟောသည်မှာ ငွေတစ်ရာ" ဟု ပြောကာ ငွေစက္ကူများကိုပေးလေ၏။

မိခင်သည် စက္ကူကို လှမ်းယူရင်း အံ့အားသင့်ကာ မီးရောင်တွင် စက္ကူများကိုကြည့်ကာ သမီးမျက်နှာကိုမော့၍ကြည့်ကာ သမီးကိုကိုင်တွယ် စမ်းသတ်၍ ကြည့်ကာ စကားမပြောနိုင်ဘဲ။ ငေးမော၍နေလေ၏။

လှ။ ။ "အမယ်လေး မေမေရဲ့ဘာများ စမ်းသပ်ကြည့်နေပါလိမ့်မလဲ။ မေမေသမီးမှာ မှဲ့တပေါက်မစွန်းခဲ့ပါဘူး။ သဘောရှိ စမ်းကြည့်ပါ မေမေ၊ ကဲစိတ်ကျေပလား။ မေမေ့သမီး။ အရာမယွင်းပင်ကိုအတိုင်းရှိရဲ့ မဟုတ်လား။ နည်းနည်းကလေးတော့ မောလာတယ်မေမေ။ ကျွန်မ ရေတစ်ခွက်သောက်ဦးမယ်" ဟု ပြောကာ ရေအိုးစင်သို့ သွားလေ၏။

ထိုအခါ ဒေါ်မြသည် ငွေစက္ကူတွေကို တုန်လှုပ်သော လက်များနှင့် ကိုင်ဆုပ်ခါ မသိန်းအပါးသို့ ကုတ်ကုတ် ကုတ်ကုတ်နဲ့ ကဗျာကရာကပ်၍ လာပြီး "ပြောစမ်းပါတူမကြီးရဲ့၊ ဘယ်နေရာက ဘယ်ပုံရပြီးလာတယ်။ အရီးဖြင့် မသင်္ကာပေါင်"ဟု ပြောလေရာ၊ မသိန်းက အကျိုးအကြောင်းကို ကုန်စင်အောင်ပြော၍ ပြလေ၏။

ထိုအခါကျမှ မိခင်မှာ သက်မကြီးချလျက် ရယ်မောကာ တက်ကြွ

www.burmeseclassic.com

www.burmeseclassic.com



သော စိတ်ကြည်နူးသောအမူအရာနှင့် "သည်တစ်ခါသာ ကပါသမီးရယ် နောက်တစ်ခါသွားပြီး မေမေမသိပဲမကပါနဲ့ ဒါနဲ့ ကချေသည် ဖြစ်မှန်းမသိ ဖြစ်သွားတော့မယ်။ သည်ငွေတွေဟာ နောက်ပိုးပြီးပေးကြတဲ့ ငွေတွေပေါ့ လေ"ဟု ပြောလေ၏။

သိန်း ။ ။ "ဘယ်လိုပဲပေးပေး။ အရီးလှုရတန်းရရင် ပြီးရော မဟုတ်လား"ဟု ပြောလေ၏။

ထို့နောက် အိမ်ကိုလုံစွာပိတ်ပြီးလျှင် မသိန်းကို သားအမိနှစ်ယောက် လိုက်၍ ပို့ကြပြီးလျှင် အိမ်သို့ပြန်လာကြပြီးနောက် တိဂုံထီးငှက်မြတ်နား အတွက်ဆည်းလည်းဘယ်နှစ်လုံးလုပ်ရမည်ကို တိုင်ပင်၍နေပြီးမှစိတ်လက် ကျေချမ်းစွာ အိပ်ကြလေ၏။

## အခန်း (၃)

လှကလေးသည် ထိုနေ့မှစ၍ ကျော်စောလျှက် နောက်ထပ်၍ မကပါဘူးဟု စိတ်ကအကြံပြုသော်လည်း ထင်ရှားကျော်စောသော ပတ္တမြားဟာ သေတ္တာမှာ လုံခြုံစွာထား၍မရ။ ကြည့်ချင်သူ မကြာခဏ ရောက်တတ်သည့်အလား ကရန် ပြရန်ငွေကြေးများစွာပေး၍ လာရောက် ငှားရမ်းသူ စပေါ် အကြီးအကျယ်ပေး၍ စာချုပ်ပြုလုပ်သူတို့ပေါ်ပေါက် လာကြသောကြောင့် မကဘဲမနေနိုင်ဘဲ ကရပြရလေရာ။ နာမည်သည် တစ်နေ့တခြားကြီး၍လာလေ၏။

တစ်နေ့သ၌ လှကလေးသည် အင်းစိန်မြို့မှ ရန်ကုန်မြို့သို့ မွန်းလွဲလိုကယ်မီးရထားနှင့် တစ်ကိုယ်တည်း ပြန်အလာတွင် မိမိထိုင်သောမီးရထားတွဲတစ်ခုသောထောင့်၌ မိန်းမပျိုတစ်ယောက်ထိုင်၍နေသည်ကို တွေ့ရလေ၏။ ထိုမိန်းမပျိုကို မြင်ရသောအခါ လှကလေးသည် အံ့အားသင့်၍သွားလေ၏။ ၎င်းမိန်းမပျိုကလေးမှာမူ လွန်စွာကျွန်ကြီးလျက် လှကလေးကို အာရုံမစိုက်သကဲ့သို့ ထိုင်၍နေလေ၏။ ထိုမိန်းမပျို၏ မျက်နှာမှာ ရွှေမျက်မှန်တပ်လျက် လက်၌သားရေအိတ်ကို ကိုင်ထားပြီးလျှင်



မကြာခဏ တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲကာ အထူးကျစ်လျစ်စွာ ထိုင်၍ နေလေ၏။ လှကလေးသည် အံ့အားသင့်သည်မှာ အခြားကြောင့်မဟုတ် ၎င်းမိန်းမပျို၏ မျက်နှာမှာ မောင်မောင်ကလေး၏ မျက်နှာနှင့်လွန်စွာ တူသည်ကို တွေ့ရှိရလေ၏။ ထိုနောက် ၎င်းမိန်းမပျိုသည် မောင်ကလေး နှင့်သွေးစပ်သူ မောင်နှမဖြစ်သည်အထွက် သည်လောက်တောင် တူလေသလားဟု သံသယမကင်းဖြစ်ကာ နေလေ၏။ တစ်ရံတခါ ဂရုမစိုက်ပါဘူးလေဟု အောက်မေ့သော်လည်း ဂရုမစိုက်ပဲမနေနိုင်။ ၎င်းမိန်းမပျိုကို မကြာခဏမော်၍သာကြည့်ရလေ၏။ မိန်းမပျိုသည်ကား လုံးလုံးကြီး ဂရုမစိုက်ဘဲနေလေရာ အတန်ကြာလေသော်။ လှကလေးသည် မနေနိုင် မထိုင်နိုင်သကဲ့သို့ဖြစ်ပြီးလျှင် သူ့နှမထင်ပါရဲ့ သူ့နှမဖြင့် ငါ့အဖြစ်အပျက် တွေကိုပဲ ပြော၍ ပြရစေတော့။ မိန်းမပျိုကို ပြုံးချိုသောမျက်နှာနှင့် ကြည့်လျက် နေရာမှထ၍ လာခဲ့လေ၏။ မိန်းမပျိုလည်း လှကလေးမျက်နှာကို ကြည့်ကာ ဝမ်းမြောက်သောအမူအရာနှင့် နေရာပေးရန်ပြင်လေ၏။ အကြောင်းကိုဆိုသော် အင်းစိန်နှင့်ရန်ကုန်သည် အတော်ကလေး ဝေးသောကြောင့် အတော်မိန်းမပျိုကလေးနှစ်ယောက် စကားပြော၍ သွားရခြင်းသည် လေးလံပျင်းရိထိုင်းမှိုင်းခြင်းကို ပြေပျောက်ခြင်းဖြစ်ဖို့ရှိလေသည်ဟု နှစ်ယောက်စလုံးသဘော ရရှိကြဟန်တူလေ၏။

လှ ။ ။ "ညီမတစ်ယောက်တည်း ဘယ်ကိုသွားမလို့လဲ"

မိန်းမပျို ။ "ကျွန်မအင်းစိန်က အဒေါ်ဆီကပြန်လာပါတယ်။ အခု ရန်ကုန်ကို သွားမလို့ပါ။ အစ်မကို ကျွန်မ ဘယ်မှာမြင်ဖူးပါလိမ့်မလဲ။ သြော် သြော် သိပါပြီ သိပါပြီ။ အင်မတန် နာမယ်ကျော်တဲ့ မလှကလေး ဆိုတာ ထင်ပါရဲ့ဝမ်းသာလိုက်ပါဘိတော့ရှင်။ တစ်ကိုယ်တည်း ခရီး အသွားအလာများ ယခုလို အဖိုးတန်သူတစ်ယောက်နဲ့ သိကျွမ်းချစ်ခင် စကားပြောရတာများဟာ အင်မတန် ကုသိုလ်ထူးလို့ပါ"ဟု ဝမ်းမြောက် ဝမ်းသာ ဝင်းတောက်သော မျက်နှာနှင့်ပြောလေ၏။

လှ။ ။ "ကျွန်မလည်း မြင်ဖူးသလိုလို ရှိလို့ပါ။ ညီမရဲ့နာမည်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူပါတဲ့တုံး"

မိန်းမပျို ။ ။ ကျွန်မနာမည် မမြကလေးပါ"

လု ။ ။ "သြော် … သြော် မမြကလေးဆိုတဲ့နာမည်ဟာ အင်မတန် ချစ်စရာကောင်းတဲ့ နာမည်ပါပဲ"ဟု အားမလို အားမရ၊ ပြောချင် မေးချင်သောစကားတစ်ခုကို မမေးဝံ့ဘဲ၊ စကားတပိုင်းပြတ်ဖြစ်ကာ ငုံးတိတိနှင့် မျက်နှာပိုးမသေနိုင်အောင်ရှိ၏။

မြကလေးက။ ငုံးတစ်ချက်တစ်ချက် အကဲခတ်သော မျက်နှာထားနှင့်ကြည့်ကာ မလှကလေးရဲ့ အခုကာလမှာ သူ့သူငါငါ ဟင်းရွက်ကဖွန်းကိုတောင်။ မမ မိမိ မယ်မယ် ခင်ခင် တင်တင်ရယ်လို့ ဖြစ်နေကြတာကလား။ နာမည်ဆိုတာအရေးမကြီးပါဘူး"

လှ။ ။ "ဟုတ်ပါပေတယ်။ ဟုတ်ပါပေတယ်။ မမြကလေးမှာ နာမယ်တင်လှတာ မဟုတ်ပါဘူး။ ရုပ်ရည်လည်းဆိုစရာမရှိပါဘူး။ သားချင်း ညီအစ်မများရှိသလား။"

မြကလေး ။ ။ "ကျွန်မတို့မှာ မောင်နှစ်မ နှစ်ယောက်ပဲရှိပါတယ်။ ကျွန်မတို့ မောင်နှစ်မနှစ်ယောက်ကို မိဘနှစ်ပါးက အင်မတန်မှအားထားပြီး သူတို့အလုပ်တွေကို သည်မောင်နှမနှစ်ယောက်ကိုသာ ပုံပြီးလွှဲထားတာပါဘဲ။ မောင်ကတော့ ယောကျ်ားကလေး တစ်ယောက်တည်းဆိုတော့။ နွှဲ့ဆိုးဆိုးပြီး လည်ပတ်သုံးစွဲနေတာပါပဲ။ အဆုံးကျတော့ အိမ်အလုပ်တွေဟာ ကျွန်မတစ်ယောက် ခေါင်းပေါ်မှာချည့်ကျနေတာပါပဲ။ သည်အတွက်လယ်ပါများတဲ့ ဘီးလိုဖြစ်ပြီး မတော်တဆ မိန်းမအပျော်မကလေးတွေနဲ့ တွေ့သွားမှာစိုးလွန်း အင်မတန်မှဘဲပူရပင်ရ။ ပြောရဆိုရတာပါပဲ။ သည်လို ပြောရဆိုရတဲ့အထဲမှာပဲ အရင်တလောက သူငယ်မကလေး တစ်ယောက်နဲ့ဖြစ်လို့ သူ့သားသူ့သမီးကို မဖျက်ဆီးပါနဲ့ မောင်ရယ် မင့်မှာ နှမလဲရှိပါတယ်။ နှမချင်းစာနာပါလို့ အတန်တန်နှားပါးချပြီး ဟိုအရင်က လူကြီးချင်းစပ်ထားတဲ့ မမကလေးဆိုတာနဲ့ မြန်မြန်နေရာချဖို့ စီစဉ်လိုက်ရတာပဲ" ထိုအခိုက်တွင် လုကလေး၏မျက်နှာမှာ ဝင်းဝင်းထိန်လျက်။



ရက်ကိုးရက်ကန်းကဲ့သို့ ဖြစ်၍နေလေရာ၊ မမြကလေးက အမှတ်တမဲ့ အကဲခတ်ကာ မျက်နှာကိုကြည့်လေ၏။

လှ ။ ။ "သြော် … ကျွန်မလည်း ကြားလိုက်ပါတယ်။ ကိုမောင်ကလေးဆိုတာ ထင်ပါရဲ့။ ကျွန်မတို့အသိ သူငယ်မကလေးနဲ့ ဖြစ်ပျက်ပြီး ကွဲနေတယ်လို့ ကြားရပါတယ်"

မြကလေး။ ။ "သြော် ဟုတ်သလား မလှကလေးရဲ့ အခုဒီ သူငယ်မကလေး ဘယ်မှာတဲ့လဲ"

လှ။ ။ "ဒီသူငယ်မကလေး ရန်ကုန်မှာပဲရှိပါသေးတယ်။ အမျိုးအရိုးမသိမ်ငယ်ရှာပါဘူး နည်းနည်းတော့ဆင်းရဲ ရှာတယ်ဆိုပါတော့ မမြကလေးရဲ့၊ ရုပ်ရည်လည်း တယ်ပြီးဆိုစရာမရှိပါဘူး။ သူ့နာမည်ကို မမြကလေး မကြားဘူးလား"

မြကလေး။ ။ "နာမည်ကိုတော့ မေးမကြည့်မိပါဘူး။ သူငယ်မကလေးက တစ်ယောက်နဲ့ဖြစ်တယ်လို့ ကြားတော့။ ကျွန်မတို့ မိဘများက သူ့ကို အကြပ်အတည်းလုပ်ထားလိုက်တာပါပဲ"။

လှ။ ။ "ဒီ သူငယ်မကလေးဟာ ကိုမောင်မောင်ကလေးနဲ့ တွေ့တော့ နှစ်ဦးနှစ်ယောက်စလုံး အင်မတန် စုံမက်ကြတာပါပဲ၊ အခုလို ကွဲနေရာမှာလဲ သူငယ်မကလေးက စိတ်မနာပါဘူး။ ကံကုသိုလ်ကိုသာ အပြစ်ချပြီးနေရှာတယ် ထင်ပါရဲ့။ တယ်ပြီးစိတ်ကုန်ဟန်တော့ မရှိပါဘူး။ ကိုမောင်ကလေးဟာ လူကြီးများဖျက်လို့သာ၊ မိမိနဲ့ ခွဲနေရတယ်ဆိုတာ အမြဲပဲစိတ်ထဲမှာထားတာပါပဲ။ ဒီသူငယ်မကလေး နာမည်ကတော့ မလှကလေးပါတဲ့ အခုမမြကလေးနဲ့ စကားပြောနေရှာတဲ့သူပါပဲ"

ထိုအခါ မမြကလေးသည် အလွန်တရာအံ့အားသင့်သော အမူအရာနှင့် နေရာမှထ၍ ပြေးတော့မလိုလို ခုန်တော့မလို လုကလေးကိုဖက်တော့မလို ပျာရီးပျာရာ မျက်စိမျက်နှာဝင်းဝင်းဖြာပြီးလျှင် လုကလေး၏လက်ကို ကိုင်ဆွဲကာ "အမယ်လေး တစ်ခြားလူမှတ်လို့ပါရှင်။ မလှကလေးပါလား။ ကျွန်မ မသိပါဘူးရှင်။ မလှကလေးမှန်းသိရင် ကျွန်မ မဖူးပါဘူး" ဟု

www.burmeseclassic.com

www.burmeseclassic.com



ပြောကာ လှကလေး၏လက်ကို ဆုပ်ကိုင်လေရာ လှကလေး၏ လက်များမှာ မခံမရပ်နိုင်အောင်နာကျင်သဖြင့် ရှုံ့မဲ့ကာနေရလေ၏။ အကြောင်းမူကား မမြကလေး၏ ကိုယ်ဟာန် ခိုင်လုံသန်စွမ်းပုံကို ထောက် လိုက်သော် များစွာသန်မာပုံရှိကြောင်းကို သိရလေ၏။ ထိုနောက် မမြ ကလေးက ဆက်၍ ပြောပြသည်မှာ "ဒီအတိုင်းမှန်ရင် မလှကလေး စိတ်သာချပါ ကျွန်မ မောင်ကိုပြန်ပြီး နေရာကျအောင် ကျွန်မစီမံပါ့မယ်"

လှ ။ ။ကိစ္စမရှိပါဘူး မမြကလေးရဲ့ သူက ကျွန်မကို မကြင်နာလို့ စွန့်ပြီးမှ အားနာပါးနာ စိတ်မပါဘဲနဲ့ဖြင့် ပြန်လာရအောင် မတိုက်တွန်းပါနဲ့။ မချစ်မနှစ်သက်သောသူနဲ့ ပေါင်းသင်းရခြင်းဟာ ဒုက္ခောဆင်းရဲခြင်းလို့ရှိပါတယ်။ မမြကလေးနဲ့ ချစ်ခင်နေရရင်တော်ပါပြီ ကိုမောင်ကလေးနဲ့ ချစ်ခင်နေရရင် တော်ပါပြီ။ ကိုမောင်ကလေးနဲ့ဖြင့် ပြန်ပြီးဆက်ဖို့ စိတ်မရှိတော့ပါဘူး။ အခုလို ကျွန်မတစ်ကိုယ်တည်းနေရတာ စိတ်လက် အေးချမ်းလွန်းလို့ပါ။

မြကလေး ။ ။ "အိုသည်လိုလဲ သဘောမထားပါနဲ့ ကာလမှာ တစ်ဦးမေတ္တာ တစ်ဦးမှာတဲ့ မလှကလေးကို ကျွန်မမြင်လျှင်မြင်ချင်း မေတ္တာထားပါတယ်။ သည်တော့ မလှကလေးကလည်း ကျွန်မအပေါ်မှာ မေတ္တာထားလိမ့်မယ်လို့ အားကိုးတာပါပဲ။ ကျွန်မကိုချစ်ရင် ကျွန်မမောင် အပေါ်မှာ သည်လောက်တောင် ပစ်ပစ်ခါခါသဘောမထားပါနဲ့။ သူနဲ့ပေးစားဖို့ စီစဉ်ထားတယ်ဆိုတဲ့ မိန်းမကိုလည်း သူကြိုက်ပုံမပေါ်ဘူး။ ဒီတော့ ကျွန်မမောင်ဟာ မမကလေးနဲ့ယူမိရင် တစ်သက်လုံးစိတ်ဆင်းရဲမှာလဲစိုးပါတယ်။ မလှကလေး ကျွန်မကို ချစ်တယ်မဟုတ်လား"

လှ ။ ။ "ချစ်ပါတယ် မမြကလေးရဲ့"

မြကလေး။ ။"ဒီလိုဖြင့် ကျွန်မ မောင်ကို ပြန်ပြီးလက်ခံပါ။ အခုကျွန်မမောင်ဟာ မလှကလေးစိတ်ကြောင့်ထင်ပါရဲ့။ အအိပ်ပျက် အစားပျက်နဲ့၊ အတော်ကြီးတောင် ချုံးပြီးနေရှာပါတယ်"ဟုပြောကာ မလှကလေး၏ လက်များကိုလွှတ်ပြီး မိမိ၏လက်များကို မလှကလေး၏ ပြည့်ဖြိုးသော



ပေါင်ပေါ်သို့ချတင်ကာ အစဉ်းစားကြီး၍နေသော မလှကလေး၏ မျက်နှာကို မော်ကာကြည့်၍နေလေ၏။

လှ ။ ။ "ဒီဟာကိုဖြင့် သည်းခံပါ။ တစ်ခါပူပြီးလို့ နောက်တစ်ခါ ထပ်ပြီးပူရမှာကို အင်မတန်မှကြောက်ပါတယ်။ မမြကလေး ကျွန်မကို ချစ်ရင်လာပြီးလည်ပါ"ဟု ပြော၍ မိမိ၏နေရပ် နံပါတ်များကို ပြောပြလေလျှင် မမြကလေးက သေချာစွာမှတ်ယူ၍ထားပြီးနောက် မမြကလေးက "မလှကလေးထံကို ကျွန်မလာပြီးလည်ရင် ကျွန်မဆီကိုလည်းလာပြီးလည်မှ တစ်ယောက်ကို တစ်ယောက် အမှန်ချစ်တယ်ဆိုတာကို စိတ်ချရမှာပဲ"ဟုပြောလေ၏။

လှ။ ။ "မမြကလေးအိမ်ကိုဖြင့် ကျွန်မ မလာဝံ့ပါဘူး။ သူနဲ့တွေ့နေရမှာကို ကြောက်လှပါတယ်။ တစ်ခြားနေရာ တစ်နေရာရာကိုဖြင့် ကျွန်မလာဝံ့ပါတယ်"

မြကလေး ။ ။ "အမယ်လေးတော် တကတည်း သမီးရည်းစားထက် ကဲပြီးနေပါပြီ။ ပုန်းလျှိုးပုန်းဝှက် ချိန်းချက်နေရတာလိုပါဘဲ။ မှန်လည်းမှန်ပါတယ်။ မလှကလေးကိုဖြင့် ရှေးရှေးကဘယ်လိုရေစက်များပါခဲ့လို့လည်းမသိ ကျွန်မဖြင့် မြင်ကတည်းက ညီမအရင်းမျှမကပဲ၊ အင်မတန်မှ ချစ်နေတော့တာပါပဲ။ ဒီမောင်သယ် ခွေးမသားများမရှိရင် မလှကလေး ကျွန်မတို့အိမ်က ပြန်တောင်ပြန်ရမှာမဟုတ်ပါဘူး"ဟု ပြောပြီး ခြေနှစ်ချောင်းကို ရှေ့၌တည့်တည့်ချ၍ထိုင်နေရာမှ တင်ပါးလွှဲပြုပြင်ကာ ဗိုလ်မများအမူအရာလို ဘယ်ပေါင်ထက်၌ ညာပေါင်တင်ကာထိုင်ပြီး လှကလေး၏ အပါးသို့တိုး၍ကပ်လေ၏။

လှကလေးသည်ကား နဂိုကမောင်မောင်ကလေးကို မုန်းသူမဟုတ်။ အချစ်စိတ်ဟာ မပျက်သေးဘဲရှိနေလေရာ မောင်မောင်ကလေး၏ အမူအရာ မောင်မောင်ကလေးနှင့် ခပ်ဆင်ဆင်တူသောသူငယ်မကလေးကို မြင်ရုံမျှနှင့် အလွန်တရာမှချစ်ရှာလျက် ဤမမြကလေးနဲ့သာ တစ်သက်လုံးအတူနေရမယ်ဆိုရင် လင်သားမယူဘဲ ကြည်ဖြူစွာနေနိုင်ပါရဲ့ဟု စိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် အောက်မေ့မိလျက် မကြာခဏတွေးပြီး အတူတကွနေရအောင် အဘယ်ပုံ ကြံရမည်ကို ကြံစည်တွေးဆကာနေလေ၏။

ထိုနောက် နှစ်ယောက်သား ဆက်လက်စကားပြောဆို၍ သွားကြရင်း ကွမ်းခြံဘုတာရုံကြီးသို့ ရောက်သွားကြပြီးနောက် နှစ်ယောက် လမ်းခွဲကြလေ၏။

လှကလေးသည် မိမိ၏ မိတ်ဆွေတယောက်၏ အိမ်သို့မြင်းရထားနှင့်သွားလေ၏။မမြကလေးလည်း အခြားမြင်းရထားတစ်စင်းနှင့်အနောက်သို့ထွက်သွားလေ၏။

## အခန်း (၄)

မလှကလေး၏ မိခင်သည် ဘုရားကြီးထီးတော် ငှက်မြတ်နားအတွက် စိတ်ကျေနပ်အောင်လှူနိုင်သော အခြေအနေသို့ရောက်ရှိသည် မှာ ကျော်ဇောက်တ္တိရှိသော လှကလေး၏ကျေးဇူးကြောင့် ဖြစ်လေရကား လှကလေးအား အငြိမ့်မက မပြရအောင် ပိတ်ပင်တားမြစ်ခြင်း အလုပ်များကို မပြုဘဲနေလေ၏။

နောက်ဆုံး၌ ကြီးကျယ်သော တပေါင်းလပြည့်နေ့ကြီးသို့ မရောက်မီအဖိတ်နေ့ကြီးသို့ ဆိုက်ရောက်လာလေ၏။ ထိုညဉ့်၌ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ရ မမ္မသုခတိုက် ဆရာတော် ဦးဇာဂရ၏ ဈာပနာကိစ္စပွဲတော်ကြီးနှင့် ကြုံကြိုက်၍နေသောကြောင့် ပရိသတ်လူထုအင်အား အလွန်တရာ ကြီးမားလှသဖြင့် ဘုရားကြီး ရင်ပြင်တော်၌လည်း ဧည့်ခံတန်ဆောင်း မဏ္ဍပ် အမျိုးမျိုးတို့နှင့် ပွဲလမ်းသဘင်အမျိုးမျိုးတို့သည် လူတိုး၍ မပေါက်လေအောင် ကြီးမားလေ၏။ လှကလေး၏ မိခင်မှာလည်း တစ်ခုသော တန်ဆောင်း၌ ခမ်းနားစွာဧည့်ခံလျက် သမီးလှကလေး၏အငြိမ့်ဖြင့် အလှူ၏ ကျက်သရေကျော်ကြားခြင်းကိုလိုသဖြင့် ထင်ရှားစေ၏။ထို အငြိမ့်ပွဲ၌လည်း လူတိုး၍မပေါက်အောင်များပြားလေရာ ထိုလူပရိသတ်တို့၏ရှေ့၌ ထင်ထင်ရှားရှား ထိုင်ကာဆုံချရန် ဟန်ပြလျက်နေသူမှာ



မောင်မောင် ကလေးဖြစ်လေ၏။ လှကလေးသည်ကား ၎င်းကိုမကြည့်ဘဲ ဣန္ဒြေနှင့် ကပြလေ၏။ ဆုပေးရန်များစွာ ခက်၍နေသည် အခြားကြောင့်မဟုတ်။ လှကလေးသည် ငွေကြေးရဖို့ကပြသည်မဟုတ်။ မိခင်၏ အလှူမဏ္ဍပ်ကို စည်ကားသည်ထက် စည်ကားဖို့ရန်အကြောင်း ထီးတော်ငှက်မြတ်နားအတွက် ကပြ၍ရသောငွေနှင့် လှူရတန်းရသော်လည်း စိတ်ဝေဒနာ လွန်စွာထက်သန် ဝမ်းမြောက်ကြည်နူးသောကြောင့် တစ်ကြောင်းမကဘဲ မနေနိုင်သဖြင့် ပျော်ပျော်ပါးပါးကပြခြင်း ဖြစ်လေ၏။

အငြိမ့်ပွဲသိမ်းပြီးနောက် အတန်ကလေးကြာသောအခါ မြကလေးသည် လှကလေးမိခင် ဧည့်ခံတန်ဆောင်းသို့ ရောက်လာလေရာ မလှကလေးက အားရဝမ်းသာနှင့်"အမယ်လေးမမြကလေးရဲ့။ ကျွန်မမျှော်လိုက်တာ အခုမှပေါ်လာတော့တာပါပဲ။ တစ်ယောက်တည်းလား ဘယ်သူများပါသေးသလဲ"

မြကလေး ။ ။ "အဖော်တွေတော့ပါပဲ၊ မလှကလေးရဲ့။ တိုးကြဲ့ကြတာတွေကြောင့် ဘယ်ကိုကွဲပြားပြီးရောက်ကုန်သလဲ မသိဘူး။ ဒါထက် မလှကလေးအထံမှာ တစ်ပါတည်းကုသိုလ်ဝင်ချင်လို့ ကျွန်မရွှေဆွဲလည်း ကလေးနှစ်လုံးလုပ်ပြီး အသင့်ပဲယူလာခဲ့ပါတယ်" ဟု ပြော၍ ဆည်းလည်းများကို ပြလေ၏။

လှကလေး။ ။ "အိုအရင်က ဘာပြုလို့ မပြောပါလိမ့်မလဲ။ တကတည်း အရင်ကပြောရင် စောစောက ဝမ်းသာရပါရဲ့။ အခုလည်း နောက်တော့ မကျသေးပါဘူး။ ဝမ်းသာလိုက်တာ မမြကလေးရယ်။ ဘဝချင်းဆုံစည်းပြီး နောင်ထပ်ခါထပ်ခါ တွေ့ကြဖို့ရန် ဖန်တီးတာပါပဲ။ နောင်ဘဝတိုင်း ဘဝတိုင်းရေစက်ဆုံပါစေ။ အခုဘဝမှာလို မချိသွားဖြုံ မချင့်မရဲရေစက်မျိုးနဲ့ မတွေ့ပါရစေနဲ့။ ယခုထက်နီးကပ်ချစ်ခင် ပွင့်ပွင့်လင်းလင်း ပေါင်းသင်းရတဲ့ ဘဝမျိုးနဲ့ကြုံရပါစေ။ သူ့မောင်နှံတွေ့ရမှာကြောက်သည်အတွက် ရှောင်တောင်တောင် ရှိုတိုတိုပေါင်းရတဲ့ ဘဝမျိုးနဲ့ မတွေ့ရပါစေနဲ့။ အတူအိပ် အတူနေ အတူစား ညီအစ်မ မောင်နှမက

www.burmeseclassic.com

www.burmeseclassic.com



ချစ်ရတဲ့ဘဝမျိုးကို ရောက်ပါစေသော်" ဟုပြောကာ မလှကလေးသည်။ ဆည်းလည်းများကို ကိုင်ကြည့်ရင်း ကြည်နူး၍နေလေရာ မမြကလေးက "လာပါမလှကလေးရဲ့ သွားပြီးလှူရအောင်" ဟု ပြောကာ မလှကလေး၏ ပျော့ပျောင်း နူးညံ့သောလက်များကို ဆုပ်ကိုင်ကာ ဆွဲထူလေ၏။ ထို နောက်မကြာမီ ဆည်းလည်းများကို လှူဒါန်းပူဇော်ခြင်း အရေးကိစ္စပြီး ကြလေ၏။ လှူဒါန်းရာ၌ မမြကလေးက မလှကလေး၏ ဆည်းလည်း များနှင့် မိမိ၏ဆည်းလည်းများ ကိုပေါင်း၍ကိုင်ပြီး "နောင်ဘဝတိုင်း ဘဝ တိုင်း မလှကလေးနဲ့တွေ့ရပါစေ။ မောင်ဆိုး မောင်သွမ်း မောင်သရမ်း၏ အနှောင့်အယှက်မျိုးနဲ့ ကင်းပြီး ရဲရဲတင်းတင်း ရှင်းရှင်း လွတ်လွတ်ကြီး တွေ့ရကြံ့ရ ချစ်ရခင်ရပါစေ" ဟု ပြောကာ မလှကလေး၏မျက်နှာကို ကြည့်ကာပြုံးပြီးမှ မျက်ရည်များလယ်၍လာလေရာ မလှကလေးမှာလည်း မျက်ရည်များကို ချုပ်တီး၍မရဘဲ ဝေမှိုင်း၍လာလေ၏။

ထိုအခါ ပရိသတ်တို့သည် အလွန့်တရာထူထပ်ကျပ်တည်း ဆူညံ ကြလျက် ငါးရစ်တက်သည့်ပမာ ကုန်းတော်ထက်အောက် ခြေထောက်၍ မကျအောင်ရှိသောကြောင့် လှကလေးနှင့် မြကလေးတို့၏ ကြည်ညိုသဒ္ဓါ ခြင်းအဖြစ်ကို မည်သူမျှမသိဘဲနေလေ၏။ လှူဒါန်းပြီးစီးသောအခါ မမြကလေးက လှကလေး လူထဲမှာကွဲကွာ၍ ပျောက်ပြီးမသွားရအောင် ခိုင်မြဲစွာလှကလေး၏လက်ကိုကိုင်ဆုပ်ပြီး နှစ်ယောက်သားတွဲကြလျက် တန်ဆောင်းသို့ လာကြပြီးနောက် အိုက်လှသည်အတွက် မိခင်လည်း အိပ်၍နေခိုက်မို့ ဘုရားပေါ်မှ အောက်သို့ဆင်းကြရန် တိုင်ပင်ကြလေရာ သဘောတူကြ၍ အရှေ့စောင်းတန်းမှ ဆင်းကြလေလျှင် မကြာမီအောက်သို့ ရောက်သွားလေရာ မမြကလေးက "အမယ်လေး အိုက်လိုက်တာ မလှ ကလေးရဲ့မော်တော်ကားမစီးရရင် ဒီကနေ့ည ကျွန်မအိပ်လို့ပျော်တော့မှာ မဟုတ်ဘူး"

လှ ။ ။ "မော်တော်ကား ဘယ်မှာရမလဲ"

မြကလေး။ ။"ရာကြရတာပေါ့ တစ်စင်းတလေတော့ရှိမှာပဲ

BURMESE CLASSIC .com



ပြည်လမ်းကြီးကလျှောက်ပြီး အင်းလျားဘက်ရောက်အောင် မောင်းပြီး သွားရအောင်"

လှ ။ ။ "အိုမတော်တာ မိန်းမသားနှစ်ယောက်တည်း ကြောက်စရာ ကောင်းလှပါတယ် မမြကလေးရဲ့"

မမြကလေးသည် အတန်ကလေးကြာစွာစဉ်းစားပြီး "အဲ့ဟုတ်သား ကပဲ အခုအနေများမှာ ဆည်းလည်းလှူရတဲ့ ကုသိုလ်ကြောင့် နှစ်ယောက် စလုံးသေပြီး မလှကလေးကမိန်းမ ကျွန်မကယောကျ်ားများဖြစ်ရင် အင်မတန်ကောင်းတဲ့ ဆုတောင်းက လတ်တလောပြတယ်လို့ဆိုရမှာပဲနော် သြော်သတိရပြီ။ ရသေ့စိတ်ဖြေဆိုတာလို မလှကလေးရဲ့ ကျွန်မ ယောကျ်ား ကလေးလိုဝတ်မယ်။ မလှကလေးနဲ့ ကျွန်မနဲ့ချိန်းပြီးတွေ့ကြတာလို လုပ်ရ အောင်၊မော်တော်ကားမောင်းသမားတွေက ဘာသိမှာတဲ့တုန်း" ဟု ပြောလေ၏။

လှ ။ ။ "အကောင်းသားပဲ မမြကလေးရဲ့၊ သူတို့ကတော့ တစ်မျိုး ထမည်ထင်မှာပဲ။ ကိုင်းဘယ်မှာသွားပြီး အဝတ်လဲမလဲ"

မြ ။ ။ "အိုမရှားပါဘူး။ မြင်းရထားနဲ့ ကျွန်မတို့အိမ်ကိုသွားပြီး ကျွန်မ မောင်အဝတ်တွေယူမယ်။ အိမ်မှာလည်း ဘယ်သူမှရှိဘူး"

လှ ။ ။"သွားလေသဘောပါပဲ။ ကျွန်မတော့။ မမြကလေးထားရာ မှာနေပြီး စီမံချယ်လှည်သလို လိုက်နေရတော့တာပါပဲ။ ကျွန်မလည်း လာရတာနဲ့ မောလှပါပြီ။ မော်တော်ကား တစ်ပတ်လောက်စီးလိုက်ရရင် အိပ်ပျော်သွားမှာပါပဲ"

မကြာမီ မမြကလေး၏ အိမ်သို့ရောက်သွားပြီးနောက် မမြကလေး သည် အဝတ်များကို ယူ၍အိမ်ပေါ်မှ ဆင်းလာလေ၏။ မြင်းရထားထဲကို ပြန်၍ရောက်ခါမှ မိန်းမအဝတ်အစားတွေကိုမလဲဘဲ ယောကျ်ားအဝတ်များ ကိုအပေါ်ကထပ်၍ဝတ်လေ၏။ ခေါင်းကိုလည်း ပဝါနှင့်ပတ်ရစ်၍အုပ် ပေါင်း ပေါင်းလိုက်လေရာ ဆံထုံးမှာလုံးလုံးကြီးပျောက်ပြီး ချွန်းဆောင်း၍ ပေါင်းထားသော ခေါင်းပေါင်းကဲ့သို့ မှတ်ထင်ရလေ၏။ မလှကလေးသည်

www.burmeseclassic.com

www.burmeseclassic.com



ငှင်းကိုကြည့်၍နေရင်း မိမိကိုယ်ကို မောင်မောင်ကလေးနှင့် နှစ်ကိုယ်တည်းတွေ့ကာနေရသကဲ့သို့ စိတ်ထဲကမှတ်ထင်ကာ တစ်နည်းအားဖြင့် သွေးကြွ၍နေလေ၏။

အတန်ကြာသောအခါ မြင်းရထားသည် တစ်ခုသောမော်တော်ကားရုံးရှေ့၌ ရပ်လေ၏။ နှစ်ယောက်သားမော်တော်ကား တစ်စင်းပေါ်သို့ တက်ကြလေ၏။ မမြကလေးက "ဘရားလိပ်ဟိုင်း"ဟု အမိန့်ပေးလိုက်လေ၏။ အေးမြသော ညဥ့်လေထဲတွင် ဝင်းလျှံသော မော်တော်ကားသည် လင်းပြောင်သော ဓါတ်မီးရောင်ထဲ၌ ပျံဝဲ၍သွားလေရာ မမြကလေးနှင့် မလှကလေးတို့သည် အတူတွဲကပ်ခါထိုင်ကြလျက် အေးချမ်းငြိမ်သက်သောကံတိုမင်နယ်ဘက်သို့ရောက်သောအခါ မလှကလေးသည် နည်းနည်းကလေး ကြောက်သော်လည်း မမြကလေးက ကြောက်သောအမူအရာကို မြင်သောကြောင့် "မကြောက်ပါနဲ့ မလှကလေးရဲ့ ကျွန်မရှိပါတယ်။ ဒီအကောင်တွေ ကျွန်မကိုယောကျ်ားလို့ပဲထင်ပါတယ်"ဟု မလှကလေးကိုဖက်ခါ နားနားသို့ ကပ်၍ပြောလေ၏။ ထိုနောက် ဆက်လက်၍ပြောသည်မှာ "မလှကလေးရဲ့ အခုလို ကျွန်မက ဖက်ပြီးထားတာဟာ၊ သာပြီး ကောင်းပါတယ်။ သူတို့က ကျွန်မကိုသာပြီး ယောကျ်ားထင်မှာဘဲ။ ငြိမ်ငြိမ်နေ။ ငြိမ်ငြိမ်နေ ကျွန်မဖက်ထားမယ်"ဟု ပြောကာ မလှကလေးကို ရင်ခွင်ထဲသို့ရောက်အောင် ပွေ့ယူ၍ထားလေ၏။

မြကလေး ။ ။ "အခုအနေများ ထီးတော်ဆည်းလည်းလှုုရတဲ့ ကောင်းမှုအတွက်၊မော်တော်ကားမှောက်ကာ နှစ်ယောက်စလုံးသေပြီး မလှကလေးက နတ်စိမ်းမလေးဖြစ်။ ကျွန်မက နတ်စိမ်းအဖိုဖြစ်ကာ ဟောဟိုသစ်ပင်ကြီးမှာနေကြရလျှင် အင်မတန်ကောင်းမှာပဲနော်"ဟု ပြောရင်း မလှကလေးနှင့် ပါးချင်းထိ၍ထားလေ၏။

လှ ။ ။ "လှကလေးက သြော် မမြကလေးဟာဖြင့် အဘယ်ရစက်ကြောင့် ငါ့ကိုသည်လောက်တောင် ချစ်ပါလိမ့်မလဲ။ သူ့မောင်က မကောင်းသည့်အတွက် သနားပြီးချစ်တာထင်ပါရဲ့"ဟု အောက်မေ့ကာ



"သည်လောက်တောင် အရင်မလိုပါနဲ့ မမြကလေးရဲ့ တစ်နေ့တော့သေကြရမှာပါပဲ။ စိတ်သာချပါ။ ဒီတော့ ဒီဆုမျိုးကို လိုချင်ရင် ထပ်ခါ ထပ်ခါ ယခုလိုကုသိုလ်ချင်း ပေါင်းစပ်ကြဖို့သာရှိပါတယ်"ဟုပြောရင်း မမြကလေး၏ပေါင်ပေါ်တွင် တစောင်းလှဲ၍အိပ်လေ၏။ မမြကလေးသည် စကားမပြောဘဲ သက်မကြီးချကာ မျက်လုံးကလေး မှေးမှေးနှင့်မိမိ၏ ပေါင်ပေါ်၌ တစောင်းလှဲ၍နေသော မျက်လုံးကိုကြည့်၍နေလေ၏။ ထိုကဲ့သို့ ကြည့်၍နေခိုက်တွင် မမြကလေး၏ကိုယ်တစ်ကိုယ်လုံး သိမ့်သိမ့်တုန်၍ လာသည်နှင့် မလှကလေးကို တင်းကြပ်စွာပွေ့ယူကာ "မလှကလေး ရဲ့ မဇ္ဇကတို့ဟာ ရှင်ကစ္စည်းကို ကျူးလွန်သည့်အတွက် ယောကျ်ားဘဝက မိန်းမဖြစ်ရတယ်လို့ ကြားဖူးပါတယ်။ ကျွန်မဖြင့် ယခုနေမိန်းမဘဝက ယောကျ်ားဘဝကို ကူးရတယ်ဆိုရင် ဘယ်သူ့ကိုပဲ ကျူးလွန်ရသည် ဖြစ်စေကာမူ မကြောက်ပါဘူးဟုပြောကာ မလှကလေး၏ ဖြူဝင်းသောမျက်နှာကလေးကို လက်နှစ်ဖက်နှင့်ယူကာ ကိုက်၍စားတော့မည့်အလား ဝင်းထိန်းတောက်ပသော မျက်လုံးများနှင့်ကြည့်လေ၏။ ထိုအခါ မလှကလေးသည် အံ့အားသင့်လျက် ရင်ထဲမှာထိတ်သလိုလို၊ လန့်သလိုလို သာယာသလိုလို ဖြစ်၍ငေးကာ မမြကလေး၏ မျက်နှာကိုကြည့်၍နေလေ၏။ မော်တော်ကားသည်ကား တောနှစ်ဖက်ညှပ်ခါ ဆိတ်ငြိမ်အေးချမ်း မှောင်တစ်ခြမ်းမြုပ်လျက်နေသော၊ ကျယ်သောလမ်းကြီး၌ လေကိုခွဲကာ ပြင်းစွာသောအဟုန်နှင့် သွား၍နေလေ၏။

မမြကလေး၏ မျက်နှာသည် မလှကလေး၏ မျက်နှာအနီးသို့ ကပ်မှန်းမသိကပ်ခါ "မလှကလေးရဲ့ ရှင်ကစ္စည်းကိုကျူးလွန်လို့ မိန်းမဖြစ်တဲ့ လူများရှိတယ်နော်၊ အခု မလှကလေးကိုကျူးလွန်မိသည့်အတွက်လားဘုရားကြီးငှက်မြတ်နားအတွက် ရွှေဆည်းလည်းလှုုလိုက်ရတဲ့ ကုသိုလ်ကြောင့် များလားမသိဘူး မလှကလေးရဲ့ အမယ်လေးပြောင်းပြန်လို့ပြောင်းပြန်တွေဖြစ်ကုန်ပါပြီ။ မလှကလေးရဲ့၊ ဆုတောင်းဟာဖြင့် လတ်တလောပြတော့တယ်ထင်ပါရဲ့ အမယ်လေးဘယ်လိုမှ တားဆီးချုပ်တည်း

www.burmeseclassic.com

www.burmeseclassic.com



လို့ မရပါကလား။ အို တစ်ကိုယ်လုံး သိမ့်သိမ့်တုန်ပြီး တစိမ့်စိမ့်အကြောပုံမှာ အမောပုံဖမ်းပြီး ပရမ်းပတာဖြစ်၍နေပါပြီ မလှကလေးရဲ့။ မလှကလေးရဲ့ကျွန်မဘာဝပြောင်းပါပကော"ဟုပြောဆိုကာ အတင်းမလှကလေးကို ပွေ့ယူလျက် အသက်ချင်းပေါင်း၍ ရှူကာ မျက်နှာချင်းခွာ၍ မရအောင်အားရပ်ပါးရကပ်၍ ထားလေ၏။

မော်တော်ကားသည် ကြီးမားသော သစ်ရိပ်တောရိပ်ဖြင့်ပြီးသော မှောင်ကြီးတစ်ခုကို ဖြတ်သန်းကာ အင်းလျားဘက်သို့ ခပ်အိအိကလေး မောင်း၍သွားလေ၏။ ချိုအေးကြည်လင်မွှေးကြိုင်သော လေပြေသည် သာယာစွာလေချွန်လျက် တရှဲရှဲမည်၍နေလေ၏။ လေထဲတွင် ထိုင်လျက်နေသော သစ်ပင်မည်းမည်းကြီးတို့သည် ယိမ်းကနေကြလေ၏။ တစ်ခု သော မရန်းပင်အုပ်မှ "ဇီးကွက် ဇီးကွက် ဇီးကွက်" ဟူ၍ အော်သောအသံ သည် သဲ့ သဲ့ ကလေးမှ တစ်စတစ်စပျောက်သွားသည်တိုင်အောင် ဝေး၍ကျန်ရစ်လေ၏။

လှကလေးက။ ။ "တကတည်း ကိုမောင်မောင်ကလေးရဲ့ ရှင့်လိုလူ ကျွန်မတစ်ခါမှ မတွေ့ဘူးပါဘူး။ ဒီလောက်တောင် ကြံစည်ရသလား" ဟု မောဟိုက်သောအသံနှင့်ပြောကာ မောင်မောင်ကလေး၏ ရင်ခွင်ထက်၌ မျက်နှာကိုချကာ လက်တစ်ဖက်နှင့် မောင်မောင်ကလေး၏ ခါးကိုပွေ့ရင်း လက်တစ်ဖက်နှင့် လည်ပင်းကို လှမ်း၍တွယ်ထားလေ၏။

မောင်မောင်ကလေး ။ ။ "မလှကလေးကို မရမက ဒီလောက်တောင် ကြံရပြီးမှ တစ်ဖန်ဆက်လက်ရန် စိတ်နာနေမယ်ဆိုရင် ကျုပ်ဟာသည်မော်တော်ကားပေါ်က ခုန်ချပြီး တောထဲမှာသေရစ်ပါတော့မယ်။ ကျုပ်အပြစ်များကို အခွင့်လွှတ်ရဲ့ပေ့ဟား"

လှ ။ ။ "စိတ်ပြေပါပြီရှင်၊ ကျွန်မအဘယ်လိုမျိုးမို့ ဒီလောက်တောင် ခိုင်မာပြီးနေရမှာတဲ့တုန်း"ဟု ပြောပြီး ဆိတ်ငြိမ်၍ သွားကြလေ၏။ မော်တော်ကားသည်လည်း မဆုံးနိုင်သော မှောင်တော မှောင်တိုက်ကြီးထဲသို့ တအိအိနှင့်သာ မောင်းနှင်၍သွားလေရာ။ မော်တော်ကားမောင်းသမား

BURMESE CLASSIC .com



တို့သည် နောက်ကိုတစ်ချက်မှ လှည့်၍မကြည့်ဘဲ၊ အရုပ်ပမာ ထိုင်၍သွားကြလေ၏။ မောင်မောင်ကလေးနှင့် မလှကလေး၏ စိတ်၌ မော်တော်ကားသည် တစ်ခါတစ်ခါ မြေမှကြွပြီးနတ်ပြည်သို့ ပျံတက်သည် ဟု မှတ်ထင်မိကြလေ၏။

ဧပြီလ ၊ ၁၉၂၁ခုနှစ် ဒဂုန်မဂ္ဂဇင်း

❑

www.burmeseclassic.com